
www.foreverspace.com.mm



www.foreverspace.com.mm

မောင်မျိုးစီစဉ်သည်

two cats PUBLICATION
ကြောင်နှစ်ကောင်
စာအုပ်တိုက်
အမှတ်၁၃၂(မြေညီ) ၃၅လမ်း၊ ရန်ကုန်။
ဖုန်း ၀၁-၂၅၃၇၇၂၊ ၀၁-၂၈၂၂၄၈

www.foreverspace.com.mm

# နီကိုရဲ့

# သံစုံကြိုးတဲ့ည

www.foreverspace.com.mm

## ဒို့တာဝန် အရေးသုံးပါး

| | |
|---|---|
| ပြည်ထောင်စုမပြိုကွဲရေး | ဒို့အရေး |
| တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး | ဒို့အရေး |
| အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး | ဒို့အရေး |

နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေပေါ်ပေါက်ရေးသည်
ပြည်ထောင်စုသားအားလုံး၏ ပဓာနကျသောတာဝန်ဖြစ်သည်။

## ပြည်သူ့သဘောထား

- ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောက်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ပြည်တွင်းပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

## နိုင်ငံရေးဦးတည်ချက် (၄) ရပ်

- နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး။
- အမျိုးသားပြန်လည်စည်းလုံးညီညွတ်ရေး။
- ခိုင်မာသည့်ဖွဲ့စည်းပုံအခြေခံဥပဒေအသစ်ဖြစ်ပေါ်လာရေး။
- ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေအသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး။

## စီးပွားရေးဦးတည်ချက် (၄)

- စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။
- ဈေးကွက်စီးပွားရေးစနစ်ပီပြင်စွာ ဖြစ်ပေါ်လာရေး။
- ပြည်တွင်း၊ ပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေးဘက်စုံ ဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး။
- နိုင်ငံတော်စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး။

## လူမှုရေးဦးတည်ချက် (၄) ရပ်

- တစ်မျိုးသားလုံး၏ စိတ်ဓါတ်နှင့်အကျင့်စာရိတ္တမြင့်မားရေး။
- အမျိုးဂုဏ်၊ ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး။
- မျိုးချစ်စိတ်ဓါတ်ရှင်သန်ထက်မြက်ရေး။
- တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး။

www.foreverspace.com.mm

စာမူခွင့်ပြုချက်အမှတ်
၃၈၂/၂၀၀၄ (၄)

မျက်နှာဖုံးခွင့်ပြုချက်အမှတ်
၅၄၂/၂၀၀၄ (၆)

ထုတ်ဝေသူ
ဦးမောင်မျိုး
ကြောင်နှစ်ကောင်စာပေ

ပုံနှိပ်သူ
ဦးမောင်မျိုး
ကြောင်နှစ်ကောင်ပုံနှိပ်တိုက်

ထုတ်ဝေခြင်း
ပထမအကြိမ်၊ ၂၀၀၄ ခုနှစ် ဇွန်လ
အုပ်ရေ ၅၀၀၊ တန်ဖိုး (၃၀) ကျပ်

www.foreverspace.com.mm

# မာတိကာ

စာမျက်နှာ


၁။ သံစုံကြိုးတဲ့ည ............................ ၅

၂။ ရွှေကြော်ငြာ ................................ ၂၅

၃။ မုန့်ဖက်ထုပ်၊ တွယ်ချိတ်ကြီးကြီးတစ်ချောင်းနှင့်
အချစ် .................................. ၆၅

၄။ ကြောင်တစ်ကောင်၊ ထူးအိမ်သင်နှင့်
လေးဖြူတို့သီချင်း............................ ၈၇

၅။ လက်တစ်ဖက်ထွက်လာသော နှင်းဆီ ........... ၁၁၉

၆။ နင်မလစ်.................................. ၁၄၅

၇။ တိတ်ဆိတ်ခြင်းတံတားပေါ်မှာ ................. ၁၆၉

၈။ နေပူသူများ၏ထီးရိပ် ......................... ၁၈၃

၉။ နွေရာသီတွင်ပေါက်ရောက်သည် ................ ၁၉၉

၁၀။ မွေးနေ့လက်ဆောင် ........................... ၂၀၉

၁၁။ စွန့်ခွာခြင်း................................... ၂၃၉


ကြောင်နှစ်ကောင်စာအုပ်တိုက်

www.foreverspace.com.mm

# သံစုံကြူးတဲ့ည

www.foreverspace.com.mm



www.foreverspace.com.mm



ကိုးထစ်လျှင်တစ်ကြိမ် ချိုးကွေ့ရသော လှေကားထစ်များကို နင်းတက်ချိုးကွေ့ရင်း သူ့စိတ်သည် အနည်းငယ် မွန်းကြပ် လေးလံလာခဲ့သည်။ ရန်ကုန်ညဦး၏ မသဲမကွဲ အသံများသည် တစ်စတစ်စ သူ့အောက်မှာ သဲ့သဲ့ကျန်ခဲ့၏။ သူတို့နှစ်ယောက်၏ ခြေသံခပ်အုပ်အုပ် အေးစက်ငြိမ်သက်နေသော လှေကားထစ်များ၊ ပိတ်ထားသော တံခါးများနှင့် သူတို့တက်လာသော ကန်ထရိုက်တိုက်ကို မြို့အပေါ်စီးမှ ကြည့်မည်ဆိုလျှင်တော့ မီးလင်းနေသော ကိတ်မုန့်တုံးတစ်တုံးလို မြင်ရမည်ဖြစ်သည်။

ဘယ်နှစ်ထပ်မြောက်လဲဆိုတာကို သူမမှတ်မိတော့သည့်အချိန်တွင် သူမက အခန်းတံခါးရှေ့မှာရပ်သည်။ လက်ထဲမှာပွေ့လာသော အညိုရောင်စက္ကူအိတ်ကို ဆင်စွယ်လို ချောမွတ်နေသည့် လက်မောင်းသား ကလေးနှင့် ညှပ်ကာ လယ်သာစလင်းဘက်(ခ)အိတ်ကို ကျွမ်းကျင်စွာဖွင့်၍ မွှေနှောက်ရှာသည်။ ဘာကိစ္စမှ အရေးတကြီးမရှိသည့်တိုင် သူမ စလင်းဘက်(ခ)ထဲက သော့ကို ရှာနေပုံက အခန်းထဲကို အလောတကြီး ဝင်ချင်သည့်ပုံဖြစ်နေသဖြင့် သူ စိတ်မသက်သာစွာ တစ်ဘက်သို့လှည့်ကာ လှေကားထိပ်တွင် ပိတ်ကာထားသော အညိုရောင် မှန်ကွက်များပေါ်တွင် ကပ်ငြိနေသည့် ရန်ကုန်ညဦး၏ အလင်းရိပ်သဲ့သဲ့ကို ငေးနေလိုက်မိသည်။

သော့ခလောက်နှင့် သံပန်းတံခါးထိရိုက်သံ၊ သံပန်းတံခါး ဆွဲဖွင့်

www.foreverspace.com.mm



သံ၊ ကျွန်းသားလျှာထိုးတံခါး ဆွဲဖွင့်သံ ညင်ညင်သာသာကို ကြားရပြီး သူမက ဆံပင်တိုတိုကလေးကို ယိမ်းလှုပ်သွားအောင် သူ့ဘက်လှည့်ပြုံးပြပြီး ဝယ်လာသော ပစ္စည်းထုပ်များကို အသာထိန်းကိုင်ကာ အခန်းထဲဝင်သွားသည်။

သူ အခန်းထဲဝင်‚ဝင်ခြင်း တစ်နေ့ခင်းလုံး ပိတ်လှောင်ထားခဲ့ဟန်တူသော တိုက်ခန်းတို့၏ ရနံ့ကို ရသည်။ ထိုရနံ့သည် သူနှင့်အတော်စိမ်းနေသေးသော်လည်း ခဏချင်းပင် ထိုရနံ့နှင့် သူ ယဉ်ပါးသွားသည်။ ကြက်သွေးရောင် ဆိုဖာစားပွဲ၊ မတ်တပ်ပန်ကာ၊ ရေခဲသေတ္တာ၊ 600 POWER လေးထပ်ကက်ဆက်၊ ပေါ်လစ်ရည် ဝနေသည့် လျှာထိုးပြားနံရံပေါ်ကို ကျိမ်းဒင်း(န်)၊ ဆိုင်ကယ်ပေါ်မှာ နမ်းနေကြတဲ့ ချစ်သူနှစ်ယောက် သူ ဝင်လာသော တံခါးဘယ်ဘက် အရှေ့ခန်းကို ကာထားသော ရေညှိရောင်လိုက်ကာတွန့်ကြီးများ အားလုံးကို ဖွင့်ပြီးသား မီးချောင်းအရောင်လင်းလင်းထဲတွင် သူငေးကြည့်နေမိသည်။

"Please wait a minute နော်"

အပြုံးနှင့် သူ့ပုခုံးကို လှမ်းရိုက်ရင်း ဆိုဖာပေါ်သို့ ဝယ်လာသည့် အိတ်များကို အသာချသည့်အခါ စက္ကူထုတ်ထဲသို့ အညိုရောင် ပန်းသီးတစ်လုံး လိမ့်ထွက်လာသည်။ သူမက သူ့နောက်မှ ပွင့်လျှက်ရှိသည့် တံခါးကိုပိတ်ကာ နံဘေးနားက ပိုးကြိုးကလေးကို ဆွဲသည့်အခါ ရေညှိရောင် လိုက်ကာတွန့်ကြီးများက တိတ်တဆိတ် ပွင့်သွားပြီး အညိုရင့်ရောင် မှန်အပြည့်ကာထားသော အခန်းရှေ့ခန်းကို တွေ့ရသည်။

ထိုအိမ်ရှေ့ခန်းထဲတွင် ခင်းထားသော ကောဇောအပြည့်၊

www.foreverspace.com.mm



ဆိုဖာတစ်စုံ၊ Dream bed အနီရောင်တစ်ခု၊ တယ်လီဖုန်းတစ်လုံးနှင့် ပြန့်ကြဲနေသော Time, New Week မဂ္ဂဇင်းများကို သူ လှမ်းငေးရင်း ကော်ရစ်တာ မရှိသော ကန်ထရိုက်တိုက်ခန်း တစ်ခန်း၏ မွန်းကြပ်စွာ ထီးတည်းဆန်မှုကို သူ စတင် ခံစားရသည်။

အပေါ်သို့ လွင့်တက်လာသော ကားဟွန်းသံတစ်ခု၊ နှစ်ခုမှ လွဲ၍ သူသည် အရာရာနှင့် ပိုင်းခြားခံလိုက်ရသလို ဖြစ်သွားသည်။ ဆိုဖာပေါ် ထိုင်ပြီးပြီးချင်း ပထမဦးဆုံးအကြိမ် ထ,ပြန်သွားလျှင် ကောင်းမလားဟု သူ စဉ်းစားမိသွားသည်။ လူတွေ ရှုပ်ထွေးနေသည့် ပလက်ဖောင်းတစ်ခုပေါ်မှာ သူ လမ်းလျှောက်နေရာမှ ဒီအခန်းထဲ ရောက်လာပုံကို သူ့ကိုယ်သူလည်း အံ့သြနေမိသည်။ သူမ အခန်းကို လိုက်ခဲ့ပါလားဟူသော ဖိတ်ခေါ်မှုကို သူ လက်ခံခဲ့တုန်းက ထိုအခန်းမှာ တခြားလူတွေလည်း ရှိနေလိမ့်မည်ဟု သူထင်ခဲ့သည်။ အခုတော့ သူ ထင်ထားသလို မဟုတ်။

ဆိုဖာသည် အိစက်ညက်ညောနေသည့်တိုင် အခန်းသည် အေးဆေးငြိမ်သက်နေသည့်တိုင် သူ့ရင်သည် မွန်းကြပ်လာကာ ခန္ဓာကိုယ်က အဆမတန် နွမ်းနယ်ချင်နေသည်။ ထိုမွန်းကြပ်မှု၊ နွမ်းနယ်မှုတို့၏ အောက်တွင် တစ်ခုခုကို အကြီးအကျယ် စိတ်အနှောင့်အယှက်ဖြစ် နေသော ခံစားမှုကလည်း ရှိသေး၏။

သက်ပြင်းကိုချကာ ဟိုဟိုဒီဒီ လျှောက်ကြည့်မိတော့ စားပွဲပေါ်မှာ ပန်းခြောက်ခြင်းကလေးကို တွေ့သည်။ အသာမကြည့်တော့ ရနံ့သင်းသင်း ကလေးနှင့် အသီးအရွက်ကလေးတွေ ကြိမ်ခြင်းကလေးထဲမှာ ညှပ်သိပ်

www.foreverspace.com.mm



ငြိမ်သက်နေသည်ကို တွေ့ရသည်။ သူမသည် ကျောင်းတုန်းက အင်မတန် ပုံဆွဲညံ့သော ကျောင်းသူတစ်ဦးဆိုတာကို သတိရတော့ သူ ပြုံးဖြစ်သည်။ လက်တွေ့ခန်း၏ ဘလက်ဘုတ်ပေါ်မှာ ဆွဲထားသော ဆဲလ်ရည်ကွက်များ၊ သစ်ပင်အတွင်းပိုင်းများ၊ ပန်းပင်ပုံများသည် သူမ၏ လက်တွေ့စာအုပ် ကလေးထဲမှာ သေးသေးကလေးတွေ ဖြစ်နေတတ်သည်။

ပုံဆွဲပြီးချိန် ကျောင်းသားများ သက်ဆိုင်ရာ Table ဆရာမရှေ့ တစ်ရှန်းရှန်းပြနေချိန်မှာ သူမသည် စိတ်ပျက်လက်ပျက် ဝမ်းနည်းစွာဖြင့် ပုံတွေကို ခဲဖျက်နှင့် ဒေါသတကြီး ဖျက်နေတတ်သည်။

"ဘာဖြစ်လို့လဲ"

"ပုံတွေက သေးလွန်းတယ်တဲ့၊ အားလုံးပြန်ဆွဲပါတဲ့၊ သေချင်တော့တာပဲ"

နှုတ်ခမ်းများကို ကိုက်ထားပြီး အလိုမကျသော ဒေါသရိပ် နည်းနည်းစွတ်နေသည့်တိုင် သူမ မျက်နှာသည် တော်တော် လှနေသေးသည်။ သူမ၏ သေးသေးတွန့်တွန့် ပုံကလေးတွေကို ကြည့်ကာ သူ ရယ်ချင်သည်။ နောက်နေ့လက်တွေ့ရက်များတွင် သူမက သူ့နားမှာ ထိုင်သည်။ သူ့ခဲတံမှ ခဲသားများသည် သူမ၏ လက်တွေ့စာအုပ်ထဲမှာ အချိုးအစားကျနသော ပုံတွေ ဖြစ်သွားကြ၏။ ပြီးတော့ သူမက သူ့ကို မြကျွန်းသာမှာ လက်ဖက်ရည်တိုက်သည်။ ရယ်ရယ်မောမော စကားပြော ကြသည်။ သိပ္ပံကင်တင်းမှာ ထမင်းစားကြသည်။ ညနေရီ အင်းယား ကန်ပေါ်မှာ ထိုင်ကြသည်။ ကန်ထဲမှ ရေလှိုင်းကလေးများသည် ကမ်းစပ် ဆီသို့ အလောတကြီး ပြေးရင်းလွှားရင်း သူမ မျက်နှာပေါ်သို့ ညနေရီ

www.foreverspace.com.mm



နေရောင်ကို လှမ်းပို့သွားသေးသည်ကို သူ ငေးမော မှတ်သား ခဲ့ဖူးသည်။

သူသိသ၍ဆိုလျှင်တော့ သူမသည် စကားနည်းသည်။ ရုပ်ရှင်နှင့် အင်္ကျီအကြောင်းကို သိပ်မပြောတတ်။ မိန်းကလေးအပေါင်းအသင်းလည်း သိပ်မရှိ။ သူ ဘာဖြစ်နေသည် ဘာလုပ်ချင်သည်ကို ခန့်မှန်းရမလွယ်သော မိန်းကလေးမျိုးသာဖြစ်သည်။ လက်ဖက်ရည်ဆိုင် စားပွဲပေါ်မှာ လျှောက်သွားနေသော ပုရွတ်ဆိတ်တစ်ကောင်ကို မရမက လိုက်သတ်တတ်သော အကျင့်မျိုးလည်း သူမမှာ ရှိသေး၏။ သူမနှင့်သူ တူညီသည့် အချက်မှာ စိတ်လွတ်လက်လွတ် ပျော်ရွှင်တတ်ခြင်းနှင့် စိုးရိမ်ကြောင့်ကျမဲ့စွာ သွားလာတတ်ခြင်းပင်ဖြစ်သည်။ သူမနှင့်အတူရှိစဉ်ကာလများက သူတင်ပြသမျှ ပျော်စရာကိုလုပ်ဖို့ သူမ ဘယ်တော့မှ သိပ်မငြင်းတတ်။

"ဘာတွေ ပြုံးနေတာလဲ"

စကားသံနှင့်အတူ မွှေးရနံ့တစ်ခုက သူ့အနားသို့ ရောက်လာသည်။ ပြီးတော့ လက်သည်းနီဆိုးထားသော လက်ချောင်းကလေးတွေနှင့် ကက်ဆက်ခလုတ်ကို လှမ်းနှိပ်ကာ သူ့နံဘေးတွင် ဝင်ထိုင်သည်။ ခဏကြာတော့ ထရေဇီဟောင်း၏ Hello Darling ၌ သီချင်းသံ ငြိမ့်ငြိမ့်ကလေးကို ကြားရသည်။ ပန်းပွင့်ပုံလှလှကို မဆွဲတတ်သော ထို လက်ချောင်းကလေးများသည် အခုတော့ တန်ဖိုးကြီးကြီး ကက်ဆက်ခလုတ်ကို နှိပ်တတ်နေပြီဖြစ်သည်။

သူမက Hello Darling ၌ သီချင်းသံကို တိုးတိုးကလေး လိုက်ငြီးသည်။ ဒီသီချင်းကို သူမသိပ်ကြိုက်သည် ဆိုသဖြင့် သူ ရေးပေးခဲ့ရဖူးသည်။ ပြီးတော့ ဘွဲ့နှင်းသဘင်နံဘေးက ပန်းခြံလေးထဲမှာ သူက

www.foreverspace.com.mm



တိုးတိုးကလေး ဆိုပြရဖူးသည်။ သူမက သူ့နံဘေးက ခုံတန်းပြောကို မှီကာ မျက်စေ့ကို မှိတ်ကာနေသည်။ သူက သီချင်းဆိုရင်း သူမ မျက်နှာပေါ်မှာ ယိမ်းလှုပ်နေသည့် သစ်ရွက်ကြား နေပြောက်ကလေး တွေကို ငေးမောနေခဲ့သည်။ သစ်ရွက်ရိပ်ဖြင့် အေးနေသော ပန်းခြံထဲတွင် သူ့ရင်တွေ တစ်ဖျပ်ဖျပ် ခုန်နေခဲ့ဖူးသည်။

"ဒီသီချင်းကို မင်း ကြိုက်တုန်းပဲလား"

သူမက စတီးလ် ဓားပေါ်ကော့ကော့တက်လာသော ပန်းသီး ခွံကလေးကို ဖျပ်ခနဲ ဘေးခွာချကာ ပြုံးသည်။ ပြီးတော့ ဆံပင်အတို ကလေး ဝဲညိတ့်သွားအောင် ခေါင်းကို ညိတ်သည်။

"အပြင်သွားခါနီးတိုင်းဆို ဒီသီချင်းကို ရစ်ထားခဲ့တယ်၊ အခန်းထဲ ပြန်ရောက်တာနဲ့ ပထမဦးဆုံး နားထောင်တာ ဒီသီချင်းပဲ"

စကားဆုံးတော့ သူမက အံတစ်ချက်ကြိတ်ကာ စတီးလ်ဓားကို ပန်းသီးထဲ ထိုးနှစ်လိုက်၏။ ခဏကြာတော့ ပန်းသီးစိတ်ကလေးတွေ သူမလက်ထဲ ကျလာသည်။

"သူ…အခု ဘာလုပ်နေလဲ"

သူမက ပန်းသီးစိတ်တွေကို ပန်းကန်ထဲထည့်ရင်း သူ့ကို မော့ မကြည့်ဘဲ မေးသည်။ ရုတ်တရက် ငြိမ်နေသော သူ့အသိဉာဏ်သည် ဦးနှောက်ထဲမှ ဝဲပျံလွင့်ထွက်သွားကာ ဘာပြန်ပြောရရင် ကောင်းမလဲဟု စကားလုံးကို လိုက်ရှာသည်။ မတွေ့။ သူ့လည်ချောင်းသည် ချက်ချင်း သွေ့ခြောက်လာကာ အသိစိတ်သည် ရိုးကနဲ့ ရိပ်ကနဲ့ ရွေ့နေသေး၏။ ဒုတိယအကြိမ် ထ,ပြန်ဖို့ သူ စဉ်းစားမိသည်။ ကားဟွန်းသံတစ်သံသည်

www.foreverspace.com.mm



အလုံပိတ်ထားသော အပေါ်ထပ်အခန်းထဲ ခပ်အုပ်အုပ် ဝင်လာ၏။ သူမက သူ့ကို မျက်မှောင်ကျုံ့ကာ မော့ကြည့်သည်။

"ဒီလိုပါပဲ"

အဓိပ္ပာယ် သိပ်မရှိသော သူ့အဖြေကို သူမက နှုတ်ခမ်းကို လျှာနှင့် တစ်ချက်သပ်ကာ ခေါင်းကိုညိတ်ပြီး ကောင်းမွန်စွာ လက်ခံသည်။

"မင်းရော...ဘာလုပ်နေလဲ"

သူမထံမှ အပြုံးတစ်ခု လှစ်ခနဲ ထွက်ကျလာ၏။ ပန်းသီး အလယ်ရိုးနှင့် အခွံများကို ပလပ်စတစ်ခွက်ကလေးထဲ ထည့်ကာ ဘေးကို ဖယ်ကာ သူ့မျက်ဝန်းများကို တည့်တည့်ဆုံအောင် ကြည့်ရင်း 'ဒီလိုပါပဲ'ဟု ပြန်ဖြေသည်။ သီချင်းသံ ဆုံးသွားသည်။ သူတို့နှစ်ယောက် မျက်ဝန်းချင်း မခွဲကြ။ သူမ မျက်နှာပေါ်မှ အပြုံးသည် ဖျပ်ခနဲ လွင့်ထွက်သွားကာ ရယ်သံ တဟားဟား ပြိုင်တူ လွင့်ထွက်လာသည်။

သို့သော် ထိုအတူရယ်မောဖြစ်သော ရယ်သံများသည် ဟို ယခင် တုန်းက ရယ်သံများလို ပေါ့ပါးလတ်ဆတ် နေခြင်းမျိုး မရှိ။ လွတ်လပ် ငြိမ်းချမ်းခြင်းမျိုး မရှိဆိုတာကို သူသိသည်။ ထိုရယ်သံများ၏ နောက်တွင် တစ်ခုခု ထုထည်ကြီးမားစွာ ရှိနေကြောင်းကို သူ ခံစားနေရသည်။

သူမက ပန်းသီးစိတ်ကလေးကို လှမ်းယူရင်း သူ့အနား တိုးကပ် လာသည်။ ကက်ဆက်မှ ရော်နယ်ရစ်ချီ၏ Hello သီချင်းသံကို ကြားရ သည်။ ညဝတ်အင်္ကျီထဲမှ ထိုးထွက်လာသော သူမ၏ လက်မောင်းသား ဖြူဖြူ။ အခန်းထဲတွင် လေထုနှင့် ရောနှောပြီးသွားပြီး ဖြစ်သော သူမ၏ မွှေးရနံ့အတု။ သူ သူမကို ခိုးငေးသည်။ သူမမျက်နှာက ဟိုးယခင်က

www.foreverspace.com.mm



အတိုင်း ဟုတ်သလား မဟုတ်ဘူးလား။ ခုနက ရယ်လိုက်ကြသည့် ပျော်ရွှင်မှု၏ အကြွင်းအကျန်များသည် သူမမျက်ဝန်းထဲတွင် အရောင်တစ်ခုလို လင်းလက် ကျန်နေသေး၏။ သူမနှင့်သူ မျက်ဝန်းခြင်း ပြန်ဆုံသည်။

"ဒီအခန်းမှာ မင်းတစ်ယောက်ထဲ နေတာလား"

သူမက အရင်အတိုင်း မျက်ဝန်းများကို မခွာဘဲ ခေါင်းကို ညိတ်သည်။ ထိုခေါင်းညိတ်ဟန်သည် တစ်ခုခုကို စိန်ခေါ်သလို၊ သူ့ပကို မေးခွန်းတစ်ခုကို ပြန်မေးသလို အဓိပ္ပာယ်လည်း ထွက်သေး၏။ သူ စကားပြောမှားသွားပြီဟု သိလိုက်သဖြင့် နည်းနည်းရှက်သွားမိသည်။

သူနှင့် မျက်ဝန်းခြင်းခွာကာ သူမက ဆိုဖာပေါ်မှာ တင်ထားသည့် အညိုရောင်စက္ကူအိတ်ကို လှမ်းဆွဲကာ အထဲသို့ လက်နှိုက်သည်။ ပြန်ထွက်လာတော့ သူမလက်ထဲမှာ အပြာရောင် ကျောက်ဆူးတံဆိပ် ဘီယာတစ်ဗူး ပါလာသည်ကို အံ့သြဖွယ်ရာ သူ တွေ့ရသည်။

"သောက်မယ် မဟုတ်လား"

သူ့ဒေါသသည် နှလုံးသားမှ အသိစိတ်။ အသိစိတ်မှ လည်မြို။ လည်မြိုမှလက်ဖျားဆီသို့ ချက်ချင်းခုန်ထွက်သွားကာ သူမထံမှ ဘီယာဗူးကို ဆွဲယူလိုက်သဖြင့် စားပွဲပေါ်မှ ပန်းခြောက်ကလေး လဲသွားသည်။ ပန်းသီးစိပ်ပန်းကန် နေရာ နည်းနည်းရွေ့သွားသည်။

အေးစက်နေသော ဘီယာဗူးကို တအား ဆုပ်ကိုင်ထားရင်း သူ့နှုတ်ခမ်းနောက်မှ သွေးကြောကလေးတွေထဲ ရောက်နေသည့် ဒေါသသည် ဘာစကားလုံးကိုမှ ရှာဖွေ မတွေ့သောကြောင့် ဒီအတိုင်းပင်

www.foreverspace.com.mm



ခုန်နေခဲ့သည်။ အနည်းငယ် အံ့သြသွားသော အကြည့် သူ့ထံ ရောက်လာသည်မှအပ သူမက ဘာကိုမှတော့ အကျိုးအကြောင်းကို မမေး။ Hello သီချင်းသံနုနု၊ ငြိမ်သက်နေသော တိုက်ခန်းအပေါ်ထပ်တွင် သူတို့နှစ်ယောက် စကားမပြောဖြစ်သော စက္ကန့်တော်တော်များများကို ဖြုန်းပစ်လိုက်ကြသည်။

နောက်ဆုံး သူက သက်ပြင်းကိုချသည်။ ဘီယာဖူးကို စားပွဲပေါ်ချသည်။ သူမက မျက်လွှာကို ချသည်။ ဒီတစ်ကြိမ် သူမမျက်နှာကို ကြည့်ရတာ နည်းနည်း အေးစက်နေပြီး သူနားမလည်သော အရာတွေအများကြီးကို တွေ့လိုက်ရသည်။ ထိုအခါ သူ့အာရုံအတွင်းသို့ မေးခွန်းပေါင်းများစွာ ဝင်ရောက်လာပြန်လေသည်။

"မင်း အိမ်ထောင်ကျနေပြီလား"

ပါးစပ်ထဲသို့ လက်ညှိုးကလေးကို ထည့်လိုက်ရင်း သူမက ဆံပင်တွေ ဘယ်ညာယိမ်းသွားအောင် ဦးခေါင်းကို ခါသည်။ ပြီးတော့ သူ့နံဘေးကို စွေ့ခနဲရောက်လာကာ သူ့လက်မောင်းကို လက်သည်းချွန်ကလေးတွေနှင့် အသာဖိခြစ်ကာ တိုးတိုးပြောသည်။

"အဲဒါ...မမေးနဲ့ကွာ"

မမေးနဲ့ကွာ...မမေးနဲ့ကွာ...မမေးနဲ့ကွာ...သူမထံမှ ဒီစကားမျိုးကို ဒုတိယအကြိမ်ကြားရခြင်းသာ ဖြစ်သည်။ ပထမအကြိမ်တုန်းက ရန်ကုန်တက္ကသိုလ်ရဲ့ AE.5 အခန်းလွတ်ထဲမှာ...။ သူ စကား စတင်ပြောတုန်းက သူမက ပီကေတစ်ခုကို ဝါးကာ တဖောက်ဖောက် လုပ်နေခဲ့သည်။ သူ့စကား တစ်ဝက်လောက်ရောက်တော့ သူမ နှုတ်ခမ်းတွေ

www.foreverspace.com.mm



ငြိမ်သွား၏။ သူ့ကို အံ့သြသလို လေးငါးခါ မော့ကြည့်သည်။ သူက အိပ်မရသည့် ညအိပ်မက်၊ လမင်း၏ရနံ့၊ ညပွင့်ပန်းများ၏ကဗျာ၊ နှလုံးသားတစ်ခု၏ အသိဉာဏ်မှ လွတ်ထွက်လာသော စကားများကို တတွတ်တွတ် ပြောနေခဲ့သည်။

သူမက လူမရှိတော့သော အခန်းလွတ်ထဲမှ စာသင်ခုံများကို တွေတွေကြီး ငေးနေခဲ့သည်။ သူ့ကို ဆက်ပြောစေချင်သည့် အရိပ်အယောင်သည် သူမ၏ ညို့မျက်ရည်သင်း မျက်ဝန်းများထဲတွင်၊ အကြည့်များထဲတွင် ရှိနေသော်လည်း သူက သူ့ကိုယ်သူ ရပ်၍မရတော့။

"အဲဒါ…ဆိုရင် မင်းငါ့ကို မုန်းသလား"

သူမက ခေါင်းခါပြန်သည်။ မချစ်လဲမချစ်၊ မမုန်းလဲမမုန်းသော အဓိပ္ပာယ်ကို အသေအချာ မသိလောက်အောင်ကို အဲဒီတုန်းက သူက ညံ့ခဲ့သည်။ မမေးနဲ့ကွာဆိုသည့် စကားလုံးတစ်လုံးသည် သူ့အသိဉာဏ်ထဲတွင် ယိမ်းထိုးနေခဲ့၏။

"ငါက မင်းကို အရမ်းချစ်နေတယ်၊ သိပ်ချစ်နေတယ်လေ"

"အဲဒါကို မေ့ထားလိုက်ပါလား၊ မေ့ပစ်လိုက်ပါလား၊ တို့နဲ့ အမြဲတမ်း တွေ့နေရတာပဲဟာ"

သူမက သူ့အနားမှ ထသွားသည်။ သူ Hello သီချင်း၏ solo ပိုဒ်တီးလုံးများကို အာရုံစိုက်ထားလိုက်သည်။ ပြီးတော့ ဆုံးဖြတ်ချက်ကို ချသည်။ သူပြန်မှ ဖြစ်တော့မည်။ အပြင်ကို စိတ်ရောက်သွားတော့ နူးညံ့သည့် ကားသံသဲ့သဲ့ကို ကြားရသည်။ ပလက်ဖောင်းပေါ်မှာရှိတဲ့ လူတွေကြားထဲကို တိုးဝှေ့ဝင်ပြီး ဆေးပေါ့လိပ်ကို အားရပါးရဖွာ တစ်ခုခုကို

www.foreverspace.com.mm



ပြစ်ပြစ်နှစ်နှစ် ဒေါသဖြစ်ကာ သူလမ်းလျှောက်လိုက်ရရင် ဘယ်လောက်ကောင်းမလဲ။

သူ မတ်တပ်ထရပ်လိုက်သည်။

"ပြန်မယ်၊ ပြန်တော့မယ်"

သူ့စကားသံဆုံးတော့ ဝုန်းခနဲ ဒေါသဖြစ်သွားသည့် မျက်ဝန်းများ သူမထံမှ သူ့ဆီသို့ လွင့်ကျလာသည်ကို သူ အံ့သြစွာတွေ့လိုက်ရ၏။ ထိုဒေါသ ဖြစ်နေသော မျက်နှာသည် လက်တွေ့ခန်းထဲမှာ ပုံသေးသေးတွေ ဆွဲမိလို့ ဆရာမက ပြန်ဆွဲခိုင်းစဉ်က တွေ့ရသည့် ဒေါသမျိုး။ မျက်နှာကို ကြာပွတ်နှင့် ဖြတ်အရိုက်ခံလိုက်ရတဲ့ လူတစ်ယောက်မှာရှိတဲ့ ဒေါသမျိုး။ ပြီးတော့ သူ့ကို သူမက စူးရဲသည့်အကြည့်နှင့်လည်း ကြည့်နေသေးသည်။ ထိုအကြည့် ဒါဆိုရင် ဘာဖြစ်လို့ လိုက်လာသလဲ…ဆိုသော မေးခွန်းကို သူ့ခံစားမှုထဲသို့ အသံမဲ့ ပေးပို့ခြင်း ဖြစ်၏။

"ငါ…ဒီလိုမှန်း မသိခဲ့ဘူး၊ မင်းရဲ့အိမ်မှာ မင်းနဲ့အတူ လူတွေရှိလိမ့်မယ်လို့ထင်တာ၊ ပြီးတော့ မင်းကလည်း ကျောင်းနောက်ဆုံးနေ့တုန်းက ချယ်ရီပင်အောက်နောက်တစ်ခေါက် ပြန်တွေ့တဲ့အထိ သီချင်းကို တစ်နေ့လုံးဆိုနေတဲ့ မိန်းကလေးလို့ပဲ ငါက ထင်ထားတာ၊ အခုတော့ မင်းက…"

"အိုး…အဲဒါဘာဖြစ်လဲ၊ ဒါတွေဟာ ဘာအရေးလဲ၊ ကျွန်မက ဘယ်သူ့ကိုမှ ဂရုမစိုက်တတ်ဘူးဆိုတာ ရှင်သိတယ်နော်၊ ကဲ အခုကြက်ဥကြော်မယ်၊ ဝက်အူချောင်းကြော်မယ်၊ ပြီးရင် ထမင်းစားမယ်၊ ဒါပဲ"

"ငါက အရူးမဟုတ်ဘူးကွ"

www.foreverspace.com.mm



“အိုး…ဒီကလဲ အရူးမဟုတ်ပါဘူး”

စကားဆုံးတော့ သူကလည်း ခိုးခိုးခစ်ခစ်ရယ်လေသည်။ လျှာထုတ်ကာ ပြောင်ပြာလိုက်သေး၏။ သူ သူမစကားတွေကိုနားမလည်။ အပြုံးကိုလည်း နားမလည်။ သူ့စိတ်ထဲ ဘာကြောင့် သူမအပေါ် ကရုဏာဖြစ်သွားသည် ဆိုတာကိုလည်း သူ နားမလည်။ သူ သက်ပြင်းကိုချသည်။ အေးလေ…ဒီအခန်းကြီးထဲမှာ တစ်ယောက်တည်းနေရတဲ့ သူ့ဘဝဟာ ဘယ်လောက်များ အထီးကျန်ဆန်နေလိုက်မလဲ။ သူအမူအယာကိုတည်ငြိမ်အောင် ပြန်ထိန်းလိုက်သည်။ သူမကို ရှင်းပြမှဖြစ်တော့မည်။ တစ်ခုခုနားလည်သွားအောင်တော့ ပြောရတော့မည်။ သူအသိဉာဏ်တွေကိုရုတ်တရက်လိုက်လံစုကာ ဘာပြော၊ ရှင်းပြရရင် ကောင်းမလဲဟု စဉ်းစားသည်။

“မင်း စိတ်လေနေတယ်”

“မဟုတ်ဘူး၊ လုံ၀ မဟုတ်ဘူး၊ အဲဒီစိတ်ကို လေရအောင် စိတ်လေခွင့်ကို တောင်းနေတာ”

“မဟုတ်ဘူးလေ၊ ငါဆိုလိုချင်တာက လူ့ဘ၀ဆိုတာ…”

“ဟောတော့…ကြက်ဥက သုံးလုံးပါ ကျန်ပါတော့လား၊ အဲဒီလိုလား လူ့ဘ၀ဆိုတာ…”

သူမက ရေခဲသေတ္တာကို ဖွင့်ရင်း အသံမြူးမြူးနှင့် အော်သည်။ သူမကိုကြည့်ရတာ တစ်ခုခုကိုတော့ ပျော်ဖို့တွေ့သွားဟန်တူသည်။ သူက စိတ်ရှည်ရှည်ထားဖို့ ဆုံးဖြတ်လိုက်၏။ သူမကို သူနားလည်စေချင်တာက ဘာလဲ။ အခု သူမက ပြန်ပါဆိုရင်တောင်မှ သူမပြန်တော့။

“ကိုယ်တို့ ကျောင်းပြီးလို့ ဝေးသွားကြတဲ့နေ့က နေ ဒီနေ့အထိ

www.foreverspace.com.mm



မင်း ဘာတွေဖြစ်ခဲ့တယ်ဆိုတာ ပြောပြမလား''

''ခဏနော်၊ ခဏလေး၊ ကက်ဆက်ကို နည်းနည်း ကျယ်လိုက်ပါလား၊ ကြက်ဥ ကြော်မယ်နော်''

သူမက သွက်လက်စွာ နောက်ဖေးခန်းထဲ ပြေးဝင်သွား၏။ အခုထိ သူလည်း သူမကို ဘာပြောရမှန်းဆိုတာ မစဉ်းစားမိသေး။ သူမ ဘာတွေ ဖြစ်နေခဲ့သနည်း။ ဒါကို သူသိမှ ပြောဖို့ စကားရမည်။ အမှန်တရား၊ လူ့ဘဝ၊ မိန်းကလေးတစ်ယောက်၏ တည်ငြိမ် သန့်ရှင်းတဲ့ ဣန္ဒြေ၊ ဘဝရဲ့ လိုက်ဖက်ညီမှုများ၊ ပတ်ဝန်းကျင်၊ ငွေကြေး၊ အချစ်၊ မေတ္တာ၊ မိသားစုဘဝ၊ ခေတ်ရေစီးကြောင်း၊ အသိဉာဏ်၊ ငြိမ်းချမ်းမှု သူလုံးလည် လိုက်လာသည်။

ထိုစဉ်…ဘဲလ်တီးသံကို ကြားလိုက်ရသဖြင့် သူ အံ့သြသွားသည်။ ဒုတိယအကြိမ်၊ တတိယအကြိမ်။ သူမက မီးဖိုခန်းထဲကမှ ကမန်းကတန်း ပြေးထွက်လာသည်။ လေထဲတွင်ဝဲသွားသော ညဝတ်အင်္ကျီက သူ့လက်မောင်းများကို ပွတ်တိုက်သွား၏။ သူမက တံခါးကို အနည်းငယ်ဟ ကာကြည့်ပြီး မျက်နှာက ဝင်းလက်သွားကာ လျှာထိုး တံခါးကို အားနှင့်တွန်းကာ ခပ်ကျယ်ကျယ်ဖြစ်အောင် ဖွင့်သည်။

ပွင့်ဟသွားသော တံခါးမှ အမွေးကြမ်းများပါသော လက်တစ်ဖက် တိုးဝင်လာသည်။ နောက် ဖောင်းအစ်အစ် မျက်နှာတစ်စုံ၊ ရှူးဖိနပ်၊ ကုတ်အင်္ကျီ၊ ဘီယာနံ့။

''အန်ကယ်(လ်)''

ဝင်လာသည့်လူက ဦးခေါင်းကို ငဲ့စောင်းကာ သူ့ကို ကြည့်သည်။

www.foreverspace.com.mm

သူ ဝုန်းခနဲ ထရပ်လိုက်သော်လည်း ထိုလူ၏ မျက်နှာမှာ ဘာမှ အပြောင်းအလဲကို မတွေ့ရ။ သူသာ ရင်တဒိတ်ဒိတ်ခုန်လာသည်။ လက်ဖျားမှာ ချွေးစေးတွေ စိမ့်ပြန်လာသည်။ သူမက ထိုလူ၏ ကုတ်အင်္ကျီအကြားမှ အနည်းငယ် ရွဲ့နေသော နက်တိုင်ကို သပ်ရပ်အောင် အသာဆွဲထည့်ပေးသည်။ သူမက ဖြေးဖြေးတွန်းလိုက်ကာ ထိုလူက အထဲသို့ ရောက်အောင် ဝင်လာသည်။

"တောင်ကြီးက ဘာတဲ့လဲ ကလေး၊ ရောက်ခဲ့သေးလား"

"ဟုတ်…အန်ကယ်(လ်)၊ မငြိမ်းသာနဲ့ မတွေ့ခဲ့ဘူး၊ ကိုဖြိုးက သူလိုက်လာခဲ့မယ်တဲ့၊ ပြီးတော့ အစဉ်ပြေတယ်တဲ့"

"အင်း…"

ထိုလူက ကျေနပ်သွားသလို သူမဆံပင်တွေကို လှမ်းပုတ်ကာ စသည်။ သူယောင်ယမ်းပြီး ခြေတစ်လှမ်းဆုတ်မိသည်။ သူ့ရင်သည် တစ်ဒိုင်းဒိုင်းခုန်နေကာ အကြီးအကျယ် တုန်လှုပ်နေမိသော်လည်း ထိုလူကရော သူမကပါ သူ့ကို လှည့်မကြည့်ကြ။ သူရှိနေတာကိုရော သိရဲ့လား။

"ကလေးက ဖုန်းတော့ ဆက်မှပေါ့"

"ဟုတ်…သမီး မနက်က ခရီးပန်းလာလို့ နံးနေတာ၊ ပြီးတော့ အန်ကယ်လ်လည်း မရှိဘူးလို့လဲ ထင်လို့"

"ရှိပါ့ဗျား"

ထိုလူနှင့် သူမက ဟားဟား တစ်ခစ်ခစ်ရယ်သံတွေကို ကြားရတော့ သူ့ဦးခေါင်းသည် ပေါက်ထွက်သွားပြီလားဟု ထင်ရ၏။ သူ နှစ်ယောက်စလုံးကို ပြူးကြောင်စွာ ကြည့်နေမိသည်။ သူမက ဘာဖြစ်လို့

www.foreverspace.com.mm



လူမိတာကို ကြောက်ရွံ့မသွားရတာလဲ။ သူရှိနေတဲ့အတွက် ထိုလူကြီးကရော သူ့ကို ဘာ့ကြောင့် စိတ်မဆိုးရတာလဲ၊ သူမကရော သူ့ကို ပြန်ဖို့ ထွက်သွားဖို့ ဘာကြောင့် မျက်နှာရိပ်ကဲ မပြရတာလဲ၊ သူရှိနေတယ်ဆိုတာကိုရော အဲဒီနှစ်ယောက်စလုံးက ဘာလို့ နည်းနည်းကလေးမှ ဂရုမစိုက်ရတာလဲ၊ သူရှိနေတာရော ဟုတ်ရဲ့လား။

"ထမင်းစားမလား အန်ကယ်လ်၊ ပြီးတော့…"

"နိုး…နိုး…စားခဲ့ပြီးပြီ၊ ပြန်မှာ ဟော ဘာနဲ့လဲ"

"ဘာလဲဟင်၊ ဟယ်…ကြက်ဥ၊ ကြက်ဥ၊ ကိုရဲ ကြက်ဥ မီးဖိုပေါ်မှာ သွားပါပြီ"

သူမက မီးဖိုချောင်ဘက်သို့ လက်ညှိုးထိုးကာ ထိုလူကြီး ရင်ခွင်ထဲ ရောက်သွားပြီး တအားအော်သည်။ သူ ကြောင်ငေးကာ နေမိသေးသည်။ နောက်တော့မှ သူ့အာရုံထဲကို ကြက်ဥတူးနံ့က ဆိုးဆိုးဝါးဝါး ရောက်လာ၏။

"ကိုရဲ…သွားပါဦး၊ လုပ်ပါဦး"

သူ ဝုန်းခနဲ မီးဖိုထဲ ဘာကြောင့် ပြေးဝင်လာခဲ့သည်ကို သူမသိ။ ဒယ်အိုးပေါ်မှာ ကြက်ဥသုံးလုံးက မြင်မကောင်းလောက်အောင် မဲတူးနေပြီ၊ ဒယ်အိုးထဲက ဆီသံတကျွမ်းကျွမ်း မြင်နေကြသည်။ သူ ကမန်းကတန်း ရှေ့နံရံပေါ်မှာ တွေ့ရသော မီးခလုတ်ကို ဆွဲလိုက်သည်။ မီးဖိုခန်းသည် မှောင်သွား၏။ သူ့ကိုယ်သူ တစ်ချက်ဆဲလိုက်ပြီး ဆီသံ တကျွမ်းကျွမ်းက ပိုပြင်းထန်လာသည်။ သူ ကမန်းကတန်း ထိုခလုတ်ကို ဆွဲတင်ပြီးတော့မှ နောက်ထပ်ခလုတ်တစ်ခုကို ဆွဲချလိုက်ရသည်။ လျှပ်စစ်မီးဖိုမှ ဝါယာ

www.foreverspace.com.mm



ကြိုးများ ဖျတ်ခနဲ မှိန်သွားသည်။

သူ သက်ပြင်းကိုချသည်။ ထို့နောက် ဒယ်အိုးကို ဒီအတိုင်းကိုင်မိသဖြင့် လက်အတော် ပူသွားသေး၏။ နဖူးတွင် စို့တက်လာသော ချွေးကိုသုတ်ကာ မီးခလုတ်ကို မကျေမနပ်လှမ်းကြည့်ရင်း ဖြစ်နေမိသေးသည်။

ထို့နောက် သူ သူမကို ဖျတ်ခနဲ ပြန်သတိရသည်။ အိမ်ရှေ့ကို ထွက်ဖို့လုပ်ပြီးမှ သူကိုယ်ရှိန်ကို သပ်ရသည်။ မီးဖိုချောင်ထဲမှ ပြတင်းပေါက်တစ်ခုနားကပ်၍ အောက်ကို ငုံ့ကြည့်တော့ နောက်ဖေး လမ်းကြားသည် မဲမှောင်လျက်ရှိ၏။ ပြူတင်းပေါက်မှ ကားသံနှင့်ကားမီးရောင်ကို လှမ်းမြင်နေရသည်။ သူခဏရပ် စဉ်းစားသည်။

သူ အံကို တစ်ချက်ကြိတ်ကာ အိမ်ရှေ့သို့ မထွက်ချင်သော်လည်း ထိုအပေါက်မှပင် အောက်ကို ဆင်းလို့ရတော့မည် ဆိုတာကို သိသွားသဖြင့် ဆုံးဖြတ်ချက်ချလိုက်သည်။ ပလက်ဖောင်းပေါ်သို့ ပြေးတက်ကာ သူ အားရပါးရ ဒီနေရာက လွတ်အောင်ပြေးချင်နေပြီ။

သူ မွန်ထူနေသည့်စိတ်၊ စိတ်စောနေသည့်စိတ်၊ ရှက်ရွံ့နေသည့် စိတ်တို့ဖြင့် အရှေ့ကို ထွက်လိုက်တော့ ဧည့်ခန်းသည် မဲမှောင်နေသည်ကို တွေ့ရသဖြင့် သူအံ့သြသွားသည်။ သူ မီးခလုတ်များပိတ်တုန်းကပဲ မှောင်သွားတာလား။ သူ မီးခလုတ်ကို ပြန်ဖွင့်ခဲ့သဖြင့် မီးဖိုခန်းပင် မီးလင်းနေပြီပဲ။ အလင်းရောင်ကို ကြောပေးကာ အမှောင်ထဲကို ငေးရသဖြင့် သူ့မျက်စေ့မှာ ဘာကိုမှ မကွဲပြား။ ခဏကြာသည်အထိ သူရပ်ပြီးမှ အမှောင်က သဲကွဲလာသည်။ တံခါးနားမှာ ဘယ်သူမှမရှိကြတော့။ ဆိုဖာပေါ်မှာလည်း မရှိ။

သူ ပထမ ဝမ်းသာသွားကာ တံခါးနားသို့ ခပ်သွက်သွက်

ထွက်လာခဲ့သည်။ သူတံခါးကို ရောက်တော့ သူမဆွဲဖွင့်ထားသော အိမ်ရှေ့ခန်းကိုကာသည့် ရေညှိရောင်လိုက်တွန့်ကြီး ပြန်ပိတ်လျက်ရှိသည်ကို တွေ့ရသည်။ ထိုလိုက်ကာနောက်မှ စကားသံသဲ့သဲ့ကို သူကြားရသည်။

သူ့ရင်သည် တဒိုင်းဒိုင်း ပြန်ခုန်လာကာ ခွေယိုင်လဲသွားတော့ မလား ထင်ရသည်။ ဒယ်အိုးအပူဖြင့် ကပ်မိသော လက်ချောင်းများကို တင်းတင်းဆုပ်ထားကာ အံကိုကြိတ်မိသည်။ သူ့ရင်ခုန်သံသည် အရှိန် ပြင်းစွာ မြည်နေရာမှ တဖြည်းဖြည်းဖျော့ကျ၊ ဖျော့ကျကာ နောက်ဆုံးတွင် ဘာသံမှ မကြားရတော့သည်အထိ သူအမှောင်ထဲမှာ အေးစက်တောင့်တင်း လာသည်။ သူအံကို ကြိတ်ထားသည်။ သူ့ခန္ဓာ ကိုယ်ပေါ်မှသွေးကြောတွေ တဖြည်းဖြည်း ဖောင်းအစ်ကာလာသည်။

ရေညှိရောင် ကန့်လန့်ကာက ငြိမ့်ခနဲ ယိမ်းလှုပ်သွားပြီး သူမက ဆံပင်တွေကို အားရပါးရ သပ်တင်ကာ ထွက်လာသည်။ သူမနောက်မှ ဘီယာဗူးကို နောက်ဆုံးအကြိမ် အားရပါးရ မော့သောက်ရင်း ထိုလူက ထွက်လာကာ သူမထံ ဘီယာဗူးကို လှမ်းပေးသည်။ ထို့နောက် သူ့ရှေ့မှပင် ဖြတ်ကာ တံခါးနားကိုရောက်မှ 'Good bye' ဟု သူမကို နှုတ်ဆက်သည်။ ထို့နောက် တံခါးဆွဲဖွင့်သံ၊ ခန္ဓာကိုယ်လေးလေးကြီးနှင့် နင်းဆင်းသွားသော ရှူးဖိနပ်သံ တစ်ဘုတ်ဘုတ်ကို သူ ကြားရသည်။

သူမက တံခါးလက်ကိုင်ဘုကို ကိုင်ကာ ခဏငိုင်နေသေး၏။ ပြီးမှ ခေါင်းကိုမော့ကာ ဆံပင်တွေကို ဒုတိယအကြိမ် သပ်တင်ကာ တံခါးကို ပိတ်ပစ်လိုက်ရင်း သူ့အရှေ့သို့ရောက်လာသည်။ အမှောင်ထဲမှာ ကျင့်သားရနေသည့်အပြင် ပြတင်းမှ အလင်းသံသဲ့သဲ့ကြောင့် သူမမျက်နှာ

www.foreverspace.com.mm



ကို သူကောင်းစွာ မြင်နေရသည်။

သူမက သူ့ကို နှစ်လိုအားရဖွယ်ရာ ဖျတ်ခနဲ ပြုံးပြသည်။

သွေးကြောသေးသေးကလေးတွေကအစ ဖောင်းအစ်နေသော သူ့ လက်တစ်ဖက်သည် လေထဲသို့ အားကုန်မြောက်တက်သွားသည်။ သူမ နောက်ကိုလန်ထွက်သွားပြီး သူမလက်ထဲက ဘီယာဖူးခွံ ဒလိမ့် ခေါက်ကွေး လွင့်စင်ထွက်သွားသည်။

သူမကအံ့ဩကာ ဒေါသဖြစ်သည့်မျက်နှာဖြင့် သူ့ ရှေ့တည့်တည့် ကို ပြန်ရောက်လာပြီး သူနှင့်မျက်နှာချင်းဆိုင်သည်။ ပြီးတော့ အားရပါးရ မဲ့လိုက်ကာ သူ့ပါးပေါ်ကို လက်တစ်ဖက်အရှိန်ပြင်းစွာ ကျလာသဖြင့် သူလည်း အနည်းငယ်ယိုင်ထွက်သွားသည်။

သူတံခါးကို ဝုန်းခနဲဆွဲဖွင့်ကာ လှေကားထစ်များကို အားရပါးရ ပြေးဆင်းလာခဲ့သည်။ သူ့အရှိန်ကို သူ မထိန်းနိုင်သည့်တိုင်အောင် အရှိန်ကို ထပ်၍ထပ်၍ ထည့်ကာ ပြေးဆင်းလာခဲ့သည်။

နောက်ဆုံးလှေကားသုံးထစ်ကို ခုန်ချကာ ပလက်ဖောင်းပေါ် ခုန်တက်လိုက်သည့်အခါ တိုယိုတာဂျိုထောင်ကားတစ်စင်းက သူ့အနားမှ ငြိမ့်ငြိမ့်ကလေး မောင်းထွက်သွားသည်။

သူ အားရပါးရ ကျိန်ဆဲကာ ရပ်ငေးကြည့်နေမိလေသည်။

၁၉၉၆၊ ဧပြီလ
မြန်မာ့ရုပ်ရှင်

✪ ✪ ✪ ✪ ✪

ကြောင်နှစ်ကောင်စာအုပ်တိုက်

www.foreverspace.com.mm

# ရွှေကြော်ငြာ

www.foreverspace.com.mm



www.foreverspace.com.mm



(တစ်)

သူရေရာချန်ဒရား ဟူသော အမည်မှာ သူ့အဘိုး၏နာမည် ဖြစ်ပြီး သူ့အဖေက ပေးခဲ့ခြင်းဖြစ်သည်။ သို့သော် သူ့အဖေကို ယခု ပြန်စဉ်းစားလိုက်လျှင် အာရုံထဲမှာ တိတိကျကျ မမှတ်မိတော့။ သူရှစ်နှစ်သားအရွယ်မှာ သူ့ဖခင်နှင့် နောက်ဆုံးတွေ့ခဲ့ရခြင်း ဖြစ်၏။ ရန်ကုန်ရောက်ကတည်းက ယခုထိ သူ့အဖေနှင့် မတွေ့ရတော့။

သူဆယ့်တစ်နှစ်သားမှာ နဝလီရွှေဝယ်သည့် ဘိုက်လေးကာ၏ တောက်တိုမယ်ရ တပည့်အဖြစ် ပညာဆည်းပူးကာ ဆယ့်ကိုးနှစ်သားတွင် ချိန်ခွင်တစ်လုံး၊ မှန်ပုံးတစ်ခု၊ ရွှေးစေ့များ စားပွဲတစ်လုံးဖြင့် နဝလီရွှေဝယ်သူတစ်ယောက်။ နှစ်ဆယ့်သုံးနှစ်မှာ ကြိုးရှစ်မျိုး၊ နားကပ်လေးမျိုးနှင့် အရုပ်လက်ကောက်လုပ်တတ်သည့် ပန်းထိမ်သမားတစ်ဦး။ ထို့နောက် အာလောကာနှင့် အိမ်ထောင်ကျသည်။

အာလောကာသည် ဘိသျှဝါကာမ နတ်မင်းကို ကိုးကွယ်သော ဟိန္ဒူအမျိုးသမီးဖြစ်ပြီး သူရေရာချန်ဒရားကတော့ ဗုဒ္ဓဘာသာဝင်

www.foreverspace.com.mm

တစ်ဦးဖြစ်သည်။ သို့သော် သူတို့အိမ်ထောင်ရေးသည် သာယာပျော်ရွှင်ဖွယ်ကောင်းသော အဆင်ပြေသည့် အိမ်ထောင်ရေးတစ်ခုသာ ဖြစ်သည်။ ထိုသို့ အိမ်ထောင်ရေးမျိုးကို တည်ဆောက်ရန်အတွက် ရွှေမှုန်ရွှေစတွေကို စနစ်တကျ ကိုင်တွယ်ခဲ့ရသည်။ စည်းစနစ်ကြီးခြင်း၊ ခြိုးခြံချွေတာခြင်းနှင့် မှန်မှန်ကြိုးစားခြင်းသည် အရေးတကြီး လိုက်နာခဲ့ရသော အောင်မြင်ရေးလမ်းစဉ်များ ဖြစ်သည်။

အားကိုရာမဲ့ ဘဝမှနေ၍ မိသားစုတစ်စုကို အိုးအိမ်သင့်တင့်စွာ ထူထောင်ခဲ့ပြီး၊ ပန်းထိမ်ခုံများကိုးလုံးပိုင်၊ ရွှေဆိုင်ပိုင်ရှင် တစ်ဦးဖြစ်ရန်အတွက် ဘိသျှဝါကာမ နတ်မင်းနှင့် ဘုရားတန်ခိုးပြီးလျှင် ဒုတိယသူအားအထားဆုံးမှာ စစ်စီချွေတာသော သူ့စရိုက်ပင် ဖြစ်သည်။

သူ့ကို ကပ်စေးနဲလွန်းသည်ဟု လက်ခစားနှင့် ပညာသင်တပည့်များက နောက်ကွယ်တွင် ပြောလေ့ရှိသည်ကို သူလျစ်လျူရှုထားခဲ့သည်။ ပန်းထိမ်သမားသည် မစစ်စီလျှင် မည်သို့စီးပွားဖြစ်တော့မည်နည်း။ ယခုကဲ့သို့သော ဘဝကို မည်သို့ရောက်တော့မည်နည်း။

✪ ✪ ✪

www.foreverspace.com.mm

(နှစ်)

အာလောကာ၏ လက်ရာစစ်စစ်ဖြစ်သော ဆိတ်ခေါင်းပဲဟင်းနှင့်ပါပလာကြော်သည် ကိုယ်အလေးချိန်ပေါင်း (၂၀၀) ကျော်နီးပါးရှိသော သူ့ခန္ဓာကိုယ်ကြီးကို လေးပင်စွာပင် ကုလားထိုင်ဖျင်ပေါ် ဆွဲချသွား၏။ ဂျက်ကမ္ဘာ ဆေးပေါ့လိပ်ကို မီးညှိနေစဉ်မှာပင် ဒေါ်ခင်မိုးဦးမျက်နှာ ဖျတ်ခနဲ ပျောက်သွားကာ Visit Myanmar Year 1996 ဟူသော အသံကို ကြားရပြီးနောက် ထက်ထက်မိုးဦးက ဖျတ်ခနဲ ပေါ်လာကာ "ရင်ထဲတွယ်တာ မရှိ၊ စိတ်ထဲဘယ်ခါမငြိုး" ဟူသော ချစ်လေးဇီးထုပ်ကြော်ငြာ ပေါ်လာ၏။

သူ့ကလေးအကြီး သုံးယောက်က ဟေးခနဲအော်လိုက်ကာ အာလောကာ ကမန်းကတန်းခါးကိုဆန့်ကာ တီဗွီကို ကြည့်လိုက်သောကြောင့် နို့စို့နေသော အငယ်ဆုံးပါဆန်ပါးစပ်နှင့် နို့သီးလွတ်ထွက်သွား၏။ နေ့စဉ် လာရောက်အားပေးနေကျ ပရိသတ်ကလည်း အတင်းစကားများကို ရပ်လိုက်ကြကာ တီဗွီမှန်သားပြင်ကို မျက်နှာမူလိုက်ကြ၏။

စည်းကမ်းကြီး၍ ခြိုးခြံခဲ့သော သူရေရာချန်ဒရားသည် သမီး

ကြောင်နှစ်ကောင်စာအုပ်တိုက်

www.foreverspace.com.mm



လေးယောက်၏ ပူဆာမှု၊ အာလောကာ၏ စိတ်ကောက်မှု၊ ဆိုကြမယ် ပျော်ကြမယ် အစီအစဉ်၊ မြဝတီလျှပ်တစ်ပြက် အစီအစဉ်၊ ချစ်သူ ရွေးသီရာတေးကဗျာနှင့် ပန်ပန်ကြော်ငြာတို့ကြောင့် ခေတ်ရေစီးကြောင်း ကို မလွန်ဆန်နိုင်စွာ ဆယ့်လေးလက်မ Gold Star တီဗွီတစ်လုံးကို နှစ်သောင်းခြောက်ထောင်ဖြင့် ဝယ်ခဲ့သည်မှာ တစ်ပတ်ပင် မပြည့်သေး။ သူ့ဘဝတွင် အပိုသုံး ဖြုန်းဖျော်ရေးအတွက် ငွေကြေးအများဆုံး တစ်ကြိမ် တည်း သုံးခဲ့ဖူးခြင်းလည်းဖြစ်သည်။

"ဒီမှာ…၊ ဒီမှာ ကျွန်မလိုပဲ လှချင်သလား အသားအရေ စိုပြည်လှပ…"

ခိုင်သင်းကြည်၊ စိုးမြတ်သူဇာနှင့် မေသန်းနု။ ကုထားထိုင်ပေါ် တွင် ထိုင်နေသော သူရေရာချန်ဒရား၏ မျက်စိ၊ နား၊ အာရုံအားလုံး သည် တစ်နေကုန် ညောင်းညာခဲ့သည်တို့ကို လက်စားချေသည့်နှယ် တီဗွီဖန်သားပြင်ပေါ်မှာ အရည်ပျော်သွား၏။ ပီတိသည် တစိမ့်စိမ့်ပေါက် ကျနေသော်လည်း အလုံးအထည်မလျော့သော အတ္တက တလိုမ့်လိုမ့် ခုန်၍နေသည်။ အာရုံ၏ ကျေနပ်မှုသည် ဝိညာဉ်ကို ကောင်းစွာဦးဆောင် ခေါ်သွားကာ လွတ်မြောက်စ ပြုလာ၏။

ထိုစဉ် နန္ဒာလှိုင်က ဖွေးဖွေးဥနေသော သွားကလေးများကို လက်စွပ်အပြည့်ဝတ်ထားသော လက်ဝါးနှင့်ကာ လက်ဝါးကို စကြာလို မွှေ့ယမ်းကာ ခန္ဓာကိုယ်ကို သုံးလေးပတ်လှည့်လိုက်၏။

"ရွှေရည်မီ…ဈေးနှုန်းလည်းမှန် သေချာတာမောင်ကိန်းကြော်ငြာ ရုံ သက်သက်မဟုတ်ပါ အမှန်တကယ်ကိုကောင်း…"

ကြောင်နှစ်ကောင်စာအုပ်တိုက်

www.foreverspace.com.mm



သူ့ကလေးများအားလုံးက “မောင်ကိန်း” ဟု အော်လိုက်ကြ၏။ ဖျတ်ခနဲပေါ်လာသော ရွှေထည်များ။

“ထိပ်တန်း ရွှေဆိုင်…၊ လူတိုင်းရဲ့အကြိုက် မောင်ကိန်း… ရွှေလက်ရာမှန် အဆင့်အတန်းမြင့်တဲ့ မောင်ကိန်း”

နန္ဒလှိုင်ပျောက်သွားကာ ထက်ထက်မိုးဦးနှင့် ကျော်သူပြေးထွက်လာ၏။ ဖန်တက်စီကြော်ငြာ။ လူတိုင်းရဲ့အကြိုက် မောင်ကိန်း၊ အဆင့်အတန်းမြင့်တဲ့ မောင်ကိန်းဆိုပါလား။ သူကုလားထိုင်လက်ရန်းကို ဆုပ်ကိုင်ထားလိုက်မိ၏။ နန္ဒာလှိုင်၏ နှုတ်ခမ်းနှစ်လွှာ ပြုံးဟန်၊ မေးဆတ်ခေါင်းညိတ်ပြဟန်၊ သူ့ဇနီး အာလောကာ၊ သူ့သမီးလေးယောက်နှင့် လာကြည့်သော ပရိသတ်၏ တီဗွီမျက်နှာပြင်ကို ငေးနေဟန်။ သူ သက်ပြင်းကို ချလိုက်သည်။

“မန္တလာမြေမှ သက်တမ်းကရှည်ကြာ၊ ရွှေဆိုရင် မှန်ကန်တယ် အကောင်းဆုံး တို့ဝိန့်စိန်ပါ…”

ကလေးများက ဝိန့်စိန်ဟု အော်ကြပြန်၏။ သူ မျက်မှောင်ကြုတ်လိုက်သည်။ ဝိန့်စိန် ဆိုပါလား။ မောင်ကိန်း၊ ဝိန့်စိန်၊ သူ့အသိတရားထဲတွင် ထိုခေါ်ရခက်သော နာမည်နှစ်ခုသည် လုံးထွေးကာ လွင့်စဉ်ထွက်သွားကြသည်။ ထို့နောက် နန္ဒလှိုင်ပေါ်လာ၏။ မောင်ကိန်း။ ခိုင်သင်းကြည် ပေါ်လာ၏။ ဝိန့်စိန်၊ သူရေရာချန်ဒရား ခေါင်းကို ခါလိုက်သည်။ သက်ပြင်းသည် ရင်အစပ်မှာ တစ်နေသဖြင့် မနည်းဆွဲမကာ ချရ၏။

“ရတနာ စိန်ကျောက် ဇယ်တောက်တမ်း ကစားကြရအောင်လေ”

www.foreverspace.com.mm



"ဟေး ထက်ထက်မိုးဦးကြော်ငြာ မားမား နည်းနည်းကျယ် လိုက်ပါ။ ဆန်ဒီမာ ကျယ်…ကျယ် ကျယ် လိုက်"

"ပန်…ပန်… ပန်‥ပန်‥ပန် ရွှေစင် အနုအရွအလှတို့ စုံလင်၊ ရွှေစင် ဆန်းသစ်လှပတီထွင်"

သူရေရာချန်ဒရား ကုလားထိုင်လက်တန်းကို အားပြုကာ သူ့ခန္ဓာကိုယ်ကြီးကို ဆွဲယူမရင်း ဦးခေါင်းကို တီဗွီဖန်သားပြင်နှင့် နီးအောင် အားထုတ်ချိန်တွင် ထက်ထက်မိုးဦးက ပခုံးလေးတွန့်ကာ တွန့်ကာ တပန်ပန်ဖြင့် ပျောက်သွားလေသည်။ ရွှေစင်ဆိုင်မှာ တိုးဝှေ့နေသော လူများ။ သီချင်းကို သံပြိုင်လိုက်ဆိုကြသော သူ့ကလေးများ။ ခန္ဓာကိုယ်ကို စည်းချက်လိုက် ယိမ်းလှုပ်နေသော သူ့မိန်းမ အာလောကာ။ မင်းတို့အားလုံးဟာ အဲဒီလိုပဲ ရွှေဆိုင်တစ်ဆိုင် ပိုင်ထားတယ် ဆိုတာကို မေ့နေကြပြီလား။ အလေးပင်ဆုံး အပူရှိန်အပြင်းဆုံး သက်ပြင်းသည် သူ့နှာခေါင်းချွန်ချွန်ကြီးမှ တစ်ဆင့် လွင့်ကျသွားလေသည်။

သူဆယ့်တစ်နှစ်သားကနေ ယခုအသက် ငါးဆယ်အထိ သုံးဆယ့်ကိုးနှစ်တိတိ ဖြတ်သန်းခဲ့ရသော ရွှေလောက၏ ရောင်းဝယ်မှုပုံစံ၊ ဒီဇိုင်း၊ ရွှေ့လျားမှု၊ အပြောင်းအလဲ ဆန်းသစ်မှုတို့သည် ဟိုးယခင်ကလိုမဟုတ်တော့။ ဈေးကွက်စီးပွားရေးစနစ်တွင် အရာရာသည် လူထုကြားထဲ ပျံ့နှံ့ဖို့ လိုအပ်လာပြီ။ ကံစမ်းမဲ၊ စတိတ်ရှိုး၊ အားကစားပွဲနှင့် တီဗွီကြော်ငြာသည် စီးပွားရေး၏ အဓိကသော့ချက် ဖြစ်လာ၏။

ယခုလေးနှစ်အတွင်း ရွှေဆိုင်တွေ မိုးဦးကျမှိုပွင့်တွေလို ဘွားခနဲ ပေါ်လာကြပြီး ရွှေဈေးတွေ အသံမြည်မြည်ပင် ခုန်တက်သွားကြ၏။

www.foreverspace.com.mm



ဈေးကွက်နှင့် ကုန်ဈေးနှုန်းသည် ကမ္ဘာမြေကြီးဆွဲအားပင် မရှိ၍ပေလော။ သို့တည်းမဟုတ် တရားတော်ကို ခေတ်အမီဆုံးနည်းဖြင့်ပင် ဆန့်ကျင်နေနိုင်၍ပင်လော မသိ။

ကန်ထရိုက်တိုက်စနစ်များပေါ်လာ၍ ဆင်းရဲသောမြို့နယ်မှ လူများလက်ထဲတွင် ငွေသိန်းချီကိုင်နိုင်လာသဖြင့်ပင် ရွှေဈေးသည် တက်နေသလော။ ထက်ထက်မိုးဦး၊ နန္ဒလှိုင်၊ မေသန်းနု၊ ခိုင်သင်းကြည် တို့၏ ပြုံးချိုသောမျက်နှာ သီချင်းသံထဲမှ စကားလုံးနှင့် အမူအရာ တို့ကို လူတွေကယုံကြည်လွန်း၍ ပင်လော။ သူရေရာချန်ဒရားမသိ။ သို့သော် ခေတ်သစ်စီးပွားရေးစနစ်၏ ရှုပ်ထွေးမြန်ဆန်လွန်းလှသော အပြောင်းအလဲများသည် သင်္ဘောဆိပ် သက်န်းကျွန်းဈေးကြီး အတွင်းရှိ မည်းမှောင်နေသော အုန်းသီး၊ ငှက်ပျောသီးတန်းအစွန်မှ သူ့ရွှေဆိုင် ကလေးထဲသို့ တစ္ဆေတစ်ကောင်လို ရောက်လာခဲ့တာတော့ သေချာသည်။

ယခုဆိုလျှင် သူ့ရွှေဆိုင်သည် အရောင်းကျလာနေသည်။ သူ့ဆိုင်သည် သက်န်းကျွန်းဈေးကြီးထဲမှာ တတိယတန်းစား ရွှေဆိုင် ကလေးသာ ဖြစ်သော်လည်း သူ့ဖွဲ့၊ လက်ရာ၊ စေ့စပ်သေချာမှု၊ မှန်ကန်မှုတို့ကြောင့် ယခင်က အမြတ်အစွန်း ကောင်းခဲ့သည်။ ယခု ထိုသို့ မဟုတ်တော့။ ဘာကြောင့် ဒီလိုရောင်းအားကျသွားသည် ဆိုခြင်းကို တီဗွီဝယ်ပြီး တစ်ပတ်ခန့်အကြာတွင် သူ ရိပ်မစပြုလာခဲ့သည်။

"ရွှေဟာ ဘယ်မှာ အကောင်းဆုံးလဲဆိုရင် မှန်မှန်ကန်ကန် အတိအကျပြောမယ်ရှင်၊ လပ်ကီးတိုင်စင်၊ လပ်ကီးတိုင်စင် စိတ်ချလို့ အကောင်းဆုံးပင်"

ကြောင်နှစ်ကောင်စာအုပ်တိုက်

www.foreverspace.com.mm



“ရင်မှာ စွဲလမ်းမိတာ ရွှေဆို အိုကေ”

“ဟော့…ဟော့ နယူးတိုင်းစင် လက်ရာထိပ်တန်း စိတ်ချမ်းသာစေမည်”

“စိတ်ကူးယဉ်လေတိုင်း အတွေးထဲ ရွှေနန်းတော် ဆန်းသစ်လှပ ဒီဇိုင်းက ကိုယ့်အတွက် အမြဲလိုဆန်း”

“နမင်းအိမ်ကျော် ပါပိုနထူး ရတနာစုလိုက ရွှေညသို့ ကြွခဲ့ပါနော် နော်”

“ဦးထိန်ရွှေပန်းထိမ်ဆိုင်သို့ ကြွခဲ့ပါ”

“တင့်ရွှန်းကာ တောက်ပလို့ ပြိုင်ဖက်ကင်းတယ် အသည်းစွဲပဲ တို့ကတော့ ပါဝါပဲ အားလုံးလည်း ပါဝါပဲ”

သူရေရာချန်ဒရား ကုလားထိုင်ပေါ်မှ ဖျတ်ခနဲထရပ်သည်။ သူ့ရင်ထဲမှာ မကောင်း၊ အတွေးထဲမှာ ငြီးစီစီ။ အသိတရားမှာ မကျေမချမ်း၊ သူချက်ချင်းကို ပင်ပန်းနွမ်းနယ်သွား၏။ “သူရေရာချန်ဒရား ရွှေဆိုင်” ဟူသည် သစ်သားထွင်းကပ် ဆိုင်းဘုတ်ကလေးက သူ့အာရုံ မှိုင်းဝေဘလျက်ရှိသည်။ သူ့ဆိုင်မှ ရွှေသည် အကောင်းဆုံး မဟုတ်တော့ပြီလား။ သူ့လက်ရာက ထိပ်တန်းမဟုတ်တော့ပြီလော။ လူတွေ သူ့ရွှေကို မစွဲလမ်းတော့ပြီလော။ သူကရွှေရည်မမီ ဈေးနှုန်းကလည်း မမှန်တော့ပြီလော။ အနုအရွ၊ အလှအပတို့ မစုံလင်တော့ပြီလော။ သူ့ရွှေက ပြိုးပြိုးပြက်ပြက် မဟုတ်တော့ပြီလော။

မောင်ကိန်း၊ ဝိန့်စိန်၊ သူရေရာချန်ဒရား ဘာများကွာသနည်း။ သူ ဂေ့ခနဲ လေချဉ်တက်သည်။ ရွှေရောင်းသူချင်း အတူတူ သူ့ကို

www.foreverspace.com.mm



လူမသိကြပါကလား။ သူ့သားသမီးနှင့် သူ့မိန်းမကပင် မေ့နေပြီလား။ သူ့တစ်ဘဝလုံး ဖြတ်သန်းလာခဲ့သည့် အတွေ့အကြုံ၊ ကျွမ်းကျင်မှု၊ အသိတရားများသည် အကောင်အထည်မဲ့သွား၏။ အခုနေ အာလောကာကို ရွှေဝတ်မလားဆိုရင် ရွှေစင်ဆိုင်ကို ပြေးဝယ်လေမလား မသိ။

ခုတင်ပေါ် ပြိုလဲကျသွားသော သူ့ခန္ဓာကိုယ်ကြီးထဲမှာ အတွေးက စုံနေ၏။ ဝိန့်စိန်နှင့် မောင်ကိန်းဟူသော နာမည်များက သူ့အာရုံထဲမှ မထွက်၊ ထိုနာမည်များကိုပင် လှပသောသံစဉ်တွင် ထည့်ကာ မင်းသမီးများ က ဆိုနိုင်ကြသေးလျှင် သူရေရာချန်ဒရား ဟူသော အမည်ကိုလည်း ဆိုနိုင်ကြမည်မှာ မလွဲ။

မကြာမီ အာလောကာ၏ ဆိတ်ခေါင်းပဲပဟင်းသည် အစာအိမ် အတွင်းမှနေ၍ တဒုတ်ဒုတ်မြည်နေသော သွေးတိုးနှုန်းထဲသို့ ဝင်ရောက် လာကာ သူ့ခန္ဓာကိုယ်ကြီးကို တစ်နေရာသို့ ဆွဲခေါ်သွားပြီး သူ့မျက်ခွံ များကို ဆွဲချစေ့ပိတ်စ ပြုလာသည်။

သို့သော် ခက်သည်က ဆွဲချစေ့ပိတ်စပြုနေသော မျက်ခွံများ နောက်ထဲတွင် ထက်ထက်မိုးဦးက ပခုံးတွန့်နေ၏။ နန္ဒာလှိုင်က ရယ် နေသည်။ ခိုင်သင်းကြည်က မေးကလေးဆတ်ကာ လက်မောင်း ကလေး ကိုပွတ်၏။ မေသန်းနုက မျက်လွှာချကာ တစ်ဖက်သို့လှည့်သွားသည်။ ပြီးတော့ အားလုံးက ပြိုင်တူ အော်လိုက်ကြသည်။

"စနစ်တကျ၊ ရိုးသားခဲ့သော သက်တမ်း (၃၉) နှစ်ရှိ ဝါရင့် ရွှေသမား သူရေရာချန်ဒရား"

ခိုင်သင်းကြည်က ခန္ဓာကိုယ်ကို ဆတ်ခနဲ ပင့်တင်၍ မေးကို

www.foreverspace.com.mm



မြောက်လိုက်ရာ လည်တိုင်တွင် ဆွဲထားသော ဆွဲကြိုးကလေးမှ အသည်းပုံ လော်ကယ်သီးကလေး ဖျတ်ခနဲ လွင့်တက်လာသည့်အခါ ရှေ့သွားဖွေးဖွေး ကလေးများဖြင့် လှမ်းကိုင်လိုက်ပြီး နှုတ်ခမ်းနီရဲနေသော နှုတ်ခမ်းသား ကလေးကို စုပ်လိုက်ရာ လော်ကယ်သီးကလေးက ပြွတ်ခနဲ ပါးစပ်ထဲ ဝင်သွား၏။ ဒီတော့ ခိုင်သင်းကြည်က မျက်တောင်ကလေးကို ပုတ်ခတ် ပုတ်ခတ်လုပ်ကာ တအံ့တသြဖြင့် သူရေရာချုန်ဒရားဟု ရွတ်လိုက်လေ သည်။

ထက်ထက်မိုးဦးက အပေါ်နှုတ်ခမ်းကလေးကို မေ့၍ မပွင့် တပွင့်ဟကာ ဖြူဖွေးသော လက်ချောင်းကလေးများဖြင့် လေးထောင့် စက်စက် သူမမေးရိုးကလေးကို ဖွရှုစွာ ပွတ်သပ်လာသည်။ တီဗွီဖန် သားပြင်သို့ ဝင်လာသော လက်ချောင်းကလေးများတွင် ရွှေလက်စွပ် တွေက အပြည့်၊ ထိုလက်ကလေးဖြင့် မေးစေ့ကလေးကို ပင့်ထောက် လိုက်တော့ လက်ကောက်ဝတ်မှာ လက်ကောက်တွေ ပြိုးပြိုးပြက်ပြက်။ ထိုပုံစံအတိုင်း ကင်မရာကို တစောင်းရွေ့သွားပြီးမှ တစ်ဖက်သို့ လိုက်ရွေ့ လာသော ထက်ထက်မိုးဦး၏ နိုင်ငံကျော်နှုတ်ခမ်းကလေးကို အနီးကပ်ရိုက် သည့်အခါ တွန့်ကွေးသွားသော နှုတ်ခမ်းမှ အသံထွက်ကာ “သူရေချုန် ဒရားတဲ့”

ရှုပ်ထွေးနေသော ရန်ကုန်မြို့လယ်၏ လူအများသွားလာနေ ကြသော ပြကွက်မြင်ကွင်းကျယ်တစ်ကွက်။ နန္ဒာလှိုင်က ပြုံးရွှင်သော မျက်နှာကလေးဖြင့် လျှောက်ကာလာနေ၏။ ထိုစဉ် ဒွေးက နောက်မှ ဝင်တိုက်ကာ နန္ဒာလှိုင့်လည်ပင်းမှ ဆွဲကြိုးကိုဖြတ်ကာ ပြေးသည်။

www.foreverspace.com.mm



လူတွေက အော်ဟစ်ကာ ဒွေးနောက်သို့ လိုက်ကြ၏။ ဒွေးက ဆွဲကြိုးကို ကျစ်ကျစ်ပါအောင် ဆုပ်ကာ အသက်လုပြေး၏။ နောက်ဆုံး ဒွေးကို မိသွားကြ၏။ ရဲအရာရှိ တစ်ဦးက ဒွေးကို ဆွဲထူကာ ခတ်ဆတ်ဆတ်မေး၏။

"ဟေ့ကောင်၊ နေ့ခင်းကြီးမှာ မင်းအတင့်ရဲလုချည်လားကွ ဟေ"

"ဟို ကျွန်တော် ဒီဆွဲကြိုးက သူရေရာချန်ဒရားရဲ့ ဆိုင်က လက်ရာမှန်း သိလိုက်ရတော့ စွဲလမ်းပြီး စိတ်မထိန်းလိုက်နိုင်လို့ပါ ခင်ဗျာ"

ထိုစဉ် နန္ဒာလှိုင်က အမောတကော ပြေးလာကာ ဒွေးလက်မှ ဆွဲကြိုးကို ဖျတ်ခနဲ ဆွဲယူကာ ဒွေးကို မျက်စောင်းခပ်ဆတ်ဆတ် လှမ်းထိုးရင်း ဆွဲကြိုးလေးကို ဖျတ်ခနဲ နမ်းလိုက်ရင်း ကိုယ်ကို တစ်ပတ်လှည့်လိုက်သည့်အခါ နန္ဒလှိုင့်ကိုယ်ပေါ်မှ ဆွဲကြိုးတွေ ဘယက်တွေ လက်စွပ်လက်ကောက်တွေ အပြည့်ဖြစ်သွားပြီး သီချင်းက စသည်။

"လူဆိုး လူမိုက်များပင် သတိလက်လွှတ် စွဲလမ်းမူးမေ့သွားဒါ သူရေရာချန်ဒရား သင့်အိပ်မက်ကို သိထားသလို သင့်စိတ်ကြိုက်ကို ဖြစ်စေဖို့ရာ ဒီမှာ သူရေရာချန်ဒရား အို···သူရေရာချန်ဒရား"

သူရေရာချန်ဒရား အိပ်ရာမှ ဝုန်းခနဲ ထထိုင်သည်။ တစ်ကိုယ်လုံး ချွေးတို့ ရွှဲနစ်ကာနေ၏။ သူ့ရင်တွေ တဆတ်ဆတ် တုန်ကာနေ၏။ ခိုင်သင်းကြည်၊ နန္ဒလှိုင်၊ ထက်ထက်မိုးဦးတို့ တစ်ယောက်မှ မရှိကြတော့။ သူ့ရင်သာ ဟာလာဟင်းလင်း ဖြစ်ကျန်ခဲ့၏။ သူရေရာချန်ဒရားဟူသော သီချင်းသံထဲက သူ့နာမည်လည်း မရှိတော့။ သူ့မိန်းမအာလောကာက နံဘေးနားမှာ ပါးစပ်ဟလျက် ရွှေသွားများပေါ်ကာ

ကြောင်နှစ်ကောင်စာအုပ်တိုက်

www.foreverspace.com.mm

အိပ်ပျော်နေ၏။

သူသက်ပြင်းကို ချလိုက်သည်။ ဒါအိပ်မက်ပဲ။ သို့သော် ပြန်မရနိုင်သော အိပ်မက်မျိုးတော့ မဟုတ်။ ပြန်၍အိပ်သော်လည်း အတွေးမျိုးစုံ ပလုံစီနေသဖြင့် အိပ်မရတော့ပြီ။ အသက် (၅၀) ကျော်တွင် ပထမဦးဆုံး အကြိမ် အိပ်မပျော်သည့် ညသည် မည်မျှ ရှည်လျားသွားကြောင်း သူရေရာချန်ဒရား ကောင်းစွာ သိရှိသွားလေသည်။

✪ ✪ ✪

www.foreverspace.com.mm



(သုံး)

ဈေးအတွင်းမှ ဈေးအော်သံ၊ ဈေးခေါ်သံ၊ ရှုပ်ထွေးနေသော လူတွေ ပစ္စည်းထမ်းသွားကြသူတွေ အားလုံးသည် ညက အိပ်ရေးမဝခဲ့သော သူ့အာရုံတွင် ရှုပ်ထွေးကာ မူးနောက်ချင်စရာ ဖြစ်နေ၏။ မနေ့က လုပ်ပြီးသား ကြိုးတစ်ကုံးကို အရောင်တင်ရင်း သူ့စိတ်ထဲမှာ မကျေမနပ်ဖြစ်ကာ သူ့တပည့်ရင်းကို ပေးခဲ့ပြီး တစ်သက်မှာ ပထမဦးဆုံးအကြိမ် ဈေးထဲမှ လက်ဖက်ရည်ဆိုင်တွင် ထိုင်မိသည်။ ယခင်က ဆိုလျှင်တော့ အာလောကာက ချိုင့်ဖြင့်သွားဝယ်ကာ ရေနွေးရောထားသော လက်ဖက်ရည်ကိုသာ သူ သောက်လေ့ရှိသည်။

ညက တီဗွီကြော်ငြာထဲမှ မောင်ကိန်းနှင့် ဝိန့်စိန်သည် သူ့အာရုံထဲမှာ သူ့အာရုံထဲမှာ သူ့ကို ဒုက္ခပေးနေတုန်း၊ အိပ်မက်ထဲက နန္ဒလှိုင်၏ သူရေရာချန်ဒရားဟူသော အသံကလေး မပီကလာ ပီကလာသည် သူ့စိတ်ကို တစစ်စစ် ဆွနေတုန်း။ ရွှေကြော်ငြာများနှင့် ညအိပ်မက်သည် သူ့လက်ရှိခံစားမှုကို ဂနာမငြိမ်အောင် စိတ်ထဲမှာ ဖိအားပေးလျက်ရှိသဖြင့်

ကြောင်နှစ်ကောင်စာအုပ်တိုက်

www.foreverspace.com.mm



သူ အရာရာကို စိတ်တိုင်းမကျနိုင်တော့။

အခုတော့ သူရေရာချန်ဒရားသည် မည်းမှောင်မှုန်ကုပ်နေသော သူ့ပန်းထိမ်ဆိုင်ကလေးကို အကောင်းမမြင်တော့။ သူရေရာချန်ဒရား ဟူသော သစ်သားထွင်းကပ် ဆိုင်းဘုတ်ကို ကြည့်မရတော့၊ (၃၉) နှစ် လုံးလုံး သူလေ့လာဆည်းပူးခဲ့သော ရွှေနှင့်ပတ်သက်သည့် သူ့အသိ၊ အတတ်ပညာ ကျွမ်းကျင်မှုတို့ကိုလည်း ဂုဏ်မယူချင်တော့၊ ဘာလုပ်တော့ မည်နည်း။ သူ့ကို ဘယ်သူမှမသိ၊ သူ့ဘဝသည် သက်န်းကျွန်းဈေးကြီး အတွင်းမှ မည်းမှောင်မှုန်ကုပ်သော ဗွက်အိုက်ကလေးမျှသာ ဖြစ်၏။ ဘာမှကိုမဟုတ်။ သူ ငယ်စဉ်ကတည်းက မျှော်လင့်ခဲ့ရသော ပန်းထိမ် ဆိုင်ရှင်ဘဝကို စကြာဝတေးမင်းနေရာဟု ထင်ခဲ့ဖူးသည်။ ရလာတော့ လည်း ပျော်လိုက်သည့်ဖြစ်ခြင်း။ အခုတော့ သူသည် ဘာကိုမှ မဟုတ် တော့ပြီ။

သူစဉ်းစားသည်။ ဟောသည် သက်န်းကျွန်းဈေးထဲမှာ မည်သည့် ရွှေဆိုင်မျှ တီဗွီကြော်ငြာ မထည့်ကြသေး။ ထိုအသိက သူ့နှလုံးသားကို ဖျတ်ခနဲ တစ်ချက်လှုပ်သည်၊ လူတွင် အသက်ရှင်ချင်စိတ်ပြီးလျှင် ဒုတိယ အတောင့်တဆုံးစိတ်က ကိုယ့်ကို သူတစ်ပါးက ဂရုပြုပေးရင်ပင် မဟုတ်ပါ လား။ ထို့အတွက် ဟစ်တလာလည်း ပေါ်ခဲ့ပြီ၊ မွန်ရိုးလည်း ကိုယ့်ကိုယ်ကို သေကြောင်းကြံသွားပြီ။ အိုင်းစတိုင်းလည်း စကြဝဠာကို တွက်ချက်သွား သည်။ ဆော့ကရစ်တီးလည်း အဆိပ်ခွက်ကို နှိုက်ခဲ့သည်။

"ဟာ…ဦးချန်ဒရားကြီး ထူးဆန်းလှပါလားဗျ။ လက်ဖက်ရည်ဆိုင် တွေ ဘာတွေထိုင်လို့"

www.foreverspace.com.mm



အထည်ဟောင်းရောင်းသည့် ခင်ဇော်က ဟိုဘက်ခုံမှ လှမ်းနှုတ်ဆက်သည်။ ခင်ဇော်သည် ထုံးစံအတိုင်း ပြောင်နေသော ရှေ့နဖူးပေါ်သို့ နောက်မှပါးလွှာသော ဆံပင်ကလေးကို တွန်းပို့ကာ ဖုံးကွယ်ထား၏။ သူ့အဖြစ်ကလည်း ခင်ဇော့်နဖူးလို ဖြစ်နေပြီလား။

"အေးကွာ၊ နည်းနည်း ငြီးစီစီဖြစ်တာနဲ့"

"ဟုတ်တယ်ဗျ၊ မီးချောင်းအောက်မှာ တစ်နေကုန် မှုန်ကုပ်ကုပ်နဲ့ လုပ်ရတာကိုး၊ အသက်ရှည်ဖို့ အရေးကြီးတယ်ဗျ"

ခင်ဇော်စကားဆုံးတော့ သူ့ရှေ့ဆိုင်သည် ကြော်ငြာဖို့ လုံးဝလိုပြီဆိုတာ သူ ကျိန်းသေ တွက်လိုက်သည်။ အခုအချိန်တွင်တော့ မည်သည့်စကားကိုပင် ကြားရကြားရ သူ့အတွေးပန်းကုံးသည် ကြော်ငြာမှာပင် အဆုံးသတ်လေသည်။

"ဟုတ်တယ်၊ ငါဒီလိုလုပ်မယ် စိတ်ကူးတယ် ခင်ဇော်"

"ဘာတုန်းဗျ၊ ကျန်းမာရေးလေ့ကျင့်ခန်း ယူတော့မလို့လား"

"ဟင့်အင်း၊ ငါ့ဆိုင်ကို ကြော်ငြာ တီဗွီမှာ ထည့်မလို့"

သူ့စကားဆုံးတော့ ခင်ဇော်က စိတ်ဝင်စားသွားလျှင် (သို့) အံ့သြလျှင် လုပ်လေ့ရှိသည့်အတိုင်း သွားများကို ဂျလိဂျလိမြည်အောင် ကိုက်ကာ မေးစေ့ကို ပင့်မြှောက်လိုက်ရင်းက-

"ဘာဆိုင်လို့တုံးဗျ"

"ဒီလိုလေကွာ၊ မင်းပြောသလို ကျန်းမာရေးက အရေးကြီးတယ်။ ငါကလည်း အသက် (၅၀) ဆိုတော့ အိုပြီ၊ ငါမသေခင် ငါ့ရှေ့ဆိုင်ဟာ ဟော့ဒီသင်္ကန်းကျွန်းမှာ ရောင်းအကောင်းဆုံးရှေ့ဆိုင် ဖြစ်ရမယ်။

www.foreverspace.com.mm

ဒါမှငါလည်း အသက်ရှည်မယ်၊ မင်းဆိုလိုတာ အဲဒီသဘောပဲ မဟုတ်လား''

''.....''

''ဒီတော့ ရောင်းအကောင်းဆုံး ရွှေဆိုင်ဖြစ်ဖို့အတွက် ငါ့ရွှေဆိုင်ကို တီဗွီမှာ ကြော်ငြာထည့်ဖို့ လိုလာပြီ။ ကြော်ငြာမယ်ကွာ ဘယ့်နှယ့်လဲ''

သူ့စကားဆုံးတော့ ခင်ဇော်သည် သူ့ကို စိုက်ကြည့်နေပြီး ထင်မှတ်မထားခြင်း၊ အံ့ဩခြင်း၊ လှောင်ပြောင်လိုခြင်းစသော အမူအရာများသည် ခင်ဇော့်မျက်နှာပေါ်တွင် အစဉ်အတိုင်း ဖြတ်သန်းသွားကြ၏။

''ဟား...ဟား ဟား...ဟား ဟား...ဟား ဟား...ဟား...ဟား ဟား...ဟား...ဟား''

သူ့ရှေ့တွင် ယိမ်းခါနေသော ခင်ဇော့်ပါးစပ်များသည် ဂူပေါက်ကြီးတစ်ခုသဖွယ် သူ့မျက်နှာရှေ့တွင်ရှိသည်။ နဖူးပေါ်တွင် မရှိမဲ့ရှိမဲ့ စုပို့ထားရသော ဆံပင်ကလေးများကလည်း နံဘေးသို့ ရောက်ကာသွားသဖြင့် နဖူးက တောင်ထွတ်တစ်ခုသဖွယ် ဖြစ်နေ၏။

''ခင်ဗျားက ကြော်ငြာမလို့၊ ခင်ဗျားရွှေဆိုင်ကို တီဗွီမှာ ကြော်ငြာထည့်မလို့ ဟုတ်လား ဟား ဟား ဟား''

''ဟေ့ကောင် ရယ်တာကို အခုရပ်၊ တိတ်လိုက်စမ်း''

သို့သော် ခင်ဇော်က ဒေါသတကြီးဖြစ်နေသည့် သူ့စကားသံကို မကြားတော့ ဟစ်၍ ဟစ်၍သာ ရယ်နေသည်။ ဈေးအတွင်းမှ လူများက သူနှင့်ခင်ဇော့်ကို ဝိုင်းကြည့်လိုက်ကြသည်။ ရွှေပျောက်ခြင်းမှလွဲ၍ မည်သည့်အရာကိုမှ ဒေါသထွက်လေ့မရှိသော သူရေရာချန်ဒရား

www.foreverspace.com.mm



သည် ဝုန်းခနဲ ဒေါသကြီးစွာဖြင့် ထရပ်ကာ-

"ဟေ့ကောင် ထိပ်ပြောင်၊ မင်းငါ့နာမည်နဲ့ ရွှေဆိုင်ကြော်ငြာကို တီဗွီမှာ တစ်လအတွင်း မြင်စေရမယ်ကွ"

✪ ✪ ✪

www.foreverspace.com.mm

(လေး)

ပထမဦးဆုံး သူလုပ်ရသောအလုပ်မှာ သူ့မိန်းမ အာလောကာနှင့် တိုင်ပင်ခြင်းပင် ဖြစ်လေသည်။ အာလောကာမျက်နှာသည် ခင်ဇော့်လိုပင် ခံစားမှုများ အစဉ်လိုက်ဖြတ်သန်းကာ သွားကြ၏။ သို့သော် ခင်ဇော်က လှောင်ပြောင်လိုသည့် ခံစားမှုတွင် ရပ်ပြီး အာလောကာ ကြောက်ရွံ့တုန်လှုပ်သော ခံစားမှုတွင် ရပ်၏။

"မကြော်ငြာလည်း ရောင်းနေရတာပဲ မဟုတ်လား"

"နင်...ဘာနားလည်သလဲ၊ အခုဟာက ဈေးကွက်စီးပွားရေး စနစ်၊ ဒီစနစ်မှာ ကြော်ငြာဟာ အသက်ပဲ သိလား၊ အသက်"

သူက သူ့ဆိုင်နံဘေးက မုန့်ဟင်းခါးရောင်းနေသော သန်းထိုက် စကားကို အာလောကာအား ပြောချလိုက်၏။ တကယ်တော့ လေးတန်း ပင်မအောင်သော သူရေရာချန်ဒရား ဈေးကွက်စီးပွားရေးဆိုတာကို ဘာမှမသိ။ သူ့မိန်းမမျက်နှာ ရှုပ်ထွေးသွား၏။ ပြီးတော့ သူ့ရှေ့မှ ထွက်သွားသည်။ သူကတော့ မည်သို့ပင်ဆိုစေ နောက်မဆုတ်တော့ပြီ

www.foreverspace.com.mm



နောက်တစ်နေ့ကျတော့ သူ့သမီးအကြီးမ ဆန်ဒီးမား သူ့ကို သူတို့ရွှေဆိုင်ကို ကြော်ငြာမည်ဆိုတာ ဟုတ်သလားဟု လာမေးသည်။ သူက အံ့သြကာ ဟုတ်တယ်ဆိုတော့ ပျော်ရွှင်စွာ ဟစ်အော်ကာ ပြေးထွက်သွား၏။ သူ ပြောတုန်းက သဘောမတူဟု သူထင်ခဲ့သော သူ့ဇနီးက ပြောပြခြင်းပဲဖြစ်ရမည်။ နောက်တစ်ရက်တွင် ကလေးများသာမက အိမ်နီးချင်းများနှင့် ဆွေမျိုးများပါ သိသွားကာ သူ့ကို မေးကြသည်။ ကလေးတွေကလည်း သူတို့ကျောင်းမှ ဆရာများကိုပင် ပြောထားလိုက်ကြပြီ။

သူ့မိန်းမဘက်က ဆွေမျိုးနှင့် သူ့ဆွေမျိုးများကလည်း ဒီသတင်းကြားပြီးကတည်းက အိမ်ကို အကြောင်းမရှိဘဲ လာလည်ကြသည်။ ဘယ်မင်းသမီးနဲ့ ရိုက်မှာလဲ၊ ခိုင်သင်းကြည်၊ ထက်ထက်မိုးဦး၊ နန္ဒလှိုင်၊ မေသန်းနု၊ မို့မို့မြင့်အောင်လည်း ကြော်ငြာနေပြီ။ လွင်မိုးနဲ့ မို့မို့မြင့်အောင်ကို တွဲပေးကြ၏။ ဒွေးနဲ့ ထက်ထက်မိုးဦးဆိုရင်တော့ ဆန်းသွားမလား။ ထွန်းအိန္ဒြာဗိုကိုလည်း ကြိုက်ကြပြန်သည်။

ရွှေစင်၊ မောင်ကိန်း၊ ရွှေလီ၊ ပါဝါ၊ ဦးထုံတို့ထက် ကောင်းအောင် ရိုက်။ သီချင်းကောင်းအောင် စပ်နော်။ စသည်ဖြင့် အကြံဉာဏ်များ ပေးကာ ထမင်းအိုးကိုလည်း ဝင်တည်ပေးကြ။ ငရုတ်သီးကိုလည်း ဝင်ကြိတ် ပေးတတ်ကြသည်။ သူ့ကလေးများအတွက် မုန့်ဝယ်လာသူကလည်း ဝယ်လာ၏။ အမား၊ ဒေါ်ခါတွန်၊ ကမလာ၊ အာဒီးတို့အိမ်မှာ တပြုံးပြုံးဖြစ်လာ၏။ တစ်နေ့ အိမ်သုံးစရိတ်ကလည်း ဧည့်သည်များကြောင့် တစ်ရာ့လေးဆယ်မှ သုံးရာ့ရှစ်ဆယ် ဖြစ်သွား၏။

ကြောင်နှစ်ကောင်စာအုပ်တိုက်

www.foreverspace.com.mm

အခုနေ သူကြော်ငြာမထည့်တော့ဟုဆိုလျှင် အာလောကာက သူ့ကို မပေါင်းတော့ပါဟုဆိုကာ အိမ်က ဆင်းသွားလိမ့်မည်ဟုပင် သူထင်လာ၏။

အာလောကကြောင့်ပင် ဈေးထဲမှ ဆိုင်များရှိ မိတ်ဆွေများက သိသွားကာ သူ့ကို အကြံဉာဏ်မျိုးစုံ ပေးကြပြန်သဖြင့် သူပန်းထိမ် မလုပ်နိုင်တော့။ ဆိုင်ကိုလာလျှင် ဟိုဆိုင်ကလှမ်းခေါ်၊ ဒီဆိုင်ကလှမ်း ခေါ်သဖြင့် တော်တော်နှင့် သူ့ဆိုင်ကိုမရောက်။ ရွှေဆိုင်ကို ကြော်ငြာ မည်ဟုပင်ရှိသေးသည်။ သူ့ရွှေဆိုင်သည် တော်တော်လူသိများသွားပြီး လူတိုင်းက အာရုံစိုက်လာသဖြင့် သူရေရာချန်ဒရား အကျေနပ်ကြီး ကျေနပ်ခဲ့သည်။ ခင်ဇော်ပင် သူ့ထံသို့ ရောက်လာကာ တောင်းပန်ရင်း အကြံဉာဏ်ပေးကာ ကြော်ငြာရိုက်လျှင် လိုက်ချင်ကြောင်းဆိုလာပြီ မဟုတ် လား။

မုန့်ဟင်းခါးရောင်းသည့် သန်းထိုက်အကူအညီနှင့်ပင် ကြော်ငြာ ရိုက်မည့်အဖွဲ့နှင့်တွေ့ကာ ဒါရိုက်တာနှင့် မနက်ဖြန်တွေ့ရတော့မည်။ ထိုနေ့က သူ့ကို အကြံဉာဏ်ပေးသူတွေ တရုန်းရုန်း။ ကလေးတွေက လည်း ဧည့်သည်တွေများသဖြင့် အော်မရ၊ ဟစ်မရ သောင်းကျန်းကြ သည်။ ရွှေကြော်ငြာတွေလာသည့်အခါ သူရေရာချန်ဒရားက ကုလား ထိုင်တွင်ထိုင်ကာ တစ်ခုချင်းဝေဖန်ရင်း နေသေးသပဆိုသည့် အိုက်တင် ဖြင့်ရှိသည်။ သူ့စိတ်ထဲမှာ ဘယ်ကြော်ငြာမှ သူ့ဆိုင်ကြော်ငြာလောက် မကောင်းဟုပင် ထင်နေသည်။

အာလောကာကလည်း အိပ်ရာထဲအထိ စကားတွေပြောမဆုံး။

www.foreverspace.com.mm



မင်းသမီး၊ မင်းသားတွေ ရွေး၍မဆုံး။ သူ့ကိုလည်း အရင်ကထက် ရိုသေကျိုးနွံကာ လေးစားလာ၏။

"အစ်ကို ကြော်ငြာရိုက်ရင် ကျွန်မကိုလည်း ထည့်ရိုက်မယ် မဟုတ်လားဟင်၊ အငယ်ဆုံးမလေးလည်းပါမှ ကောင်းမယ်အစ်ကို"

"အေးပါကွာ၊ ငါ ဒါရိုက်တာနဲ့တွေ့တော့ ပြောပေးမှာပေါ့"

ထိုညတွင် သူလည်း အတွေး ပလုံစီကာ မိုးလင်းမှပင် မှေးခနဲ အိပ်ပျော်ရ၏။

ဒါရိုက်တာနဲ့ တွေ့ရမည့်နေ့က သူရေရာချန်ဒရားသည် တစ်ကြိမ်မှ မဝတ်ဘူးသော အင်္ကျီသစ်၊ လုံချည်သစ်တို့နှင့် အဆင်ပြေ ဖြစ်နေသည့် အပြင် ဆွဲကြိုး၊ လက်စွပ်၊ ဟန်းချိန်းများကိုပါ ဝတ်ထားသဖြင့် အတော့်ကို စိတ်ကျဉ်းကျပ်လျက်ရှိသည်။

ထိုအစီအစဉ်များက အာလောကာ၏ အစီအစဉ်များပင်ဖြစ်သည်။ နာမည်ကြီး ဒါရိုက်တာနှင့်တွေ့၍ မင်းသားမင်းသမီးများနှင့် စကား ပြောရသောအခါ ရွှေဆိုင်ပိုင်ရှင်ဖြစ်သော သူရေရာချန်ဒရားကို အထင် မသေးကြရန်ဟုဆို၏။ ရွှေဆိုလျှင် ရောင်းရန်အတွက် မှန်ပုံးထဲတွင်သာ ထည့်ထားခဲ့ဖူးသော သူရေရာချန်ဒရားအဖို့ ပထမဦးဆုံးအကြိမ် ရွှေ ဝတ်ဖူးခြင်းလည်းဖြစ်သည်။

ပြီးတော့ သူ့ကို ကူညီမည်ဆိုသူများက လီမိုတက်ကားအဖြူ ကလေးနှင့် အိမ်ကိုလာခေါ်ကြသည်။ သို့သော် ထိုနေ့က ဒါရိုက်တာကို ရိုက်ကွင်းနှင့်ကုမ္ပဏီများမှာ သွားရှာသော်လည်း မတွေ့ခဲ့ရ။ ကူညီသူများက ကြော်ငြာနှင့်ပတ်သက်၍ ရုပ်ရှင်စကားများသုံးကာ ဝိုင်းအကြံပေးကြပြန်၏။

ကြောင်နှစ်ကောင်စာအုပ်တိုက်

www.foreverspace.com.mm



သူ ဘာမှနားမလည်သည့်အတွက် ပြုံးပြုံးပြုံးပြုံးလုပ်ကာ ထို သူများ အားလုံးကို ပျော်ရွှင်စွာဖြင့် ထမင်းကျွေး၊ ဘီယာတိုက်ကာ သုံးထောင်ကျော် ထွက်သွားသော်လည်း စိုးစဉ်းမျှ နှမြောခဲ့ခြင်းမရှိ။

အိမ်ပြန်ရောက်တော့ သူ့အိမ်မှာ ဆွေမျိုးနှင့် အိမ်နီးချင်း အတော်စုံကာ သူ့ကို သိလိုသမျှမေးကြသည်။ သနားစွာဖြင့် ဒါရိုက်တာ နှင့် တွေ့ခဲ့သည်ဟု လိမ်ပြောခဲ့သည်။ အာလောကာသည် ထိုနေ့က သူ့ကို နင်းနိပ်ပင် ပေးလိုက်သေး၏။ ပြောလိုက်သည့်စကား တတွတ်တွတ် နှင့် ပေးလိုက်သည့် အကြံတွေကလည်း မနည်း။

ညကျတော့ တီဗွီကိုဖွင့်ကာ ကြော်ငြာများကို ကြည့်ရင်း ဝေဖန်ကြ၊ အကြံဉာဏ်ပေးကြပြန်သည်။ ဤသို့ဖြင့် သူရေရာချန်ဒရား၏ ဘဝမှာ တမဟုန်ချင်းပျော်စရာကြီး ဖြစ်လာခဲ့သည်။

ဒုတိယနေ့မှာ ဒါရိုက်တာနှင့် တွေ့ခဲ့ရ၏။ ရိုက်ကွင်းတစ်ခုမှာ ဖြစ်သည်။ သူနေ့စဉ် တီဗွီဖန်သားပြင်မှာ မြင်နေရသော နန္ဒာလှိုင်ကို သက်ရှိထင်ရှား အရှင်လတ်လတ်ကြီး တွေ့ခဲ့ရ၏။ ပြီးတော့ မင်းသား လွင်မိုး။

သူတွေ့ချင်သော ဒါရိုက်တာက အော်ဟစ်ကာ သင်ပေးနေရင်း မှ အားလုံးတိတ်ပါဟူသော အသံကြီးကြောင့် သူလှမ်းမခေါ်ဝံ့တော့။ ထိုစဉ် နန္ဒလှိုင်က မျက်တောင်ကို ပုတ်ခတ်ပုတ်ခတ်လုပ်ကာ နှာခေါင်း နီရဲလာပြီး မျက်ရည်ပိုးပိုးပေါက်ပေါက် ကျကာလာ၏။ လက်ထဲမှ လက်ကိုင်ပဝါကို စိတ်လှုပ်ရှားစွာ လုံးခြေရင်းက–

"မောင်ရယ်…၊ မြမိုလ်ရဲ့အချစ်ဟာ မောင့်အပေါ်မှာ ဖြူစင်မှု

www.foreverspace.com.mm



သက်သက်ပါ မောင်။ မောင့်ကို မြမိုလ်ချစ်တယ်…ဒါပဲ သိတယ်မောင်၊ ဒါပေမယ့် မောင့်အပေါ် မြမိုလ်ထားခဲ့တဲ့သစ္စာတရားကို ဆုံးရှုံးမှုနဲ့ ပြရမယ်ဆိုရင်တော့ အဲဒီသစ္စာတရားကို မြမိုလ်ငြင်းတယ်။ ဒါကြောင့် မြမိုလ်ကို ခွင့်လွှတ်ပါ…၊ ဒါမှမဟုတ် နားလည်ပါမောင်ရယ်"

နန္ဒာလှိုင်က မျက်ရည်တွေကျကာ ပြောရင်း မော့ကြည့်သည်။ သို့သော် မော့ကာကြည့်နေသောနေရာတွင် ဘယ်သူမှမရှိ။ ကင်မရာကြီးသာရှိ၏။ မင်းသမီးနံဘေးမှာ မှန်ထိုးသူသုံးယောက်၊ မိုက်ကရိုဖုန်းကို ဝါးလုံးတပ်ထားသူ တစ်ယောက်အပါအဝင် လူ(၃၀)လောက်က ဝိုင်းကြည့်နေကြသည်။ မင်းသမီးက ကင်မရာကို မျက်ရည်စီးကျနေသော မျက်လုံးများဖြင့် လှည့်ကာ ညှိုးလျှစွာပြုံးပြ၏။ သူ ရှူးချင်သွားသည်။ Cut ဆိုသည့် အသံထွက်လာတော့ ငိုနေသော မင်းသမီးက စပ်ဖြဲဖြဲ ပြန်ဖြစ်သွား၏။ ရရဲ့လားဟု မေးသည်။ မှန်နဲ့ဘီးခဏ၊ တစ်ရှူးပေပါဖြင့် မျက်ရည်ကို သုတ်၏။ ဒါရိုက်တာနှင့် စကားပြောကာ စာရွက်တစ်ရွက် ယူပြီး အသံထွက်ကာ စာကျက်ပြန်လေသည်။

ဗွီဒီယိုရိုက်တာကို ပထမဦးဆုံးမြင်ဖူးသဖြင့် သူ့အတွက် အရာရာဆန်းကာနေ၏။ ဒါရိုက်တာနဲ့ စကားပြောရတော့ သီချင်း၊ အဆိုတော်နှင့် ရှုတင်စရိတ်အတွက် သုံးသိန်းကျမည်။ မင်းသား (၅) သိန်း၊ မင်းသမီးက (၄) သိန်းဟုဆိုသဖြင့် မင်းသားကိုဖြုတ်ကာ မင်းသမီးနှင့် ကျေနပ်လိုက်၏။

"ဆရာ။ သီချင်းထဲမှာ ကျွန်တော့်နာမည်ပါအောင် ရေးပေးပါ။ ကျွန်တော်ရွှေလောကမှာ ကျင်လည်ခဲ့တာ သက်တမ်း (၃၀) နှစ်ရှိပြီ

www.foreverspace.com.mm



ဆိုတာရယ်၊ ကျွန်တော့်လက်ရာက ဘယ့်လောက်ကောင်းတယ်ဆိုတာရယ်၊ ပြီးတော့

"ခဏလေး အန်ကယ်၊ ဒါတွေအားလုံးပါချင်ရင် ဗွီဒီယို တစ်ကားသာ ရိုက်လိုက်တော့၊ စက္ကန့် (၃၀) စာဆိုတော့ အရေးကြီးတာတွေပဲ ထည့်ပါ"

"ကျွန်တော့်နာမည်ပါပဲ ဆရာ"

သူ့အိမ်မှာ ပြန်ပြောတော့ နားထောင်ကြသည့် သူ့ဆွေမျိုးများ နားမလည်။ သူ့ကို ပြန်မေးကြ၏။ သူကလည်း သူတို့မေးတာကို နားမလည်။ ဘာပဲဖြစ်ဖြစ် သူ့ဆွေမျိုး၊ သူ့မိန်းမနှင့် သူ့ကလေးများကတော့ မင်းသမီး၊ မင်းသားများနှင့် အနီးကပ်တွေ့ခွင့်ရကာ စကားပြောဖြစ်သွားသော သူ့ကို အထင်တကြီး တအံ့တသြဖြစ်ကာ လေးစားသွားခဲ့သည်မှာတော့ အမှန်ပင်ဖြစ်၏။

ဤသို့နှင့် သူရေရာချန်ဒရားသည် ပန်းထိမ်မလုပ်နိုင်တော့ပြီ။ ဆိုင်ကိုလည်း မကွပ်ကဲနိုင်တော့။ ရွှေဈေးနှင့်ရွှေထည်များကိုလည်း မသိတော့၊ ရွှေဆိုင်ကိစ္စများအားလုံးကို စိုးအောင်နှင့် လွှဲထားလိုက်ရ၏။ မနက်မိုးလင်းသည်နှင့် မင်းသမီးရက်ချိန်းရဖို့၊ စရန်ပေးဖို့၊ ဒါရိုက်တာနှင့်တွေဖို့၊ သီချင်းရေးသူနှင့်တွေ့ဖို့၊ အဆိုတော်ရွေးဖို့စသည်ဖြင့် ထွက်ရ၏။ အာလောကာလည်း အလုပ်ရှုပ်လေသည်။ ကလေးတွေ အဖို့၊ သူ့ဖို့။

မနက်မိုးလင်းလျှင် သူ့ကိုကူညီသူတို့ လာခေါ်သောကားပေါ်တွင် ခေါင်းလိမ်းဆီ ကြော့နေအောင် လိမ်းထားသော သူရေရာချန်ဒရား၏

တက်ကြွဖျတ်လတ်သော ကိုယ်လုံးကြီးသည် ပြုံးကာပျော်ကာဖြင့် ပါသွားတတ်သည်။

✪ ✪ ✪



www.foreverspace.com.mm

www.foreverspace.com.mm

(ငါး)

"ရွှေဆိုရင် မှန်ကန်အဓိကထား၊ ယုံကြည်သင့်တာ သူရေရာ ချန်ဒရား လူတိုင်းအသဲထဲ…စွဲငြိစရာ လှပလွန်းစွာ သူရေရာချန်ဒရား၊ လက်ရာမှ…စိတ်ချထား အရည်အသွေးမှာ စိတ်ချထား သူရေရာချန်ဒရား အားလုံးရဲ့ နှလုံးသားများ အသိပေးလို့ထား သူရေရာချန်ဒရား အို သူ…ရေ…ရာ…ချန်…ဒ…ရား"

တီးလုံးအစုံနှင့် သွင်းပြီးသွားသော ထိုသီချင်းကို နားထောင်ရန်အတွက် သူရေရာချန်ဒရား SONY ကက်ဆက်တစ်လုံးကို လေးသောင်းနှင့် ဝယ်လိုက်ရ၏။ သီချင်းခွေရလာသည့်နေ့ကတည်းက တစ်အိမ်လုံး ပွဲတော်တစ်ခုကို ကျင်းပနေသလား ထင်ရအောင် ဆွေမျိုးများ လာရောက်နားထောင်သဖြင့် တစ်အိမ်လုံး ပြည့်ကာနေ၏။ အာလောကာ ၏ မျက်နှာက နွေရာသီမှာ မှည့်သည့် သစ်သီးတစ်လုံးလိုပင်။ သူ့ကလေးတွေကလည်း အော်ဟစ်ကာ ခုန်ပေါက်နေကြ၏။ သွက်လက်မြူးကြွသော သူ့သီချင်းကို ဆွေမျိုးနှင့် အိမ်နီးချင်းတို့က သဘောကျလေသည်။

www.foreverspace.com.mm



စက္ကန့်သုံးဆယ်စာ သီချင်းကို အကြိမ်ကိုးဆယ်လောက် ပြန်စရစ်ကာ နားထောင်နေကြ၏။

နောက်ကျ၍ ရောက်လာသော ဆွေမျိုးများနှင့် အိမ်နီးချင်းတွေကို ပြန်ဖွင့်ပြရသည်ကလည်း အမော။ သူ့သမီးကြီး ဆန်ဒီးမားဆိုလျှင် ခဏခဏ ရစ်ရစ်ပေးရသဖြင့် ကက်ဆက်နားက မခွာတော့။ သူ့ကလေးတွေအားလုံး သီချင်းကို အလွတ်ရကာ လိုက်ဆိုနေကြပြီဖြစ်သည်။

သီချင်းရပြီဖြစ်သည့်အတွက် ကြော်ငြာရိုက်ရန်သာ ရှိတော့သည်။ မင်းသမီးအတွက် ငွေပေးပြီးပြီ။ ဒါရိုက်တာနှင့် စက်အဖွဲ့ အတွက်လည်း ငွေပေးပြီးပြီ။ သူရေရာချန်ဒရား ဒဂုံမြို့သစ်တွင် ဝယ်ထားခဲ့သော မြေကွက်(၂)ကွက်ကို ရောင်းလိုက်ရ၏။ မင်းသား ဈေးမတတ်နိုင်၍ မင်းသမီးတစ်ဦးတည်းနှင့် ရိုက်မည်။ သီချင်းကိုတော့ သူ သဘောကျနေသည်။ သူရေရာချန်ဒရားဟူသော သူ့အမည်နေရာတွင် အဆွဲအငင်အကောင်းဆုံးဟု ထင်သည်။ အခုမှ သူသည် ဝိန့်စိန်၊ မောင်ကိန်းတို့ ဦးထုံတို့နှင့်တစ်တန်းတည်း ဂုဏ်ပုဒ်ရှိသော ရွှေသမား တစ်ယောက်ဖြစ်သွားပြီ မဟုတ်လား။

ဒါရိုက်တာက သူ့ဆိုင်ကို လာကြည့်ကာ နေရာမကောင်းကြောင်း၊ ရိုက်ချက်မလှနိုင်ကြောင်း၊ အလင်းအမှောင်မကောင်းကြောင်း၊ ဆိုင်က စုတ်နေကြောင်းပြောသဖြင့် သူ့အုန်းသီး၊ ငှက်ပျောသီးတန်းမှနေ၍ အပြင်လမ်းမတန်းသို့ ထွက်ကာ ဆိုင်ငှားရသည်။ ဆိုင်ကိုလည်း ပြင်ရသည်။ ဆေးသုတ်၊ မှန်ပုံးအသစ်ဝယ်ရသည်။ ဗီရို၊ ရှိုးကေ့စ်နှင့်

www.foreverspace.com.mm



ရွှေထည်များကို ရိုက်ပြသည့်အခါ ဝယ်သူတွေ အားရှိစေရန် ရွှေလေးသိန်းဖိုး ဝယ်ထည့်ရပြန်၏။

ယခုသူ့မှာ ငွေပိုမရှိတော့၊ စုဆောင်းထားသမျှလည်း ကုန်ပြီ။ သို့သော် ဂရုမစိုက်။ သူ့ဆိုင်ကြော်ငြာပြီးလျှင် လူကြိတ်ကြိတ်တိုး ဝယ်ကြလိမ့်မည်။ ကြော်ငြာအတွက် ကုန်ထားသောငွေကို ခြောက်လအတွင်း ပြန်ရှာနိုင်မည်ဟု သူတွက်ထားသည်။

"ကြော်ငြာက ရိုက်ပြီးရင် တီဗွီမှာထည့်ဖို့ ပိုက်ဆံပေးရဦးမယ်ဆို၊ အလကားထည့်ပေးတာ မဟုတ်ဘူးလား"

အာလောကာ်မေးခွန်းကြောင့် သူစိတ်ညစ်သွားသည်။ ဒါရိုက်တာက ရှင်းပြသွားဟန်တူသည်။ ဆိုကြမယ်၊ ပျော်ကြမယ်မှာ ထည့်လျှင် စက္ကန့် (၃၀) စာကို လေးသောင်း၊ တရုတ်ကားတွင်ထည့်လျှင် သုံးသောင်းခွဲ၊ 'အရိပ်' တွင် ထည့်လျှင် သုံးသောင်း၊ ဆယ်ရက်ထည့်လျှင်ပင် အနည်းဆုံးသုံးသိန်း၊ တစ်လဆိုရင် (၉) သိန်း၊ သို့သော် နောက်ဆုတ်စရာမရှိတော့။

"ဟုတ်တယ် ထိုက်သင့်သလောက်တော့ ကုန်ရမှာပဲ။ ဒါတွေစဉ်းစားမနေနဲ့၊ လုပ်စရာရှိတာကို ဆက်လုပ်ရမယ်။ နင်မှတ်ထားဖို့က အခုချိန်ဟာ ဈေးကွက်စီးပွားရေးစနစ် ဒါပဲ"

ကြော်ငြာစရိုက်ပြီ။ ပန်းခြံတစ်ခုတွင် သီချင်းကို ဖွင့်ကာရိုက်ကြ၏။ သူ့မိသားစု၊ သူ့မိတ်ဆွေ၊ အာလောကာမိသားစုနှင့် လိုက်ချင်သည်ဟု လာရောက်စာရင်းပေးထားသူများကို အားလုံးခေါ်ခဲ့ရသဖြင့် ကား(၅)စီး ငှားရသည်။ ရိုက်သည့်နေရာကလည်း တစ်နေရာတည်း

www.foreverspace.com.mm



မဟုတ်သဖြင့် ကားကို တစ်နေ့လုံး ငှားထားရသည်။

အာလောကာမှာ အဝါရောင်ကိုယ်ကျပ်အင်္ကျီ၊ အနီရောင်ပန်းပွင့်ကြီးများနှင့် ဆာရီ၊ ရွှေထည်တဝင်းဝင်းနှင့်အညီမှ အမည်းဘက်လုနေသော မျက်နှာပေါ်တွင် မိတ်ကပ်တွေ ဖွေးနေအောင် လိမ်းထားသေး၏။ အမျိုးတွေကလည်း အစိမ်း၊ အဝါ၊ အနီ၊ လိမ္မော် စသည့် အရောင်စူးစူး အင်္ကျီများနှင့် တပြောင်ပြောင် တလက်လက်၊ ယောကျ်ားများက နှုတ်ခမ်းမွေးများကို သေသပ်စွာ သ,ထားကာ ဆံပင်တွေကို ပြောင်လက်နေအောင် ခေါင်းလိမ်းဆီ လိမ်းထားကြသည်။

သူ့ကလေးများကလည်း ကော်ပတ်ရုပ်ကို ရွှံ့နှင့်ပတ်ထားကြသလိုနှယ်၊ နှုတ်ခမ်းနီတွေဆိုး၊ မိတ်ကပ်တွေလိမ်း၊ ပါးနီတွေခြယ်ကာ ထိန်းမရ။ ပါလာကြသည့် ဆွေမျိုးများကလည်း တစ်ယောက်နှင့် တစ်ယောက်အော်ဟစ်စကားပြောကာ ဘာမှမဟုတ်ပဲ ရယ်ရယ်နေကြသည်။

ကလေးများ ကားပေါ်နေရာလုရင်း ကုတ်ကြဖဲ့ကြသဖြင့် ဆွေမျိုးစု ဆူညံကာ သွားကြ၏။ ရိုက်ကွင်းရောက်တော့ အငယ်ဆုံး သမီးက အိပ်ပျော်ကာနေပြီး အလတ်မနှင့် အကြီးမက နှုတ်ခမ်းနီနှင့် မိတ်ကပ်ရောနေသဖြင့် သရဲကလေးတွေလို ဖြစ်ကုန်သည်။ အာလောကာကလည်း အငယ်ဆုံးကလေးကို သူပဲ ချီထားရသဖြင့် မကျေနပ်။ ဆွေမျိုးများကလည်း မင်းသမီးကိုသာ တိုးကြိတ်ကြည့်ဖို့ အာရုံစိုက်နေကြသည်။ အလတ်မဖိနပ်နှင့် သူ့ထီးကလည်း ဘယ်နေရာမှာ ချမိသည် မသိတော့။ ပျောက်သွားပြီ။

ဆာရီရောင် တောက်တောက်နှင့် သူတို့ အမျိုးများက မင်း

www.foreverspace.com.mm



သမီးနှင့်တွဲကာ ခတ်ပုံရိုက်လိုက်ကြသည်မှာ မပြောနှင့်တော့။ ဆာရီများကို မ,ကာ၊ ပင့်ကာ မင်းသမီးနားမှာ တရုန်းရုန်း လုပ်နေကြသဖြင့် မင်း သမီးမျက်နှာက မဲ့မဲ့လာနေပြီ။ ရိုက်သည့်အခါကင်မရာနှင့်မလွတ်၍ ဟို ဘက်တိုးပါ၊ ဒီဘက်ရွှေ့ပေးပါ အော်သည့်အခါဆိုလျှင် တရုန်းရုန်းနှင့် သူ့အမျိုးများအော်ဟစ်ကာ ပြေးလွှားနေကြပုံမှာလည်း စိတ်ပျက်စရာ၊ သူလည်း အော်၍တားဖြိထိန်း၍ မရတော့။ တစ်ကိုယ်လုံး ချွေးတွေရွှဲ ကာ ငြီးစီစီဖြစ်နေပြီ။ မှန်ထိုးသည့် ကောင်လေးနှစ်ယောက်က ''ခွီးပဲ ကုလားကားရိုက်တာ ကျနေတာပဲ'' ဟု မကျေမနပ် ဆဲသံကိုလည်း ကြားလိုက်ရ၏။ ဒါရိုက်တာကလည်း မျက်စိပျက် မျက်နှာပျက်နှင့် ရောက်လာပြီး ''ခင်ဗျားအမျိုးတွေကို အဲဒီလောက် စုခေါ်မလာနဲ့ဗျ။ အလုပ်လုပ်ရတာ မတွင်ကျယ်ဘူး'' ဟုဆို၏။

ဤသို့ အော်သံ၊ ဟစ်သံ၊ ရယ်သံ၊ စကားသံများနှင့်ပင် အပြင် ရိုက်ကွင်းနေ့ ပြီးသွားခဲ့သည်။ PRADO ကားထဲမှာ အဝတ်သွားလဲ သော မင်းသမီးကို သွားချောင်းကြည့်ကြသဖြင့် ရှင်းလိုက်ရသည့် ပြဿနာမှလွဲ၍ အခြားဘာပြဿနာမှတော့ ထူးထူးခြားခြားမဖြစ်လိုက်။ အိမ်အပြန်လမ်း ကားပေါ်မှာ သူ့သမီးအကြီးမက တစ်နေ့လုံး အကြိမ် ကြိမ်ဖွင့်ကာ နားငြီးခဲ့သော ကြော်ငြာသီချင်းကိုဆိုကာ မင်းသမီး သရုပ် ဆောင်သလို လုပ်လာသည်ကို အော်ဟစ်သဘောကျကာ ဆူညံနေကြ ပြန်၏။

သို့နှင့် သူ့ရွှေဆိုင်ကို ရိုက်မည့်နေ့သို့ ရောက်လာခဲ့သည်။ မင်းသမီးက ကောင်တာတွင်ရပ်ကာ မှန်ဗီရိုအတွင်းမှ ရွှေထည်ပစ္စည်း

www.foreverspace.com.mm



များကို လျှောက်ကြည့်ကာ ဆွဲကြိုးတစ်ကုံးကို ယူကာဝတ်ကြည့်မည် ဖြစ်၏။

ကောင်တာနောက်တွင် ရပ်ကာ ပြုံးပြမည့်လူက လေးဆယ် လောက်ဖြစ်နေသည်။ ကလေးတွေကလည်း ပါချင်သည်။ ဒေါ်ပါလူး ကလည်း ပါချင်၊ ကမလာကလည်း ရပ်ချင်၊ ဒေါ်ခါတွန်ကလည်း ပြုံးပြ ချင်။ အမားကလည်း မင်းသမီးနံဘေးမှာ ရပ်ချင်၊ အာလောကာကလည်း မင်းသမီးလည်တိုင်တွင် ဆွဲကြိုးကို ဝတ်ပေးချင်နှင့် ဖြစ်နေကြသည်။ လူက လျှော့လို့မရ။ ဒီကြားထဲ အငယ်ဆုံးကလေးမကလေးကို ပါမှ ဖြစ်မည်ဟုဆိုကာ အာလောကာက ရွှေဆိုင်ကောင်တာပေါ်မှာ မိတ်ကပ် တွေလိမ်းပြီး မျက်လုံးမှာ ကာချယ် မည်းနေအောင်ဆိုးပြီး တင်ထား သေး၏။

နှစ်ဖက်မိတ်ဆွေများသည် ဆာရီများကို တင်းတင်းပတ်ကာ မိတ်ကပ်ဖို့ထားသော မျက်နှာပေါ်မှ နှုတ်ခမ်းနီဆိုးထားသော နှုတ်ခမ်း များကို တင်းတင်းစေ့လျက် မည်သူက ဖယ်ခိုင်းသည်ဖြစ်စေ၊ မဖယ် ဟူသော ဆုံးဖြတ်ချက်ဖြင့် တစ်ဖက်နှင့်တစ်ဖက် ရန်စောင်လျက် ရှိနေ ကြသည်။

အာလောကာက ရန်တွေ့လည်းမရ၊ သူက တောင်းပန်၍လည်း ဂရုမစိုက်၊ ဒါရိုက်တာက ရှင်းပြ၍လည်းမဖယ်။ မင်းသမီးက မှန်ဗီရိုထဲ မှ ရွှေများကို လမ်းလျှောက်ပြီး ကြည့်သောအခါ သူတို့မျက်နှာများ ပါရေးဟူသော မဟာအခွင့်အရေးကြီးအတွက် ကုလားလိုရော၊ မြန်မာ လိုပါ စကားများပွဲကြီးကို ဆင်နွှဲလျက်ရှိသည်။

ကြောင်နှစ်ကောင်စာအုပ်တိုက်

www.foreverspace.com.mm



ရေမွေးနံ့ကလည်း စူးရှကာ နေကလည်းပူလာပြီ။ မင်းသမီးက စိတ်ညစ်၊ စိတ်ဆိုးကာ ကားထဲပြန်ဝင်ထိုင်နေ၏။ ဒါရိုက်တာကြီးလည်း စိတ်ညစ်နေပြီ။ အမေနှင့်အဒေါ်တွေ ရန်ဖြစ်နေကြသဖြင့် အငယ်လေးက ကြောက်လန့်ကာ ငိုပြန်သည်။

သူရေရာချန်ဒရားလည်း ဟိုဘက်ဒီဘက်ပြေးချော့။ ဟောက်သင့်သည့်လူကိုဟောက်၊ ကလေးကို ကောက်ချီ၊ မင်းသမီးကို တောင်းပန်၊ ဒါရိုက်တာထံမှ အကြံဉာဏ်တောင်းရနှင့် ချွေးပြန်ကာ ဆံပင်လှိုင်းတွန့်တို့ ဖရိုဖရဲဖြစ်ကာ ဘာတစ်ခုမှ မအောင်မမြင်ရှိလေသည်။

ဈေးထဲမှာ လာကြည့်ကြသော ပရိသတ်များကလည်း ကြော်ငြာရိုက်သည့်မင်းသမီးကို မတွေ့ရဘဲ ရွှေတွေတဝင်းဝင်း ဆာရီတပြောင်ပြောင်နှင့် အချင်းချင်းကုတ်ကြ၊ ဖဲ့ကြမတတ် ရန်စောင်လျက်ရှိသော သူ့အမျိုးများကိုသာ ကြောင်တက်တက်ကြည့်ကာ ရယ်ကြကုန်၏။

နှာခေါင်းချွန်ချွန်၊ မိတ်ကပ်များများ၊ နှုတ်ခမ်းနီရဲရဲ၊ မျက်ဝန်းကာချယ် နက်နက်၊ ချွေးထွက်၍ မိတ်ကပ်များ ပျက်လုလုဖြစ်နေသော သူ့အမျိုးနှင့် အာလောကာကအမျိုးများ၏ ဒေါသမျက်နှာများသည် ဘာကိုမှ ဂရုမစိုက်တော့ဟန်ဖြင့် တစ်ယောက်တစ်ခွန်းအော်ဟစ် ရန်တွေ့စပြုလာ၏။

နောက်ဆုံးဒါရိုက်တာက မရိုက်တော့ဟုဆိုကာ ပြန်မည်လုပ်သည်။ သူ ဟိုအမျိုးဆွဲ၊ ဒီအမျိုးဟောက်ရင်း ကလေးကို အာလောကာလက်ထဲထိုးထည့်ကာ တောင်းပန်ပြီး ပြန်ခေါ်လာ၏။ ကင်မရာမင်းနှင့် မှန်ထိုးသည့်ကောင်လေးတွေက ငုတ်တုတ်ထိုင်ပြီး ရယ်မော၍သာ

www.foreverspace.com.mm



နေကြလေသည်။

ဒါရိုက်တာပြန်တော့မည် ဆိုတော့မှ လန့်ဖျပ်ကာ သူ့အမျိုး သုံးယောက်၊ အာလောကာ အမျိုးနှစ်ယောက်၊ သူ၊ အာလောကာနှင့် ကလေးနှစ်ယောက်တို့ ကောင်တာနောက်တွင် တန်းစီ၍ ရပ်ကြသည်။ ကင်မရာဖြင့် မင်းသမီးမျက်နှာမှ သူတို့မျက်နှာများကို ရိုက်သည့်အခါ အာသောကမိန်းမမှာ ကြိုးစားပြီး ပြုံးသော်လည်း ရှက်ခြင်း၊ စိတ်လှုပ် ရှားနေခြင်း၊ ဒေါသထွက်ရခြင်း၊ ပင်ပန်းနွမ်းနယ်ခြင်းတို့ကြောင့် ပြုံးသည် နှင့်မတူတော့ဘဲ စိတ်ပျက်စရာမျက်နှာပေးဖြစ်နေသဖြင့် အကြိမ်ကြိမ် ပြန်ရိုက်ကြရသည်။ မီးထိုးသဖြင့် သူလည်း မနေတတ်ဖြစ်ကာ မျက်နှာမဲ့၍ မျက်လုံးပြာ၍ နေသည်။ သည်ကြားထဲ မီးထိုးသည်ကို ကြောက်လန့် ကာ အငယ်ဆုံးကလေးက အော်ငိုပြန်သည်။ ချော့၍မရ။

ဒါရိုက်တာက မထည့်တော့ဟု တားသည်။ အာလောကာက ချော့ကာ ရအောင်ထည့်ဖို့ကြိုးစားနေ၏။ ကလေးကလည်း အငိုမတိတ်။ ဟစ်၍သာအော်သည်။ ခက်ပြီ။ ဆွေမျိုးစုံတစ်ယောက်တစ်လှည့်ချော့ သော်လည်း အငိုမတိတ်။ နောက်ဆုံး ကြံတစ်ချောင်းဝယ်ပေးလိုက်မှ တိတ်သွားသည်။

သူရေရာချန်ဒရားက ကလေးကိုချီ၊ ကမလာကဟိုဘက်ကပြုံး အာလောကာက ဆွဲကြိုးထုတ်ပြ၊ ထိုအချိန်တွင် သူချီထားသော ကလေးလက်မှ ကြံက ပြုတ်ကျကာ မှန်ကောင်တာပေါ်ကျပြီး မှန်ကွဲ သွားသည်။ မင်းသမီးလန့်ဖျပ်ကာ ရှောင်သော်လည်း မှန်ကွဲစက လက်ကို ခြစ်ရှမိသွားသည်။ မင်းသမီးမျက်နှာ အကြီးအကျယ်ပျက်ကာနေပြီ။

www.foreverspace.com.mm



ဒါရိုက်တာက…

“ဒီကလေးကိုမထည့်လို့ မဖြစ်ဘူးလား၊ ကလေးက လုံးဝ ပြဿနာဖြစ်နေပြီ၊ မှန်လည်းကွဲပြီ။ ဒီနေရာ ရိုက်လို့မရတော့ဘူး။ ဒီကတ်ကို မရိုက်တော့နဲ့ဗျာ၊ ဖြုတ်ပစ်လိုက်တော့”

ဒါရိုက်တာ၏ ဒေါသသံဆုံးတော့ အာလောကာက ဒါရိုက်တာကို ရန်တွေ့သည်။

“ဆရာနော်၊ ကျွန်မရော ကလေးပါပါမှကိုဖြစ်မယ်၊ အားလုံးကိုပါမယ်လို့ ပြောထားပြီးသား၊ ကျွန်မတို့နော် ငွေတွေအများကြီး ကုန်ထားတယ်။ ကျွန်မလည်းပါမှ ဖြစ်မယ်၊ ကျွန်မညီမလည်း ပါမှ။ မရရင် မရိုက်ဘူး”

“အေး မရိုက်နဲ့ ကျုပ်လည်း မရိုက်တော့ဘူး၊ ဒီလောက် ဆိုးဝါးတဲ့လူတွေနဲ့ ဒီတစ်ခါပဲ တွေ့ဖူးတယ်၊ မရိုက်တော့ဘူး”

“မရိုက်လို့ ရမလား၊ ပိုက်ဆံယူထားရင် ရိုက်ရမယ်”

သူရေရာချန်ဒရား စိတ်မထိန်းနိုင်တော့ပြီ။ သူ့မိန်းမအား ဒါရိုက်တာကို ပြန်အော်ရမလားဟု ဒေါသထွက်ကာ ပါးကိုရိုက်၏။ သူ့မိန်းမပြန်၍ကုတ်သည်။ သူ့မိန်းမ၏ မောင်က သူ့ကိုဝင်ထိုးသည်။ သူကလည်း ပြန်၍ထိုးသည်။ နဂိုကတည်းက ရန်စောင်နေကြသော နှစ်ဖက်ဆွေမျိုးများကလည်း ထိန်းမရတော့ဘဲ အော်ဟစ်ကာ ရန်ဖြစ် ကြရင်းနပန်းလုံးသူလုံး၊ ကုတ်ဖဲ့သူကုတ်ဖဲ့၊ မှန်ပုံးနှင့် ပေါက်သူပေါက် ရှုပ်ထွေးကုန်ကြ၏။

နောက်ဆုံးတွင် သူရေရာချန်ဒရား စိတ်ကို မထိန်းနိုင်တော့ဘဲ

www.foreverspace.com.mm



ကြုံးအော်ဟစ်ရင်းက ဒေါသကို အစွမ်းကုန်ပေါက်ကွဲကာ ပန်းထိမ်ခုံပေါ်မှာ တွေ့ရသည့် မီးဂေါက်ဖြင့် မှန်ပုံးများကို ရိုက်ခွဲပစ်လိုက်သည်။

"အဲဒါ…ကြော်ငြာပဲကွ ကြော်ငြာပဲ၊ ကဲ…ကဲ ပါချင်ကြဦး ရိုက်ချင်ကြဦး"

သူရေရာချန်ဒရား ခေါင်းမှာ သွေးတွေရွှဲနေလေပြီ။ မှန်ဗီရိုထဲမှ ရွှေတွေလည်း ပြန့်ကျဲကာ ကျကုန်၏။ ဒါရိုက်တာနှင့် အဖွဲ့လည်း တိမ်းရှောင်၍မရ။ မင်းသမီးလက်မောင်းမှာလည်း အတော်နာသွားသည်။ ဖိုးဖိုက်စစ် ကင်မရာတစ်လုံး ကွဲ၏။ ကမ္ဘာပျက်သည့်အလား ဆူညံကာ ဝရုန်းသုန်းကား ဖြစ်ကုန်ကြလေသည်။

✪ ✪ ✪

www.foreverspace.com.mm

(ခြောက်)

ဖိုးဖိုက်စစ် ကင်မရာတစ်လုံးဖိုး လျော်လိုက်ရသည်။ ရွှေဆိုင်ကိုလည်း ပိတ်လိုက်ရသည်။ ပျောက်လိုက်သည့် ရွှေတွေကလည်း မနည်း။ သူရေရာချန်ဒရားလည်း ခေါင်းကွဲသည့် ဒဏ်ရာကြောင့် ဆေးရုံတက်လိုက်သည်။ ခေါင်းကွဲသွားသော၊ မျက်နှာမှန်စိုက်ကုန်ကြသော အာလောကာအမျိုးများက တရားစွဲထားကြသေးသည်။ သူကလည်း ပိုက်နက်ကျူးကျော်လွန်မှုဖြင့် တရားစွဲထား၏။ အာလောကာကတော့ ကလေးများကိုခေါ်ကာ အိမ်ပေါ်မှဆင်းသွားပြီ ဖြစ်လေသည်။

ကြော်ငြာက ဆက်မရိုက်ဖြစ်တော့။ ဒါရိုက်တာနှင့် မင်းသမီးကိုပေးပြီးသား ငွေလည်း ပြန်မရတော့။ သူရေရာချန်ဒရား အိမ်ကိုလည်း ရောင်းလိုက်ရသည်။ လျော်စရာ အမှုအတွက် ကုန်စရာငွေများကြောင့် အိမ်ကိုရောင်းလိုက်ရသည်။ သူ့မိန်းမကလည်း သူ့ကိုပြန်မပေါင်းဘဲ ကလေးစရိတ်တောင်းလျက်ရှိသည်။ သူကတော့ သူငယ်ချင်းတစ်ယောက်ဆိုင်မှာ လက်ခစား ပန်းထိမ်ဆရာလုပ်ကာ မပြီးပြတ်သေးသော သူ့အမှုကို

www.foreverspace.com.mm



ရင်ဆိုင်လျက်ရှိသည်။

သက်န်းကျွန်းဈေးကြီးတစ်ဈေးလုံးမှာ သူရေရာချန်ဒရား၏ ရွှေဆိုင်သည် နာမည်ကြီး ဟိုးဟိုးကျော်သွား၏။ ထက်ထက်မိုးဦး၏ ရွှေလီရွှေဆိုင် ကြော်ငြာအသစ်လာတော့ ထက်ထက်မိုးဦးအကြောင်း ပြောရင်း ဈေးထဲမှာ သူရေရာချန်ဒရား၏ ရွှေဆိုင်ကြော်ငြာကို ပြောပြကြသေးသည်။ ရွှေဆိုင်နာမည်ကြီးသွားသော်လည်း ထိုရွှေဆိုင်မှာ မရှိတော့။

ညနေက မိုးရွာခဲ့သဖြင့် ဒဂုံမြို့သစ်တောင်ပိုင်းအတွင်း လမ်းများပေါ်ရှိ ရေအိုင်ငယ် ကလေးတစ်ခုစီတွင် လမင်းကဝင်းလျက်ရှိသည်။ ထိုလမင်းဝင်းနေသော ရေအိုင်ကလေးများကို နင်းကာ လျှောက်လာသော အမူးသမားတစ်ယောက် ည (၁၀) နာရီလောက်တွင် ပြန်လာလေ့ရှိသည်။ ထိုအမူးသမားကို လူတိုင်းကသိသည်။ အဘယ့်ကြောင့်ဆိုသော သူမူးတိုင်း ဆိုလေ့ရှိသည့် သီချင်းကို မည်သူမှ မသိသောကြောင့်ပင် ဖြစ်လေသည်။

"ရွှေဆိုရင် မှန်ကန်အဓိကထား…သူရေရာချန်ဒရား လူတိုင်းသည်းထဲ…စွဲငြိစရာ လှပလွန်းစွာ သူရေရာချန်ဒရား လက်ရာဆိုစိတ်ချထား အရည်အသွေးမှာ စိတ်ချထား သူရေရာချန်ဒရား အားလုံးရဲ့နှလုံးသားများ အသိပေးလို့ထား သူရေရာချန်ဒရား အို…ဟို…ဟို သူရေရာ ချန်…ဒရား"

✪ ✪ ✪ ✪ ✪

ကြောင်နှစ်ကောင်စာအုပ်တိုက်

www.foreverspace.com.mm



# မုန့်ဖက်ထုပ်၊ တွယ်ချိတ်ကြီးကြီးတစ်ချောင်း
# နှင့်
# အချစ်

www.foreverspace.com.mm



www.foreverspace.com.mm

ပြည်လမ်းပေါ်မှ တဝေါဝေါ ဖြတ်မောင်းသွားကြသော ကားများပေါ်မှ ကြည့်သွားမည်ဆိုလျှင်တော့ ခံ့ညားသော ဂျပ်စင်ကြီးကို နောက်ခံလျက် ဂျပ်စင်ရှေ့လမ်းပေါ်တွင် နီ၊ ပြာ၊ ဝါ၊ စိမ်း တက္ကသိုလ်ကျောင်းသား၊ ကျောင်းသူများ တလှုပ်လှုပ်၊ တန္တဲ့န္တဲ့ လမ်းလျှောက်နေကြသည်ကို လွမ်းမောဖွယ်ရာ ခံစားရလိမ့်မည်ဖြစ်သည်။

ထို တလှုပ်လှုပ်၊ တန္တဲ့န္တဲ့ ကျောင်းသားများထဲတွင် ကျွန်တော်လည်း ပါသည်။ ကျွန်တော့်ရှေ့မှ ခပ်သုတ်သုတ် သွားနေသည့် ကျောင်းသူများအနက်မှ ကောင်မလေးတစ်ယောက်နောက်ကို ကျွန်တော်လိုက်နေခြင်းဖြစ်သည်။ ကျွန်တော့်နှလုံးသားသည် ဒေါင်လိုက်ခုန်လျက်ရှိကာ သွေးများက အလျားလိုက် စီးဆင်းနေကြပြီး ချွေးများက တည့်တည့်စိမ့်ထွက်လျက်ရှိသည်။

သူကလည်း ကျွန်တော့်ရှေ့မှ သွက်သွက်ကြီး လျှောက်နေသည်။ ဂျပ်စင်ရှေ့ မြက်ခင်းပြင်ပေါ် တသုန်သုန် လူးလိမ့်နေသည့် ညနေရီလေပြည်ညင်းက သူ့အင်္ကျီအရှေ့ လည်ပင်းအစပ်မှ ချထားသော ဆယ်ပြားစေ့ပုံ အလယ်ခွဲ ပိတ်စဖတ်ကြီးကို ဆွဲမြှောက်သည့်အခါ ထိုပိတ်စကို သူ့မျက်နှာကို ခုန်ခုန်ကပ်တတ်သဖြင့် ပိတ်စကြီးကို လျင်မြန်စွာ ဆွဲဖယ်ခြင်း၊ သူအကြိုက်ဆုံး ရွေးချယ်ထားပြီးဖြစ်သော လမ်းလျှောက်

www.foreverspace.com.mm



ဟန်ကို မပျက်ရလေအောင် ကိုယ်ဟန်အချိုးအစား လှုပ်ရှားမှုကိုထိန်းရခြင်း၊ ကျွန်တော်လိုက်၍ မမီရအောင် ခပ်သွက်သွက်လျှောက်ရခြင်း၊ တက္ကသိုလ်ကျောင်းသူစတိုင်လ်(Style) အင်္ဂလိပ်လို ဘာညာတွေ ရေးထားသည့် လက်တွေ့စာအုပ်ရှည်ကြီးကို ဘယ်ဘက်လက်မှ ကိုင်ကာ ရင်အရှေ့ကပ်ထားရခြင်း၊ ကျွန်တော် လိုက်လာသည်ကို မလိုလား၊ မနှစ်မြို့၊ မကြည့်ဖြူဟန် မျက်နှာကို မှုန်ကုပ်ထားရခြင်း၊ သူ့အနောက် သုံးလှမ်းအကွာလောက်မှ ကျွန်တော့်ထံ ရှစ်လှမ်းလျှင် တစ်ခါ လှစ်ခနဲ ခိုးကြည့်ရခြင်း စသည့် များပြားရှုပ်ထွေးလှသော တာဝန်များကို အချိုးကျကျယူကာ သုတ်သုတ်ကြီး လျှောက်လျက်ရှိသည်။

ခဏကြာတော့ ရင်ခုန်ရခြင်းနှင့် သွေးပတ်လည်ရခြင်းဟူသော တာဝန်နှစ်ရပ်ကို ထမ်းဆောင်နေရသော ကျွန်တော့် နှလုံးသားလည်း ဆူညံကာ မောလာ၏။ ကမ္ဘာဦး အစကတည်းက ယောကျ်ားတို့၏ ချိုမြိန်ဖွယ် ဒုက္ခဖြစ်သည့် မိန်းကလေးတစ်ယောက်နောက်သို့ လိုက်ရခြင်း ဒုက္ခတာဝန်ကို ကျွန်တော်ထမ်းဆောင် နေခြင်းသာဖြစ်သည်။ ကမ္ဘာဦးအစ အခြားဘယ်သူမှ မရှိသေးခင်က အာဒံသည်လည်း ဒီလိုပင် ခြေဦးတည့်ရာ လျှောက်သွားနေသော ဧဝနောက်သို့ တကောက်ကောက် လိုက်နေရပေလိမ့်မည်ဟု ကျွန်တော်ထင်သည်။ အာဒံမှလွဲ၍ အခြားမည်သည့် ယောကျ်ားမှ မရှိသည့်တိုင်အောင် ဧဝက မိန်းကလေးဆိုတော့ ချက်ချင်းကြီး အဖြေတော့ပေးလိမ့်မည် မဟုတ်။ မိန်းမတို့၏ မူယာမာယာကို အာဒံလည်း ကျွန်တော့်လိုပင် ခံရဖွယ် ရှိလေသည်။

တော်တော်ကြီးမောနေပြီ ဖြစ်သော်လည်း ခြေသုံးလှမ်း အကွာ

www.foreverspace.com.mm



ကိုတော့ လျော့ကျမသွားအောင် ကျွန်တော် ထိန်းထားရ၏။ ကျွန်တော့် ရှိသမျှ အားကို တင်းဆန့်ကာ ထိုခြေသုံးလှမ်းကို ဝါးမျိုပစ်လိုက်လျှင် ရသော်လည်း သူနှင့် အနီးတစ်ဝိုက်တွင် တစ်ခုခုက ပင့်တင် တွန်းထား သလို ကျွန်တော် ခံစားနေရသည်။ ထိုခြေသုံးလှမ်းစာ နေရာလေးထဲကို ကျွန်တော်မဝင်ရဲ။ သူနှင့် နီးနီးကြီး ကျွန်တော်ကပ်၍မရ။ ကျွန်တော့်ကို တွန်းပင့်ထားသော အရာသည် ကျွန်တော့်ရင်ခုန်သံ။ မိန်းမတစ်ယောက်၏ ဘဝ၊ သူမ၏ ချက်ချင်းလုပ်ယူထားသော ဣန္ဒြေတစ်ခုခုပင် ဖြစ်လိမ့်မည်။

ထိုသို့ဖြင့် ကျွန်တော်သည် သူနှင့် သုံးလှမ်းအကွာ ဘယ်ဘက်မှ လည်ပင်းနှင့် ပုခုံးကို စောင်းကာ ငေါင်းတောင်းတောင်း၊ ငေါတောတော သွက်သွက်ကြီး လိုက်လာခဲ့ရလေသည်။ ရင်ထဲမှာလည်း တဝုန်းဝုန်း၊ တဒိုင်းဒိုင်း။

ဂျပ်စင်ထိပ် တံခါးဝကိုရောက်တော့ တံခါးက လူတစ်ယောက် ဝင်ရုံသာသာ ဟထားသဖြင့် အရှိန်ကို လျှော့ရသည်။ သူနှင့် ကျွန်တော် ခြေတစ်လှမ်းစာသာ ကွာတော့သည်။ သူက တံခါးမှ တိုးမထွက်ခင် ကျွန်တော့်ကို လှစ်ခနဲ ခိုးကြည့်သည်။ ကျွန်တော့်ရင်သည် အေးပြီး ထုံကျင်သွား၏။ အရေပြားအောက်မှ သွေးစက်များ ဝုန်းခနဲ သွေးတွင်းဝသို့ ခုန်တက်လာသည်ကို ကျွန်တော်မြင်လိုက်ရသည်။ လက်ဖဝါး အေးစက်လာကာ ခန္ဓာကိုယ်ကို တင်းဆန့်သယ်မ,ထားရသော ဒူးများ မခိုင်ချင်တော့။

"ဘုရား...ဘုရား တယ်ခံစားရပါကလား၊ ဆက်မလိုက်လျှင် ကောင်းမလား"

စ,လိုက်မည်ဟု တွေးကတည်းက ဦးနှောက်ထဲက မကြာခဏ

www.foreverspace.com.mm



ခုန်ထွက်လာသည့် အတွေးသည် သူ့မျက်ဝန်းတစ်ချက်နှင့် ပေါင်းသွားကာ ကျွန်တော့်ကို ထပ်မံ ခြောက်လှန့်လာပြန်သည်။ သူက တံခါးဟဟမှ လှစ်ခနဲ ထွက်သွား၏။

ကျွန်တော့်မျက်နှာကို တစ်ချက်ပွတ်။ ဆံပင်ကို တစ်ချက်သပ်။ လွယ်အိတ်ကြိုးကို တစ်ခါပင့်မ,ကာ ထိုနေရာတွင် စက္ကန့် (၂၀) လောက် ခုန်ဆွခုန်ဆွ လုပ်နေရသည်။ အကူအညီမဲ့သွားသူလို ပတ်ဝန်းကျင်ကိုလည်း လျှောက်ကြည့်မိသည်။

လက်ဖဝါးချင်းဖွဖွဆုပ်ကိုင်ထားသော အတွဲတစ်တွဲ ငြိမ်ငြိမ်ကလေး ကျွန်တော့်ရှေ့မှ ဖြတ်လျှောက်သွားသည်။ ကျွန်တော် ဝမ်းနည်းသွားသည်။ အို…ဖြစ်ချင်တာဖြစ်ပါစေတော့ကွာ။ ဝမ်းနည်းအားငယ်ခြင်းသည် ကျွန်တော့်ကို ထိုနေရာမှ ဝုန်းခနဲ ရိုက်ထုတ်လိုက်သည်။ သူက ဟိုဘက် ပလက်ဖောင်းသို့ ခပ်သုတ်သုတ် ကူးသွားသည်။

မှတ်တိုင်ကို ကျွန်တော်ရောက်တော့ သူက လှစ်ခနဲ ခိုးကြည့်ကာ နေရာနည်းနည်း ထပ်ရွှေ့သည်။ ဆံပင်ကို တစ်ချက်သပ်တင်ကာ သူစီးရမည့်ကားကို လူအုပ်ကြားမှ လည်ဆန့်ကာ မျှော်၏။ ကျွန်တော် မီးသေသွားသည့် ဆေးပေါ့လိပ်ကို မီးညှိကာ အားရပါးရ ဖွာရှိုက်သည်။ ကျွန်တော့်ကို ကျွန်တော်လည်း အားပေးနေရ၏။

မင်းမှာ ချစ်သူတစ်ယောက်လောက်တော့ ရှိသင့်ပြီလေ။ အမိတက္ကသိုလ်ကြီးက မင်းကို အထင်တကြီးနဲ့ အပြာနုရောင် ခုံတန်းလျားလေးတွေ အများကြီး လုပ်ထားပေးတယ်။ အဲဒီခုံတန်းလျားမှာ ကောင်မလေးတစ်ယောက်လောက်နဲ့မှ ငြိမ်ငြိမ်မထိုင်ဖူးခဲ့ဘူးဆိုရင် မင်း

www.foreverspace.com.mm



တက္ကသိုလ်ဘဝဟာ ခွက်မပါတဲ့ ရေခဲမုန့်ကို စားရသလို ဖြစ်သွားမှာပေါ့။ ပြီးတော့ မင်းမှာ ရွေးချယ်ခွင့်မရှိဘူး။ ဒီနှစ်ဟာ နောက်ဆုံးနှစ်။ မင်းဘာမှ မကြောက်နဲ့။ အဲဒီ လှစ်ခနဲ လှစ်ခနဲ မျက်ဝန်းကလေးတွေဟာ မင်းရဲ့ ဆုံးရှုံးမှုတွေကို ကာကွယ်ပေးလိမ့်မယ်။ ချစ်တယ်ဆိုတာ မပြောရဲလို့ ချစ်သူတစ်ယောက်ကို ဆုံးရှုံးခံလိုက်ရတော့မှာလား။ အဖေလည်း အမေ့ကိုဒီလိုပဲ ပြောခဲ့ရတာပဲ။ ပြီးတော့ အမေကလည်း အဖေ့ကို ဒီလို မှုန်ကုပ်ကုပ်မျက်နှာထားနဲ့ လှစ်ခနဲ ငါးမိနစ်တစ်ခါ ခိုးကြည့်ခဲ့မှာပဲ။ မင်း ဘာမှမကြောက်နဲ့။ နောက်ကျရင် မင်းအဖေနဲ့ အမေ ရင်းနှီးသလို မင်းနဲ့ ဒီကောင်မလေး ရင်းနှီးသွားလိမ့်မယ်။

ဒီလိုနှင့် ကောင်မလေး တက်သွားသော ဘတ်(စ်)ကားပေါ် ကျွန်တော် ပါလာခဲ့သည်။ ကျောင်းဆင်းချိန်ဆိုတော့ ကားက ကျပ်လိုက်သည့်ဖြစ်ခြင်း။ သူကလည်း အံကလေးကြိတ်ကာ ကျွန်တော်နှင့် ဝေးဝေးကို ရောက်အောင် ကားပေါ်မှာ တိုးဝှေ့ရှာသည်။ သို့သော် ဘယ်လောက်ဝေးနိုင်မလဲ။ အင်္ကျီလက်များ၊ လက်ချောင်းများ၊ ဦးခေါင်းများ၊ ဆံပင်များအကြားမှ သူ့မျက်နှာကလေးကို ကျွန်တော် မြင်နေရ၏။ သူကလည်း ထိုအကာအကွယ်များအကြားမှ ကျွန်တော့်ကို လှစ်ခနဲ လှစ်ခနဲ ခိုးခိုးကြည့်ရှာသည်။ အကာအကွယ်ရသွားတော့ သူက ဣန္ဒြေကို နည်းနည်းလျှော့ကာ ရဲလာပုံရ၏။ လှစ်ခနဲ မျက်ဝန်းတစ်စုံ မကြာခဏ ရောက်ရောက်လာသည်။ အသက်ပင် မနည်းလုရှူရသော သစ်သား ဘတ်စ်ကားကြီးပေါ်မှာ မည်သူမှမသိသော မျက်ဝန်းချင်းဆုံရာ လမ်း ကြောင်းကလေးကို သူနှင့်ကျွန်တော် ရှာဖွေထားနိုင်ခဲ့သည်။

ကြောင်နှစ်ကောင်စာအုပ်တိုက်

www.foreverspace.com.mm



လှည်းတန်းမှတ်တိုင်ရောက်တော့ သူ့နံဘေးက လူဆင်းသဖြင့် ကားကျပ်ကျပ်ကြီးထဲမှာ မယုံကြည်နိုင်ဖွယ်ရာ သူနေရာရသွားသည်။ သူက မထိုင်ခင် ကျွန်တော့်ကို လှစ်ခနဲ တစ်ချက်ခိုးကြည့်သည်။ ထို့နောက် သူ့မျက်နှာကလေး ကျွန်တော့်မြင်ကွင်းထဲမှ ပျောက်သွား၏။ ကျွန်တော့် ရင်ထဲ ဟာသွားလေသည်။

လှည်းတန်းမီးပွိုင့်မှာ ကားမိနေသည်။ လူ အပူငွေ့၊ ဖိအားနှင့် ကျပ်သိပ်မှုများ ကျွန်တော့အာရုံထဲ ပြန်လည် တိုးဝင်လာ၏။ အဖြစ်။ သူ့မျက်နှာလေးနှင့်တော့ ဘယ်နည်းနဲ့မှ ဝေး၍မဖြစ်။ ကျွန်တော် ရှိသမျှ အားကို အသုံးချ တွန်းထိုးကာ အထဲဝင်နေသော ကျွန်တော့်ကို လူတွေက မယုံသင်္ကာသလို ကြည့်ကြ၏။ ကျွန်တော်က မျက်နှာကို တတ်နိုင်သမျှ ကြိုးစားရ၏။ ဟော···မြင်ရပြီ။ လှစ်ခနဲ မျက်ဝန်းတစ်စုံ၊ ကျွန်တော့် ရင်ခုန်သံ တဝုန်းဝုန်း တဒိုင်းဒိုင်း။

ကားမောင်းထွက်သွားတော့မှ ရသည့်အရှိန်ကလေးဖြင့် ကျွန်တော့်နေရာတည်ရှိမှုကို ခိုင်မာမြဲမြံအောင် လုပ်ရသည်။ သူနှင့် ကျွန်တော့်အကြားတွင် လူငါးယောက်ခံလျက်ရှိ၏။ သို့သော် ကိစ္စမရှိ။ သူက ပန်းနုရောင်မျက်ခွံကလေးကို ပင့်မလိုက်သည်နှင့် ကျွန်တော်နှင့် မျက်ဝန်းခြင်းတည့်တည့်ဆုံနိုင်သော နေရာကောင်းကို ကျွန်တော်ရရှိလိုက်ပြီး ခဏကြာတော့ သူက မျက်ဝန်းကလေး ပင့်ကြည့်သည့်အခါ ကျွန်တော့်ကို တွေ့သဖြင့် ရှက်သွေးရောင် ရဲသွားသည်။ မျက်လွှာကို ကမန်းကတန်း ချသည်။ ခန္ဓာကိုယ်ကို သပ်ရပ်အောင် ပြုပြင်သည်။ သြော်···မိန်းမ မိန်းမ။ ကားကလည်း ကျပ်လိုက်တာ။

www.foreverspace.com.mm



အကာအကွယ်ရသွားသဖြင့် ကျွန်တော်ကလည်း သူ့မျက်နှာကလေးကို အငမ်းမရ ငေးမောကာ ပါလာခဲ့သည်။ ဖြောင့်စင်းသည့်နှာတံ၊ နှုတ်ခမ်းဖူးဖူးကလေးတွေကို ငေးမိသည့်အခါ ကျွန်တော် ရေတွေဘာတွေ ငတ်လာသည်။ ကျောင်းသားမျိုးစုံတို့ ရယ်သံ၊ စကားသံ၊ စပယ်ယာအသံတွေ ဆူညံနေသော်လည်း ကျွန်တော့်ကမ္ဘာသည် တိတ်ဆိတ်လျက်ပင် ရှိ၏။

ကားစပယ်ယာ၏ ဟိုဘက်တိုးကြပါ၊ ဒီဘက်ရွှေ့၊ အရှေ့ပိုက်ဆံကမ်းလိုက်၊ ကိုယ့်ကားလို သဘောထားစီးပါ။ ညာဘက်ကပ်၊ ဘယ်ဘက်ကပ် စသည့် စကားသံကျယ်ကျယ် ကြားရသည့်အခါ သူကအသံကို မော့ကြည့်သလိုဖြင့် ကျွန်တော့်ဘက်ကို မျက်ဝန်းကလေးတစ်ချက် လွှင့်လွှင့်ကျလာတတ်သည်။ ပတ်ဝန်းကျင်က ဘာမှ မထူးခြားလျှင်တော့ သူက မျက်လွှာကို ငြိမ်ငြိမ်ချထားတတ်သည်။ ဘယ်အချိန် လွှင့်တက်လာမည်ဆိုတာကို ခန့်မှန်းရခက်ခဲသော သူ့မျက်ဝန်းကလေးကို ရယူနိုင်ဖို့ ကျွန်တော်ကတော့ သူ့မျက်နှာကို အချိန်ပြည့် ကြည့်ပေးထားရ၏။

သူနှင့်ကျွန်တော်သည် မြကျွန်းသာကင်တင်းတွင် တွေ့ခဲ့ကြခြင်းဖြစ်သည်။ အဲဒီနေ့က လက်တွေ့ဆင်းအပြီး ကင်တင်း လူကျပ်နေချိန်လည်း ဖြစ်၏။ စားပွဲဝိုင်းနေရာလွတ် မရှိသဖြင့် ကျွန်တော်က သူတို့ဝိုင်းမှာ ဝင်ထိုင်ရသည်။ ကျွန်တော် ခေါက်ဆွဲကြော်တစ်ပွဲမှာသည်။ ဆာလှပြီ။

သူတို့သုံးယောက်စလုံးလည်း ဆာနေကြပြီး မှာထားသည့် စားစရာများ မလာနိုင်သဖြင့် ခေါက်ဆွဲကြော်ဆိုင်ဘက် လည်တဆန့်ဆန့်ဖြင့် မျှော်နေကြသည်။ ကျွန်တော်တို့ထိုင်သည့် ဆိုင်သည် လက်ဖက်ရည်

ကြောင်နှစ်ကောင်စာအုပ်တိုက်

www.foreverspace.com.mm

ဆိုင်ဖြစ်ပြီး ခေါက်ဆွဲကြော်ဆိုင်နှင့် တော်တော်အလှမ်းဝေးသည်။

ကျွန်တော်က လက်ဖက်ရည်တစ်ခွက် ထပ်မှာလိုက်သည်။ စားပွဲထိုးက လက်ဖက်ရည်အခွက်၊ စမူဆာတစ်ပွဲ၊ မုန့်ဖက်ထုပ်တစ်ပွဲပါ ချသွား၏။ ကျွန်တော့် ခေါက်ဆွဲကြော်လည်း တော်တော်နှင့်ရဦးမယ့်ပုံမပေါ်။ အဆာပြေ မုန့်ဖက်ထုပ်ကလေး စားထားရင် ကောင်းမလား။ စမူဆာတွေက ပျော့နေပြီ။ ထိုအတွေးဖြင့် ကျွန်တော် မုန့်ဖက်ထုပ်တစ်ခုကို ထိပ်မှ အသာလက်ငါးချောင်းဖြင့် ဖိစမ်းသည်။ ဘာမှမတွေ့။ အောက်နည်းနည်းတိုးပြီး ညှစ်ကြည့်လိုက်တော့မှ အတွင်းက မုန့်ဖက်ထုပ်အသားကို ထိ၏။ သေးသေးကလေးဟ။ ကျွန်တော် လက်ကို ပြန်ရုပ်ရသည်။

လက်ဖက်ရည်ကိုမွှေပြီး ဆေးပေါ့လိပ်ကို ဖွာသည်။ သူတို့က မျက်နှာကို ရှုံ့ကာ ဆေးလိပ်ငွေ့ကို ခါကြ၏။ ကျွန်တော်က sorry ပြောလိုက်သည်။ အခုနေ လက်ဖက်ရည်သောက်လိုက်ရင် ရင်ခံသွားလိမ့်မည်။ မုန့်ဖက်ထုပ်ကလေးပဲ စားတာကောင်းပါတယ်။ ကျွန်တော် မုန့်ဖက်ထုပ်ကို တစ်ခါ ပြန်စမ်း၏။ မတွေ့၊ နောက်တစ်ထုပ် စမ်းသည်။ တွေ့ပြီ။ ဒါက နည်းနည်းကြီးတယ်။ ဒါပေမယ့် ကောင်မလေး သုံးယောက်ရှေ့မှာ မုန့်ဖက်ထုပ်ကို ခွာပြီးစားရတာ ရှက်စရာများ ကောင်းနေမလား။ ကျွန်တော့်လက်ကို ပြန်ရုပ်လိုက်ပြန်သည်။

ခေါက်ဆွဲကတော့ Visit Myanmar Year ကျမှ ရမှာထင်ပါရဲ့။ မုန့်ဖက်ထုပ်ပဲ စားထားလိုက်တော့မယ်။ ဆာလို့စားတာပဲ။ ဘယ်သူ့ ဂရုစိုက်ရမှာလဲ။ ကျွန်တော် မုန့်ဖက်ထုပ်ကို ထပ်စမ်းသည်။ စားတော့မှာဆိုတော့ ရွေးသည့်သဘော။ မုန့်ဖက်ထုပ်လေးခုစလုံး ထိပ်ကလေးတွေ

www.foreverspace.com.mm



စမ်းကြည့်သည်။ ဟာ…မတွေ့ဘူး။ သေးတယ်။ ဟော…တွေ့ပြီ။ နောက်တစ်ထုပ်ကရော။

"ဒီမှာ ရှင် ဒါဘာလုပ်နေတာလဲ"

"ဗျာ"

"ရှင် ဘာလုပ်နေတာလဲလို့ မေးတာ၊ မုန့်ဖက်ထုပ်ထိပ်တွေကို ဘာဖြစ်လို့ လိုက်စမ်းနေတာလဲ"

ဒေါသထွက်နေသည့် မျက်ဝန်းများဖြင့် ကျွန်တော့်ကို မေးလာသဖြင့် ကျွန်တော် ကြောင်သွားသည်။ ဘာကိုဆိုလိုသည် ဆိုတာကို နားမလည်။

"ဘာလဲ မသိဘူး။ ကျွန်တော် စားရင်ကောင်းမလားလို့၊ ဘာလဲ ခင်ဗျားတို့ စားမလို့လား၊ စားလေ"

"မဟုတ်ဘူး၊ အူကြောင်ကြောင်မလုပ်နဲ့၊ စားရင် ယူစားလိုက်ပါလား၊ ဘာဖြစ်လို့ မုန့်ဖက်ထုပ်တွေကို လျှောက်စမ်းနေရတာလဲ၊ ရှင် မမိုက်ရိုင်းနဲ့နော်"

"ဗျာ"

"ယောက်ျားဖြစ်ပြီး အရှက်ကို မရှိဘူး၊ ရှင် စားရင် မြန်မြန်စား၊ လျှောက်မစမ်းနဲ့၊ မစားရင် ပြန်ပေးလိုက်၊ ဒါပဲ"

"ဗျာ"

ကျန်သည့်ကောင်းမလေးနှစ်ယောက်ကလည်း မကျေနပ်သည့်ပုံစံ မှုန်ကုပ်ကုပ် ဖြစ်နေကြသည်။ ကျွန်တော် ဘာမှ နားမလည်။ ဘလိုင်းကြီး ပါလား။ ဘာသဘောပါလိမ့်။ ကျွန်တော် စဉ်းစားမရနိုင်စွာ သူတို့

www.foreverspace.com.mm



မျက်နှာတွေကို ထပ်ငေးမိပြန်သည်။

"မဟုတ်ဘူး၊ ကျွန်တော်က..."

"အို...ဘာမှ လာမပြောနဲ့၊ မစားရင် ပြန်ပေးလိုက်၊ ဒါမှမဟုတ် ရှင့်လက် ငြိမ်ငြိမ်နေ"

အဟား...အခုမှ ကျွန်တော်သဘောပေါက်သည်။ ဒီလိုကိုး...

"ဟာဗျာ မုန့်ဖက်ထုပ်ဆိုတာ စားမယ့်လူတိုင်း ဒီလိုပဲ ကိုင်ကြည့် တတ်ကြတာပဲ၊ ဟိုလေ ထိပ်မှာက ဖက်တွေချည်းပဲဗျ။ အထဲကမှ သေးသေး..."

"တော်ပြီနော်၊ ရှင့်ပါးစပ်ပိတ်တော့၊ သေးသေးကြီးကြီး ရှင်မစားရင် မကိုင်နဲ့ ဒါပဲ၊ ဗိုက်ဆာရတဲ့အထဲ ဘယ်လို အူကြောင်ကြောင်နဲ့ လာတွေ့ရတယ် မသိဘူး၊ တကယ်ပဲ"

"ခက်တာပဲဗျာ၊ ကျွန်တော်က သဘောရိုးနဲ့"

"အို...တော်ပြီ၊ တော်ပြီ"

ထိုစဉ်မှာပဲ စားပွဲထိုးတစ်ယောက်က ကြာဇံကြော်တစ်ပွဲ ကျွန်တော့်ကို ကမ်းပေးသည် ကျွန်တော် လှမ်းယူလိုက်သည်။ အငွေ့ တစ်ထောင်းထောင်း ကြာဆံကြော်နံ့က သင်းနေ၏။ ကျွန်တော် မှာထားတာ ခေါက်ဆွဲကြော်ပေမယ့်။ ရှိစေတော့။ ဗိုက်ကဆာလှပြီ။ ကျွန်တော်သူတို့ကို မော့မကြည့်ဘဲ ခက်ရင်းဖြင့် အသားတစ်တုံးကို ထိုးစိုက်ကာ ပါးစပ်ထဲ ထည့်လိုက်သည်။ တယ်အရာသာရှိပါကလား။

"ဒီမှာ"

ကျွန်တော့်ပခုံးကို လက်ဖြင့် လာတို့သဖြင့် မော့ကြည့်ရသည်။

www.foreverspace.com.mm



ဒီမုန့်ဖက်ထုပ်ကိစ္စက မကျေလည်သေးဘူလား။

''ပြန်ပေးချင် ပေးလိုက်တော့၊ ကျွန်တော်မစားတော့ဘူး၊ ဒီမှာ ရပြီ။''

''အောင်မာ လူပါးဝလို့၊ အဲဒါ ကျွန်မတို့ မှာထားတာ။ ရှင်မှာတာ ခေါက်ဆွဲကြော် မဟုတ်လား။ ကိုယ်မှာတာ မဟုတ်ဘဲနဲ့ ယောကျ်ားတန်မဲ့ ဒီကလည်း ဆာနေပြီရှင် သိရဲ့လား''

''ဗျာ…ကျွန်တော်က မှားပြီးလာချတယ်မှတ်လို့ ပြန်မလဲတော့ဘဲ စားမလို့၊ ခင်ဗျား ဘာမှာလဲ ကျွန်တော်မှ မသိတာ''

''ဟုတ်တယ်၊ ဒါ ဒီက မှာထားတာ၊ ပေး…''

''ဟာ…ကျွန်တော် နည်းနည်း စားပြီးနေပြီ''

''အို…ရတယ်၊ မလိုချင်ဘူး၊ ပေးဆိုပေး''

''ရော့ဗျာ…ခင်ဗျားတို့ကလည်း ကျောင်းသားချင်း ပြေပြေ လည်လည်ကို မရှိဘူး၊ ဟိန်းလိုက်ဟောက်လိုက်နဲ့ ဒေါသကြီး နေလိုက်တာ''

အငွေ့တစ်ထောင်းထောင်းနှင့် အနံ့ပေးနေသော ကြာဇံ ကြော်တစ်ပွဲသည် ကျွန်တော့်ရှေ့မှ လွင့်ခနဲ ပျောက်သွား၏။ မျိုချပြီးစ အသားတစ်ဖက်၏ အရသာမှာလည်း လည်ချောင်းမှ ကျသွားပြီးနောက် အစာအိမ်ထဲမှ (၈၀) ကျော်သော ပိုးမျိုးတို့ကို ဆွပေးလိုက်သလို ရှိလေသည်။ ကျွန်တော်က ကြာဇံကြော်တစ်ပွဲရသွားသော သူမကို အားကျစွာ ငေးသည်။

ကောင်မလေးက ကြာဇံကြော်ပန်းကန်ကို ယူရင်း ကျွန်တော့်ကို

www.foreverspace.com.mm



မျက်စောင်းဒိုင်းခနဲထိုးကာ ခက်ရင်းဖြင့် ကြာဇံကြော် တစ်လုတ်ကို ပါးစပ်ကလေးဟပြီး ထည့်သည်။ သူ့ပါးစပ်သည် ဖျတ်ခနဲစေ့သွားကာ ဖောင်းလာကာ မျက်နှာတစ်ခုလုံး ရဲလာပြီး နားထင် ကြောတွေ ထောင်တက်လာ၏။ ဘာဖြစ်ပါလိမ့်။ ဘုတ်ခနဲ သူ့ပါးစပ်ထဲမှာ ကြာဇံကြော်တစ်ထွေး ပြန်လည်ပြုတ်ကျလာသည်။

"အမယ်လေး ပူတယ်တော့"

သူ့သူငယ်ချင်းများရော၊ ကျွန်တော်ပါ ဝါးခနဲ ရယ်လိုက်ကြသည်။ သူက ကျွန်တော့်တို့ကို လှည့်မကြည့်နိုင်ဘဲ လျှာကလေးကို အပြင်ထုတ်ကာ ဖလူး ဖလူး လုပ်ရ၏။ နဖူးမှ ချွေးတွေစို့လာသည်။ သူ့မျက်ဝန်းမှာ ပန်းနုရောင်ထကာ နှုတ်ခမ်းကို ကိုက်သည်။ ကျွန်တော်တို့ တဝါးဝါး တဟားဟား။

"ဘာရယ်တာလဲ၊ သေချင်လို့လား၊ မရယ်နဲ့"

"ဟောဗျာ"

"ဘာ···ဟောဗျာလဲ၊ သေသွားမယ်၊ မရယ်နဲ့၊ ကေသီ နင်တို့က လည်းဟာ ငါ စိတ်ညစ်လာပြီ"

"အေးပါ နန္ဒရယ်၊ မရယ်နဲ့ဆိုလည်း မရယ်ပါဘူး၊ ဟား···ဟား စားစား၊ နင်က လောဘကြီးတာကိုး၊ သူများသွားဟောက်မနေနဲ့၊ ကိုယ့်အန္တရာယ် ကိုယ်ကြည့်စား"

ထိုသို့ဖြင့် အဲဒီနေ့က မျက်စောင်းပေါင်းများစွာကို ကျွန်တော် ရခဲ့သည်။ နောက်တစ်နေ့ကျတော့ သူ့မျက်စောင်းများကို ကျွန်တော် သတိရနေမိသည်။ မြကျွန်းသာမှာ နောက်တစ်နေ့တွေ့ကြတော့ သူ့

www.foreverspace.com.mm



သူငယ်ချင်းများက ကျွန်တော့်ကို ကြည့်ကာရယ်ကြ၏။ သူကတော့ မျက်စောင်းထိုးသည်။ အိုး…သိပ်လှတဲ့ မျက်စောင်းတွေပါလား။

သူငယ်ချင်းတွေကို ပြောပြတော့ သူငယ်ချင်းတွေက ရယ်ကြသည်။ မုန့်ဖက်ထုပ်တစ်ပွဲဟု အော်ကြ စကြ၏။ မင်း လိုက်ပါလား၊ မင်းကိုကြည့်ပြီး ဘာတွေ ပြောနေကြလဲ မသိဘူး၊ စသည်ဖြင့် မြှောက်ထိုးပင့်ကော်လုပ်ကြ၏။ အပြန်လိုက်ကြည့်တော့ သူတို့က (AE7) မှာ၊ ဒီလိုနှင့် (AE7) ကို မကြာခဏရောက်သည်။

ကျွန်တော်လာလျှင် သူ့သူငယ်ချင်းများက…

"နန္ဒရေ နင့် မုန့်ဖက်ထုပ် လာပြီဟေ့" ဟု သူမကို စ,တတ်သည်။ ကျွန်တော့်ကိုလည်း…

'မုန့်ဖက်ထုပ်'ဟု ခေါ်သည်။ ရှိစေတော့။ မနန္ဒာ မျက်စောင်းလှလှလေးများ ကျေးဇူးကမ္ဘာ၊ မုန့်ဖက်ထုပ်။

ကျွန်တော် အတိတ်ကိုတွေးရင်း မနန္ဒမျက်နှာကလေးကို ငေးမောရင်း၊ မနန္ဒမျက်ဝန်းကလေးများကို ဖမ်းရင်းပါလာသည်။ သူသည် ကျွန်တော်ချစ်နေတာကို သိလောက်ပြီ။ သူရော ရင်ခုန်နေမှာလား။ ချစ်တယ်လို့ ပြောဖို့တာဝန် ကျွန်တော့်မှာ ရှိနေပြီ။ အဲဒီနောက်မှာ ကျွန်တော်ဘယ်လောက်များ ဒုက္ခရောက်ရဦးမှာလဲ" ကျွန်တော် တွေးနေစဉ်…

ကျွန်တော့်ပေါင်သည် စူးခနဲ နာသွားသဖြင့် လန့်ဖျပ်ကာ အားခနဲ ကျွန်တော် ကျုံးအော်လိုက်သည်။ ငုံ့ကြည့်တော့ ကျွန်တော့်ပေါင်အရှေ့က မြွေတစ်ကောင်လို လှစ်ခနဲထွက်သွားသော လက်တစ်ဖက်။ အဲဒီ

www.foreverspace.com.mm



လက်တစ်ဖက်မှာ တွယ်ချိတ် အကြီးကြီးတစ်ချောင်း။

"ဘာလုပ်တာလဲ…ဘာလုပ်တာလဲ၊ ကျွန်တော့်ပေါင်ကို ဘာကြောင့် ချိတ်နဲ့ထိုးရတာလဲ"

ကျွန်တော် 'အား' ခနဲအော်သံကြောင့် ကားပေါ်က လူတွေ ဝိုင်းကြည့်ကြသည်။ ကျွန်တော်ကချိတ်ကိုင်ထားသော လက်ကို ဆွဲထားခဲ့၏။ ထိုလက်က မနန္ဒာနှင့်ကျွန်တော်အကြားမှာ ရပ်နေသည့် ကောင်မလေး တစ်ယောက်၏လက်။

"လွှတ်နော်၊ လွှတ်ဆို၊ ကိုယ့်အကြောင်း ကိုယ်သိရင်ပြီးရောပေါ့"

"ဘာ"

"ထိုးတယ်၊ လက်အငြိမ်မနေလို့ ထိုးတယ်"

"ခင်ဗျား ဘာစကားပြောတာလဲ၊ ခင်ဗျားကို ကျွန်တော်က ဘာလုပ်လို့လဲ"

ကျွန်တော်က အလန့်တကြား အော်သည်။ ထိုင်ခုံမှာ ထိုင်နေသူများကလည်း မော့ကြည့်ကြ၏။ တစ်ချို့က ပြုံးစစဖြစ်ကြသည်။ မနန္ဒာ၏ မျက်နှာသည် မှန်ကုပ်ကာ ရုပ်ပျက်ဆင်းပျက် ဖြစ်နေသည်။ သွားပြီ။ ကျွန်တော်အလုံးစုံကို ရိပ်မိပြီ။

တကယ်တော့ ကျွန်တော် မနန္ဒာကို မြင်ရအောင် ခန္ဓာကိုယ်ကို ညာဘက်စောင်းကာ အရှေ့မှလူကို ကွေ့ပတ်ထားရသဖြင့် ကျွန်တော့် ဘယ်ဘက်ပေါင်က ဟိုတစ်ဖက်တွင် ကျန်ခဲ့သည်။ ထိုကောင်မလေးတွေ နှင့် ကျွန်တော်က အဝေးကြီးမဖြစ်။ ဒီကိစ္စရအောင် ရှင်းမှ ဖြစ်မည်။ မဟုတ်လျှင် မနန္ဒာနှင့်ကျွန်တော်…။

ကြောင်နှစ်ကောင်စာအုပ်တိုက်

"ခင်ဗျားကို ဘယ်သူက ဘာလုပ်လို့လဲ ပြော၊ ခင်ဗျားနဲ့ ကျွန်တော်က အဝေးကြီးရယ်၊ ဟောဒီမှာ ဒီဦးလေးကြီး ခံနေသေး တယ်ဗျ၊ လုပ်တဲ့လူကို ခင်ဗျားထိအောင် ထိုးပါလား၊ ဟေ့ ဘယ်ကောင် လဲကွ၊ ပြော…ပြော ခင်ဗျားကို ဘယ်ကောင်လုပ်တာလဲ ပြော"

ရှက်စိတ်၊ ဒေါသနှင့် မွန်ထူနေသည့် ကျွန်တော့်အသံကြောင့် တစ်ကားလုံးက လှည့်ကြည့်ကြသည်။ အဲဒီကောင်မလေးတွေနောက်မှာ ယောကျ်ားလေးတစ်အုပ်ရှိသည်။ ရှက်ရှက်နှင့် လှည့်မကြည့်ဘဲ ထိုးလိုက်သည့်ချိတ်က ကျွန်တော့်ပေါင်ကို လာစိုက်ခြင်းသာ ဖြစ်သည်။ ရုတ်တရက်ဆိုတော့ စူးခနဲနာကာ ကျွန်တော် မအော်ဘဲ ဘယ်နေနိုင်ပါ့ မတုံး။

"ဘယ်ကောင်လဲကွ ပြောလေ၊ ကျုပ် လုံးဝမဟုတ်ဘူး၊ ခင်ဗျားနဲ့ ကျုပ်က အဝေးကြီး"

"အို မသိဘူး၊ မသိဘူး၊ ထိုးမှာပဲ"

"အေး…လုပ်တဲ့လူကို ထိုးပါလား၊ ကျုပ်ကို ဘာကြောင့် လာထိုးတာလဲ"

ကျွန်တော် ဒေါသတကြီးအော်ဟစ်နေသောကြောင့် ကျွန်တော့် အနားမှာ လူရှဲသွားသည်။ ထိုကောင်မလေးနှစ်ယောက်နောက်မှ ယောကျ်ားများ မှတ်တိုင်ရောက်တော့ ဆင်းသွားကြ၏။ မနန္ဒာက ကျွန်တော့်အား နှုတ်ခမ်းကိုကွေးကာ မုန်းမုန်းတီးတီး စိုက်ကြည့်ပြီး ချာခနဲ မျက်နှာလွှဲသွားသည်။ သွားပြီ။ ရှက်စိတ်သည် ခန္ဓာကိုယ်တစ်ခု လုံးမှာ တဇွေတစ်ကောင်လို လှည့်လည်နေ၏။ လူတွေက ကျွန်တော့်

ကြောင်နှစ်ကောင်စာအုပ်တိုက်

www.foreverspace.com.mm



အဖြစ်ကို ကြည့်ကာ တခွီးခွီးရယ်ကြသည်။ ကျွန်တောက်က ခုန်ပေါက်လို့ ကောင်းတုန်း၊ လက်သီးလက်မောင်းတန်းတုန်း၊ ရှက်စိတ်နှင့် ဒေါသကြီး တုန်း။

"ဘယ်ကောင်လဲကွ၊ အဆင့်အတန်းနိမ့်တာ ပြောစမ်း၊ အေး …နင်တို့ကလည်း ကိုယ့်ကိုထိတဲ့လူကို အသေအချာ ရွေးထိုးကြ၊ မဟုတ်ဘဲနဲ့ ခံရတာ…တောက်"

"တော်ပါတော့၊ ရှင်လုပ်တာနဲ့ တစ်ကားလုံးသိကုန်ပြီ၊ ကျွန်မ တောင်းပန်ပါတယ်၊ ဒုက္ခပါပဲ၊ တော်ပါတော့နော်၊ လုပ်တဲ့လူတွေလည်း ဆင်းသွားပါပြီ၊ ကျွန်မလည်း ဘယ်သိမလဲ၊ ဆယ့်နှစ်လုံးတန်းပါတယ်၊ ဆင်းမယ်ဟာ၊ ဖြုံဖြုံ ဆင်းမယ်"

မနန္ဒာမျက်နှာက မည်းမှောင်လျက်ရှိသည်။ ကျွန်တော့်ကို လုံးဝ မကြည့်တော့၊ ရင်ထဲမောသွား၏။ ရှက်စိတ်ဝင်လာ၏။ လူတွေက ကျွန်တော့်ကို တစ်လှည့်၊ ဟိုကောင်မလေးတွေကို တစ်လှည့် ပြုံးစစနှင့် ကြည့်ကြသည်။ ဘာဖြစ်တာလဲ၊ ဘာဖြစ်တာလဲ မေးသူကမေး၊ ရှင်းသူက ရှင်း၊ ဝါးခနဲ ရယ်သူက ရယ်၊ ကျွန်တော့်ကို လိုက်ကြည့်သူက ကြည့်။

ကျွန်တော်လည်း ရှက်ရှက်ဖြင့် ကားရပ်တော့ ဆင်းလိုက်သည်။ ကားမထွက်ခင်အထိ နားလည်ပါစေတော့ဆိုပြီး မနန္ဒာကို ကားအောက်မှ တောင်းပန်ကြည့် ကြည့်ရသည်။ မနန္ဒာက မုန်းမုန်းတီးတီး ကျွန်တော့်ကို မျက်နှာလွှဲသွားသည်။ ကားထွက်သွားတော့ ကျွန်တော် ခေါင်းငိုင်စိုက်ကျ ကျန်ခဲ့သည်။

"ဟို…တော်တော်နားသွားသလား"

www.foreverspace.com.mm



စကားသံကြား၍ လှည့်ကြည့်တော့ ထိုကောင်မလေးတွေကို တွေ့ရသည်။ ကျန်သည့် သုံးယောက်က ပါးစပ်ကို လက်ဖြင့်အုပ်ကာ မအီမလည် ကျွန်တော့်မျက်နှာကို ကြည့်ပြီး ရယ်ကြသည်။ ဒေါသ ထောင်းခနဲ ထွက်သွား၏။

"သြော်…နာသလား ဟုတ်လား၊ ခင်ဗျားလက်ထဲက ချိတ်လည်း ကြည့်ဦး၊ အဲဒါနဲ့ အထိုးခံရတာ မနာဘဲ နေမလား၊ နောက်ပြီး တစ်ချက် တည်းတောင် မဟုတ်ဘူး၊ နှစ်ချက်ဗျ၊ နှစ်ချက် သိလား"

ကောင်မလေးတွေက ဝါးခနဲ ရယ်ကြပြန်သည်။ သူက ချိတ်ကို ငုံ့ကြည့်လိုက်ပြီး ဟနေသည့်အချွန်ကို နဖားထဲ ပြန်ထည့်ကာ လုံးဝ မရယ်ဘဲ အားနာစွာ ရှင်းပြရှာသည်။

"ဟိုလေ ထားလည်း ရှက်ရှက်နဲ့…အဲဒါ၊ ထား တောင်းပန် ပါတယ်ရှင်၊ ရှင်မဟုတ်ဘူးဆိုတာ ထား သိပါတယ်၊ စိတ်မဆိုးပါနဲ့နော်"

"သူတို့က ခင်ဗျားကို ဘာလုပ်လို့တုန်း"

ကောင်မလေးမျက်နှာက ရဲသွားသည်။ ကျွန်တော်လည်း မေးပြီးမှ မှားသွားမှန်း သိလိုက်၏။

"သိပ်နာသွားသလား၊ ပရုတ်ဆီထည့်ပါလား"

"နေပါစေ၊ ရတယ်"

"အို မဟုတ်တာ၊ ထားကြောင့် သူ့မှာ နာလည်း နာရသေး၊ အရှက်ကလည်း ကွဲရသေး၊ ရော့ပါ"

ကမ်းပေးသည့် ပရုတ်ဆီဘူးကို ကိုင်ကာ ထားဆိုသည့် ကောင်မလေးကို ကြည့်ရသည်။ ဆံပင်တွေက ရှည်သည်။ အသားက

www.foreverspace.com.mm



မနန္ဒထက်ပင် ဖြူသေး၏။ နှုတ်ခမ်းပါးပါး၊ ရယ်လိုက်လျှင် သွားတက် ကလေးတွေပါသည်။ မျက်ဝန်းတွေက ဝိုင်းဝိုင်း၊ ကိုယ်လုံး ကိုယ်ပေါက်(fine)၏။

"ရပါတယ်ဗျာ၊ နည်းနည်းအောင့်တာပဲ ရှိတော့တာပါ"

"ယူထားလိုက်ပါ ပရုတ်ဆီဘူး၊ ထားတို့က ရှက်လို့ ဒီမှာ ဆင်းလိုက်တာ၊ တကယ်ဆို ကျောက်ကုန်းအထိ စီးရမှာ"

"ဟုတ်တယ်၊ ကျွန်တော်လည်း သင်္ကန်းကျွန်းကို ပြန်ရမှာ၊ ဘာလုပ်ရမယ်ဆိုတာ မသိလို့ ဆင်းမိတာ"

စကားဆုံးတော့ ကျွန်တော်တို့အားလုံး ရယ်လိုက်ကြသည်။

"ဟော့...ထား ဗိုက်ဆာတယ်ကွာ၊ စံမမှီမှာ မုန့်ဟင်းခါး စားရ အောင်"

"စားလေ၊ ဟို...သူရော...လာပါ၊ ကျွန်မတို့ကို စိတ်မဆိုးဘူ ဆိုရင် စားပါဦး"

ဘာလုပ်ရမှန်း မသိတော့သဖြင့် ကျွန်တော်လည်း အူ ကြောင်ကြောင်ဖြင့် ပါသွားသည်။ ကောင်မလေးက စကားနည်း၏။ ကျွန်တော့်ကို မော့ကြည့်ပြီး ရှက်ပြုံး မကြာခဏ ပြုံးသည်။ ပြုံးလိုက်တိုင်း သွားတက်ကလေးက ဖျတ်ခနဲ ပေါ်လာတတ်၏။ မုန့်ဟင်းခါးစားပြီးတော့ ပြန်ပြောရင်း ရယ်ရင်းမောရင်း ကားမစီးတော့ဘဲ ကျောက်ကုန်းအထိ လမ်းလျှောက်ကြသည်။

နောက်တစ်နေ့ကျတော့ ပရုတ်ဆီဘူး ပြန်ပေးရင်း တွေ့ကြသည်။ ထားက ကျွန်တော့်ကို တောင်းပန်၍မဆုံး။ မနန္ဒာကတော့ ကျွန်တော့်ကို

www.foreverspace.com.mm



မြင်လျှင် ဖျတ်ခနဲ မျက်နှာလွှဲသွား၏။ ရှိစေတော့။ နောက်နှစ်လလောက် ကြာတော့ ထားနှင့် ကျွန်တော် ချစ်သူဖြစ်သွားကြသည်။

ခုံပြာတန်းနကလေးပေါ်မှာ ကျွန်တော် ထား ပခုံးလေးကို ဖက်ထားခဲ့၏။ အချစ်သည် တစ်ခါတစ်ရံတော့ ဆန်းကြယ်လွန်းသည်။

"ထားကို ခါးတို့တဲ့လူ ဘယ်သူလဲ မသိဘူး၊ လက်ဖက်ရည် တိုက်ချင်လိုက်တာကွာ"

...ဆိုတော့ ထားက မျက်နှာကလေးရဲကာ တခစ်ခစ် ရယ်လေသည်။

✪ ✪ ✪ ✪ ✪

www.foreverspace.com.mm

# ကြောင်တစ်ကောင်၊ ထူးအိမ်သင်နှင့် လေးဖြူတို့သီချင်း

ကြောင်နှစ်ကောင်စာအုပ်တိုက်

www.foreverspace.com.mm



www.foreverspace.com.mm



“မုန့်ဟင်းခါးသုံးပွဲ၊ ညှပ်ခေါက်ဆွဲတစ်ပွဲ၊ အားလုံး ဘူးသီးကြော်နဲ့၊ ကြက်သွန်ဥပါထည့်ပေးပါ”

ထိုအသံကို ကြားရတော့ သူ့ရင် ငြိမ့်ခနဲ ခုန်ကာသွားသည်။ ဆောင်းနံနက်ခင်းထက် အေးမြပြီး နှင်းပွင့်ကလေးတွေလို နူးညံ့သော အသံလေးကို သူ မှတ်မိပါသည်။ မုန့်ဟင်းခါးစားရင်းက မော့ကြည့်တော့ ပါးပေါ်ကပါးကွက်ကလေးပင် မခြောက်သေးသော သနပ်ခါးနှစ်နှစ်ကလေး လိမ်းထားသော သူ့ကို တွေ့ရ၏။ သူ့ကိုတော့ လှမ်းကြည့်မနေပါ။ မုန့်ဟင်းခါးရောင်းသော အန်တီအေး၏ လက်တွေကိုသာ ငေးနေသည်။

အိပ်ရေးဝဝ အိပ်ကာထားသဖြင့် မျက်ဝန်းတွေက ကြည်လဲ့ကာ နေသည်။ ဆံပင်ကလေးကိုတော့ ကြည်ပြာရောင် ဖဲကြိုးကလေးတွေနှင့် တစ်ဖက်တစ်ချက် စည်းကာထား၏။ သွားပွတ်တံနှင့် ခြစ်ကာ လိမ်းထားသော သနပ်ခါးကြောင်းကလေးက နှုတ်ခမ်းဖူးဖူးကလေးအပေါ် စည်း

ကြောင်နှစ်ကောင်စာအုပ်တိုက်

www.foreverspace.com.mm



ကျော်ကာ ဖြတ်သန်းလျက်ရှိသည်။ ရင်ခုန်သံကြောင့် သူ့တစ်ကိုယ်လုံး နွေးကာလာသည်။ စားနေသည့် မုန့်ဟင်းခါးအရသာက ဘယ်ကို ရောက်သွားမှန်းမသိတော့။

မုန့်ဟင်းခါး မရပါစေနှင့်ဦးဆိုသော ဆုတောင်းက မပြည့်။ အန်တီအေးက ရှေ့ကလူတွေကို ကျော်ကာ သူမကို ထည့်ပေးသည်။ သူမက ပြုံးပြရင်း အန်တီအေးကို လက်ထဲမှာ ဆုပ်ထားသည့် ငါးရာတန်ကလေးကိုပေးရင်း အလောတကြီးမေးသည်။

"အန်တီအေး ကြောင်၊ ကြောင် မရသေးဘူးလားဟင်"

"ကြောင်လား။ အင်း မပြောချင်တော့ဘူး ငုဝါရေ။ အိမ်က ကိုယ်တော်က ဦးကြောင်ချစ်လေ။ သူ့ကြောင်တွေကို သိပ်ဂရုစိုက်တာ။ ပြီးတော့ မောင်နှမနှစ်ကောင်မို့ ခွဲမပေးချင်လို့တဲ့။ အန်တီအေးကတော့ သားငါးအစိမ်းစားပြီးရင် အန်လိုက်၊ မွေ့ယာပေါ် သေးပေါက်လိုက်နဲ့မို့ ပေးပစ်ချင်တာ ပြောလို့ကို မရဘူး"

ကောင်မလေးမျက်နှာ အိုစာကာ သွားသည်။ ခပ်မဲ့မဲ့ကလေး လုပ်ကာ ခေါင်းကို ကုတ်၏။

"ဒုက္ခပဲ၊ အိမ်မှာ ကြွက်တွေ အရမ်းသောင်းကျန်းနေတာ အန်တီအေးရယ်။ ငုဝါရဲ့ အင်္ကျီတွေလည်းကိုက်၊ လွယ်အိတ်ကိုလည်း ကိုက်တာပဲ။ ကြောင်တစ်ကောင်တော့ ရှိမှဖြစ်မှာ။ တခြားပေးမယ့်သူ မရှိတော့ဘူးလားဟင်"

"အင်း၊ အန်တီအေး မေးပေးမယ်လေ"

"လုပ်ပါ အန်တီအေးရယ်၊ ဝယ်ဆိုရင်လည်း ငု ဝယ်ပါ့မယ်"

www.foreverspace.com.mm

သူ ပိုက်ဆံရှင်းပြီး ပျော်ရွှင်စွာ ကောင်မလေးနောက်က လိုက်လာမိသည်။ သို့သော် သူ ကောင်မလေးနောက်ပိုင်းကို မကြည့်ခဲ့ပါ။ ခြေကြွလိုက်တိုင်း ယိမ်းလှုပ်သွားခဲ့သော ငုဝါဆိုသည့် ကောင်မလေးရဲ့ ဆံပင်အဖျားကလေးတွေကိုပဲ ငေးရင်း လိုက်ခဲ့ပါသည်။ ဒီလို ထိန်းသိမ်းနေရတော့မှ သူ့အရင်ထကာ အိမ်ကို အရောက်သွားပြီး အိမ်ရှေ့ကနေ သူ့ကို ငေးဖို့ ဘာကြောင့် အကြံမရသလဲဟု ကိုယ့်ကိုယ်ကို အပြစ်တင်ကာနေမိသည်။ ဒါဆိုရင် သူ့မျက်နှာကလေးကို မြင်ရဦးမှာ။

အိမ်ရှေ့ကိုရောက်တော့ ကြောင်လိုချင်နေတဲ့ ကောင်မလေးရေ သွားတော့ဟု ရင်ထဲက တိုးတိုးကလေး နှုတ်ဆက်ဖြစ်သေး၏။ အိမ်ထဲရောက်တော့ အဖေနှင့်အမေအတွက် ဝယ်လာသော မုန့်ဟင်းခါးကို ထည့်ပေးရင်း ခြေထောက်ကို ပွတ်သပ်ကာ အစာတောင်းကြသော ကြောင်လေးကောင်ကို ကြည့်ကာ ပြုံးလိုက်သည်။

ပြီးတော့ တစ်ကြိမ်တစ်ခါမှ မလုပ်ဘူးသော အလုပ်ဖြစ်သည့် ကြောင်တစ်ကောင်ကို ဆွဲပွေ့ယူကာ ပွတ်သပ်နေပေးမိ၏။ ကြောင်လေးက ထူးဆန်းသလို ကျွန်တော့်ကို မော့ကြည့်ကာ တညောင်ညောင် အစာတောင်းနေသည်။

သူ ဘာလုပ်တော့မည်ဆိုတာကို မိတ်ဆွေရိပ်မိပါလိမ့်မည်။ သို့သော် သေသပ်ဖို့နှင့် သေချာဖို့တော့ လိုပါသည်။ ''မင်းကြောင့် တစ်ကောင် လိုချင်နေတယ် မဟုတ်လား။ ကိုယ့်အိမ်မှာ ကြောင်တွေ ရှိတယ်၊ ယူမလား'' ဟု စကားလိုက်ပြောသော အလုပ်မျိုးကို သူ လုပ်လိမ့်မည်မဟုတ်ပါ။ အငြင်သာဆုံး အသေသပ်ဆုံးဖြစ်အောင်

ကြောင်နှစ်ကောင်စာအုပ်တိုက်

စီစဉ်ရပါလိမ့်မည်။

✪ ✪ ✪

ငုဝါဆိုသည့် ကောင်မလေးက သူတို့ရပ်ကွက်ထဲကို ပြောင်းလာတာ (၂) လခန့်လောက်ပဲ ရှိဦးမည်။ သူတို့အိမ်နှင့် တစ်လမ်းကျော်က စံပယ်လမ်းထဲမှာ နေသည့်အတွက် နံနက်ခင်းမုန့်ထွက်ဝယ်သည့်အခါမျိုး၊ ကျောင်းသွားကျောင်းပြန်နေ့မျိုးဆိုလျှင် သူတို့အိမ်ရှေ့မှ ဖြတ်ဖြတ်သွားရသဖြင့် သိနေခဲ့တာ ကြာပြီဖြစ်သည်။

တွေ့ကာစကတော့ လမ်းလျှောက်နေရင်းကကို ထင်ထင်ပေါ်ပေါ်လှသော မိန်းကလေးတစ်ယောက်ဟု သတိထားမိသည်။ ဒီတော့ ယောက်ျားလေးထုံးစံအတိုင်း ကြုံရင် သတိထားကြည့်ဖြစ်သည်။ စာရင်းထဲသို့ သူမ ရောက်ကာလာ၏။ သူ့မျက်နှာကလည်း တစ်ခါကြည့်ပြီးလေ နောက်တစ်ခါ ထပ်ကြည့်ချင်လေဆိုတော့ ရင်ထဲသို့ တဖြည်းဖြည်း ရောက်လာကာ ရလျှင်ချစ်မည့် စာရင်းထဲသို့ လွယ်လွယ်ပင် ဝင်လာခြင်းဖြစ်သည်။ သူနှင့်ချစ်သူဖြစ်ကြလျှင် မြတ်မြတ်နိုးနိုးချစ်နိုင်လိမ့်မည်ဟု အကြွင်းမဲ့ ယုံပါသည်။

သူက တတိယနှစ်ဆိုတော့ သူ့ထက် (၃)နှစ်လောက်တော့ ငယ်မည်။ သို့သော် သူ့ကို လေးစားမြတ်နိုးစွာ ချစ်ချင်ပါသည်။ အိမ်ရှေ့က ဖြတ်လျှင်ကြည့်၊ ကျောင်းသွားလျှင်ကြည့်၊ ကားမှတ်တိုင်မှာဆုံလျှင်ကြည့်၊ လမ်းမှာဆုံလျှင်ကြည့်၊ သူ့ကို ကြည့်မိသော အကြည့်တွေ ရင်ထဲမှာ ထပ်ထားလျှင် ပြိုလဲကျလုပြီ။ သူ့ကို ပိုချစ်လာသည်။



www.foreverspace.com.mm

www.foreverspace.com.mm



အိမ်က အဖြူရောင်ပေါ်မှာ ရွှေဝါရောင်အကွက်တွေပါသော ကြောင်မလေး၏ အမွေးတွေကို ယုယုယယ ပွတ်သပ်ကာ ကျွန်တော် တွေးနေမိသည်။ အမေ ကြောင်တွေကို လေးကောင်တောင် မွေးထားတာ ကံကောင်းတာပဲဟုလည်း အမေ့ကို ကြံဖန်ပြီး ကျေးဇူးတင်နေမိသည်။

"ကြောင်လေးရေ၊ မင်းဟာ ငါ့အတွက် ကံကောင်းခြင်းတစ်လု ဖြစ်ပါစေကွာ"

သူမထံမှ ကြောင်လိုချင်ကြောင်း ကြားပြီးသည့်ရက် နောက်နေ့ တစ်ရက်အထိ သူ ဘာမှ မလုပ်သေး။ မိန်းကလေးတွေက တမင်ဖန်တီး ထားတာထက် အမှတ်တမဲ့တိုက်ဆိုင်မှုအပေါ် ပိုအလေးအနက် ထားတတ် ကြောင်းကို သူ သိပါသည်။ မနက်ဖြန်မှာ သူ့စီမံချက်ကို အဝေးမှ စတင် အကောင်အထည်ဖော်မည်။

အန်တီအေး မုန့်ဟင်းခါးဆိုင် သိမ်းခါနီးမှ သူ တမင်တကာ မုန့်ဟင်းခါး သွားစားသည်။

"မောင်ရဲဝင်း၊ နောက်ကျလှချည်လား၊ ကုန်တောင် ကုန်တော့ မှာ"

"ဟုတ်တယ်၊ အန်တီအေးရာ၊ ဒီနေ့အာပြဲခြောက်ဖုတ်နဲ့ ထမင်း၊ ပဲပြုတ်ဆီဆမ်းစားမလို့ဟာ မပြောချင်ဘူး"

"ဘာဖြစ်လို့လဲဟဲ့"

"ဘာဖြစ်ရမလဲ၊ ကြောင်လေ ကြောင်၊ အိမ်က ကြောင်တွေပေါ့။ အမေ ဈေးသွားတုန်း ငါးခြောက်ဖုတ်တွေ ဝင်စားသွားတာ။ အမေ ကလည်း အုပ်ဆောင်းကို သေသေချာချာ မအုပ်ခဲ့ဘူး။ လိုက်ရိုက်တာ

www.foreverspace.com.mm



မမီလို့ မိရင် သတ်ပစ်မှာ။ တော်တော်ရှုပ်တဲ့ ကြောင်တွေဗျာ။ အိမ်မှာကို မထားချင်တော့ဘူး"

အန်တီအေးက ဘာမှပြန်မပြောသေး။ မုန့်ဟင်းခါးကိုသာ ဂရုတစိုက်ထည့်ကာနေ၏။ သူ စီစဉ်ထားသော ပစ်ချက်လွဲသွားပြီလား။ ဒါမှမဟုတ် ငဝါကြောင်တစ်ကောင် ရသွားပြီလား။ သူ နောက်ထပ် ကျည်ဆံတစ်တောင့် ထိုးထည့်ထားရမှာလား။ တတ်နိုင်လျှင်တော့ သူသည် ဒီကိစ္စကို သင်္ဘောကမ်းကပ်သလိုသာ သွားချင်သူဖြစ်ပါသည်။ သင်္ဘောတွေ ကမ်းကပ်တဲ့အခါ အဝေးကြီးကနေ စက်ရှိန်လျှော့ပြီး ရေစီးနဲ့ မျှောချကြတာ မဟုတ်လား။

အန်တီအေးက မုန့်ပန်းကန်ကို ချပေးသည်။ ဘာမှမပြောသေး။ "ကြောင်ယူမယ့်သူ မရှိဘူးလားဗျာ။ အဓိက ကြောင်တွေ ပေးပစ်ချင်လို့" ဆိုသော ကျည်ဆံကို အသာထိုးထည့်ထားလိုက်၏။ အခုတော့ ပစ်ရန် မဟုတ်သေး။ မုန့်စားပြီးတဲ့အထိ အန်တီအေးက ငဝါကိစ္စကို ဆက်မေ့နေရင်ပေါ့။

သို့သော် ငါးမိနစ်ခန့် အကြာမှာ ကံကောင်းသွားပါသည်။

"ဟဲ့ နင့်အိမ်မှာ ကြောင်ဘယ်နှကောင်လဲ"

"လေးကောင်တောင်ဗျ။ ဘာဖြစ်လို့လဲ"

"တလောက ဟိုဘက်လမ်းက ကောင်မလေးတစ်ယောက်က ကြောင်လိုချင်လို့တဲ့၊ ငါ့ဆီမှာ တောင်းဖူးတယ်။ ပိုနေရင် ပေးလိုက်ပါလား"

"ဘယ်လမ်းကလဲ၊ ကောင်းကောင်းမွန်မွန် မွေးမှာလား"

"ကောင်မလေးတွေ ကြည့်ရတာတော့ စားနိုင်သောက်နိုင်တဲ့

ထဲကပါပဲ။ ကောင်းကောင်းမွန်မွန်မွေးမှာပါ။ စံပယ်လမ်းထဲကလေ ပြောင်းလာတာတော့ သိပ်မကြာသေးဘူး''

''ကောင်းကောင်းမွေးရင်တော့ ပေးမယ်ဗျာ။ အိမ်မှာက လေးကောင်တောင်။ ထပ်ပေါက်ရင် ထပ်ရှုပ်ကြဦးမှာ။ အန်တီအေးပြော လိုက်လေ။ ပေးမယ်လို့''

''အေး ဒီဆိုင် လာနေကျပဲ။ ဆုံရင် ငါပြောလိုက်မယ်''

စက်ရှိန်သတ်ထားသော သူ့သဘော်သည် ဆိပ်ခံဘောတံတားသို့ အတိအကျဆိုက်ရောက်သွားလေသည်။

✪ ✪ ✪

ထိုနေ့မနက်က နှင်းတော်တော်ကျပါသည်။

နံနက် (၇) နာရီအထိ နှင်းက မကွဲချင်သေး။ ခပ်မြင့်မြင့် အပင်များအားလုံး ဖြူးဖွေးသိပ်သည်းသော နှင်းမှုန်တွေထဲမှာ ပျောက်နေကြ သည်။ အိမ်ရှေ့လမ်းကို အသာပင် ငေးကြည့်နေခဲ့ပါသည်။ မည်မျှ သိပ်သည်းစွာ ကျနေသော နှင်းထုထဲမှာဖြစ်စေ သူ့ကို မှတ်မိပါသည်။

အပျင်းကြောတစ်ချက် ဆန့်နေတုန်း ငှဝါက အိမ်ရှေ့မှ ဖြတ်ကာ လျှောက်သွား၏။ အသည်းနှလုံးကို နှင်းတွေကျနေသည့် အိမ်ရှေ့လမ်းပေါ် က ခဲလုံးတစ်လုံးကို အေးစက်နေအောင် သူ လုပ်ထားပါသည်။ တစ်ကနေတစ်ရာအထိ ပုံမှန် စိတ်ထဲက ရေတွက်နေမိသည်။ လေးဆယ် ကျော်တော့ စိတ်ထဲက ဂဏန်းရေတွက်နှုန်းက မြန်ကာလာ၏။ ခုနစ်ဆယ့်ငါးမှာ နှလုံးသားက ပူနွေးလာပြီး မခံနိုင်တော့။ သူ အိမ်ထဲက



www.foreverspace.com.mm

www.foreverspace.com.mm



ထွက်လာခဲ့သည်။

အန်တီအေးဆိုင်ကိုရောက်တော့ သူမ ဂျိုင့်ကလေးကိုင်ကာ ရပ်နေတုန်းပဲ ဖြစ်သည်။ အမှတ်စဉ် တစ်ရာ့ငါးဆယ်အထိ ရေတွက်ရင်တောင် သူမ မုန့်ဟင်းခါး ရနိုင်ဦးမည် မဟုတ်ပါ။ ငုဝါ မလှမ်းမကမ်းမှာ ဝင်ရပ်ရင်း သူ့ကို တစ်ချက်မှ မကြည့်ဘဲ မုန့်တစ်ပွဲကို မှာသည်။ အန်တီအေးက အလုပ်ရှုပ်နေဆဲ။ လွန်ခဲ့သည့် သုံးလေးလက အကြွေးကိုတောင်မှ သတိမမေ့တတ်သော အန်တီအေးသည် တစ်နေ့က ပြောထားခဲ့သော စကားကို မေ့မသွားလောက်ပါဟု သူ ထင်ပါသည်။

"သြော် ရဲဝင်း။ ဟုတ်ပြီ။ ငုဝါရေ သမီး ကြောင်ရပြီလား။ ဒီမှာ သူက သမီးကို ကြောင်ပေးမလို့တဲ့"

တော်တော်တိုက်ရိုက်ဆန်သော စကားဖြစ်သည်။ သူလိုချင်သော စကားက ဒါမျိုးမဟုတ်။ ကြောင်ပိုနေသူနှင့် ကြောင်လိုနေသူနှစ်ယောက် အမှတ်တမဲ့ တိုက်ဆိုင်ကာ အပေးအယူ တည့်သွားတာမျိုး ဖြစ်ချင်သည်။ အခုတော့ ဘယ်လိုမှ တား၍မရတော့။

"ကြောင်၊ သြော်…အင်း မရသေးဘူး"

ငုဝါပုံစံက တအံ့တသြ ဝမ်းပန်းတသာမဖြစ်။ ရုတ်တရက် ပြောင်ကျသော အန်တီအေးစကားကြောင့် သူ့ဘက်က ပြန်ထိန်းသွားဟန် ရှိသည်။

"ဒါဆို ယူမှာ မဟုတ်လား။ ဘယ်နှကောင်ယူမှာလဲ။ နင်ကရော ဘယ်နှကောင် ပေးမှာလဲ ရဲဝင်း"

"ဟို…သမီးက တစ်ကောင်တည်းပဲ လိုတာပါ အန်တီအေးရဲ့"

"ကျွန်တော်ကလည်း တစ်ကောင်လောက်ပဲ ပေးမှာပါ။ ဒီတစ်ကောင်တောင်မှ အမေ့ကို တော်တော် ပြောယူရဦးမှာ"

ဒီတော့မှ ငုဝါက သူ့ဘက် တစ်ချက်လှည့်ကာကြည့်သည်။ ငုဝါမျက်နှာမှာ အရင်နေ့ကလို သနပ်ခါးမရှိပါ။ မျက်နှာသစ်ပြီးစ စိုပြေလတ်ဆတ်သော နူးညံ့မှုကိုသာ တွေ့ရသည်။

"နင့်အိမ်မှာ များနေတာပဲဟယ်။ တစ်ကောင်တော့ ပေးလိုက်ပါ။ သူက တကယ်လိုနေလို့ သူ့အိမ်မှာ ကြောင်တွေ သောင်းကျန်းနေလို့တဲ့"

"ဟာ…ကြွက်ပါ အန်တီအေးရဲ့"

ငုဝါက အမှားကို ပြင်ပေးရင်း လွတ်လပ်စွာ တစ်ချက်ရယ်သည်။ သူလိုချင်နေတာက ဒါမျိုးပေါ့ပါးလွတ်လပ်မှုပင် ဖြစ်သည်။

"အိုကေ၊ ပေးမယ်လေ။ ဒါပေမယ့် ကျွန်တော့်ကြောင်ကိုတော့ အစာဝဝကျွေးရမယ်နော်"

ဒိုင်းခနဲ သူ့ထံသို့ မျက်ဝန်းတစ်စုံ ရောက်ကာလာ၏။

"ကျွေးမှာပေါ့။ ဘယ်သူက အငတ်ထားမှာလဲ ဟုတ်တယ်"

"ဟာ မဟုတ်ဘူး။ ကိုယ်ပေးမယ့်ကြောင်က တော်တော် အစားပုတ်လို့ပြောတာပါ"

"ကြောင်စားတာပဲ။ လူတစ်ယောက်စာလောက် မကုန်ပါဘူး"

"ဟုတ်ပါတယ်။ ကိုယ်က ကြောင်ကို ဒီဆိုင်မှာပဲ ပေးထားရမှာလား"

"အိမ်က ဝေးလို့လားဟင်"

"ဟင့်အင်း၊ မဝေးပါဘူး။ ဒီလမ်းအလယ်နားလောက် ငှက်ပျောနု

www.foreverspace.com.mm



ရောင် ဆေးသုတ်ထားတဲ့အိမ်က ကိုယ်တို့အိမ်ပဲ"

စကားစ ပြတ်သွားသည်။ အန်တီအေးကို ပုဏ္ဏားတိုင်ထားကာ ပြောတုန်းက ကျွန်တော်ဟု သူသုံးခဲ့သော်လည်း ငုဝါနှင့် တိုက်ရိုက်စကား ပြောတော့ ကိုယ်ဟု တမင်တကာ သတိထားကာ သုံးခဲ့သည်။ မိန်းကလေး တစ်ယောက်ကို စတွေ့တွေ့ချင်း ကျွန်တော်တွေ ဘာတွေ သွားသုံးပြီးမှ နောက် "ကိုယ်" (သို့) "တို့" သုံးလျှင် သူတို့က သိပ် မကြိုက်ချင်ကြ။ ဒီလူ ပြောင်းလဲလာပြီဆိုတာကို သတိထားတတ်ကြသည်။ သို့မဟုတ် ခင်မင်မှုကို အခွင့်အရေးယူသည်ဟု ထင်တတ်ကြသည်။

မိန်းကလေးတစ်ယောက်နှင့် စတင်တွေ့ခြင်းသည် ယောကျ်ား လေးတစ်ယောက်အတွက် တော်တော်ကို အရေးကြီးပါသည်။ သူကတော့ ရနိုင်သမျှ ဆက်ဆံရေးကို မထိခိုက်ဟုဆိုလျှင် အကုန်ယူထားသင့်သည်ဟု ယူဆသည်။ စတွေ့တွေ့ရချင်း ကိုယ်က ကူညီရဖြစ်နေသဖြင့် နည်းနည်း ကလေးသာအောင် တင်ထားခြင်းလည်းဖြစ်သည်။

ထိုနေ့က ထူးဆန်းစွာ ငုဝါက သူ့လိုပင်မှာ မုန့်ဟင်းခါးကို စား၏။ သို့သော် ငုဝါ မုန့်စားအတော်မြန်ပါသည်။ သူ့နောက်မှရကာ သူ့အရင်စားလို့ပြီးကာ ဟင်းရည်တွေဘာတွေပင် တောင်းကာသောက်နေ ပြီ။ ဒီတစ်ခါတော့ သူ ဘာမှ မတတ်နိုင်တော့ဘဲ သုံးပုံတစ်ပုံလောက်ကျန် သော မုန့်ဟင်းခါးကို ထားပစ်ခဲ့ရသည်။ တမင်ပင် ကောင်မလေးနှင့်သူ အတူ ဆိုင်မှ ထွက်ခဲ့သည်။

အတူယှဉ်ကာ လျှောက်လာသော သူ့ကို ငုဝါက ငဲ့ကာကြည့် သည်။ ဘာမှတော့ မပြော။ သူက ပြုံးကာ ခေါင်းဆတ်ပြလိုက်၏။

www.foreverspace.com.mm

သူ့အိမ်ရှေ့ကို ရောက်တော့ ဆတ်ခနဲ ရပ်ပစ်လိုက်ပြီး ခပ်သွက်သွက် စကားကို စရသည်။

"ဒါ ကိုယ်တို့အိမ်ပဲ။ မင်းအခု ယူသွားလို့တော့ မဖြစ်ဘူးနဲ့တူတယ်။ မင်းဆီမှာ မုန့်ဟင်းခါးထုတ်တွေနဲ့"

"အခု မယူပါဘူး။ ကျောင်းက ပြန်လာမှ ယူမယ်လေ"

"ကျောင်းက…၊ မင်းက ဘယ်နှတန်းလဲ"

"တတိယနှစ်"

"ဘာမေဂျာလဲ"

ငုဝါက မျက်လုံးကို တခြားဘက်သို့ လွှဲပစ်လိုက်ကာ အသံခပ်တိုးတိုးဖြင့် ဖြေသည်။

"သမိုင်း"

သူ ငုဝါ မြင်အောင်ပင် တိတိကျကျကြီး ပြုံးပစ်လိုက်ပါသည်။ ငုဝါက စာသိပ်မတော်ပါ။ ဒါ သူ့အတွက် ကောင်းသည်။ စာနည်းနည်းတော်သည့် မိန်းကလေးတွေဆို စာသင်နေတုန်းမှာ ဘာညာတွေ လာတတ်၏။

"မင်း ကျောင်းက ဘယ်အချိန် ပြန်ရောက်မှာလဲ"

"သုံးနာရီလောက်ပေါ့"

"ဟာ ဒါဆို ကိုယ်အိမ်မှာ ရှိမှာ မဟုတ်ဘူးကွ။ လေးနာရီခွဲလောက်မှ လာခဲ့ဟုတ်ပြီလား။ ဒီကြောင်က ကိုယ်ဖမ်းပေးမှရမှာ"

ငုဝါက ခေါင်းကို တစ်ချက်ညိတ်ကာ သူ့ကို ကျေးဇူးတင်ပါတယ်။ ဘာညာပင် နှုတ်မဆက်ဘဲ ထွက်ကာသွား၏။ အမှန်တော့

www.foreverspace.com.mm



သူ (၃) နာရီကို ဘယ်မှ သွားစရာမရှိပါ။ စ,စချင်း အရာအားလုံး အဆင်ပြေနေအောင် လုပ်ပေးသလို ဖြစ်နေမှာစိုး၍ တစ်ခုလောက် ထစ်ထားလိုက်ခြင်းသာဖြစ်၏။ ဒါမှ အကြံနှင့် ကူညီသူတစ်ယောက်ဟု သူ့ကို မထင်မှာ မဟုတ်လား။

အိမ်ပေါ်ရောက်တော့ ခြေသုတ်ခုံမှာ ခွေကာ နပ်နေသော ကြောင်ကို ရှေ့လက်နှစ်ဖက်မှ ဆွဲယူကာ အားရပါးရ နမ်းလိုက်သည်။ ကြောင် တကယ် အူကြောင်ကြောင် ဖြစ်သွားဟန်တူ၏။ ပြန်ချပေးပြီး သူ့အခန်းထဲဝင်လိုက်တော့ ကြောင်က စိတ်လိုလက်ရ သူ့ခြေခုံကို လိုက်ပွတ်ကာ အစာတောင်းနေသဖြင့် တစ်ချက် ပိတ်ကန်ကာ ထားပစ်ခဲ့ရသည်။

ညနေ လေးနာရီထိုးပြီးတော့ သူ စိတ်နည်းနည်း ပူစပြုလာသည်။ သူ တစ်ချက်တင်းလိုက်တာ မှားများသွားပြီလား။ ငုဝါအိမ်ကို ကြောင်မှ လာယူပါတော့မလားဟု တွေးနေမိသည်။ လေးနာရီပဲ ရှိသေးတယ်ဟု သူ့ကိုယ်သူ အားပေးရသည်။ ကြောင်ကိုလည်း မျက်ခြေမပြတ်ရအောင် စာလေးခွေချကာ ကျွေးထားရ၏။ ငုဝါလာမှ ကြောင်ကို လိုက်ဖမ်းနေရတာမျိုး သူ မဖြစ်ချင်ပါ။

ငါးနာရီ ထိုးခါနီးလောက်မှ သူ့အိမ်ရှေ့သို့ ကလေးမလေး တစ်ယောက် လာကာရပ်သည်။ ထို့နောက် ပုဏ္ဏရိပ်ပင်အကွယ်သို့ ပြန်ကာ ဝင်သွားပြန်၏။ ခဏကြာတော့ ပြန်ကာ ထွက်ရပ်ပြန်သည်။ သူ ပြေးဆင်းကာ တံခါးကို ဖွင့်ကြည့်တော့ ငုဝါကို တွေ့ရသည်။ လက်ထဲမှာ ခြင်းတောင်းကလေးကိုင်လို့။

ကြောင်နှစ်ကောင်စာအုပ်တိုက်

www.foreverspace.com.mm



“ဆောရီးကွာ၊ ကိုယ်က နာမည်ပြောခဲ့ဖို့ မေ့သွားတာ။ ရောက်နေတာ ကြာပြီလား”

“ရပါတယ်”

တည်ငြိမ်သော ဖြေသံကို ကြားရသည်။ ခုနက ခြံတံခါးရှေ့မှာ လာရပ်တဲ့ ကောင်မလေးက ငုဝါရဲ့ ညီမဖြစ်ပုံရသည်။ ရုပ်ချင်းက ဆင်ကြသည်။ အသက်ကတော့ သုံးလေးနှစ် ကွာမည်ထင်သည်။

“ကဲ…လာ၊ လာ လာ”

အိမ်ပေါ်ကို မရဲတရဲ တက်လာပြီးတော့ ဆိုဖာပေါ်မှာ ကြမ်းပြင်မှာ အိပ်နေခွေနေကြသော ကြောင်တွေကို ကြည့်သည်။ ကြောင်တွေက အမဲနှစ်ကောင်၊ မီးခိုးရောင်တစ်ကောင်နှင့် အဖြူနှင့်စပ်ထားသော ရွှေဝါပြောက်ပါသော ခပ်လှလှတစ်ကောင်ဖြစ်သည်။

“ဘယ်အကောင်ကို ပေးမှာလဲဟင်”

ကလေးမလေးက မရဲတရဲမေးသည်။ ငုဝါကတော့ ဘာမှမဖြေ။ သူ့ကို တစ်ချက်ကြည့်သည်။

“မိန်းကလေးဆိုတာ လှတာမှကြိုက်တယ်ဆိုတာ ကိုယ်သိပါတယ်။ မင်းတို့ ရွှေဝါရောင်ပဲ လိုချင်တာ မဟုတ်လား။ အဲဒီအကောင်ပဲ ပေးမှာပါ”

“ဟယ်…ဒီအကောင်လေးလား။ ချစ်စရာလေးနော် မမ”

ကလေးမလေးက ပျော်သွားကာ ကြောင်ကို ငုံ့ကာ ပွတ်သပ်ပေးနေသည်။

“အိမ်ကရော ပေးရဲ့လား”

ကြောင်နှစ်ကောင်စာအုပ်တိုက်

www.foreverspace.com.mm



"အင်း…ပြောတော့ ပြောယူရတာပေါ့။ ဒါပေမဲ့ အိုကေသွားပါပြီ။ အိမ်က သဘောတူပါတယ်"

အမှန်တော့ ကျွန်တော်တို့အိမ်က ကြောင်တွေ ဘာတွေကို သိပ်အလေးအနက်ထားပြီး မွေးတာမျိုး မရှိ။ အိမ်မှာ ရောက်နေ၍ မွေးထားကျွေးထားတာလောက်ပဲ ရှိပါသည်။ အခုကြောင်ပေးဖို့တောင် ဘယ်သူ့ကိုမှ တိုင်ပင်ရတာမျိုး မရှိ။ မတွေ့၍ မေးလဆင် ပေးလိုက်ပြီဟု ပြောဖို့သာရှိသည်။ ဒါပေမယ့် ဟန်ကိုယ်ဖို့ မဟုတ်လား။ အလွယ်အတူ ပေးလိုက်လို့က ဘာထူးဦးမှာလဲ။

"ဟဲ့…ဆုမာ သိပ်မကိုင်နဲ့လေ"

"ရပါတယ်။ ဒီကောင်က အစားသာ ပုတ်တာ။ ယဉ်ပါတယ်။ ကိစ္စမရှိဘူး။ ထည့်စရာက ဒီခြင်းပဲပါတာလား။ ရပါတယ်။ အဆင်ပြေအောင် လုပ်ပေးလိုက်မယ်"

ကျွန်တော် ကြိုးတစ်ချောင်း သွားယူကာ ကြောင်ကို ခြင်းထဲ အသာယူကာ ပွေ့ထည့်ပြီး ခြင်းထိပ်ကို ကြိုးဖြင့် စည်းကာပေးလိုက်သည်။ ခြင်းထဲရောက်မှ ကြောင်က တညောင်ညောင်အော်သည်။

"ကဲ…အော်မနေနဲ့မိဝါ။ မင်းသခင်သစ်အိမ်မှာ ကောင်းကောင်း နေရမယ်နော်။ ဟုတ်ပြီလား"

တကယ့်တော့ ဒီကောင့်မှာ ဘာနာမည်မှ မရှိပါ။ ဒါပေမယ့် ကျွန်တော် ပစ်လိုက်သည့်မြားက တည့်တည့်ထိပါသည်။

"ဟယ်…သူ့နာမည်က မိဝါတဲ့လား။ မမနာမည်နဲ့ တူနေတာပေါ့ နော်။ မေမေတို့က မမကို မိဝါပဲ ခေါ်ကြတာ"

www.foreverspace.com.mm



"ဟုတ်လား။ သူ့ကိုတော့ အိမ်က ရွှေဝါလို့ ခေါ်ကြတာ။ အဖျားဆွတ်ကတော့ မိဝါပေါ့။ မင်းနာမည်က ဘယ်လူလဲ"

"ငုဝါလေ"

အငယ်မလေးက ခပ်သွက်သွက် ဝင်ကာ ဖြေသည်။

"မမက ငုဝါကျော်တဲ့။ သမီးက ဆုမာမော်"

"သြော်…ဒါဆို ဒီကောင့်နာမည်နဲ့ တူနေတာပေါ့။ အိမ်ရောက်ရင် နာမည်အသစ် ပြန်ပေးလိုက်လေ"

"ရပါတယ်"

"ကဲ…ဒါဆို ယူသွားတော့။ ကဲ မိဝါ သခင်သစ်နဲ့ မင်း ကံကောင်းပါစေကွာ။"

ငုဝါက မျက်ဝန်းကလေးလှန်ကာ သူ့ကို တစ်ချက်ကြည့်သည်။ ပြီးတော့ ကမ်းပေးသော ခြင်းကို သတိတကြီး လှမ်းယူကာ လှည့်ထွက်သည်။ ထုံးစံအတိုင်း ကျေးဇူးတွေ ဘာတွေတောင်မှ မပြော။ သူ့ရင်ထဲမှာ ဟာကာသွားသည်။ ငုဝါတို့ခြံဝကို လွန်သွားမှ အားရပါးရ ပြုံးရင်း…

"မင်းလောဘမကြီးချင်စမ်းပါနဲ့ကွာ"ဟုသူ့ကိုယ်သူသတိပေးရသည်။"

ဟုတ်တယ်။ ဒါက ပွဲအစပဲ ရှိသေးတာ။ အခုဆိုလျှင် ကောင်မလေးနဲ့ သူ့အကြားမှာ ဆက်ဆံရေးတစ်ခု ရှိသွားပြီ။ ကြောင်တစ်ကောင် ရှိနေပြီ မဟုတ်လား။ အရင်တုန်းကလို အဝေးက ငေးကြည့်နေစရာ မလိုတော့။ ကောင်မလေးကို သူ ချက်ချင်းသွားစကားပြောလို့ ရပြီလေ။

✪ ✪ ✪

ကြောင်နှစ်ကောင်စာအုပ်တိုက်

www.foreverspace.com.mm



မနက် မိုးလင်းလင်းချင်း အိမ်ရှေ့ဆိုဖာပေါ်မှာ ငုတ်တုတ်ထိုင်နေသော ကြောင်ကို တွေ့လိုက်ရသဖြင့် သူ တော်တော် စိတ်ပျက်ကာသွားသည်။ ဒီနေ့ မုန့်ဟင်းခါးဆိုင်မှာ တွေ့လျှင် "ကိုယ့်ကြောင်က တာဝန်ကျေရဲ့လားဟု မေးမည်ဆိုသော စိတ်ကူးကို ဖျက်ပစ်လိုက်ရသည်။ ကြောင်က တစ်ချက် သမ်းဝေကာ ပြေးဆင်းလာပြီး သူ့ခြေထောက်ကို လာပွတ်သပ်နေသည်။ အခုမှ တော်တော်ချစ်နေတယ်ပေါ့လေ။ သူ ဒေါသနှင့် ပိတ်ကန်ပစ်လိုက်သည်။

ညကတည်းက လွတ်ကာ အိမ်ကို ပြန်ရောက်နေပုံပေါ်သည်။ အိမ်ကလည်း တစ်လမ်းကျော်ဆိုတော့ အနီးကလေး မဟုတ်လား။ သူ့ခြေထောက်ကို လာပွတ်နေသော ကြောင်ကို ပိတ်ကန်ကာ သူ အိပ်ခန်းထဲဝင်လာခဲ့သည်။ ဒီနေ့ မုန့်ဟင်းခါးဆိုင်ကို မသွားဖို့ ဆုံးဖြတ်လိုက်၏။ ဒီနည်းနဲ့မရလျှင် သူ ပရိယာယ်ပြောင်းရတော့မည် မဟုတ်လား။

ထိုနေ့တစ်ရက်တိတိစောင့်ပြီး နောက်တစ်နေ့မနက်မှာ အိမ်ရှေ့မှ ဖြတ်သွားသော ငဝါကို တမင်စောင့်ကာ ပြုံးပြပြီး အတူလိုက်လျှောက်ခဲ့သည်။

"မိဝါ အဆင်ပြေတယ် မဟုတ်လား"

ငဝါ သူ့ကို မျက်ဝန်းတစ်ချက် လှည့်ကြည့်ကာ ထုံးစံအတိုင်း "ပြေပါတယ်" ဟု ဖြေသည်။ သူ ပြုံးလိုက်သည်။

"ထွက်မပြေးတာ တော်သေးတာပေါ့။ ကိုယ်က စိုးရိမ်နေတာ"

ငဝါက ဘာမှပြန်မပြော။ မုန့်ဆိုင်ရောက်တော့လည်း ဘာစကားမှ ထပ်မပြောဖြစ်။ မုန့်ကို ကမန်းကတန်းဝယ်ကာ သူ့ကို

www.foreverspace.com.mm



နှုတ်မဆက်ဘဲ သွက်သွက်ထွက်သွားသော ကောင်မလေးကို ကြည့်ကာ သူ ပြုံးနေလိုက်သည်။ ရဲဝင်းဆိုတဲ့ ကောင်က မင်းထင်ထားသလောက် မညံ့ဘူးဆိုတာကိုတော့ မင်း ယုံထားပါ မိငုဝါရေ။

ညနေ လေးနာရီခွဲလောက်မှာ ကြောင်ကို ဖမ်းပြီး ဘာမှ မဆိုင်ဘဲ အစီအစဉ်အရ ရေချိုးကာ ပေးသည်။ ကြောင်က လန့်ဖြန့်ကာ ကြောက်လန့်တကြား ရုန်းသည်။ ဆောင်းညနေခင်းကြီး ရေချိုးပေးတော့ ချမ်းလွန်းသဖြင့် တုန်ကာနေရှာသည်။ သူ့ကိုယ်သူလည်း ဘာတွေ ဖြစ်နေမှန်းကို ဒီကောင် နားလည်ဟန်မတူ။ အမေကတော့ သူ့ကို တစ်ချက်ကြည့်ကာ ခပ်ဆတ်ဆတ်မေးသည်။

"ရဲဝင်း နင် ဘာဖြစ်နေတာလဲ"

"ဒီကောင့်ကို ရေချိုးပေးနေတာ အမေ။ ပေးပစ်မလို့"

အမေက ဘာမှ ထပ်မပြောတော့။ ပထမအကြိမ် ပေးတုန်းက အမေသိပင် မသိလိုက်ဘူး မဟုတ်လား။ ပြီးတော့ ကြောင်ကို မွေ့အရေခွံ အိတ်ထဲ ထည့်ယူကာ ငုဝါတို့အိမ်ကဘက်သို့ ထွက်လာခဲ့သည်။ အိမ်ရှေ့ ရောက်တော့ ဖွင့်ထားသော တံခါးမှ ခပ်တည်တည်ပင် ဝင်လာခဲ့သည်။ ရဲဝင်းဆိုတဲ့ ကောင်က တစ်ခါတစ်ရံ သူ့ကိုယ်သူ ဒီလို ယုံကြည်တတ်သူ ဖြစ်ပါသည်။

အိမ်ပေါ်ရောက်တော့ ငုဝါလန့်သွားပုံရသည်။ ငုဝါ၏အမေကို လည်း တွေ့ရသည်။

"ဒီကောင် နေ့ခင်းက ပြန်ရောက်လာလို့"

ပြောရင်း သူ ကြောင်ကို အိတ်ထဲမှ ထုတ်လိုက်သည်။

www.foreverspace.com.mm



ရေခြောက်အောင် သုတ်ထားသော်လည်း အချမ်းမပြေသေးသော ကြောင်က ကုတ်ကာ တုန်နေရှာသည်။ ပြီးတော့ သူ့ကို မော့ကြည့်ကာ ဘာမှ မပေရေဘဲ ဘာဖြစ်လို့ ရေချိုးပေးတာလဲဟု မေးနေပုံရသည်။

"တစ်ကိုယ်လုံး ဗွက်တွေနဲ့ ပေရေနေလို့ ရေချိုးပြီး ပြန်လာပို့တာပါ"

"သြော်…အားနားစရာကြီးကွယ်၊ အန်တီတို့လည်း အုပ်ဆောင်းနဲ့ သေသေချာချာ အုပ်ထားတာပဲ။ အဲဒါ ညက ဝုန်းခနဲ အသံကြားပြီး လွတ်သွားတာပဲ၊ ကြောင်က မင်းတို့အိမ်က ကြောင်လား"

"ဟုတ်တယ် အန်တီ၊ ငုဝါတောင်းတာနဲ့ ပေးလိုက်တာ၊ ညက ဒီကောင်ကြောက်လန့်ပြီး လျှောက်ပြေးရင်း ဗွက်ထဲပြုတ်ကျတာ ထင်တယ်၊ ဒါနဲ့ မနက်က မေးတော့ အဆင်ပြေပါတယ်ဆို"

ငုဝါငိုင်ကာ သွား၏။ ပြီးတော့ မျက်လွှာကိုချကာ တစ်ဖက်သို့ လွှဲသွားသည်။

"ပျောက်သွားတယ် ပြောရမှာ အားနာလို့၊ ညနေကမှ ပေးတာ ညဘက် ပျောက်သွားတာကိုး"

မျက်နှာအိုအို၊ လေသံပျော့ပျော့ကလေးနဲ့တင် သူ ကျေနပ်လိုက်သည်။ ထိုစဉ် အငယ်မကလေး ပြေးထွက်လာ၏။

"ဟယ်…စနိုးကလေး ပြန်ရောက်လာပြီလား၊ ဟင် တစ်ကိုယ်လုံးလည်း တုန်လို့၊ ဘာဖြစ်တာလဲဟင်၊ ကြောက်နေတာလား"

"မဟုတ်ဘူးကွ၊ မင်းကောင် ဗွက်တွေထဲ ကျထားလို့ ရေချိုးပေးထားတာ"

www.foreverspace.com.mm



"ဟယ် သနားပါတယ်၊ စနိုး လာ လာ၊ သမီးသူ့ကို စနိုးလို့ ပေးထားတာ သိလား"

ကလေးမလေးက ကြောင်ကလေးကို ပွေ့ကာထား၏။

"သူ မနေချင်ဘူးဆိုလည်း ထားလိုက်ပါတော့ကွယ်၊ အိမ်ကလည်း နီးနေတော့ ထားလို့ရမယ် မထင်ဘူး၊ ပြန်မှာပဲ"

"ဟာ…ပေးပြီးသား ကြောင်ကို ပြန်မယူကောင်းဘူး အန်တီရဲ့၊ အိမ်ခိုက်တယ်တဲ့၊ အမေကပြောလို့ ကျွန်တော် လာပြန်ပို့ရတာ၊ ရပါတယ်၊ အန်တီတို့ ကြောင်ကိုထားနည်း မသိလို့ပါ။ ဟိုတစ်နေ့က ခြင်းကျားကြီးနဲ့ လာကတည်းက ထင်တော့ထင်သားပဲ၊ ကြောင်ကို နေအောင်ထားတဲ့နည်းရှိတယ် အန်တီရဲ့၊ ပြန်ယူလို့တော့ မဖြစ်ဘူး အန်တီ"

သူ ချုပ်ပေးလိုက်သည့် စကားကြောင့် အန်တီကြီး ဘာမှ ပြန်မပြောနိုင်တော့၊ ငုဝါကတော့ သူ့ကို မျက်ဝန်းကလေးပင့်ကာ အာရုံစိုက်ကြည့်ကာ နေသည်။

"အေးကွယ်၊ နေအောင်လုပ်ပေးနိုင်ရင်တော့ အကောင်းဆုံးပေါ့၊ အိမ်မှာက ကြွက်တွေ သောင်းကျန်တာ၊ ရှိချင်တာတော့ အမှန်ပါ၊ ပြန်ယူလို့လည်း မရဘူးဆိုရင်တော့ နေအောင် လုပ်ပေးပါကွယ်"

"ရတယ် အန်တီ၊ မနေ့က ခြင်းကျားနဲ့သယ်တော့ ဒီကောင်က လမ်းမှတ်မိနေတာပေါ့၊ ဒါကြောင့် ဒီတစ်ခါ အိတ်နဲ့ သယ်လာတာ ပြီးတော့ သခင်လုပ်မယ့်လူက အသက်အောင့်ပြီး အိတ်ထဲထည့်၊ ခုနစ်ပတ်လှည့်ရတယ် အန်တီ၊ ဒါဆိုရင် အပြန်လမ်း မသိတော့ဘဲနေရာ၊

www.foreverspace.com.mm



ကဲ သခင်လုပ်မယ့် လူလာ''

''သမီးလုပ်မယ်၊ သမီးက သူ့ရဲ့သခင်လုပ်မှာ၊ စနိုးရဲ့သခင်''

သူနည်းနည်း စိတ်ပျက်ကာသွားသည်။ သူ စိတ်ကူးထားတာက ငဝါကိုဖြစ်သည်။ သို့သော် ဒီနေရာမှာ ရွေးနေလို့ မရဘူး မဟုတ်လား။ သူ ကြောင်ကို အိတ်ထဲ ပြန်ထည့်ရင်း...

''ကဲ...ဒါဆိုရင်လာ''

''သမီးက ဘာလုပ်ရမှာလည်း ဟင်''

''ဘာမှ မလုပ်ရဘူး၊ ညီမက အသက်အောင့်ပြီး ဒီကြောင် ထည့်ထားတဲ့ အိတ်ကို ခုနစ်ပတ်လှည့်၊ ပြည့်မှ အသက်ရှူ ရမှာနော်''

ကလေးမလေးက ကြောင်ထည့်ထားသော အိတ်ကိုကိုင်ကာ သူပါ ခုနစ်ပတ်လှည့်နေသဖြင့် အားလုံး ရယ်မောရသေးသည်။ အန်တီကြီးက ကျေးဇူးတင်ကြောင်း တတွတ်တွတ်ပြောကာ သူ့ကို ကော်ဖီနှင့် မုန့်ဖျော်ကာတိုက်သည်။ သူ မငြင်းပါ။ ကော်ဖီသောက်ရင်း အန်တီနှင့် အလ္လာပ သလ္လာပ ပြောနေခဲ့သည်။

ထိုသို့ စကားပြောနေစဉ်အတွင်း ငဝါကို ခဏခဏ မကြည့်ဖြစ်အောင် သူ စိတ်ကို ထိန်းရသည်။ အန်တီကြီးက သဘာကောင်းပုံရသည်။ ပြောင်းလာကြတာ မကြာသေးတော့ အိမ်နီးချင်း၊ ရပ်ကွက်သားချင်း၊ ရင်းနှီးချင်တာလည်း ပါမည်ထင်သည်။

''ဘာပဲဖြစ်ဖြစ် ဝင်ပါ ထွက်ပါ သားရယ်၊ ကလေးတွေကိုလည်း စောင့်ရှောက်ပါ၊ သူ့အဖေက ရေနံဌာနမှာ အင်ဂျင်နီယာဆိုတော့ နယ်မှာပဲ နေရတာများပါတယ်၊ အန်တီတို့က ပြောင်းလာတာ မကြာသေးတော့

www.foreverspace.com.mm



အသိမိတ်ဆွေ သိပ်မရှိလှပါဘူး"

"ရပါတယ် အန်တီ အကူအညီ လိုရင်လည်း ပြောပါ၊ ကျွန်တော့် အိမ်ကိုတော့ ငဝါသိတာပဲ"

ခဏနေတော့ သူ ထကာ ပြန်ဖို့ပြင်ရသည်။ ဒီနေ့အဖို့ ဒီလောက် ခရီးရောက်လျှင် တော်လှပြီ။ အငယ်မလေးက ကြောင်နှင့် ကစားကာ နေ၏။ ငဝါက ခြံဝအထိ လိုက်ကာပို့သည်။ သူ စကားတစ်ခွန်း ပြော ဖြစ်အောင် ပြောခဲ့ပါသည်။

"နောက်တစ်ခါကျရင် မညာနဲ့နော်၊ ကိုယ်က ညာတာ မကြိုက် ဘူး"

ငဝါက မျက်လုံးကလေးကို ဝင့်ကာ သူ့ကို ပြုံးရင်းကြည့်သည်။ ခေါင်းညိတ်၊ ခေါင်းခါတော့ မလုပ်၊ သူ ဝမ်းသာပေါ့ပါးစွာ ပြန်လာခဲ့သည်။ သီချင်းတစ်ပုဒ်လောက် ညည်းချင်သည်။ သူ ညည်းချင်သည့် သီချင်းက ကြောင်ကလေးတစ်ကောင်နှင့် ပတ်သက်သော သီချင်းမျိုး။ ထို သီချင်းမျိုးက မရှိသေး။ သူ သိပ်ကြိုက်သော အဆိုတော် ထူးအိမ်သင်ထံ ကြောင်နှင့်ပတ်သက်သော အချစ်သီချင်းတစ်ပုဒ်လောက် စပ်ပြီးဆိုပါဟု စာလှမ်းရေးရလျှင် ကောင်းမလားဟု တွေးကာ နေမိသည်။

နောက်နေ့မှာ သူ မုန့်ဟင်းခါးဆိုင်သို့ မသွားတော့ပါ။ ငဝါ မုန့်ဝယ်အပြန်နှင့် ကျောင်းအသွားကိုသာ ခြံရှေ့မှာ တစ်ခုခု လုပ်ရင်း လှမ်းကာ စကားပြောခဲ့သည်။

"ဟိုကောင် အဆင်ပြေရဲ့လား"

"အင်း ပြေပါတယ်၊ အခုဆို သိပ်အုပ်ထားစရာ မလိုတော့ဘူး။

www.foreverspace.com.mm



ဆုမာန့်တော့ ကစားနေတာပဲ"

"မညာနဲ့နော်"

"အိုး…ဘာဖြစ်လို့ ညာရမှာလဲ"

"ကြွက်တွေ တော်တော်ငြိမ်သွားပြီလား"

"ဟုတ်တယ်၊ ငြိမ်တယ်၊ အရင်တုန်းကလောက် မသောင်းကျန်းတော့ဘူး"

"ကိုယ့်ကို ကျေးဇူးမတင်ဘူးလား"

"အင်း…တင်ပါတယ်၊ ဘာဝယ်ကျွေးရမလဲ"

"အာ..နေပါစေ၊ ကိုယ်က ကျေးဇူးကို တင်ပဲထားချင်တာ၊ စားလိုက်ရင် ကျေသွားမှာပေါ့၊ ထားလိုက်ပါ"

"သွားဦးမယ်နော်"

သူ့စကားကို ရှောင်ထွက်သွားမှန်း သူသိပါသည်။ ဒါပေါ့လေ။ သူလည်း တတိယနှစ်တောင် ရောက်နေပြီပဲ။ ဘယ်စကားဟာ အန္တရာယ်ရှိတယ် ဆိုတာလောက်တော့ သိရောပေါ့။

"ကြွက်တွေ လုံးဝငြိမ်သွားပြီလား"

"အင်း…ဒါပေမယ့် ပြဿနာတစ်ခု တက်နေတယ်"

"ဘာဖြစ်လို့လဲ"

"မနေ့က ကြွက်တစ်ကောင်ခုတ်ပြီး မုန့်တင်ခုံအောက်မှာ တစ်ဝက်စားထားတယ်၊ ဒီနေ့ကျတော့ ကြွက်ကိုစားပြီး အန်ထားတာ။ ရွှံ့စရာကြီး၊ ငုဝါတို့က ကြွက်ဆိုရင် အရမ်းကြောက်တာ"

"ဟာ အဲဒီ ကြွက်ကို ဘာလုပ်ပစ်လိုက်လဲ"

www.foreverspace.com.mm



"ဘယ်သူမှ မကိုင်ရဲဘူးပေါ့၊ ငုဝါဆို အခန်းထဲကို မဝင်တော့တာ၊ အဲဒါ အိမ်ရှေ့မှာ လာကစားတဲ့ ကလေးတစ်ယောက်ကို မုန့်ဖိုးပေးပြီး လွှင့်ပစ်ခိုင်းရတယ်"

"သေရော၊ အဲဒီလို မလုပ်ရဘူး ငုဝါရဲ့၊ သူခုတ်ထားတဲ့ ကြွက်ကို ထုံးတို့ပြီး မြေမြှုပ်ပစ်ရတယ်။ အဲဒါဆို နောက်ကို ကြွက်ကို အိမ်ထဲမှာ မထားတော့ဘူး၊ အန်လည်း မအန်ရဲတော့ဘူး"

(ကျွန်တော် ပါးစပ်ထဲမှာရှိရာ ပြောခြင်းဖြစ်သည်။ အမှန်ထင်ပြီး လိုက်လုပ်စရာ မလိုပါ)

"အမလေး ငုဝါတို့က ကြွက်ဆိုရင် ကြည့်တောင် မကြည့်ရဲတာ၊ ဘယ်လိုလုပ်ကိုင်ရဲ၊ ထိရဲမှာလဲ"

"အဲဒါဆိုရင် ဒီလိုလုပ်၊ နောက်တစ်ခါ ကြွက်သေတွေ့ရင် ကိုယ့်ကို လာခေါ်လေ၊ ကိုယ်လိုက်ပြီး လုပ်ပေးမယ်"

"ကျေးဇူးပဲ၊ ပြောမလို့ဟာ အားနာလို့"

"အားမနာပါနဲ့၊ ကိုယ်က အားနာစေချင်တာ မဟုတ်ဘူး၊ ကိုယ့်ကို အားကိုးစေ့ချင်တာ"

"သွားတော့မယ်နော်"

သူ့ကို တစ်ချက်စိုက်ကြည့်ရင်း လှစ်ခနဲ ထွက်သွားသော ငုဝါကို ငေးကာ ဒီကောင်မလေး ရင်ခုန်သွားပြီဆိုတာကို တစ်သန်းကြေးလောက် သူလောင်းလိုက်ချင်ပါသည်။

ဒီလိုနှင့် ကြွက်သေတွေ့မည့်နေ့ကို စောင့်နေခဲ့သည်။

သို့သော် နှစ်ရက်ခန့်အကြာမှာ ဆောင်းနေ့လည်ခင်း သူခဏ

www.foreverspace.com.mm

အိပ်ပြီး နိုးလို့ အိမ်ရှေ့ထွက်တော့ အနက်ရောင်ကြောင်နှင့် ကစားနေသော စနိုးကို သူ စိတ်ပျက်ဖွယ်ရာ တွေ့နေလေသည်။ သူ ဘာမှ မပြောတော့။ ကြောင်ကို ခါးထောက်ကာ ကြည့်နေလိုက်သည်။

လေးနာရီလောက်မှာ ကြောင်ကိုပိုက်၊ သူ့အိမ်ရှေ့မှာပင် စောင့်နေလိုက်သည်။

"ဟောတော့၊ ပြန်ရောက်နေပြန်တာလား"

"အစစ်ပေါ့၊ ရော့ပြန်ခေါ်သွား"

သူ လှမ်းပေးတော့ ငုဝါက နောက်ကို တစ်လှမ်းဆုတ်သည်။

"ကုတ်လိမ့်မယ် ထင်တယ်၊ မကိုင်ရဲဘူး"

ငုဝါက ကြွက်ကို မုန်းတီးကြောက်ရွံ့သော်လည်း ကြောင်ကိုတော့ ချစ်ပုံမရပါ။ ကြောင်ကို ချစ်သူက ဆုမာသာဖြစ်သည်။ လောကကြီးမှာ ဒီလောက်တော့ မှားယွင်းလေ့ရှိပါသည်။

"မကုတ်ပါဘူး၊ ဒီကောင်က ယဉ်ပါတယ်။ ကဲ ကြောက်ရင်လည်း ကိုယ်ပဲ ယူခဲ့မယ်။ ဒီတစ်ခါ ကြောင်လုံးဝ မပြေးတဲ့ နောက်ဆုံးနည်းနဲ့ လုပ်ပေးခဲ့မယ်"

"နည်းရှိသေးလို့လား"

"နောက်ဆုံး ကြောင်မပြေးတဲ့ နည်းရှိသေးတယ်၊ ဒီကောင့်နှုတ်ခမ်းမွေး၊ ခုနစ်ပင်ကို ညှပ်ပြီး လူတစ်ရပ်တိုင်မှာ ကပ်ထားရမှာ အသက်လည်း အောင့်ထားရမယ်"

"ကြောင်တွေအကြောင်း တော်တော်သိတယ်နော်"

"ကြောင် မွေးဖူးရင် သိပါတယ်။ အခက်ကြီးမှ မဟုတ်တာ။

www.foreverspace.com.mm



ဒီတစ်ခါတော့ နှုတ်ခမ်းမွေးကို ငုဝါကိုယ်တိုင် ကပ်တာကောင်းတယ်။ ဆုမာနဲ့ ဒီကြောင်က သိပ်ကံမစပ်ဘူး''

ငုဝါတို့အိမ်ကိုရောက်တော့ နှုတ်ခမ်းမွေးညှပ်ကာ တိုင်မှာ ကပ်ကြသည်။ သူက ဆိုလိုတိတ်ကို ဖြတ်ကာ ကိုင်ပေးရသည်။ ငါးခုမြောက်မှာ ငုဝါက အသက်မအောင့်မိဟု ရယ်မောကာ ပြောသဖြင့် သူက အစမှ ပြန်ကာ ကပ်ခိုင်းသည်။ ဘာမှမဟုတ်ဘဲ ငုဝါရော၊ ဆုမာရော သူပါ ပျော်ရွှင်ကာ ရယ်မောခဲ့ကြသော အမှတ်တရ အချိန် ဖြစ်ခဲ့သည်။

ဆိုလိုတိတ်ကို သူ့လက်ညှိုးထိပ်က လှမ်းခွာတိုင်း သူ ငုဝါ လက်ကလေးနှင့် ထိခွင့်ရသည်။ ရင်ထဲမှာ နွေးသည်။ ပီတိရင်ထဲမှာ နှလုံးသားသည် ဟိုဒီပျံ့ဝဲလျက်ရှိ၏။ ငုဝါမျက်နှာကလေးမှာလည်း ရင်ခုန်ရိပ် အစွန်းအစကို ငြင်သာစွာ တွေ့နေရသည်။

''အချိန်မဆွဲနဲ့တော့ ရဲဝင်း'' ဟု သူ့ကိုယ်သူ သတိပေး ခေါင်း လောင်းတီးရမည်။ ရင်ခုန်သံနဲ့ သွေးနွေးနေတုန်းမှာ အချစ်အကြောင်း ပြောတာ အကောင်းဆုံး မဟုတ်လား။

ခင်မင်မှုနှင့် သံယောဇဉ်ကို မလိုအပ်ဘဲ အကြာကြီး ယူနေ၍မရ။ ခင်မင်မှုမှာ မြောပါနေရင်း စိတ်မထိန်းနိုင်၍ ဖွင့်ပြောတော့မှ အစ်ကို တစ်ယောက်လို အရမ်းခင်နေတာ ဆိုသော စကားကြီးနဲ့ ထိန်သွားသော ယောကျ်ားတွေ အများကြီး မဟုတ်လား။

ထိုနေ့မှစ၍ လေးရက်တိတိ သူ ငုဝါနှင့်မတွေ့ရအောင် သတိ ထားကာ တမင်ရှောင်ကာနေလိုက်သည်။ တစ်ခါတစ်ရံ မတွေ့ခြင်း

ကြောင်နှစ်ကောင်စာအုပ်တိုက်

www.foreverspace.com.mm



သည် တွေ့ခြင်းထက် ခရီးရောက်တတ်မှန်းကို သူသိပါသည်။ ကိုယ့်စိတ်ကိုတော့ ကိုယ်အတော်ထိန်းရသည်။

ငါးရက်မြောက်နေ့မှာ ငုဝါကျောင်းသို့သွားသော ကားမှတ်တိုင်မှာ သူစောင့်နေလိုက်သည်။

“ဟင်…ဘယ်သွားမလို့လဲ”

“ငုဝါတို့ကျောင်းထဲ”

“ကျောင်းကို ဟုတ်လား၊ ဘာလုပ်မလို့လဲဟင်”

“သူငယ်ချင်းတစ်ယောက်ကို သွားတွေ့မလို့၊ သူက ငုဝါတို့ကို ကျောင်းမှာ ဆရာလေ”

“ဟင်…ဟုတ်လား၊ ဘယ်မေဂျာကလဲ”

“အရှေ့တိုင်းက”

“ဆရာလား၊ ဆရာမလား”

“ဆရာမပါ၊ ခင်မျိုးဉတဲ့”

“ဘာညာ…ဘာညာလား”

သူပြုံးလိုက်သည်။ ဒါလေးရက်မတွေ့တဲ့ အသံပေါ့ဟု စိတ်ထဲမှာ အကျယ်ကြီးအော်ကာ ပြောလိုက်၏။

“ရိုးရိုးပါ။ နယ်ကို ရောက်နေတဲ့ သူ့ရည်းစားကိုယ့်သူငယ်ချင်းက စာပေးဖို့ အိမ်ကို စာရောက်လာလို့ သွားပေးမှာ”

“သြော်”

“ဟိုကောင်၊ အဆင်ပြေသွားပြီ မဟုတ်လား၊ ပြန်မတော့ဘူး”

“ဟုတ်တယ်၊ အိမ်ကနေ မသွားတော့ဘူး၊ ဒါပေမယ့် ပြဿနာ

www.foreverspace.com.mm



တစ်ခု တစ်နေတယ်"

"ဘာလဲ"

"အီအီးပါတာ၊ သိပ်နံတာပဲ၊ မေမေ့ ကုတင်အောင်မှာရော၊ ငုဝါ အခန်းထဲမှာရော ပွနေတာပဲ၊ အရမ်းစိတ်တိုတာပဲ"

"ဘာဖြစ်လို့ ကိုယ့်ကို မပြောတာလဲ"

"ဘာလဲ နည်းရှိလို့လား"

"ရှိတာပေါ့၊ ညဘက်ဆယ့်နှစ်နာရီလောက်ကို ဒီကောင့်ကို ဂုတ်ကနေကိုင်ပြီး မြေကြီးနဲ့ ဖင်နဲ့ ခုနစ်ချက် အသက်အောင့်ပြီး ဆောင့်ရတယ်၊ အဲဒါ နောက်ဆို အိမ်အောက်မှာပဲ သွားရော"

"ဟုတ်လား၊ တော်ပါသေးရဲ့၊ စမ်းကြည့်ဦးမှပဲ၊ ညဘက် ဆယ့်နှစ်နာရီလောက်နော်"

"ဟုတ်တယ်၊ လုပ်ကြည့်၊ သိပ်အံ့ဩဖို့ကောင်းတာ၊ သူ့ခာတ်နဲ့ သူပေါ့။ ကျေးဇူးတင်တယ် မပြောနဲ့၊ ကျေးဇူးတွေ သိပ်များနေပြီဆိုတော့ ကျောင်းရောက်ရင် လက်ဖက်ရည်တိုက်"

ငုဝါက ပေါ့ပါးသွက်လက်စွာ ရယ်သည်။ ပြီးတော့ "အိုကေ၊ တိုက်မယ်လေ ဟုဆို၏။ အဖော်တွေ သူငယ်ချင်းတွေ မခေါ်ဘဲသူနှင့် နှစ်ယောက်တည်း လက်ဖက်ရည် ဆိုင်ထိုင်ကြသည်။ သူငေးလိုက်တိုင်း ငုဝါက မျက်လွှာချချသွားတတ်၏။ ဖွင့်ပြောဖို့ စီစဉ်တော့" ဟု ရင်ထဲက ခေါင်းလောင်းသံ မြည်သည်။ အချိန်သိပ်ဆွဲနေစရာ မလိုတော့ဆိုတာကို အလိုလို သိကာနေ၏။

နောက်နေ့ ငုဝါကို သွားမတွေ့၊ စာတစ်စောင်ကို တစ်နေကုန်

www.foreverspace.com.mm



ထိုင်ကာရေးရသည်။ နှုတ်ကသာ ဖွင့်ပြောဖို့ စဉ်းစားထားသော်လည်း အဆင်မပြေလျှင် စာပေးလိုက်ဖို့ကိုပါ စီစဉ်ထားရသည်။ အားလုံး ပြင်ဆင်ပြီးတော့ ငုဝါရဲ့ နှုတ်ခမ်းဖူးဖူးကလေး၊ ပခုံးဦးနုနုနှင့် ခါးကျဉ်းကျဉ်း ကလေးကို စိတ်ကူးယဉ်ကာ နေမိသည်။

ဆောင်းနေ့လယ်ခင်း သစ်ရိပ်အောက်က တိတ်ဆိတ်သော နေရာမှာ ငုဝါပါးကလေး ဘယ်လောက်တောင် နွေးနေမှာလဲ၊ တွေးရင်း တွေးရင်း ငုဝါကို အရမ်းချစ်လာသည်။ စိတ်ကူးထဲမှာ လက်ထပ် ပစ်လိုက်၏။

ခုနစ်နာရီခွဲကတည်းက ကားဂိတ်မှာ ရောက်ကာနေသည်။ ကိုးနာရီခွဲအထိ ငုဝါက ရောက်မလာ။ လွတ်သွားတာမျိုး မဖြစ်နိုင်ပါ။ ငုဝါက ရှစ်နာရီမှာ အိမ်ကထွက်လေ့ရှိသည်။ ဆယ်နာရီထိုးတော့ ငုဝါ ဒီနေ့ ကျောင်းမတက်တော့တာ သေချာပြီဆိုကာ ငုဝါအိမ်ဘက်သို့ ထွက်လာခဲ့သည်။

ငုဝါအိမ်မှာ တိတ်ဆိတ်မနေ၊ လူလေးငါးဆယ်ယောက်ခန့် ရောက်ကာနေ၏။ ငုဝါဘာဖြစ်ပြီလဲ၊ ဒါမှမဟုတ် အန်တီများ တစ်ခုခု ဖြစ်သလား။

“ဘာဖြစ်တာလဲ၊ အန်တီ ဘာဖြစ်လို့လဲ”

“အမလေး မောင်ရဲဝင်းရေ၊ မင်းကြောင့်ပေါ့ မင်းကြောင့်၊ ကြောင်ကို အိမ်မှာ အီးမပါအောင် ညဆယ့်နှစ်နာရီမှာ မြေကြီးနဲ့ ဆောင့်ရမယ်ဆိုပြီး ညက အိမ်အောက်ကို ဆင်းတယ်။ အန်တီလည်း အိပ်နေတော့ မသိဘူး။ အခုမနက်မှ သိတာ၊ အိပ်ယာထဲမှာ စာတွေ့တာ

www.foreverspace.com.mm



ယောကျ်ားနောက် လိုက်သွားပြီတဲ့၊ မိဘကျေးဇူးဆပ်တာလေ၊ ကျောင်းပြီးအောင်တောင် မစောင့်နိုင်ဘူး၊ အလိမ္မာမကြီးရဲ့”

သူ ဒေါ်သတကြီး အိမ်သို့ ပြန်ကာလာသည်။ သူက ကြောင် အိမ်မှာမြဲနေအောင်နေတဲ့ နည်းတွေပဲသိတာ၊ မိန်းကလေး တစ်ယောက် အိမ်မှာ မြဲနေအောင်လုပ်နည်းကို မသိခဲ့။ ရင်ထဲမှာ ဗလောင်ဆူကာ နေသည်။ ဒေါ်သတွေ အလိပ်လိုက် ပေါက်ကွဲကာနေ၏။

ကြောင်ကို မုန်းသည့်အကြောင်းသီချင်းတစ်ပုဒ် အော်ကြီးဟစ်ကျယ်ဆိုချင်နေမိသည်။ ထိုသီချင်းကိုတော့ ကေအေတီက ရေးကာ လေးဖြူကို ဆိုပေးဖို့တောင်းဆို အကြောင်းကြားမည်။ ကြောင်ကိုမုန်းသော သီချင်းတစ်ပုဒ် အော်ကြီးဟစ်ကျယ်ကို သူဆိုချင်နေမိသည်။ထိုသီချင်းမျိုး လောကမှာ ရှိကိုရှိသင့်သည်။

ဒေါ်သတွေ မွန်တထူကာ အိမ်ပေါ်လှမ်းတက်လိုက်တော့ မိန့်မိန့်ကြီးထိုင်နေသော စနိုးကိုတွေ့ရ၏။ သူပြေးပြီး အားနှင့်ကြုံးကာ ကန်ထည့်လိုက်သည်။ ကြောင်က ခွီးခနဲ အော်ကာ ကြောင်ကျကျရင် ထိတ်လန့်စွာ အိမ်ထဲသို့ ပြေးဝင်သွားလေသည်။

၂၀၀၃၊ ဖေဖော်ဝါရီ

ရွှေအောင်လံ

✪ ✪ ✪ ✪ ✪

www.foreverspace.com.mm

# လက်တစ်ဖက်ထွက်လာသော...နှင်းဆီ

www.foreverspace.com.mm



www.foreverspace.com.mm

နှင်းဆီက လက်တစ်ဖက်ထွက်လာဖို့ဆိုတာ အတော် အံ့ဩဖို့ ကောင်းသော ကိစ္စတစ်ခုသာ ဖြစ်သည်။

နှင်းဆီမှ လက်တစ်ဖက် ထွက်လာသည့်အပြင် ထိုလက်တစ်ဖက်သည် လွင့်ခနဲ ပျောက်တက်သွားပြီး...။ ထိုကိစ္စကို ကျွန်တော် ကိုယ်တိုင် ကြုံရသောအခါ အံ့ဩသည်ဟု ကျွန်တော် မပြောချင်ပါ။ အံ့ဩသည် ဆိုသည့် ကိစ္စသည် စက္ကန့်အနည်းငယ်အတွင်း ပြီးပျောက်သွားသော ခံစားမှုသာ ဖြစ်ပါသည်။ ကြေကွဲဝမ်းနည်းခြင်းကတော့ တမြေ့မြေ့ နာကျင်စေသည့် အချိန်ကာလ အကန့်အသတ်မရှိ...။

လက်တစ်ဖက်ထွက်လာသော နှင်းဆီအတွက်...ယနေ့တိုင် ကျွန်တော် ခံစားနာကျင်နေရဆဲ...။

www.foreverspace.com.mm



(တစ်)

တိတ်ဆိတ်ခြင်းသည် ကျွန်တော့် နှလုံးအိမ်အတွင်းမှ တဒုတ်ဒုတ် မြည်သံကို ကျွန်တော့်အားပေး၏။ သူမ၏ သက်ပြင်းချသံဖွဖွကို ကျွန်တော့်အားပေး၏။ အကောင်းဆုံး စကားလုံးများ အသိဉာဏ်အတွင်းမှ စုပြုံတိုးဝှေ့နေသံကို ကျွန်တော့်အားပေး၏။ စကားလုံးများ စုပြုံတိုးဝှေ့နေသော်လည်း ဘာစကားကိုမှ ကျွန်တော် မပြောနိုင်။

သူမက စားလက်စ ခါးလှီးမုန့်ကို ဆက်မစားတော့ဘဲ ရည်ရွယ်ချက်မဲ့ ဆိတ်ဆွပစ်နေ၏။ သူမ၏ နွမ်းယဲ့သောမျက်နှာ…၊ အရောင်မှိန်ဖျော့သော မျက်ဝန်းရိပ်…၊ သူမ တော်တော် စိတ်ဆင်းရဲနေပြီဆိုတာ ကျွန်တော် နားလည်သည်။ သရဖီဆိုသည့် မိန်းမ၏မျက်နှာကတော့ ကြွက်သားတွေအားလုံး စုရုံးကာနေ၏။ မျက်ဝန်းရိပ်က သစ်ပင်ရိပ်ကြားမှ ထိုးဖောက်ဆင်းလာသော နေပျောက်လို နှုတ်ခမ်းရိပ်က အနည်းငယ် အားစိုက်လိုက်ရုံဖြင့် မဲ့သည့်ဘက်သို့ ရောက်တော့မည်။

မျက်နှာကို ကြည့်လိုက်ရုံဖြင့် လူတစ်ယောက် အတွေးထဲမှာ

www.foreverspace.com.mm



မပြောဘဲ ချန်ထားခဲ့သော စကားများကို ကျွန်တော် အလွတ်ပြောနိုင်သည်။ ကျွန်တော် နှစ်ပေါင်းများစွာ ဖတ်ခဲ့သော ဂန္ထဝင်၊ ခေတ်ဆန်း၊ Realisim၊ ကာရန်၊ ကာရန်မဲ့၊ modern၊ post modern၊ အတွေးအခေါ်တို့က ကျွန်တော့်ကို အကူအညီ ပေးကြသည်။

သူမ၏အစ်မ သရဖီက ကျွန်တော့်ကို အထင်သေးသွားပြီ။ ကျွန်တော်သည် သူမညီမ၏ ချစ်သူတစ်ယောက်ဖြစ်ရန် မသင့်ဟု ကျွန်တော့်ကို ကောက်ချက်ချသွားပြီ။ သူမညီမနှင့် ကျွန်တော်လက်တွဲကြရန်အတွက် မဖြစ်နိုင်ဟု ကောက်ချက်စွဲသွားပြီ။ အလကားကောင် ဆိုသည့် စကားသည် သရဖီဦးနှောက်ထဲမှ ခုန်နေလိမ့်မည်။

"ဟို…ကျွန်တော် နှင်းဆီကို မြတ်မြတ်နိုးနိုး ချစ်တာပါ၊ ပြီးတော့…ကျွန်တော့် တစ်ဘဝလုံးအတွက် နှင်းဆီကို…"

"ဟုတ်ပါပြီလေ…ဒါပေမယ့် မင်း စဉ်းစားကြည့်ပေါ့၊ နှင်းဆီရဲ့ အိမ်ထောင်ရေးကိစ္စအတွက်တော့ မမတို့အားလုံးက ဆုံးဖြတ်ကြရမှာပါပဲ၊ မမလည်း ခေတ်လူငယ်ပဲ၊ နားလည်ပါတယ်၊ အားလုံး ပြေလည်စေချင်ပါတယ်၊ အဖေ မရှိတဲ့အတွက် မမတို့မိသားစုမှာ အမေဟာ အခရာပဲ၊ မေမေက စည်းကမ်းကြီးတယ်၊ တိကျတယ်၊ မင်းလည်း ပြင်ဆင်စရာရှိတာတွေ ပြင်ဆင်ဦးပေါ့၊ ကြိုးစားစရာရှိတာတွေ ကြိုးစား ကဲ…နှင်းဆီ"

"ကဲ…နှင်းဆီ" ဆိုသည့် စကားအဆုံးတွင် လွှင့်ခနဲ မြောက်တက်သွားသော သူမ၏ မျက်ဝန်းရိပ်ကလေးကို ကျွန်တော်မမေ့။ ထိုမျက်ဝန်းကလေးထဲတွင် ကြောက်ရွံ့စိတ်၊ စိုးရိမ်စိတ်…၊ အချစ်…၊ ဝမ်းနည်းမှုအားလုံးကို ကျွန်တော်တွေ့လိုက်ရသည်။

ကြောင်နှစ်ကောင်စာအုပ်တိုက်

www.foreverspace.com.mm



သရဖီက စားပွဲထိုးကလေးကို ခေါ်သည်။ စားသောက်ထားတာတွေက အနည်းဆုံး ငါးဆယ်တော့ကျော်မည်။ ကျွန်တော့်မှာ ပိုက်ဆံဆယ့်လေးကျပ်လားပဲ ရှိသည်။ ကျွန်တော်နှင့် နှင်းဆီတို့ မျက်ဝန်းခြင်းဆုံကြသည်။

“ငါ့ဆယ့်ရှစ်ကျပ် အစ်မ”

စားပွဲထိုးကလေး အသံဆုံးတော့ သရဖီက ကျွန်တော့်ဘက်ကို မျက်ဆံနက်မျှ ရွေ့လာ၏။ ကျွန်တော် ခေါင်းငုံ့ နေလိုက်သည်။ အနည်းငယ် အားစိုက်လိုက်ရသဖြင့် သရဖီ၏ နှုတ်ခမ်းရိပ်သည် မဲ့သည့်ဘက်ကို လုံးဝရောက်သွားမှာ သေချာသည်။ နှင်းဆီကတော့ ကျွန်တော့်ကို နားလည်လိမ့်မည်။ ထို့အတူ သူ ကျွန်တော့်အစား ရှက်လည်း ရှက်နေလိမ့်မည်။ ဝမ်းနည်းစွာ ကျွန်တော့်ကို အားနာနေလိမ့်မည်။

အေးလေ…၊ သူ့အစ်မ တစ်ယောက်လုံးနဲ့ ခေါ်တွေ့ပေးတဲ့ပွဲမှာ အနည်းဆုံး စားတာသောက်တာလောက်ကိုတော့ ကျွန်တော်က ရှင်းသင့်တာပေါ့။ ငါးကျပ်တန်ကလေးနှစ်ရွက်နှင့် ကျပ်တန်လေးရွက်ကို ထုတ်ကာ ရှက်ရမည့်အတူတူ ငုတ်တုတ် ခေါင်းငုံ့ကာ အရှက်ခံရတာကမှ တော်ဦးမည်ဟု ကျွန်တော် ဆုံးဖြတ်ထားပြီးသား။ ညနေ ငါးနာရီထိုးနေပြီဖြစ်၍ ကျောင်းသားများ မရှိတော့သော တက္ကသိုလ်ကင်တင်းတစ်ခုထဲတွင် သရဖီဆိုသော မိန်းမတစ်ယောက်၏ ပိုက်ဆံအိတ်ဖွင့်သံက ကျယ်လောင်လှပါကလား…။

“ကဲ…မမတို့ သွားမယ်”

ကျွန်တော်ချစ်ရသော နှင်းဆီသည် တာဝန်ကျေစွာပင် ကျွန်တော့်

ကို နားလည်သော အကြည့်ကလေးတစ်ခုတော့ ပေးသွားပါသေးသည်။ နှင်းဆီ၏ အစ်မ သရဖီက ကျွန်တော့်ကို အထင်သေးသွားသော စကားမှာ လေးလုံးတည်းသာ ဖြစ်ပါသည်။ ထိုစကားလေးလုံးကို ကြားလိုက်ရသည်နှင့် ကျွန်တော်သည် သူ့ညီမနှင့် လုံးဝ ရောင်ရှားအပ်သော... သူ့ညီမ နှင်းဆီ၏ ဘဝကို ဒုက္ခပေးမည့် ကြောက်စရာ အကောင်းဆုံးသော လူတစ်ယောက်ဆိုတာကို သရဖီသဘောပေါက်သော မျက်ဝန်းများကို ကျွန်တော်တွေ့ခဲ့ရသည်။

ထိုစကားလေးလုံးမှာ ''ကဗျာဆရာ'' ဟူ၍ ဖြစ်ပါသည်။

သရဖီက မျက်မှောင်ကို ကျုံ့လိုက်သဖြင့် မျက်ဝန်းများက ပိုမို အရောင်တောက်သွားသည်။ ကလောင်နာမည်ကို သတိတကြီးထား ကာ ပြောတော့ ခေါင်းကို ဘယ်ညာရမ်းကာ မဖတ်ဖူးဘူးဟု ဆိုသည်။ ဘယ်နှစ်နှစ်ရှိလဲ ကဗျာရေးတာ...တဲ့။ ကျွန်တော် ရင်ကိုမတ်ကာ လေးနှစ်ဟု ဖြေသည်။ သရဖီက ''ကျွတ်'' ခနဲ စုပ်သပ်ကာ...။ ဟင်းခနဲ နှင်းဆီက သက်ပြင်းချသည်။ ဘယ်နှစ်ပုဒ်ပါဖူးသလဲဆိုတော့ ခုနှစ်ပုဒ်ဟု ကျွန်တော်ပြောလိုက်သည်။ အမှန်မှာ ခြောက်ပုဒ်ပါဖူးခြင်း ဖြစ်သော်လည်း ထိုအပုဒ်ရေကို ပြောရမည့်အသံထွက်ကို အားနာသဖြင့် တစ်ပုဒ်တိုးကာ ညာပြောလိုက်ခြင်းဖြစ်သည်။

ကဗျာတစ်ပုဒ်ကို ဘယ်လောက်ရသလဲဆိုသည့် မေးခွန်းကိုတော့ ကျွန်တော်ကိုယ်တိုင်ကပင် ရှုံးမည့်အသင်းဘက်ကို မလောင်းမဖြစ် လောင်း ရတော့မည့် လူတစ်ဦးပမာ အင်အားဖျော့တော့ နာကျည်းစွာ ''တစ်ရာ''ဟု ဖြေခဲ့ပါသည်။ အမှန်တရားသည် ကဗျာတစ်ပုဒ် တစ်ရာဆိုသည့် နေရာတွင်



www.foreverspace.com.mm

www.foreverspace.com.mm



အတော့်ကို ခါးသီးလွန်းသည်။

ထိုစကားဆုံးသွားတော့ ကျွန်တော်တို့ဝိုင်းမှာ တိတ်ဆိတ်ခြင်းသည် စေးပျစ်စေးပျစ်၍လာကာ စကားပြတ်တောင်းတောင်းသာ ရှိတော့၏။ နှင်းဆီ၏ မျက်ဝန်းရိပ် ဖျော့ကျသွားသည်။ သရဖီသည် စစ်မြင်း တစ်ကောင်လို ကြွားရွှားသည့် အကြည့်မျိုးဖြင့် နှင်းဆီနှင့် ကျွန်တော့်ကို ကြည့်ခွင့်ရသွားသည်။ ကျွန်တော် အကြောအခြင်တွေ လျော့ကာ ဘဝကို နာကျည်းစ ပြုလာသည်။

အခုတော့ သရဖီဆိုသော မိန်းမသည် မဝယ်နိုင်သည့် လူ တစ်ယောက်အား လာပြမိသော စိန်ပွင့်ကို ပြန်သိမ်းသွားသည့်နှယ် နှင်းဆီကို ပြန်သိမ်းသွားပြီ။ ကျွန်တော် နှင်းဆီကို ချစ်ခြင်းမေတ္တာအပြည့်ဖြင့် နှစ်နှစ်ကာကာချစ်သော်လည်း ကျွန်တော့်လည်ပင်းတွင် တစ်ကျပ်သား ဆွဲကြိုးမရှိခြင်းနှင့် လက်ကောက်ဝတ်တွင် ငါးမူးသားဟမ်းချိန်း မရှိခြင်းက ကျွန်တော့်မေတ္တာ၏ ခမ်းနားမြင့်မြတ်ကို သာမန် ဆန်စေခဲ့သည်။

ရွှေဆိုင်တွင် ချိတ်ဆွဲထားသည့် ရွှေဆွဲကြိုးများ လူတစ်ယောက် လည်ပင်းတွင် ချိတ်ဆွဲထားရုံမျှဖြင့် ထိုလူ၏အချစ်သည် အဘယ်ကြောင့် ခမ်းနားကာ ထိုလူ၏သစ္စာသည် အဘယ်ကြောင့် လေးနက်ခိုင်မာ သွားရ သနည်း။ အတော်ဆန်းကြယ်လှသော လူ့သဘာဝ၏ လက်ခံမှုများကို တွေးကာ ကျွန်တော် နာကျည်းလိုက်၊ ရင်မောလိုက် ဖြစ်နေခဲ့သည်။

ထိုညက အိပ်မရသည်မှာ ဘာမှ မထူးဆန်း။ လရောင်တွေ အညှိတက်နေသော ပြတင်းပေါက်ကလေးနားမှာ ကျွန်တော် ထိုင်နေခဲ့ သည်။ ကြယ်တွေက တစိမ့်စိမ့်ခုန်ကာ အုန်းပင်များက လမင်းကို

www.foreverspace.com.mm



မြောက်ဖမ်းကာနေသော လက်များသဖွယ် မြေပြင်မှ ထိုးထွက်နေကြ၏။ သစ်ပင်အုပ်မှောင်မှောင်ထဲမှာ လရောင်ပျောက်ကလေးများက ကျွန်တော့်ကို ချောင်းမြောင်းနေကြသည်။

သန်းခေါင်ကျော်တော့ ကျွန်တော့်ပြတင်းပေါက်ကလေးထဲကို လမင်းဝင်လာသည်။ သို့သော် အဆင်မပြေချင်လျှင် လမင်းတောင်မှ အဆင်မပြေ၊ လမင်းက ဂငယ်ပုံ ကွေးကွေးကလေး ဖြစ်နေသဖြင့် ကောင်းကင်ကြီးက မဲ့နေသလို ထင်ရ၏။ ဟယ်···ကဗျာဆရာ ငမိုက်သား၊ မင်းမှတ်ပြီလားဟု မေးနေသလို ထင်ရ၏။ ကျွန်တော် ထိတ်လန့်တကြီး မျက်ဝန်းများကို မှိတ်ကာ နှင်းဆီ၏ နားလည်ရိပ် မျက်ဝန်းအကြည့် ကလေးကို အားကောင်းသည်ထက် အားကောင်းလာအောင် ပွားယူ နေရသည်။ ဆိုပါစို့···ထိုနားလည်ရိပ်ကလေး ရှိနေသေးသည်ဆိုလျှင် ကျွန်တော်အားလုံးကို ရင်ဆိုင်ရဲပါသည်။

✪ ✪ ✪

www.foreverspace.com.mm



(နှစ်)

နှင်းဆီက သက်ပြင်းကလေးကို အသာချပြီး ကျွန်တော် ဆုပ်ကိုင်ထားသော လက်များကို ပြန်လည် ဖြစ်ညှစ်လိုက်၏။

"မေမေက တွေ့ချင်လို့၊ ဟုတ်လား နှင်းဆီ"

"ဟုတ်တယ် ကိုရဲ၊ နှင်းဆီက မနက်ဖြန် ခေါ်လာပါ့မယ်လို့ ပြောထားခဲ့တယ်"

ပြန်လည်ဖြစ်ညှစ်လာသော နှင်းဆီလက်ချောင်းကလေးများ၏ ခံစားမှုကို ကျွန်တော် သဘောပေါက်လိုက်ပြီ၊ အခြေအနေက သိပ်တော့ ကောင်းဟန်မတူ။ သို့သော် ချစ်သူ့ထံမှာ ကျွန်တော့်အတွက် နားလည်ရိပ်က အပြည့်။ သို့သော် ထိုနားလည်ရိပ်သည် နွမ်းဖျော့နေရှာ၏။ ကျွန်တော့်ကို သိပ်ချစ်သည်ဆိုတာကို ကျွန်တော် ယုံကြည်ပါသည်။ ကျွန်တော့် လက်ဖဝါးများကို ယုယစွာ အုပ်မိုးဆုပ်ကိုင်လိုက်တော့ နှင်းဆီက ရင်ခွင်ထဲ လဲကျလာ၏။ ကျေးဇူးပါပဲ နှင်းဆီ။

"နှင်းဆီလေးရယ် အားမငယ်ပါနဲ့၊ မစိုးရိမ်ပါနဲ့၊ ကိုယ် လိုက်တွေ့

www.foreverspace.com.mm



မှာပေါ့၊ ကိုယ့်ရိုးသားမှုကို ကိုယ်ယုံကြည်ပါတယ်၊ ပြီးတော့ နှင်းဆီကိုလည်း ယုံတယ်"

"ရိုးသားမှု၊ ကိုရဲရယ်၊ အဲဒီ ရိုးသားမှုတော့ မေမေ့ကို သွားမပြောနဲ့နော်၊ ပြီးတော့လေ…ဟို…သိလား ကိုရဲ၊ ဟို…"

"ဘာလဲ နှင်းဆီရဲ့၊ ကိုယ့်ကို ဘာကြိုမှာလားချင်လို့လဲ၊ ပွင့်ပွင့်လင်းလင်းသာပြော"

"ဟိုလေ နှင်းဆီကို စိတ်မဆိုးနဲ့နော်၊ ဟို…ကိုရဲဖိနပ်ကြီးက စုတ်နေပြီ ကိုရဲရဲ့၊ အဲဒါ နှင်းဆီ ဖိနပ်အသစ်တစ်ရံ ဝယ်ပေးမယ်၊ နှင်းဆီရဲ့လက်ဆောင်ပေါ့ ကိုရဲရဲ့…၊ အဲဒီနေ့ကျ စီးလာခဲ့နော်"

ကျွန်တော့်မျက်နှာသာ သစ်သီးတစ်လုံးဟုဆိုလျှင် ချက်ချင်းမှည့်သွားနိုင်၏။ မိနစ်တော်တော်များများ ကျွန်တော်အသက်ရှူဖို့ မေ့လျော့သွား၏။ နှင်းဆီက ကျွန်တော့်မျက်နှာကလေးကို စိုးရိမ်စိတ်ကြီးစွာဖြင့် ကြည့်နေခဲ့သည်။ ကျွန်တော့်ကြောင့် နှင်းဆီ မျက်နှာငယ်ရတာများပြီ။ နှင်းဆီမျက်နှာတွင် စော်ကားချင်စိတ် လုံးဝမရှိ။ နှင်းဆီသည် သာမန်မိန်းမဆန်သော မိန်းကလေးတစ်ယောက် ဖြစ်သည်။ ကျွန်တော်က အနုပညာဖြင့် အမှန်တရားကိုရှာမယ်ဟူသော ကဗျာဆရာတစ်ယောက် ဖြစ်သည်။ ထိုအချက်အလက် ငါးခုသည် တစ်မဟုတ်ချင်း ပေါင်းစည်းသွားကာ ကျွန်တော်တို့ ကျောင်းဝန်းထဲမှ လှည်းတန်းဈေးသို့ ရောက်ခဲ့ကြသည်။

သို့သော်လည်း လှည်းတန်းဈေးထဲက ဖိနပ်ဆိုင် လေးဆိုင်မြောက်အထိ ကျွန်တော့်ခြေထောက်နှင့် တော်သော ဖိနပ်က အကောင်းစား တံဆိပ်ထဲမှာ ရှာမရ။ ဆင်ခြောက်ကောင်၊ မြမာလာ၊ ဆိုင်ကယ်၊

www.foreverspace.com.mm



လှည်းဘီး၊ နှင်းဆီနက်၊ ပိတုန်း၊ ဂျစ်ကား၊ ပစ်တိုင်းထောင်၊ စိန်ပန်း အားလုံး စုံသွားသည်။ အသေးဆုံးဆိုဒ်သည် ကျွန်တော့်ထက် လက်နှစ်လုံးခန့် ကြီးနေမြဲ။ ကျွန်တော် ချွေးပြန်လာသည်။ နှင်းဆီလည်း ချွေးပြန်နေပြီ။ ဖိနပ်ဆိုင်တစ်ဆိုင်လုံးလည်း ရှုပ်ပွကာနေပြီ။

"ဒါလေး စီးကြည့်ပါဦး ကိုရဲရဲ့…၊ ရော့…အားနာမနေနဲ့"

"………."

"ဟယ်…ကြီးတာပဲတော့၊ အစ်မရေ…ဒီထက်သေးတဲ့ နံပါတ်ရှစ် မရှိဘူးလား"

"အဲဒါ အသေးဆုံးပဲ အစ်မ၊ မရှိတော့ဘူး"

မဖြစ်တော့၊ ကျွန်တော်သုံးနေကျ စကားလုံးများကို နှင်းဆီရှေ့မှာ ရှက်မနေနိုင်တော့။ လည်မြို့ဝတွင် ကန့်လန့်ခံနေသော စကားလုံးများကို အတင်းညှစ်ချပစ်လိုက်ရသည်။

"ညီမ၊ ကလေးစီးထဲက အကြီးဆုံးတစ်ရံပေး…အဲဒါပဲ ပေးတော့"

အားလုံး ကွက်တိဖြစ်သွား၏။ နှင်းဆီကတော့ ယောကျ်ားစီးဖိနပ်တစ်ရံကို တစ်ရာ့လေးဆယ်နှင့်ရခဲ့သဖြင့် ပျော်ရွှင်နေဟန်တူ၏။ ကျွန်တော်တို့ ဦးချစ်ဆိုင်မှာ ထိုင်ကြသည်။ မနက်ဖြန် နှင်းဆီမေမေဖြင့် တွေ့ဆုံရေးသည် အဆင်သင့် ဖြစ်သလောက်ရှိနေပြီ။

"အစ်မကို ကဗျာဆရာတို့ ဘာတို့ ပြန်မပြောပါနဲ့ဦး ဆိုလို့ အစ်မက ဘာမှ မပြောရသေးဘူး ကိုရဲ၊ ကိုရဲလည်း တတ်နိုင်သရွေ့ ရှောင်ပါ"

"ဘာဖြစ်လို့လဲ နှင်းဆီရယ်၊ ကဗျာဆရာဆိုတဲ့ စကားက ကိုယ့်ရဲ့…"

"အို…ကိုရဲကလည်း ဒီအချိန် ဘာပဲဖြစ်ဖြစ်လေ…ဘာပဲဖြစ်ဖြစ်ပေ့ါကိုရဲရဲ့၊ ပြီးတော့ သပ်သပ်ရပ်ရပ်လည်း ဝတ်ခဲ့နော်"

"အင်းပါ၊ နှင်းဆီရဲ့ အစ်မက ကိုယ့်ကို အထင်သေးနေတယ်၊ ကိုယ် အဲဒါကို နားလည်ပါတယ်၊ အေးပေ့ါလေ၊ တစ်ချိန်ချိန်မှာတော့ အဲဒီ သူ့စိတ်ထဲက သတ်မှတ်ချက်ကို ကိုယ်ချေဖျက်ပစ်ရမှာပေ့ါ၊ အဲဒါ လုံးဝ အရေးကြီးတယ် နှင်းဆီရဲ့"

"ဟုတ်တယ် ကိုရဲ၊ ကိုရဲ ဘယ်လိုလုပ်မှာလဲဟင်၊ ဘာလဲ…အဲဒါ ဘာလဲ"

"အခုတော့ ကိုယ် နှင်းဆီမေမေနဲ့ အရင်တွေ့ဦးမယ်လေ၊ ပြီးမှပေ့ါ ဟုတ်လား"

တကယ်တော့ ကျွန်တော်ကိုယ်တိုင်လည်း ဘာလုပ်ရမှန်းမသိသေး။ ဒါပေမယ့် နှင်းဆီကတော့ ကျေနပ်ပျော်ရွှင်သွားပုံရ၏။ သူ့မေမေ နှစ်သက်တတ်သည့် အမူအကျင့်တွေကို တတွတ်တွတ်မှာသည်။ ကျွန်တော် ပြောသင့်သည့်စကားတွေကို အရိပ်အကဲပြသည်။

နှင်းဆီသည် အမေကြောက်ရသော သမီးတစ်ဦးဆိုတာ အစကတည်းက ကျွန်တော်ခန့်မှန်းမိပါသည်။ ဖခင်မရှိသော်လည်း နှင်းဆီတို့ အမေက စီးပွားရေးကို ကိုယ်တိုင် ဦးစီးနေသူ၊ သမီး နှစ်ယောက်စလုံးကို တက္ကသိုလ်ပို့ကာ သရဖီကို M.Sc ဆက်တက်ခိုင်းသူ၊ သူကိုယ်တိုင် ဘွဲ့ရ စည်းစနစ်ကြီးသည်။ မနက်လေးနာရီထကာ ဘုန်းကြီးအပါးနှစ်ဆယ်

www.foreverspace.com.mm

အတွက် ဆွမ်းဟင်း ထမင်းချက်ကာ (၁၀) ပါးအတွက် ကျောင်းသို့ပို့၊ အိမ်ဆွမ်းခံအတွက် စီစဉ်…။ နွားနို့သည် မိန်းကလေးများအတွက် သင့်တော်သည်ဟု ယူဆကာ မနက်တိုင်း နှင်းဆီတို့ကို နွားနို့ တစ်ခွက် တိုက်တတ်သူ၊ ဆန်ကွဲကို ဆန်မှ ပြာတီးပြီး ထမင်းချက်သည့်အခါ သန့်စင်ထားသော ဆန်ကွဲ နို့ဆီဘူးဝက် ပြန်ထည့်ချက်တတ်သူ၊ နှင်းဆီနှင့် သရဖီကို တစ်လ ငွေ၃၀၀၀ိ/-အပ်ကာ စျေးသွား၊ ဟင်းချက်၊ တစ်လှည့်စီ ခိုင်းတတ်သူ၊ ကျောင်းပိတ်ရက်များတွင် နှင်းဆီကို ဇာထိုးပန်းထိုး၊ ပန်း အလှပြင်၊ စက်ချုပ်၊ ဆံပင်အလှပြင် သင်တန်းများတက်ခိုင်းတတ်သူ။ ဝါတွင်းလေးလပတ်လုံး သမီးများနှင့်အတူ သက်သက်လွတ်စား၊ ဥပုသ် သီလစောင့်တတ်သူ၊ ခေါင်းလျှော်ရည်ကို မဝယ်ရဟုဆိုကာ၊ ကိုယ်တိုင် လုပ်တတ်သူ၊ အုန်းတံမြက်စည်းကို ကြွေကျသည့် အုန်းလက်နှင့် လုပ်တတ် သူ၊ ဘာသာရေးစာအုပ်များကို မလွတ်တမ်း ဖတ်ကာ ဆရာကြီး ဦးရွှေအောင်နှင့် ဘဘဦးသုခ်ကို သဘောကျနှစ်သက်သူ ဟု နှင်းဆီက ပြောပြသည်။

ဒါဆိုလျှင်တော့ သိပ်မဆိုးလှ၊ နှင်းဆီတို့မေမေသည် စည်းကမ်း ဆိုတာကို အထင်ကြီးနေသည့် အပြစ်ကလေးတစ်ခုအပြင် အနုပညာဆန် သည်ဟု ကျွန်တော်ထင်သည်။ ကျွန်တော်က စည်းကမ်းသိပ်မရှိလှသော အနုပညာသမားဆိုတော့ သိပ်ကွဲလဲမည်မထင်။

နှင်းဆီကတော့ မိခင်ကို အထင်ကြီး ကြောက်စိတ်နှင့် ကျွန်တော့်ကို အချစ်ကြီးပြီး အားကိုးချင်စိတ်တို့အကြားတွင် ဗျာများ နေရရှာသော မိန်းကလေးသာ ဖြစ်သည်။ ဆရာကြီး ဦးရွှေအောင် စာများ

www.foreverspace.com.mm



ကိုဖတ်ကာ ဘဘဦးသုခကို သိပ်သဘောကျသော အသက် (၅၀) အရွယ် မိန်းမကြီးတစ်ဦးကို ကျွန်တော် ဘာစကားပြောရမည်ဆိုတာ ကျွန်တော် နားလည်ပြီ။

"စိတ်မပူပါနဲ့ နှင်းဆီလေးရယ်၊ မင်းမေမေနဲ့ ကိုယ်ဟာ ပုလင်းလွတ်တစ်လုံးနဲ့ ပုလင်းဖုံးတွေ့ကြသလို ဂွပ်ခနဲ အဆင်ပြေသွားမှာပါ"

✪ ✪ ✪

www.foreverspace.com.mm

(သုံး)

ကျွန်တော် တုန်လှုပ်မနေပါ။ မနက်ကတည်းက နှင်းဆီမှာထားသဖြင့် ဆေးလိပ်မသောက်ရသောကြောင့် ခံတွင်းချဉ်နေတာ တစ်ခုပဲရှိပါသည်။ ဖိနပ်အသစ်နှင့် လုံခြည်အသစ်ကို ဝတ်လာရသောကြောင့် အနည်းငယ် တောင့်တင်းကာ ရှက်ချင်စိတ် ရိပ်ရိပ်ကလေးပဲ ရှိပါသည်။

ခုချိန်ဆိုလျှင် နှင်းဆီကလေးကတော့ ရင်ခုန်နေလိမ့်မည်။ အိမ်မှုကိစ္စတွေကို အစောကြီးကတည်းက ထလုပ်၊ ပြောစရာမရှိအောင်နေ။ သနပ်ခါးတွေ ဘာတွေလိမ်းကာ သူ့မေမေ ဒေါ်တင်မေထူးကို မကြာခဏ ခိုးကြည့်နေပေလိမ့်မည်။ လမ်းမကို မျှော်ချင်ရိပ်နှင့် သူ့မေမေမျက်နှာရိပ် အကြားမှာ စကားတွေ ဘာတွေများ မှားနေလေရော့သလား မိနှင်းဆီ။

သပ်ရပ်ခန့်ညားသော ပျဉ်ထောင်အိမ်ရှေ့ရောက်တော့ ကျွန်တော်မျှော်လင့်ထားသလိုပင် နှင်းဆီထွက်ကြို မနေပါ။ လူရိပ်ကိုလည်း မတွေ့ရ။ ကျွန်တော် ခပ်တည်တည်ပဲ ခြံတံခါးကိုဖွင့်ကာ ဝင်လာခဲ့သည်။ အိမ်ပေါ်ရောက်တော့ ကျွန်တော် အံ့သြသွားခဲ့ရသည်။

www.foreverspace.com.mm



လူဆယ်ယောက်ခန့် အိမ်ရှေ့ခန်းကလေးထဲမှာ ရှိသည်။ မတ်တပ် ရပ်သူရပ် ထိုင်သူထိုင် တစ်ခုခုကို အရေးတကြီး ငုံ့ကြည့်နေကြ၏။ ကျွန်တော့်ရင် ထိတ်ခနဲ ဖြစ်သွားသည်။ နှင်းဆီ…နှင်းဆီရော။ ကျွန်တော့်ကို လှည့်ကြည့်မည့်သူ မရှိ။ ကျွန်တော်ရောက်နေတာကို မည်သူမျှမသိ။ ကျွန်တော် ဖိနပ်ချွတ်တွင် အသာရပ်နေရာမှ ဖိနပ်အသစ်ကို ခက်ခက်ခဲခဲ ချွတ်ကာ အိမ်ပေါ်သို့ အတက်တွင် နားကြပ်သိမ်းပြီးကာစ ဆရာဝန်က မတ်တပ်ထရပ်၏။

နှင်းဆီမျက်နှာမှာ မျက်ရည်တွေ ရွှဲနေသည်။ ဘာပါလိမ့်။ အားလုံးက ကျွန်တော့်ကို မြင်သွားကြသော်လည်း တိတ်တိတ်ဆိတ်ဆိတ်ပင်။ ကျွန်တော်လည်း ဘာမှန်းမသိသဖြင့် ဒီအတိုင်း ရပ်နေလိုက်ရ၏။

သရဖီက ဆရာဝန်ဆေးအိတ်ကိုဆွဲကာ ကျွန်တော့်အနားရောက်လာ၏။ နှင်းဆီက နောက်မှအသာကပ်လိုက်လာကာ မျက်ရည်များကို သုတ်လိုက်သော်လည်း နှင်းဆီမျက်ဝန်းထဲက မျက်ရည်တွေ စိမ့်ထွက်ကျလာပြန်၏။

"ကိုရဲ…မေမေ…မေမေ"

"နှင်းဆီ ဘာဖြစ်လို့လဲဟင်"

"မေမေ မနက်က မူးလဲသွားတယ်၊ အဲဒါ ဆရာဝန်ပင့်ရတာ၊ သတိမလည်ဘူး၊ အခုမှ သတိလည်တာ"

"နှင်းဆီ ငိုမနေနဲ့လေ ငါ ဆရာဝန် ပြန်ပို့ဦးမယ်"

"ဟာ…ဟုတ်လား ဆရာ၊ အန်တီ့အခြေအနေက"

"နှလုံးကို လေရိုက်သွားတာ။ ခုတော့ သတိပြန်လည်လာပါပြီ၊

www.foreverspace.com.mm



ဆရာ ဆေးထိုးပေးခဲ့တယ်၊ စိတ်မကောင်း ဖြစ်စရာတို့၊ ဆူညံတာတို့၊ ထိတ်လန့်မှာတို့ မလုပ်ပါနဲ့၊ လူနာက အရေးကြီးတယ်နော်၊ ရုတ်တရက် ဆိုပေမယ့် မပေါ့ကြနဲ့၊ ညနေလာခဲ့ဦးမယ်၊ ဟုတ်လား''

သရဖီနှင့် ဆရာဝန်ဆင်းသွားတော့ နှင်းဆီက ကျွန်တော့်လက်ကို အားကိုးတကြီး ဆုပ်ကိုင်ကာ အသံတိတ်ရှိုက်သည်။ ဘယ်လိုဖြစ်ရတာလဲ။ ကျွန်တော်ဟာ ကံမကောင်းတဲ့ လူတစ်ယောက်လား။ နှင်းဆီလေး ကြေကွဲနေပုံကို ကြည့်ကာ ကျွန်တော် ဘာပြောရမှန်းမသိတော့။

''မငိုပါနဲ့ နှင်းဆီရယ်…ကိုယ်လည်း စိတ်မကောင်းပါဘူး။ ဟို ကိုယ် ဘာလုပ်ပေးရမလဲဟင်''

''မသိတော့ပါဘူး ကိုရဲရယ်၊ မေမေ့ကို ကယ်ပါဦး၊ မေမေ သတိမလည်ဘူး၊ မေမေရယ် ဖြစ်မှဖြစ်ရလေ ကိုရဲ…''

ကျွန်တော် နှင်းဆီလက်ကလေးကို နွေးထွေးစွာ ဆုပ်ကိုင် အားပေးရင်း ခေါင်းရင်းခန်းတွင် ငြိမ်သက်နေကြသော လူများကြားသို့ သွားကာ နှင်းဆီတို့မေမေကို အသာကြည့်လိုက်သည်။ အသာလှဲနေ၍ နှင်းဆီမေမေသည် မျက်ဝန်းများကို မှေးမှိတ်ထားသည်။ နှုတ်ခမ်းက ခပ်ဟဟပွင့်ကာနေ၏။ တည်ကြည်ခန့်ညားစွာ ချောမောသော ရုပ်ရည် ရှိသော်လည်း အခုတော့ ဘီးစပတ်ဆံပင်တွေက ပြေလျော့ကာနေသည်။ နှုတ်ခမ်းများက သွေးစုပ်ဖြူရော်ကာ မျက်ခွံများ အညိုရောင်ဖျော့ဖျော့ မို့အစ်ကာ မျက်နှာမှာ အနည်းငယ် အမ်းနေ၏။ နှာသီးဖျားမှ ဝင်လေကို မေးအနည်းငယ်မြှောက်ကာ ခက်ခက်ခဲခဲ ရှူနေရသည်။ နှင်းဆီလေး၏ ချုပ်တီးထားသော ရှိုက်သံအစ်အစ် ထွက်လာပြန်သည်။ လူနာမေး

www.foreverspace.com.mm



ပရိသတ်ထဲက ကျွန်တော့်ကို စူးစမ်းသလို ကြည့်လိုက်ကြပြီး နှင်းဆီလေးကို အားပေးဆုပ်ကိုင်ထားသော ကျွန်တော့်လက်များကို ခိုးကြည့် နေကြသည်။ ရှိပေ့စေ့။

“မသရဖီ အန်တီ မနက်က ဘာများ အစားမှားသေးလဲ”

“ပဲပြုတ်နဲ့ ထမင်းကို ငါးခြောက်နဲ့စားတယ်၊ ဒါပဲ ပြီးတော့ ရေမိုးချိုးပြီး ပြန်အတက်မှာ ဖြစ်တာ၊ မေမေရယ် ဖြစ်မှဖြစ်ရလေ မေမေ”

မသရဖီလည်း ရှင်းပြရင်းက ရှိုက်လေသည်။ နောက်တစ်ကြိမ်မည်သူ့ကိုမှ ဘာမှ မမေးမိအောင် သတိထားရတော့မည်။ အဖြစ်က ဆိုးလှပါလား။ ဒီနေ့ ဒီအချိန်ကိုမှ တိုက်တိုက်ဆိုင်ဆိုင် ဖြစ်ရသည်။ အိမ်မှာ တစ်ညလုံး စိတ်ကူးထား တွေးထားခဲ့သည့် စကားများနှင့် အဖြစ်အပျက်က တခြားစီ ဖြစ်နေပြီ။ ကျွန်တော် ဘာလုပ်ရမလဲ။ လှည့်ပြန်လို့တော့ မသင့်။ အားငယ် တုန်လှုပ်နေသော နှင်းဆီနှင့် သရဖီတို့ရှေ့တွင် ကျွန်တော် ရှိကိုရှိရမည်။ ယောကျ်ားတစ်ယောက်၏ ရပ်တည်မှုကို ကျွန်တော် ခိုင်ခိုင်မာမာ ပြရမည်။

တစ်ပတ်ခန့်အကြာတွင် နှင်းဆီတို့မေမေ နေကောင်းသွားမည်။ ကျွန်တော်လည်း နှင်းဆီတို့အိမ်သို့ နေ့စဉ်လာကာ နှင်းဆီမေမေ့ ကျန်းမာရေးအတွက် အကြံပေး၊ ကူညီ၊ ဝိုင်းဝန်းဆောင်ရွက်…၊ နှင်းဆီတို့ မောင်နှမ ကျွန်တော့်ကို အားမကိုး၍ ဘယ်သူ့ကို အားကိုးရမည်နည်း။ အကူအညီကို အသေအချာ စေ့စပ်စွာ လုပ်ပေးရမည်။ အပင်ပန်းလည်း ခံပြရမည်။ နှင်းဆီတို့မေမေ နေပြန်ကောင်းလာသောအခါ ကျွန်တော်သည် သူမတို့ မိသားစု၏ အနည်းငယ် အရေးပါသော ရင်းနှီးနေနှင့်ပြီးသား

www.foreverspace.com.mm

လူတစ်ယောက် ဖြစ်သွားမည်။

ထိုနောက်တွင်မတော့ နှင်းဆီနှင့် ကျွန်တော်၏ ပျော်ရွှင်ဖွယ်ရာ ချစ်ခရီး…။

ကျွန်တော် ကျေနပ်ကာ ပျော်ရွှင်သွားသည်။ ကံကြမ္မာသည် ကျွန်တော့်ဘက်က အကူအညီ ပေးလျက်ရှိ၏။ ရရှိလာသော အခွင့်အရေးကို အသုံးချရတော့မည်။ စိတ်ထဲမှာ ဘုရားပွဲလှည့်နေသော်လည်း မျက်နှာကိုတော့ စိတ်မကောင်းဟန်၊ အရေးကြီးနေဟန် ထားပေးရသည်။ ကျွန်တော်သည် ဒီလောက်တော့လည်း ပါးနပ်ပါသေးသည်။

နှင်းဆီက ကျွန်တော့်အနားမှ တိုးထွက်ကာ အညာစောင် အနီကလေးအောက်မှ ထိုးထွက်နေသော သူမမေမေ ခြေထောက်ကလေးများကို သွားရောက် ဆုပ်နယ်ပေးနေ၏။ နှင်းဆီ၏မျက်နှာရိပ်က တုန်လှုပ်စိုးရိမ်နေသော်လည်း ကျွန်တော်ရှိနေသဖြင့် အားတက်နေသည်ဟု ထင်ရသည်။ မသရဖီကတော့ ဘာကိုမှ ဆက်မလုပ်တတ်တော့သလို မျက်လုံးကလေး ပေကလပ် ပေကလပ်နှင့်ရှိ၏။ ကျွန်တော်ကပင် စတင်၍ အခြေအနေကို ထိမ်းရတော့မည်။

"နှင်းဆီ အန်တီ သက်သက်သာသာ နားပါစေ၊ သိပ်မနှိပ်ပါနဲ့၊ မသရဖီ အန်တီ့အတွက် ဘာ စီစဉ်ထားသလဲ…၊ ဟို…ဆရာဝန်က အစားအသောက်ကို ဘာညွှန်ကြားသွားသလဲ"

"ဟင့်အင်း သရဖီ ဘာမှ မမေးလိုက်မိဘူး၊ ဆေးတော့ ပေးသွားတာရှိတယ်၊ လှုပ်ရှားနိုင်ပြီဆို တိုက်ပါတဲ့၊ ညနေစာအထိ ပေးသွားတယ်"

www.foreverspace.com.mm



"ဟာ…အစာမရှိဘဲ ဆေးတိုက်လို့ မကောင်းဘူး၊ အင်္ဂလိပ်ဆေးက အစာခံရှိမှ အန်တီအတွက် တစ်ခုခုစီစဉ်၊ အရည်နဲ့ အဖတ် ပျော့ပျော့ပေါ့၊ အစာကြေလွယ်မယ့် အစာမျိုး"

"နွားနို့ရှိတယ် မဟုတ်လား မမ"

"ကောင်းတယ်၊ နွားနို့ကောင်းတယ် မသရဖီ"

သရဖီက အသာထသွားသည်။ သရဖီသည် ကျွန်တော့် ညွှန်ကြားမှုအောက်သို့ ရောက်သွားပြီ။ အဟား…ထိုစကားများ ဆုံးသည်နှင့် ကျွန်တော် အသာထာကာ နှင်းဆီမေမေ့နား ကပ်လာခဲ့၏။ ပရိသတ်က လိုလားစွာ နေရာဖယ်ပေးကြသည်။ နှင်းဆီမျက်နှာမှာ အားကိုးရိပ်တို့ တက်လာ၏။ သေချာပြီ။ လုံးဝကို ကျွန်တော် အဆင်ပြေသွားပြီ။

ခြေဖျားကို အသာဆုပ်ကိုင်ကြည့်တော့ အေးစက်ကာနေ၏။ နဖူးပေါ်လက်တင်ကြည့်တော့လည်း ချွေးစေးများဖြင့် အေးစက်နေသည်။ ကျွန်တော် အနည်းငယ် ထိတ်လန့်သွား၏။ သက်ပြင်းကို ချရသည်။ နှင်းဆီနှင့် လူနာမေး ပရိသတ်ကတော့ ကျွန်တော်လုပ်သမျှ ငေးကြည့်နေကြသည်။

ထိုစဉ် နှင်းဆီမေမေ၏ မျက်ခွံမို့မို့များ ဖျတ်ခနဲ ပွင့်လာသည်။ သို့သော် တဆတ်ဆတ် တုန်ခါနေကာ မျက်ဆံနက်က အပေါ်သို့လန်ကာ တက်သွား၏။ ရုတ်တရက် အပြောင်းအလဲကြောင့် အားလုံး ပျာယာခတ်သွားကြ၏။ နှင်းဆီ၏ မေမေ…မေမေဟူသော ငိုသံတစ်ဝက် အော်သံ၊ ဟဲ့…ဟဲ့…တင်မေထူး…တင်မေထူး ယပ်ခတ်စမ်း။ ယပ်တောင် ယပ်တောင် မတင်မေ မတင်မေဆိုသော ပရိသတ်၏ အော်ဟစ်သံများ

www.foreverspace.com.mm



အနောက်မှ ထိတ်လန့်စွာ ပြန်ပြေးလာသော သရဖီ။ အော်သံတွေ ငိုင်တွေ စုံသွားကြ၏။

ဒေါ်တင်မေထူး၏ မျက်ဆံနက်များသည် အထက်သို့ အတန်ကြာ တက်ကပ်ကာ မျက်ခွံများ တဆတ်ဆတ်တုန်ခါနေရာမှ ပြန်လည်ငြိမ်ကျကာ မျက်ဝန်းများ မှေးမှိတ်သွားပြန်၏။ အနည်းငယ်ပွင့်ဟလာသော ပါးစပ်မှ သွားရည်နည်းနည်း စီးကျလာသဖြင့် ကျွန်တော်လက်ကိုင်ပုဝါ ထုတ်ကာ အသာအယာတို့ပေးရသည်။

"ကိုရဲ…ကိုရဲ…လုပ်ပါဦး၊ မေမေ"

"စိတ်မပူပါနဲ့ နှင်းဆီ၊ ကိုယ်ရှိတယ် မငိုနဲ့"

ကျွန်တော်နဖူးမှ ဆံစများကို ဖြေးညှင်းစွာ သပ်တင်ပေးကာ ချွေးစေးများကို ဖွဖွစွာ သုတ်ပေးရင်း အန်တီ…အန်တီဟု ခေါ်ပေးရသည်။ (ဘာလုပ်ရမှန်း မသိ၍ ခေါ်ခြင်းဖြစ်၏။) ပြီးတော့…ဆူညံကာ ဆရာဝန်ပြန်ပင့် ဟိုဟာလုပ် ဒီကိုယပ်ခတ် အော်နေကြသော ပရိသတ်ဘက်သို့လှည့်ကာ…

"ခဏ ငြိမ်ငြိမ်နေပေးကြပါဗျာ၊ အန်တီ မောနေတယ်၊ သိပ်မဆူကြပါနဲ့၊ ခဏပါ"

…ဟု မျက်ဝန်းမာမာဖြင့် ဟောက်လိုက်တော့ ပရိသတ် ငြိမ်သွား၏။ သရဖီ၏ ရှိုက်သံ၊ နှင်းဆီ၏ တအစ်အစ်ငိုသံ ထွက်လာပြန်သည်။ ဒေါ်တင်မေထူးမှာ မေးကို ပင့်မြှောက်ကာ ရင်တစ်ခုလုံး မောက်ကြွ၍ အသက်ကို ခက်ခက်ခဲခဲ ရှူနေရရှာ၏။ လေထုသည် သူ့အတွက် ရှားပါးနေပုံရသည်။

www.foreverspace.com.mm

ကြည့်နေရင်းကပင် ဒုတိယအကြိမ် မျက်ဖြူလန်ပြန်သောအခါ ငိုသံအော်သံတွေ ပိုလို့ ထိန်း၍မရတော့။ ကျွန်တော်လည်း ချွေးတွေရွှဲနေပြီ။ သရဖီက ဒေါ်တင်မေထူး၏ ရင်ဘတ်ပေါ်မှာ မှောက်ချကာ အော်ဟစ်ငိုယိုနေသည်။ နှင်းဆီလေးကတော့ ဒေါ်တင်မေထူးလက်ကို ဆုပ်ကိုင်ကာ အော်၏။ ကျွန်တော်ဘာလုပ်ရလျှင် ကောင်းမလဲ။ ဘာလုပ်ရမလဲ။ ဒီအခြေအနေကြီးကို ဘယ်လိုထိန်းသိမ်းရမလဲ။ ဒေါ်တင်မေထူးသည် ကျွန်တော်သိသရွေ့ ဘာသာရေးသမားတစ်ယောက်ဖြစ်သည်။ ဆရာကြီးဦးအောင်ရွှေ၏ စာများကို နှစ်သက်သည်ဆိုလျှင် သူ့အဆင့်က မသေးလှ။ ဟုတ်ပြီ…။

"ကဲ…နှင်းဆီနဲ့ သရဖီ အဲဒီလို ငိုမနေကြပါနဲ့…၊ ဘာပဲဖြစ်ဖြစ် အန်တီအတွက် အားလုံးဟာ စိတ်အနှောင့်အယှက်ပဲ၊ ဒီအချိန်ဟာ အရေးကြီးပါတယ်၊ ဆရာဝန်ကလည်း ဆူဆူညံညံတွေ မလုပ်ရဘူးလို့ မှာသွားတယ်၊ အန်တီ ငြိမ်းချမ်းစွာ နေပါစေ၊ တစ်ယောက်က ဆရာဝန်ကို သွားပင့်ပါ၊ သရဖီ အန်တီဟာ ဘာသာရေးသမားဆိုတာ သိတယ်နော်၊ သရဖီတို့ငိုသံက အန်တီ့အတွက် နှလုံးအေးမှာ မဟုတ်ပါဘူး၊ စိတ်ကို ထိန်းပါ။ ပြီးတော့ ဆရာဝန်ကိုစောင့်ရင်း အန်တီအတွက် တရားခွေလေး၊ ဘာလေး ဖွင့်ပေးရအောင်။ တရား ခွေရှိတယ် မဟုတ်လား"

ကျွန်တော် တည်တည်ငြိမ်ငြိမ် စကားသံဆုံးတော့ ပရိသတ်ရောငိုသံတွေပါ တိတ်သွားသည်။ ယောကျ်ားတစ်ဦးနှင့် မိန်းမတစ်ဦးက ဆရာဝန်ပင့်ဖို့ ထွက်သွားကြ၏။ နှင်းဆီက မျက်ရည်သုတ်သည်။ ကျွန်တော် အသာထကာ စင်ပေါ်မှာ တင်ထားသည့် ဆိုနီကက်ဆက်ကို မနိုင်မနင်းမကာ အန်တီ့နဘေးမှာ ချသည်။ သေချာပြီ။ ကက်ဆက်ခွေ

www.foreverspace.com.mm



ထဲမှာ တရားခွေ ရှိကိုရှိရမည်။ ခဏပဲရှာသည်။ ကြာပန်းအမှတ်တံဆိပ်နှင့် ကြာနီကန် ပရိတ်တရားခွေဆိုတာကို တွေ့တော့ ယူလာပြီး ခလုတ်ဖွင့်ကာ အခွေကိုထည့်၊ Play ကိုနှိပ်ရသည်။ သို့သော် အသံမထွက်။ ဘြော်ငါ့နှယ့် ခက်လိုက်တာ…

“သရဖီ ပလပ်ထိုးပေးပါဦး၊ တရားခွေလေး အန်တီ့အတွက် ဖွင့်ပေးရအောင်ပါ”

သရဖီက မီးကြိုးခွေကို ယူလာချပြီး ပလပ်ပေါက်မှာ ထိုးသည်။ ကျွန်တော် ကက်ဆက်ပလပ်ကို မီးကြိုးခွေဝိုင်းအတွင်းက ပလပ်ပေါက်ထဲ ထိုးသည့် Volume ကို အသာလှည့်ကာ Play ခလုပ်နှိပ်လိုက်သည့်အခါ တွင်…

အားလုံးငြိမ်သက်စွာ ကျွန်တော့်လှုပ်ရှားမှုကို ကြည့်နေရာ မထင်မှတ်ထားသော အဖြစ်ကြောင့် အားလုံး လန့်ဖြန့်ကုန်၏။

“သေခြင်းရဲ့ တံခါးများ၊ သေခြင်းရဲ့တံခါးများ၊ တံခါးများလည်း ပိတ်လိုက်ပါတော့ ဂူးဝေ့” …ဆိုသော လေးဖြူ၏ သီချင်းသံကြီးနဲ့ Iron Cross ၏ ဆူညံသော Solo တီးလုံးသံများသည် ဂျပန် Sony ကက်ဆက်ထဲမှ ကျယ်လောင်စွာ ထွက်လာပြီး နှင်းဆီတို့မေမေသည် မှိန်းနေရာမှ ငေါက်ခနဲ ထထိုင်ကာ အသံနက်ကြီးဖြင့် တစ်ချက်အော်သည်။ ပြီးတော့ ဝုန်းခနဲ ပြန်လဲသွားကာ တစ်ချက်နှစ်ချက် တွန့်ကွေး၍ ငြိမ်သက် သွားလေသည်။

အားလုံး မထင်မှတ်ထား၍ ငေးကြောင်ကြည့်နေရာမှ လက်မြန်သူ တစ်ဦးက ကက်ဆက်ခလုတ်ကို ပိတ်လိုက်သည်။ မေမေ…မေမေဟု

www.foreverspace.com.mm



အော်ဟစ်ကာ နှင်းဆီနှင့် သရဖီတို့နှစ်ဦးက ကျွန်တော်အား တွန်းထိုးလိုက်သည်။ ဒေါ်တင်မေထူးကို ဆွဲမပွေ့လိုက်သည်။ ဘာတွေဖြစ်ကုန်သနည်း။ ဘာတွေဖြစ်ကုန်သနည်း။ ကျွန်တော် နားမလည်။ ကက်ဆက်ထဲမှ လေးဖြူအသံ အဘယ်ကြောင့် ထွက်လာရသနည်း။

ငိုသံတွေ၊ အော်သံတွေ ဆူညံသွားသည်။ မေမေရေ သမီးတို့ကို ထကြည့်ပါဦး။ နှင်းဆီ၊ သရဖီ ဟဲ့…ဟဲ့ ယပ်ခတ်စမ်း မဖိနဲ့ မဖိနဲ့။ ကျွန်တော် ကြောက်လန့်တကြား မတ်တပ် ထရပ်သည်။ ဒေါ်တင်မေထူး အသက်မရှိတော့။

ဒေါ်တင်မေထူးကို ပွေ့ဖက်ထားရာ နေရာမှ နှင်းဆီ ဝုန်းခနဲ ထရပ်သည်။ မျက်ရည်စက်လက်ဖြင့် ကျွန်တော့်ကို နာကျည်းမုန်းတီးစွာ ကြည့်သည်။ ပြီးတော့…

"ရှင်…ရှင် မေမေ့ကို သတ်တာ၊ မေမေ့ကို ရှင် သတ်တာ မေမေ သေပြီ မေမေ"

"မ…မဟုတ်ဘူး နှင်းဆီ၊ ကိုယ်က…ဟို…ဟိုလေ ဒီအခွေက"

"ဘာ မဟုတ်ဘူးလဲ၊ ရှင် ထွက်သွား…သွား၊ ရှင် မေမေ့ကို သတ်တာ…ကဲ"

ကြည့်နေရင်းကပင် နှင်းဆီမှ လက်တစ်ဖက်ထွက်လာသည်။ နှင်းဆီမှ လက်တစ်ဖက်ထွက်လာသည့်အပြင် ထိုလက်တစ်ဖက်သည် လွင့်ခနဲ မြောက်တက်သွားပြီး ကျွန်တော့်ပါးပေါ်သို့အရှိန်ပြင်းစွာ ကျလာသည်။

✪ ✪ ✪

ကြောင်နှစ်ကောင်စာအုပ်တိုက်

www.foreverspace.com.mm



(လေး)

အရာအားလုံးသည် စနစ်တကျ ဖြစ်သွားခဲ့ပြီးပြီ။

ကျွန်တော် နားလည်ပါသည်။ ကြာနီကန်တရားခွေထဲကို လေးဖြူသီချင်းခွေ မှားဝင်နေခြင်းသည် ကျွန်တော့်တွင် အပြစ်မရှိ။ သို့သော် နှင်းဆီသည် ကျွန်တော့်ကို မည်သို့မျှ ရှင်းပြခွင့် မပေးတော့။ အတွေ့လည်းမခံတော့။ အခုတော့ နှင်းဆီသည် သူမတို့မေမေ အထည်ဆိုင်မျက်စောင်းထိုးက ရွှေဆိုင်ပိုင်ရှင်တစ်ဦးနှင့် လက်ထပ်လိုက်ပြီ။

ကျွန်တော့် နှလုံးသားထဲမှာတော့ နှင်းဆီတစ်ပင်သည် ယနေ့အထိ ရှင်သန်နေဆဲ…။ ထိုရှင်သန်နေဆဲ နှင်းဆီပင်သည် ကျွန်တော်လက်ဖက်ရည်ဆိုင်ထိုင်တိုင်း…ပလက်ဖောင်းပေါ်မှာ လမ်းလျှောက်သွားတိုင်း Heavy အဆိုတော်လေးဖြူ၏ သေခြင်းရဲ့တံခါးများ သီချင်းသံကို ကြားလိုက်ရတိုင်း လက်တစ်ဖက်ထွက်လာကာ ထိုလက်တစ်ဖက်သည် လွင့်ခနဲ မြောက်တက်သွားပြီး ကျွန်တော့် ပါးပြင်ပေါ်သို့…။

၁၉၉၆၊ စက်တင်ဘာလ

ရွှက်နဝေ

✪ ✪ ✪ ✪ ✪

www.foreverspace.com.mm

# နှင်မလစ်

ကြောင်နှစ်ကောင်စာအုပ်တိုက်

www.foreverspace.com.mm



www.foreverspace.com.mm

တစိမ့်စိမ့်ရွာနေသော ညမိုးစက်များကို ပို၍ လင်းနေသော လမ်းဘေး မီးရောင်အောက်တွင် တဖွဲဖွဲမြင်နေရ၏။ ကတ္တရာလမ်းမ ပေါ်တွင် တင်နေသော မိုးရေများအပေါ်သို့ ထိုမိုးစက်ကလေးများ ကျသည့်အခါ ရေစက်ဝိုင်းကလေးများ ထတတ်သဖြင့် ကတ္တရာလမ်းမ သည် အကြေးခွံထူသော အနက်ရောင် နဂါးကြီးတစ်ကောင်လို ဖြစ်နေသည်။ ကားတစ်စင်းအရှိန်ဖြင့် ဖြတ်မောင်းသွားသည့်အခါ ချိုင့်ထဲမှ ရေတွေဖွေးခနဲ လမ်းဘေးကို လွင့်စင်ထွက်ကုန်ကြသည်။ ထို့နောက် ညမိုးတစိမ့်စိမ့်ပြန်ရွာ သစ်ပင်ကြီးတွေ ယိမ်းလှုပ်၊ အိမ်တွေ တုတ်တုတ်မျှ မလှုပ်သော မိုးဆွေသည့် ညတစ်ညသာဖြစ်သည်။

သူအခုမြင်နေရသော မိုးရေစက်ဖွေးဖွေးကို အရင်ညတွေတုန်းက ရှင်းရှင်းလင်းလင်း မမြင်ဘူးခဲ့။ သူ ညစဉ် ရင်းနှီးမြင်တွေ့နေရသော သူ့အိမ်ရှေ့မှ အလင်းရောင်သည် အခုလို လင်းထိန်မနေခဲ့။ သူတို့ အိမ်ရှေ့ကို ဖြာကျလာမည့် လမ်းဘေးမီးတိုင်၏ အလင်းရောင်ကို

www.foreverspace.com.mm



ဆြာမိုဃ်း၏တဲကလေးက ကာထားသောကြောင့်ပင်ဖြစ်သည်။

တဲဟုဆိုရသော်လည်း ထိုတဲသည် လူတစ်ယောက် အိပ်သော ဆံသဆိုင်ကလေးဟုပြောလျှင် ပိုမှန်မည်ဖြစ်သည်။ ဒီနေ့ညသည် ဆြာမိုဃ်း၏ ရက်လည်ညဖြစ်သဖြင့် ဆြာမိုဃ်းတဲကို ဖျက်ပစ်လိုက်ကြပြီ ဖြစ်သည်။ ထို့ကြောင့် သူ လူမှန်းသိစကတည်းက သူ့အိမ်ရှေ့ကို ရောက်မလာသော လမ်းဘေးမီးတိုင်၏ အလင်းရောင်ကို သူဒီညမှ မြင်ရခြင်းသာဖြစ်သည်။

တဲကို ဖျက်ပြီးပုံထားသည့် ပစ္စည်းအဟောင်းအနွမ်းများ ဖြစ်သော ခနိများ…၊ ဝါးကိုလေးစိတ်ကွဲအောင် ခွဲကာ ကထားသည့်နံရံ သစ်သား တိုင် လေးငါးတိုင် စသည့်အရာများသည် သူတို့ အိမ်တစ်အိမ်ကျော်တွင် ရှိသော မြေပေါ်တွင်စုပြုံကာ နေသည်။ မိုးမှုန်စက်ဖွဲဖွဲက ဟောင်းနွမ်း နေသော ထိုပစ္စည်းများကြားထဲသို့ လေးတိလေးကန် ထိုးစင်းလျက်ရှိ၏။ ထိုပစ္စည်း ပုံများ၏ နောက်တွင်ရှိသော ငြိမ်သက်နေသည့် အရာမှာ ဆံသသံထိုင်ခုံကြီးဖြစ်သည်။ လေကပင့်တိုက်၍ လမ်းဘေးရှိ သစ်ပင်များ ယိမ်းလှုပ်သွားသောအခါ အလင်းစက်ပျောက်များကို ထိုင်ခုံကြီးပေါ်သို့ သွားကြလျှင် သံထိုင်ခုံကြီး လှုပ်နေသည်ဟု သူခံစားရသည်။ သူ မီးမှိတ်ထားသော အိမ်ထဲမှ မိုးရေစက်များကြားတွင် လေးလေးကြီး ငြိမ်သက် အေးစက်နေမည့် လှည့်၍ရသော သံထိုင်ခုံကြီးကို ငေးနေမိ သည်။

သူငယ်စဉ်ကတည်းက ထိုသံထိုင်ခုံကြီးပေါ်မှာ အကြိမ်ကြိမ် ထိုင်ခဲ့ဖူးပါသည်။

ကြောင်နှစ်ကောင်စာအုပ်တိုက်

www.foreverspace.com.mm



သူလေးငါးနှစ်သားကတည်းက ဆြာမိုဃ်း၏ ဆံသဆိုင်သည် ထိုနေရာတွင် ရှိနေခဲ့သည်။ ထိုဟောင်းနွမ်းနေသော တဲကလေးထဲတွင် ရှိနေတတ်သော ပစ္စည်းများကို သူ…အားလုံးလိုလို မှတ်မိနေခဲ့သည်။ ဆြာမိုဃ်း၏ ဆံသဆိုင်သည် ဓနိမိုးကာ ထင်းဝါးများကို ခွဲစိတ်ကာ ထားသော မြေကြီးခင်းတဲကလေးသာဖြစ်သည်။ အထဲတွင် လက်တန်း မရှိတော့သည့် အမဲရောင်ခုံရှည်တစ်လုံးရှိပြီး ထိုခုံရှည်တစ်ဖက်စွန်းတွင် ဘာအရောင်ဟု တိတိကျကျ ပြော၍မရတော့သည့် ပိတ်စဖြင့် ချုပ်ထား သော ခေါင်းအုံးတစ်လုံး၊ ဟောင်းနွမ်းနံစော်နေသည့် အနားဖွာ အညိုရောင် စောင်တစ်ထည်ကို ခေါက်၍ တင်ထားတတ်သည်။ ထိုခုံတန်းရှည်ကြီးမှာ ညဘက်တွင် ဆြာမိုဃ်း၏ ကုတင်ဖြစ်ပြီး နေ့လည်ဘက်တွင် ဆံပင်ညှပ် သူများ ထိုင်စောင့်သည့် ခုံဖြစ်သည်။

ဖင်ထိုင်ခုံလယ်သာပေါက်ပြဲနေကာ အထဲမှ အုန်းဆံဖတ်များ ထိုးထွက်နေသည့် သံဆုံလည် ကုလားထိုင်ကြီးရှေ့တွင် အံဆွဲပါသော မှန်တင်ခုံ တစ်ခုရှိသည်။ မှန်က ညာဘက်ထောင့်တွင် ပဲ့နေကာ အလည်တွင် အက်ကြောင်းနှစ်ခုနှင့် ပြဒါး တော်တော်ကွာနေသည်။ အတော်ချောင်နေသော အံဆွဲတွင် သော့တန်းလန်း အမြဲတမ်းရှိနေ၍ ထိုအံဆွဲထဲတွင် သင်တုန်းဓား အဟောင်းတစ်ချောင်း၊ စက်ကတ်ကြေးတစ်ခု၊ လွှသွားကတ်ကြေး တစ်ချောင်း၊ ရိုးရိုးကတ်ကြေး တစ်ချောင်း၊ ကော်စများ ဖွာထွက်ကာ ချေးအထပ်ထပ် ပိတ်နေသော အနီရောင် ဘီးတစ်ချောင်း၊ မြင်းမြီးဖြင့် ပြုလုပ်ထားသော ဆံပင်ရေစွတ် Brush တစ်ခုနှင့် ဆံပင် မှုန်များဖြင့် ရောနေသော အပေါစား ပေါင်ဒါဘူးတစ်ဘူးရှိသည်။

ကြောင်နှစ်ကောင်စာအုပ်တိုက်

www.foreverspace.com.mm

ဝင်ပေါက်ဘယ်ဘက် သစ်သားတိုင်တွင် တစ်တောင်ခန့်ရှိသော ခါးပတ်တစ်ခုကို ချိတ်ထား၏။ ထိုခါးပတ်ကို သင်တုန်းဓားခတ်ရန်အတွက် ဆြာမိုဃ်းက အသုံးပြုသည်။ ထိုမှန်တင်ခုံအထက်တွင် မြတ်စွာဘုရား ဓမ္မစကြာတရားဦး ပဉ္စဝဂ္ဂီငါးပါးအား ဟောကြားနေပုံ ပန်းချီစာရွက် တစ်ရွက်ရှိသည်။ ပြက္ခဒိန်မှ ဖြဲကာ ဝါးခြမ်းကွဲများကြားတွင် ကပ်ထားခြင်း ဖြစ်သည်။ သံဆုံလည်ကုလားထိုင် လက်တန်းပေါ်တွင် ဖားဥဆွဲနေသော အဖြူရောင်မဟုတ်တော့သည့် ခြုံထည်တစ်ခုကို သေသေချာချာ ခေါက်တင်ထားသည်။

အပေါက်မှ ဝင်ဝင်ချင်း ဝါးခြမ်းကွဲနံရံပေါ်တွင် ဆိုင်းဘုတ်ရှိ၏။ ဆြာမိုဃ်းဆံသ၊ လူကြီးဆယ့်ငါးကျပ်၊ ကလေးတစ်ဆယ်၊ မုတ်ဆိတ် ၅/-ဟုရေးထားသည်။ ထိုဆိုင်၏ ထူးခြားချက်တစ်ခုမှာ သပ်ရပ်ခြင်းနှင့် အေးမြခြင်းပင်ဖြစ်သည်။ ဆိုင်နံဘေးတွင် ပင်စည်ထွားထွား အရွက်ဖားဖား ဗာဒံပင်ကြီးတစ်ပင်က အုပ်မိုးပေးထားသဖြင့် ဆြာမိုဃ်း၏ ဆိုင်သည် နွေရာသီတွင် တော်တော်အေးနေတတ်သည်။ ခင်းထားသော မြေကြီးသည် အမြဲပြောနေတတ်သည်။ တစ်ယောက်ခေါင်းညှပ်ပြီးသွားလျှင် ဆြာမိုဃ်းက အုန်းဆံခွံတံမြက်စည်းဖြင့် တစ်ခါလှည်းတတ်သည်။ သူ့ဆိုင်တွင် လာထိုင်သူ ဆံပင်ညှပ်သူများ ဆေးလိပ်ပြာကို မြေကြီးပေါ်ချွေချလျှင် လုံးဝမကြိုက်။

နောက်တစ်ချက်က ဝါးခြမ်းကာ နံရံတွင် ဓာတ်ပုံပါသော စာရွက်များ၊ ပြက္ခဒိန်ဟောင်းများကို သပ်သပ်ရပ်ရပ် ကပ်ထား၏။ တစ်ချို့ပြက္ခဒိန်များ တော်တော်ဟောင်းနွမ်းနေပြီဖြစ်၏။ မှတ်မှတ်ရရ

www.foreverspace.com.mm



ရုပ်ရှင်မင်းသမီး တင်တင်မူပုံ၊ စန္ဒာပုံနှင့် ဇော်ဝမ်းပုံတို့ကို တွေ့ရသည်။ ထို့နောက် မဂ္ဂဇင်းမျက်နှာဖုံးများ Time, New Weeks စသည့် မဂ္ဂဇင်းများထဲမှ ရောင်စုံပုံများ၊ အပြေးပြိုင်ကြသည့် ကပ္ပလီများပုံ၊ ဂြိုလ်တုလွှတ်တင်နေကြပုံ၊ ကုန်ကားကြီးတစ်စင်းရှေ့တွင် အမျိုးသမီး လေးငါးယောက် မတ်တပ်ရပ်နေပုံများကို ဝါးခြမ်းဖြင့်ညှပ်ကာ ကပ်ထား၏။

ဆြာမိုဃ်းမှာ အသက်(၄၅)နှစ်ခန့်ရှိပြီဟု မှန်းရသော်လည်း အရက် တော်တော် သောက်တတ်လေ့ရှိသောကြောင့် ပိန်ကပ်၍ ဗိုက်ကပူနေ တတ်သည်။ မျက်နှာက ဖောသွပ်သွပ်နှင့် မျက်လုံးက အမြဲရီဝေဝေ အိပ်ရေးမဝဟု ထင်ရသည်။ စွပ်ကျယ်အင်္ကျီကိုသာ အမြဲ ဝတ်လေ့ရှိ၏။ စကားပြောလျှင် အသံတိုးတိုးဖြင့် အေးအေးပြောလေ့ရှိသည်။ ထူးခြား ချက်မှာ ဆံပင်ကိုတော့ အမြဲသပ်သပ်ရပ်ရပ် ဖီးလေ့ရှိသည်။ (မူး၍ မလဲသည့်နေ့များမှလွဲ၍)

သူတို့ငယ်စဉ်က သူတို့တစ်ဝိုက်တွင် ဆံသဆိုင် နှစ်ဆိုင်သာ ရှိသည်။ တစ်ဆိုင်က (၁၆)အပိုင်းထဲတွင်ရှိသော သူတို့နှင့် အတော်လှမ်းသည့် မောင်ညွှန့်ဆံသဖြစ်ပြီး၊ တစ်ဆိုင်ကတော့ သူတို့အိမ်မှ လှမ်းမြင်ရသည့် ဆြာမိုဃ်းဆံသဖြစ်သည်။

ငယ်စဉ်က ဆံပင်ညှပ်ရသည့်အခါ အေးစက်၍ ဖင်ထိုင်ခုံ လယ်သာ မာသော ဆြာမိုဃ်း၏ ဆုံလည်ကုလားထိုင်ကြီးကိုလည်းကောင်း၊ ခေါင်းလှည့်လျှင် နားထင်ကို လက်မ လက်ခလယ်တို့ဖြင့် ဖိညှပ်တတ်သော တော်တော်နာသည့် အထိအတွေ့ကိုလည်းကောင်း၊ တော်တော်နံကာ ဆံပင် အတိုများ စိုက်နေသဖြင့် ခြုံလိုက်လျှင် ယားကာ အသက်ရှူမဝသော

www.foreverspace.com.mm



သူ့ခြုံထည်ကြီးကိုသော်လည်းကောင်း၊ ဆီထည့် မထားသည့် စက်ကတ်ကြေးသံတချပ်ချပ်ဖြင့် သံဆုံသည် ကုလားထိုင်သံ တကျွိကျွိကိုလည်းကောင်း၊ သူကြောက်လန့်စိုးရွံ့ခဲ့ဖူးတာ မှတ်မိသည်။

ဆြာမိုဃ်းသည် ဘယ်သူ့ထံမှ ဆံပင်ညှပ်သင်ခဲ့ရသည်ဆိုတာ ဘယ်သူမှ မသိကြ၊ သူသိသည့်အရွယ်မှစ၍ ဆြာမိုဃ်း ဆံပင်ညှပ်နေသည်ကို တွေ့ရသည်။ ဆြာမိုဃ်းထံတွင် အများဆုံး ဆံပင်ညှပ်လေ့ရှိသော လူများမှာ ကလေးများသာဖြစ်သည်။ ဝေးဝေးမသွားချင်သော တစ်ခြားဆိုင်များတွင် လူစောင့်ရတတ်သဖြင့် စိတ်မရှည်သော လူကြီးလူငယ်တစ်ယောက် နှစ်ယောက်လောက်တော့ ဆြာမိုဃ်းဆိုင်တွင် တစ်ခါတစ်ရံ ညှပ်တတ်သည်။

ဆြာမိုဃ်းဒီနေ့ ဆံပင်ဘယ်နှစ်ခေါင်းညှပ်ရသည်ကို မေးစရာမလိုဘဲ လမ်းတစ်လျှောက်လုံးက အိမ်တွေ အလိုလို သိကြသည်။ ညတွင် မယ်ဒလင်သံဖြင့် သီချင်းဆိုသံကို ကြားရလျှင် ဆြာမိုဃ်း အနည်းဆုံး(၅) ခေါင်းလောက်တော့ ညှပ်ရပြီဆိုတာ သိကြသည်။

ဆြာမိုဃ်းအခန်းထဲတွင်ရှိသော ပစ္စည်းများကို သူပြန်စဉ်းစားသည့်အခါတွင် ထိုမယ်ဒလင်ဘာကြောင့် မပါရသနည်း ဟုမေးလျှင် ထိုမယ်ဒလင်သည် ရှိလိုက်မရှိလိုက် အမြဲဖြစ်နေတတ်သောကြောင့်ဟု သူဖြေရမည်ဖြစ်သည်။ ဆံပင်ညှပ်သည့် ကလေးနည်းသော နေ့မျိုးဆိုလျှင် ဆြာမိုဃ်းသည် ထိုမယ်ဒလင်ကို ပေါင်ကာ အရက်သောက်တတ်သည်။ ပေါင်သည့်အိမ်ကလည်း သူသောက်နေကျ ဘီအီးဆိုင်ပင်ဖြစ်သည်။ ပိုက်ဆံရလျှင် ပြန်ရွေးသည်။ ပိုက်ဆံမရလျှင် ပြန်ပေါင် သောက်သည်။

www.foreverspace.com.mm



ထူးခြားသည့်အချက်မှာ မယ်ဒလင်ကို ပေါင်ထားလျှင် ညဘက်ခဏသွားယူပြီး တီးတာတို့ ဘာတို့ ဘယ်တော့မှ မရှိ။ ထိုညမျိုးတွင် ဆြာမိုဃ်းက သီချင်းကို မယ်ဒလင်မပါဘဲ အလွတ်ဟဲတတ်သည်။

ဆြာမိုဃ်းထံတွင် လူငယ်များ ညနေနှင့် ညဦးပိုင်းတွင် ထိုင်လေ့ရှိကြသည်။ ဆြာမိုဃ်းက လမ်းလေးဆုံ ခွထောင့်ဆိုင်ဖြစ်သောကြောင့် ထိုနေရာတွင် ထိုင်လျှင် လမ်းပေါ်မှ မိန်းကလေးတွေ အားလုံးကို မြင်ရသည်။ နေ့ခင်းတွင် အရိပ်အေးသောကြောင့် ကျားထိုး၊ Chess ထိုး၊ အအိုက်ပြေထိုင်သည့် လူငယ်များလည်း ရှိတတ်သည်။ သို့သော် ထိုလူငယ်များအားလုံး ဆြာမိုဃ်းဆိုင်ထဲသို့ဝင်ကာ ကွဲနေသောမှန်၊ ညစ်ပတ်နေသော ဘီးတို့ဖြင့် ခေါင်းဖီးတတ်သော်လည်း ဆြာမိုဃ်းဆိုင်တွင် ဘယ်တော့မှ ဆံပင်ညှပ်လေ့မရှိ။ ထိုသို့ မညှပ်ကြခြင်းမှာ နောက်ပိုင်း ဆံသဆိုင်များ ခေတ်မီလာသော်လည်း ဆြာမိုဃ်းမှာ သည်ပစ္စည်းနှင့် သည်ပုံသာ ညှပ်တတ်ခြင်း၊ ဆြာမိုဃ်းဆိုင်တွင် ကလေးများသာ ညှပ်ခြင်းနှင့် ဆြာမိုဃ်း၏ မူးလာလျှင် ဖြစ်ချင်တိုင်း ဖြစ်လေ့ရှိသောပုံစံကို ကြောက်ကြခြင်းတို့ကြောင့်သာ ဖြစ်သည်။

ဆြာမိုဃ်းသည် မူးပြီဆိုလျှင် တစ်ပတ်ခန့် ဆက်ဆိုက် မူးတတ်သည်။

တစ်ညစာ ကောင်းကောင်းသောက်ရန် ငွေရသွားလျှင် တစ်ညလုံး မပြတ်သောက်ကာ မှောက်သွားသည်အထိ သောက်သည်။ မှောက်သွားသောနေရာမှာလည်း သည်ဆံသဆိုင်ထဲမဟုတ် လမ်းဘေး ကြုံရာတွင်ပင် ဖြစ်၏။ မနက်မိုးလင်းလျှင် ထိုလဲနေရာမှ အိမ်ကိုမပြန်ဘဲ တစ်နေကုန်

www.foreverspace.com.mm



ပိုက်ဆံလိုက်တောင်းကာ ရသမျှသောက်ပြီး လဲပြန်သည်။ ထိုအချိန်တွင်တော့ ဆြာမိုဃ်းသည် ပိုက်ဆံကို တကယ့်လမ်းဘေးက သူတောင်းစားတောင်းသလို တောင်းတတ်ခြင်းဖြစ်သည်။ ဇဝန၊ ဆယ့်ခြောက်ကွေ့၊ ဆယ့်ငါးလမ်းဆုံ၊ ဖန်လ်နေဝင်းထိပ်၊ သင်္ကန်းကျွန်းဈေးတို့တွင် သူ့ကို ပိုက်ဆံတောင်းနေတာ တွေ့ရသည်။

ရပ်ကွက်ထဲမှ ဩဇာအာဏာရှိသူ၊ သူ့ကို နိုင်သူတစ်ဦးဦးက ဂုတ်ပိုးဆွဲပြီး ခေါ်မလာမချင်း သူတောင်းနေတတ်သည်။ ထိုသို့ခေါ်လာဆူပူ မာန်မဲကာ သူ့ဆိုင်ထဲ ထည့်ထားလိုက်လျှင် အိပ်ပျော်သွားတတ်ပြီး နောက်တစ်နေ့ နံနက်တွင် စက်ကတ်ကြေးကို မြင်းမြီး Brush ကလေးဖြင့် ပွတ်ကာ ဆံပင်ပြန်ညှပ်ပြန်၏။ တစ်ကိုယ်ရေ တစ်ကာယ လူပျိုတစ်ဦးမို့လားမဆိုနိုင်။ ထိုကိစ္စရပ်သွားအောင် ဖြေရှင်းပေးသူ မရှိ။ ဆြာမိုဃ်းထိုသို့ စလုပ်ကာစကတော့ ရှက်ကြသော အစ်ကို၊ အဒေါ် ဆွေမျိုးမကင်း သူများက သွားရောက်ခေါ်ကြ၊ ဆူပူကြလုပ်သည်။ မကြာခဏဖြစ်လာတော့ ထိုကိစ္စကို လူတွေအားလုံးက ရှက်စရာဟု မထင်ကြတော့တာလည်း ပါသည်။

ထမင်းစားလောက်ရုံ၊ အရက်အနည်းငယ် သောက်ရုံလောက်ဆိုလျှင်တော့ ဆြာမိုဃ်းသည် သူ့မယ်ဒလင်ဖြင့် သီချင်းဆိုတတ်ပါသည်။ မယ်ဒလင်အတီး သိပ်အကောင်းကြီးမဟုတ်သော်လည်း သူဆိုနေကျ သီချင်းတွေကိုတော့ သူပိုင်ပိုင်နိုင်နိုင်ရ၏။ လမ်းဘေးမှာ တစ်ပတ်လောက် မူးလဲ၊ စုတ်ပြတ် ပိုက်ဆံတောင်းပြီး ပြန်ကောင်းသွားလျှင်တော့ မနေ့က လုပ်တာ သူမဟုတ်သလိုပင် အေးအေးဆေးဆေး ဆံပင်ပြန်ညှပ်

www.foreverspace.com.mm



တတ်သည်။

တစ်ခါက သူ ဆြာမိုဃ်းကြောင့် ပြဿနာ တစ်ခုတက်ခဲ့ဖူးသည်။ သူ မနှစ်သက်သော လူတစ်ယောက်နှင့် ပေါင်းသည့်ကိစ္စဖြစ်သည်။ ထိုစဉ် သူသည် သူ့ချစ်သူ ကောင်မလေးနှင့် BOC မှတ်တိုင်နားက ရွှေဧည့်သည် လက်ဖက်ရည်ဆိုင်တွင် ထိုင်နေစဉ်ဖြစ်သည်။ ထိုင်နေသည် ဆိုသော်လည်း ပြဿနာတစ်ခုကို ဖြေရှင်းနေရခြင်းဖြစ်သည်။ သူ့ချစ်သူက နားလည်စ ပြုသွားချိန်လည်း ဖြစ်သည်။

ချစ်သူရည်းစား စိတ်ကောက်ပြေကာစအချိန်တွင် ဆြာမိုဃ်းက ဆိုင်ထဲရောက်လာ၏။ သူ မမြင်ချင်ယောင်ဆောင်နေသော်လည်း မရ။ တစ်ခြားဝိုင်းများကို လက်ဖြန့် ပိုက်ဆံတောင်းပြီး သူ့ဝိုင်းသို့ တည့်တည့် ဝင်ကာလာ၏။ သူမျက်နှာ တစ်ဖက်လွှဲထားသော်လည်း မရ၊ လက်ဖြန့်ကာ ပိုက်ဆံတောင်းသည်။ သူ့အမှားက ချက်ချင်း ပိုက်ဆံမပေးဘဲ "ကန်တော့ပါ သေးရဲ့" ဟု သွားပြောမခြင်းဖြစ်သည်။

"ဇော်ဇော် လုပ်ပါညီလေးရာ၊ ငါးကျပ်လောက်တော့ ပေးခဲ့ပါဦး" ဆြာမိုဃ်း စကားဆုံးတော့ သူ့ချစ်သူ မျက်လုံးက သူ့ထံ ဒိုင်းခနဲ ရောက်လာ၏။ ဆြာမိုဃ်းပုံစံက ဘယ်နှစ်ရက်လမ်းဘေးမှာ လဲခဲ့သလဲမသိ။ စုတ်ပြတ်နံစော်ကာ တော်တော် အခြေအနေဆိုးနေသည်။

"လုပ်ပါ ဇော်ဇော်ရာ ကိုယ့်ရပ်ဆွေရပ်မျိုးတွေပဲ ငါးကျပ်တော့" သူမြန်မြန်ပိုက်ဆံပေးတော့ ဆုတွေဘာတွေတောင် ပေးနေသေး၏။ သူ့အလုည့်အတွက် စိတ်ဆိုးပြေကာစ ချစ်သူနှင့် ဆက်ပြဿနာ တက်ရသည်။

ကြောင်နှစ်ကောင်စာအုပ်တိုက်

www.foreverspace.com.mm



"ဖော်ဖော် နင် နင်၊ ဒီလို သူတောင်းစားမျိုးနဲ့လဲ ပေါင်းတာပဲ လား၊ ဟင်"

"ဟာ…မဟုတ်ဘူးဟ၊ ဆြာမိုဃ်းက သူတောင်းစားမဟုတ်ဘူးဟ၊ သူက ငါတို့နားက ဆံပင်ညှပ်တဲ့လူပါ၊ သူက မူးလာရင်"

"တော်ပြီ ဖော်ဖော် နင်ဟာ ခွေးမြီးကောက် ကျည်တောက်စွပ်ပဲ၊ ဒီလောက်စုတ်ပြတ်ပြီး လိုက်တောင်းနေတာတောင်မှ သူတောင်းစား မဟုတ်ရင်"

သူမှတ်မှတ်ရရ ချစ်သူနှင့် ပြတ်လုဆဲဆဲပင် အခြေအနေ ဆိုးဝါးသွားခဲ့ရ၏။ ဆြာမိုဃ်း ပြန်ကောင်းချိန်ကျတော့ သူ မြိုသိပ်ထားသော ဒေါသဖြင့် သွားရန်တွေ့ရ၏။

"Sorry ညီလေးရာ၊ အစ်ကိုလည်း မသိတော့လို့ပါ"

"ဘာလို့ မသိရမှာလဲ၊ ခင်ဗျား ကျွန်တော့်နာမည်ကိုတောင် ခေါ်သေးတာပဲ၊ အဲဒါပြဿနာဗျ သိလား၊ ဒီအတိုင်း တောင်းသွားရင် တော်သေးတယ်"

"ငါက လူရင်းဆိုပြီး အားကိုးမိတာ ထင်ပါတယ်ကွာ"

"တော်တော့ဗျာ၊ နောက် ခင်ဗျား ကျွန်တော့်ကို တွေ့ရင် ဘယ်တော့မှ မတောင်းနဲ့တော့"

ဒီတော့လည်း ဆြာမိုဃ်းက မျက်နှာငယ် လေပျော့ကလေးဖြင့် ကတိပေးရှာပါသည်။

ထိုကတိကိုတော့ ဆြာမိုဃ်းက တည်ပါ၏။ တည်သည့်အတွက် ထပ်၍ ဒုက္ခရောက်ရပြန်၏။ (၄၉) ရပ်သည့် ဒီဘက် ဇဝနမှတ်တိုင်နှင့်

www.foreverspace.com.mm



(၃၉)ကားတွေရပ်သည့် ဇဝနမှတ်တိုင်ကို ဆက်ထားသော လမ်းကြား ကလေးတစ်ခု ဇဝနမှာရှိသည်။ မနက်နှင့်ညနေတွင် ဈေးသွားဈေးပြန်၊ ကျောင်းသွားကျောင်းပြန်နှင့် ရုံးသွားရုံးပြန် လူတို့ကြောင့် ထိုလမ်းကြား ကလေးသည် တော်တော်လူစည်သော ဖြတ်လမ်းကလေးတစ်ခုဖြစ်၏။ ထိုဖြတ်လမ်းကလေးမှာ ဆြာမိုဃ်း၏ အကောင်းဆုံး စားကျက်လည်း ဖြစ်ပါသည်။

တစ်နေ့ သူ့ချစ်သူနှင့် သူမနက်ခင်း ထိုလမ်းကလေးကို ဖြတ်ကာ လျှောက်ကြသည်။ လမ်းကျဉ်းကလေးဖြစ်သဖြင့် လူကြပ်နေသော ထိုလမ်းကလေးထဲမှာ ဆြာမိုဃ်း ပိုက်ဆံတောင်းနေတာကို တွေ့ရ၏။ ခပ်ဖြည်းဖြည်းသွားရသော လူအားလုံးကို တောင်းနေခြင်းဖြစ်၏။ သူကတော့ ခပ်တည်တည် သာနေလိုက်သည်။ သူဆြာမိုဃ်း ရှေ့ရောက် သွားတော့ လက်ဖြန့်ပြီးမှ မော့ကြည့်ကာ လန့်သွား၏။ ပြီးတော့ သူ့ကို အားနာသလိုကြည့်ကယ

"ဟာ Sorry Sorry ဖော်ဖော် သွား သွား" ဟု လက်ဖြင့် ဝှေ့ယမ်းကာ တောင်းခွင့်မှ ရပ်သိမ်းပြီး Pass ပေးလိုက်သည်။

"ဟင်း...ဟင်း၊ သူတောင်းစားက အထူးကင်းလွတ်ခွင့် အပေးခံ ရတဲ့လူပေါ့လေ...ဟုတ်လား" သူ့ချစ်သူရိသော စကားကို ဘာမှပြန်မပြော နိုင်၊ ဘာကို ဒေါသထွက်ရမှန်းမလဲမသိ၊ ဘာကို စိတ်ဆိုးရမှန်းလည်း မသိသူဖြစ်ခဲ့ရဖူးသည်။

သို့သော် သူဆံပင်ကိုတော့ ဆြာမိုဃ်းကောင်းနေလျှင် ဆြာမိုဃ်း ဆိုင်မှာပဲ ညှပ်လေ့ရှိပါသည်။

ကြောင်နှစ်ကောင်စာအုပ်တိုက်

www.foreverspace.com.mm

"အေး…မင်းကလည်း အတောင်းခံရတာတောင်မှ နည်းသေးတယ်၊ မင်းက ပတ်သက်နေတာကိုး မင်းကိုယ်မင်း ကလေးများမှတ်နေလား"

သူငယ်ချင်းများက သူ့ကို မကျေမနပ် ပြောကြလေ့ရှိသည်။ ကလေးများသာ ညှပ်လေ့ရှိသဖြင့် သူ့ကို တမင်ကလေးဟု ပြောခြင်းဖြစ်၏။ ဆြာမိုဃ်းထံတွင် ဆံပင်ညှပ်ခြင်းမှာ အချက် (၂) ချက် ရှိပါသည်။ တစ်ချက်ငယ်စဉ်ကတည်းက ညှပ်လာခြင်းကြောင့်ဖြစ်သည်။ (တစ်ခြားဆိုင်များမှာ ညှပ်လျှင် အသက်ရှူမဝ သလို ခံစားရလေ့ရှိ၏) နောက်တစ်ချက်က ဆြာမိုဃ်းသည် သူ့ကို တစ်ခြားလူငယ်များနှင့်မတူဘဲ အနည်းငယ် စေတနာထားသည်ဟု ထင်သောကြောင့်ဖြစ်သည်။

သူ ညနေဘက်တွင် လမ်းထိပ် ဆြာမိုဃ်း ဆံပင်ညှပ်ဆိုင်တွင် ထိုင်ခြင်းကို သူ့အမေက လုံးဝမကြိုက်ပါ။

"အဲဒီ အမူးသမား၊ အရူးသမား ဆိုင်ကလွဲပြီး နင်ထိုင်စရာ မရှိတော့ဘူးလားကွ၊ အဲဒီမှာက လူက လူစုံ၊ ဟိုကောင်မလေးနောက် ဒီကောင်မလေးပြောင်နဲ့ ငါမကြိုက်ဘူး မထိုင်နဲ့"

ဟု အမြဲ ဆူပူတားမြစ်လေ့ရှိသည်။ ကျွန်တော့် အမေတင်မဟုတ် ကျွန်တော်တို့နားက တစ်ခြား အမေတိုင်းလိုလိုပင် ဆြာမိုဃ်းဆိုင်ရှေ့တွင် ထိုင်ခြင်းကို မကြိုက်ကြ၊ မနှစ်သက်ကြ။

အမေပြောသလို ဆြာမိုဃ်းဆိုင်ရှေ့သည် လူစုံသည်၊ ပြဿနာများသည် ဆိုသည့် အချက်ကတော့ ဟုတ်ပါသည်။ ထိုဆိုင်ရှေ့မှာ ညဆိုလျှင် မှောင်ရိပ်ကျသည့်အတွက် ဆေးခြောက်ရှူသည့် လူငယ်တွေ

www.foreverspace.com.mm



ဂီတာတီးရင်း ထိုင်တတ်သည်။ နေ့ဘက်ဆိုလျှင် အံစာဝိုင်းနှင့် ပိုက်ဆံကြေး ကျားထိုးသူများရှိသည်။ ညနေစောင်းတွင် ကောင်မလေးများကို ပြောင်သူ နောက်သူများရှိတတ်၏။ လူငယ်ချင်းရန်ဖြစ်ကြလျှင်လည်း ဆြာမိုဃ်း ဆိုင်ရှေ့မှ ချောင်းရိုက်တာများ၏။

သို့သော် သူ ထိုအရာများအားလုံးကို မလုပ်ပါ။ ရွယ်တူလူငယ်များရှိသဖြင့် သွားထိုင်ခြင်းသာဖြစ်ပါသည်။ ဆြာမိုဃ်းကလည်း သူ့ဆိုင်ရှေ့မှ လူငယ်များ ကောင်မလေးများကို လှမ်းအော်စလျှင် မကြိုက်။

"ဟေ့ကောင်တွေ၊ ငါ့ဆိုင် သိက္ခာကျမယ်ကွ"

ဟု အမြဲ ကန့်ကွက်တတ်၏။ သို့သော် ဘယ်လူငယ်ကမှတော့ ဂရုမစိုက်တတ်ကြ၊ စ မြဲ၊ အော်မြဲသာဖြစ်၏။ တစ်ခါတစ်ရံ သူတို့ ဆေးခြောက်ရှုနေချိန်ရောက်သွားလျှင် ဆြာမိုဃ်းက သူ့ကို နှင်လွှတ်တတ်သည်။ လက်ကုတ်ခေါ်ကာ တိုးတိုး တားမြစ်သည်။

"ဖော်ဖော် မင်းပြန်၊ သူတို့ လုပ်တာ ကိစ္စမရှိဘူး၊ မင်းကို ပြဿနာတက်မယ်။ မင်းက တက္ကသိုလ်ကျောင်းသား အညွှန့်နဲ့ ပြန်ပြန်ပြန်"

ထို့ကြောင့် ဆြာမိုဃ်းဆိုင်ရှေ့သည် အမေ့ မကျေနပ်ခြင်း တစ်ဝက်သာ မှန်သဖြင့် သူ သိပ်စကား နားမထောင်ဘဲ သွားထိုင်တတ်ခြင်း ပင်ဖြစ်သည်။ ထို့အပြင် ဆြာမိုဃ်းနှင့် သူ့အကြားမှာ ဆက်သွယ်ချက် တစ်ခုရှိသေးသည်။ ထိုအချက်ကတော့ တစ်လတစ်ခါ သို့မဟုတ် နှစ်လတစ်ခါလောက်သာ ကြုံတတ်၏။ ဆြာမိုဃ်း ခေါင်းဆယ်ခေါင်း၊ ဆယ့်ငါးခေါင်းလောက်ရ၊ မယ်ဒလင်ပြန်ရွေး၊ သင့်တော်သလောက်ပဲ

www.foreverspace.com.mm



သောက်ကာ မယ်ဒလင်တီးသော ညများတွင် သူ ဆြာမိုဃ်း တဲထဲသို့ သွားတတ်သည်။

ဆြာမိုဃ်းမူးလာလျှင် တီးသည့် သီချင်းက အမြဲတမ်း ၄၊၅ ပုဒ်သာဖြစ်ပါသည်။ ညစဉ် ဒါကိုပဲ အမြဲတီး၏။ တွံတေးသိန်းတန်၏ အချစ်တစ်ပွဲ စစ်ပွဲတစ်ရာ၊ မှာချင်တယ် မေမလွမ်းနဲ့၊ ပန်းနွယ်က စိမ်း၊ နှမလက်ကျှော့နှင့် ကိုတင်လှိုင်၏ အမုန်းခွန်အားတို့သာဖြစ်၏။ သောက် ကောင်းရုံ အသံဖြင့် လက်ကွက်ကျကျ တီးတတ်သောကြောင့် ကျွန်တော် စာကျက်ရင်း မနေနိုင် သူ့တဲထဲသွားကာ သူနှင့်အတူ လိုက်တီးတတ်သည်။

ဆြာမိုဃ်းကတော့ မယ်ဒလင် ကလေးတီးလိုက် ဟဲလိုက်၊ ဘီအီးကလေး မော့လိုက်။

"ဆြာမိုဃ်း၊ အရက်က ကောင်းလားဗျ"

အရက်ဆိုသည်မှာ ခါးမှန်း၊ နံမှန်း မကောင်းမှန်းကိုတော့ မသောက်ဖူးသော်လည်း သူသိပါသည်။ ဆြာမိုဃ်း ပက်ပက်စက်စက် သောက်နေပုံကို ကြည့်၍ သူမိမေးခြင်းသာဖြစ်သည်။ ဆြာမိုဃ်းက အရက်ကို ရေနွေးကြမ်းသောက်သော ကြွေပန်းကန်ကလေးဖြင့် ငှဲ့ကာ "ကျွတ်"ခနဲ မြည်အောင် တစ်ကြိုက်တည်း မော့ခြင်းဖြစ်၏။

အရက်ပုလင်းကို သေသေချာချာ ဂရုစိုက်မပုံ၊ ကြွေပန်းကန်လုံး ထဲသို့ ဖြေးညှင်းစွာ ထည့်ပုံ၊ အရက်ခွက်ကို မကာ နှုတ်ခမ်းတွင် မော့လိုက်ချိန်တွင် မျက်လုံးကို မှိတ်လိုက်ပုံတို့ကိုကြည့်ကာ သူ့အထင်တွင် အရက်သည် တော်တော်ချိုနေသလားဟု ထင်မိ၍ မေးခြင်းသာဖြစ်သည်။

"ဟား၊ ဘယ်ကကောင်းရမှာလဲ၊ အရက်ဆိုတာ လုံး၀

www.foreverspace.com.mm



မကောင်းဘူး၊ မင်းသောက်ဖို့ စိတ်မကူးနဲ့၊ မင်းက အညွန့်နဲ့လူ၊ တက္ကသိုလ်ကျောင်းသား၊ ငါတို့က ဘဝဆုံးနေပြီ၊ အရက်ဟာ ဘယ်တော့မှ မကောင်းဘူး၊ မင်းအမြဲမှတ်ထား''

ဆြာမိုဃ်း စကားကိုဖြတ်ကာ မယ်ဒလင်တီးကွက်စမ်း၏။ သူသိပါသည်။ ''ပန်းနွယ်ကစိမ်း'' ဖြစ်သည်။

ပန်းနွယ်ကစိမ်း

ပန်းနွယ်ကစိမ်း...တယ်။

စုံနံ့သာမြိုင်...ရှာပုံဖွင့်ပါလို့ရယ်။

ရင်နင့်အောင်ချစ်ရှာလွန်းသူ အပူတပြင်းရှာဖွေတယ် ရေမြေ...ဆုံးဆုံးစေတကယ် လှဂမုန်းနွယ် ချစ်သက်ဦးရယ် ဘဝဆုံးတကယ်မပစ်ရက်ဘူးကွယ်''

သီချင်းဆုံးတော့...''ကွတ်''ခနဲ မြည်အောင် သောက်ပြန်၏။

''ဆြာမိုဃ်း ရေမရောဘူးလား။ အမြည်းရော မစားဘူးလား''

''အမြည်းက ဆိုင်မှာတုန်းကတော့ စားခဲ့ပါတယ်။ ရေက ရောပြီးသားကွ။ ငါက ပုလင်းထဲတစ်ခါတည်း ရောထားခဲ့တာ ရေရောနေရင် အလုပ်ရှုပ်လို့''

''ကျွန်တော်မေးမယ်...မေးမယ်နဲ့ ကြာပြီ၊ ကျွန်တော်တို့သိတတ်ကတည်းက ဆြာမိုဃ်းက ဒီသီချင်းတွေချည်းပဲ တီးနေတာ တခြားသီချင်းမရှိဘူးလား''

သူ့စကားကြောင့် ဆြာမိုဃ်းက ပွေ့ထားသော မယ်ဒလင်ကို ရင်မှာပိုက်ကာ ငေးနေသည်။ ပြီးတော့မှ လေးလေးနက်နက်ဖြေ၏။

www.foreverspace.com.mm



“ငါက ဒီသီချင်းတွေပဲ ကြိုက်တာကိုးကွ။ ဒီအပြင်ကောင်းတဲ့ သီချင်းတွေအများကြီး။ ဒါပေမယ့် ငါ မတီးတတ်ဘူး။ ငါကတော့ ဒါပဲ”

“ဟဲ ဟဲ ဒါဆို ဆြာမိုဃ်းမှာ ဇာတ်လမ်းတွေ ဘာတွေရှိနေပြီ ထင်တယ် ဟုတ်လား”

လမ်းဘေး မီးတိုင်အလင်းက ဆြာမိုဃ်းနှာခေါင်းအောက်ကို ကျနေသဖြင့် ဆြာမိုဃ်း၏ စပ်ဖြဲဖြဲအပြုံးကို မြင်နေရ၏။

“ရှိတာပေါ့ကွ။ လူဆိုတာ အချစ်နဲ့နေတာပဲ”

“လုပ်စမ်းပါဦးဗျ။ ဘယ်သူလဲ”

“မင်းကလည်းကွာ…မသိချင်ပါနဲ့ ပြောနေတော့ ဘာထူးမှာလဲ”

“လုပ်စမ်းပါဗျာ ဘာပဲဖြစ်ဖြစ်ပေါ့”

“ဟာ…အဲဒီလိုတော့ မရဘူးကွ။ ဘာပဲဖြစ်ဖြစ်တော့ မရဘူး။ ငါက တစ်ဘဝလုံးဖြစ်ခဲ့ရတာ အဲဒီလိုတော့ မဖြစ်ဘူး”

“မဟုတ်ဘူးလေ ကျွန်တော် ပြောတာ”

သူ့စကားမဆုံး ဆြာမိုဃ်းက လက်ကွက်ကို စမ်းပြန်၏။ ဒီတစ်ခါ တော့ “အချစ်တစ်ပွဲ စစ်ပွဲတစ်ရာ” ဖြစ်သည်။ သီချင်းဆုံးသွားတော့ ဆြာမိုဃ်း အမှောင်ထဲမှာ အကြာကြီးငြိမ်နေသည်။ ပြီးတော့ မယ်ဒလင်ကို ပွေ့လျက် ဆေးပေါ့လိပ်ကို ဖွာ၏။

“ငါချစ်တဲ့ကောင်မလေးက ဒီရွာကပဲကွ။ ငါ့လိုပဲ ဒီရွာမွေးပဲ”

ဆြာမိုဃ်းရွာဟု ပြောခြင်းမှာ သူတို့နေသော ဘောက်ထော်ကိုပင် ပြောခြင်းဖြစ်၏။ ဟိုး နှစ်(၈၀)ခန့်က သူတို့နေသော ဇ/တောင်၊ ဇ/မြောက် ၁၆/ စသော ရပ်ကွက်တွေ ပေါင်းစုထားသည့်နေရာကို ဘောက်ထော်ရွာ

www.foreverspace.com.mm



ဟု ခေါ်သည်။ နောက်တော့ ရွာထိပ်တွင် နတ်စင်ကလေးရှိသဖြင့် နတ်စင်ဘောက်ထော်ရွာဟု ခေါ်ကြသည်။ ထို့ကြောင့် ယခုတိုက်အိမ်များနှင့် သူဌေးများနေရာ ဝင်ဒါမီယာဘောက်ထော်နှင့် တစ်ဆက်တည်း ဆိုသော်လည်း လူမှုရေးရာ အခြေအနေပါ ကွဲပြားသော နတ်စင် ဘောက်ထော်ရွာပင်ဖြစ်ပါသည်။ သူ့အဖေကြီး အမေကြီးများလည်း ဘောက်ထော်ရွာမွေး၊ သူ့အဖေအမေများလည်း ဘောက်ထော်ရွာမွေး။ ဆြာမိုဃ်း ဘိုးစဉ်ဘောင်ဆက်လည်း ဘောက်ထော်ရွာမွေးသာဖြစ်သည်။

"သူက ကွမ်းတောင်ကိုင်တွေ ဘာတွေမဟုတ်ဘူး။ ဒါပေမယ့် တော်တော်စွာတယ်ကွ" သူငြိမ်ပြီး နားထောင်နေသည်။

"မသိန်းညွှန့်ရေတွင်းနားမှာ သူနဲ့ ငါ တစ်ကြိမ်ပဲတွေ့တယ်၊ ငါ စကားပြောတော့ သူက ငါ့ကိုပစ်တွန်းပြီး ထွက်သွားတာကွ၊ အဲဒါပါပဲကွာ"

"ဟာ ဆြာမိုဃ်းကလဲ၊ ဘယ်လိုကြီးလဲ၊ သေသေချာချာ ပြောမှာပေါ့"

"အဲဒါပဲလေ၊ အဲဒါသေသေချာချာပဲ၊ ဒါပဲ"

"နေပါဦး အဲဒီကောင်မလေးက ဘယ်သူလဲ"

"ဘာထူးမှာလဲကွာ၊ မင်းသိတော့ ဘာထူးမှာလဲ၊ အလကားပဲ"

"မဟုတ်ဘူးလေဗျာ၊ နောက် ဘာဖြစ်သွားလဲ"

ဆြာမိုဃ်းက ခွက်ကို ယုယုယယ ငုံ့ကာ "ကွတ်" ပြန်၏။ သူ့ရင်ဘတ်ထဲက မယ်ဒလင်ကြီးကို အေးနားချလိုက်ပြီဖြစ်သည်။

"သူက သူဌေးသားတစ်ယောက်နဲ့ ယူလိုက်တယ်ကွ၊ သူ့ မင်္ဂလာဆောင်ကလည်း စည်လိုက်တာကွာ၊ ငါတို့ရွာမှာ အဲဒီ မင်္ဂလာဆောင်

www.foreverspace.com.mm



လောက် လူများတာ၊ အလှူပြယ်ကျွေးတာ ဘယ်ရှိမလဲ၊ ထမင်းကျွေးတယ်၊ မုန့်ဟင်းခါးကျွေးတယ်၊ ကော်ဖီနဲ့ ရေခဲမုန့်ကျွေးတယ်၊ အဲ…အဲ…ပြီးတော့ နင်မလစ်တွေပါ တိုက်တာကွ၊ တစ်ရွာလုံး ဗိုက်ခွေးနမ်းပဲ"

လမ်းဘေးမီးတိုင် အလင်းရှိရာ နေရာကွက်လပ်ကလေးသို့ အားရပါးရ စကားပြောနေသော ဆြာမိုဃ်း မျက်နှာဝင်းလာသည့်အခါတွင် ကျေနပ်ကာ ပြုံးနေသော ပုံစံကို လှစ်ခနဲ လှစ်ခနဲ သူတွေ့ရ၏။

"နင်မလစ်တွေ ဘာတွေတိုက်တာ၊ ငါတို့ရွာမှာ ပထမဆုံးပဲ၊ မင်္ဂလာဆောင်ကို နင်မလစ်တိုက်တာ သူပဲရှိတာကွ၊ စည်လိုက်တဲ့ မင်္ဂလာဆောင်ကွာ၊ တကယ်ပါ နင်မလစ်တွေတိုက်တာ"

"နင်မလစ်ဆိုတာ အခုအအေးပုလင်းကို ပြောတာမဟုတ်လား၊ အဲဒါ ဆန်းသလား ဆြာမိုဃ်းရာ"

"ဟ အဲဒီတုန်းက နင်မလစ်က မင်းတို့ အခုအအေးတွေလို မဟုတ်ဘူးကွ၊ သိပ်ကောင်းတာ သူက ဒန်အိုးထဲ ဖောက်ထည့်ပြီး ရေခဲစိမ်တိုက်တာ မဟုတ်ဘူး။ ရေခဲစိမ်ပြီးသား တစ်ယောက်တစ်လုံး ကလေးရော လူကြီးရော တစ်ယောက်တစ်လုံးပဲ၊ တကယ်ပါကွာ၊ မင်းကို မြင်စေချင်တယ်"

"ဆြာမိုဃ်း အသည်းကွဲတာပေါ့၊ ဟုတ်လား"

"အေးပေါ့ကွာ၊ ဒါပေမယ့် ငါကျေနပ်ပါတယ်။ သူက နင်မလစ် တိုက်နိုင်တဲ့ လူနဲ့ရတာကိုးကွ"

ထို ညတစ်ညလုံး ထိုနင်မလစ်က မတက်သဖြင့် သူ ဆြာမိုဃ်း မူးပြီဟု ယူဆကာ ပြန်လာခဲ့သည်။ သူ ခြင်ထောင်ထဲရောက်မှ

www.foreverspace.com.mm



အသံဝါကြီးကို ကြားရ၏။

"ခု XXX တော့ XXX ဖြင့် မနေသာ XXX၊ တစ်ပြည်ရွာသို့ သွေခွာလို့ ပြေးခဲ့ပြီကွယ်၊ မကြင်နာလို့တော့ မဟုတ်ပါဘူး၊ မယုဉ်သာလို့ ဖုတ်လာသူ တစ်ဦး ဘဝဝယ် ချစ်သူရှိရာ မလာဝံ့ဝံ့ ဗျာသင့်ပူလှိုင်ကြွယ်"

နောက်ညများတွင် ဆြာမိုဃ်းအသံကြားသော်လည်း သူ သိမ်မသွားဖြစ်၊ စာတွေလုပ်နေ၏။ တစ်ခါတစ်ရံ ခြင်ထောင်ထဲရောက်မှ အသံကြားရသည့်အခါ နားထောင်ရင်း ဆြာမိုဃ်းဇာတ်လမ်းကို စိတ်မှန်းနှင့် စဉ်းစားနေမိတတ်သည်။ ရောက်သွားသည့်အခါတွင်လည်း ဆြာမိုဃ်း "နင်မလစ်" တွေပဲ ပြောပြောနေသဖြင့် ရယ်ချင်က ပြန်ပြန်လာခဲ့ရ၏။ ထိုထက်ပိုပြီး သူဘာမှ မသိခဲ့ရ။

ဆြာမိုဃ်း "နှမလက်လျှော့နေလေတော့" သီချင်းဆိုတိုင်း သူကတော့ "နင်မလစ်လက်လျှော့ နေလေတော့" ဟု တွေးကာ ခြင်ထောင်ထဲမှာ ပြုံးတတ်သည်။ မသွားဖြစ်တော့သည့် နောက်တစ်ချက် ကလည်း တစ်ည သူ ဆြာမိုဃ်းလက်သံနှင့် အပေးအယူတည့်နေတုန်း နိုးလာသော အမေနှင့်ကြုံကာ ကောင်းကောင်းအဆူခံလိုက်ရသောကြောင့် ဖြစ်သည်။ အခုတော့ သူအိမ်ရှေ့ လမ်းမီးရောင်ကို အပြည့်အဝရနေသည်။

အလင်းရောင်ပြောင်းသဖြင့် နေ့စဉ် တွေ့နေကျထက် တစ်မျိုး ဆန်းနေသလို ထင်ရသည်။ အခုတော့ ဆြာမိုဃ်းသေပြီ။ မိသားစုမရှိ၊ ပိုက်ဆံတောင်းတတ်သော အရက်သမားသေသဖြင့် အသုဘက မစည်။ အိမ်မရှိသဖြင့် ဖဲဒိုင်ခံခြင်း၊ ဘာခြင်းလဲမရှိ။ သူ့အစ်မကတော့ ဘုန်းကြီး ဆွမ်းသွတ်ပေးသည်။ ရက်လည်သည့်ညပဲ ဆြာမိုဃ်းတဲကို ဖျက်ပစ်လိုက်

www.foreverspace.com.mm



ကြသည်။

ဆြာမိုဃ်းအသုဘကို သူလည်း လိုက်မပို့နိုင်လိုက်ပါ။ ကျောင်းမှာ လက်တွေ့ရက်နှင့် တိုက်ဆိုင်နေသဖြင့် ဘယ်လိုမှ အချိန်မအားခဲ့။ သူငေးနေချိန်တွင် ညမိုးက တိုးကာရွာလာ၏။ စန္ဒယားဆရာ လက်ကွက်စမ်းသလို အိမ်ခေါင်မိုးပေါ်ကို မိုးပေါက်ကြီးတွေ တဝုန်းဝုန်းကျလာသည်။ မိုးပေါက်ကြီး ကျလာသဖြင့် ဆြာမိုဃ်း၏ ဆုံလည်ကုလားထိုင်နှင့် တဲဟောင်း ဖျက်ထားသော ပစ္စည်းအစုတ်ပုံများ ဝေ့ဝါးသွားကြသည်။

"ဟဲ့ ကိုဇော် မအိပ်သေးဘူးလား၊ ဘယ်အချိန်ရှိပြီလဲ"

တစ်ရေးနိုးလာဟန်တူသော အမေက အိမ်ရှေ့မှာ ထိုင်ပြီး လမ်းမဘက်တွင် ငေးနေသော သူ့ကို မေးသည်။

"ဟုတ်တယ်အမေ၊ အိပ်မရတာနဲ့"

အမေက အိပ်ရေးဝလာဟန်ဖြင့် အိပ်ယာထဲ ပြန်မဝင်သေးဘဲ ခုံမှာ ဝင်ထိုင်သည်။

"အမေ နေ့လည်က အသုဘပို့သေးလား"

"နင့်အဖေပို့တယ်လေ"

"သားလည်း လက်တွေ့ရှိတာနဲ့ ဘယ်လိုမှ မအားတာနဲ့"

"အမယ်လေး၊ ကိုယ့်ကျောင်းသွားစရာရှိတာသွားပေါ့၊ ဖျက်နေစရာ မလိုပါဘူး၊ ဒီလို အရက်သမား တစ်နေ့ မသေ၊ တစ်နေ့သေမှာပဲ။ သေသွား အေးတောင် အေးသေးတယ်။ သူတောင်းစား သာသာရှိတဲ့ဟာ။ ဘာဆိုင်လဲ"

အမေက ဒေါသဖြင့်ပြောကာ စားပွဲပေါ်မှ ရေနွေးကြမ်းအိုးကို

www.foreverspace.com.mm



ကောက်ငှဲ့ကာ သောက်၏။ သူ အမေ့မျက်နှာကိုကြည့်ကာ ရင်ထဲမှာ တစ်ခုခုဖြစ်သွားခဲ့သည်။

"အမေ၊ အမေတို့ မင်္ဂလာဆောင်တုန်းက နင်မလစ်တွေ၊ နင်မလစ်တွေ ဘာတွေတိုက်သေးလား"

"နင်မလစ်၊ အေး တိုက်တယ်လေ ဘာဖြစ်လို့လဲ"

၁၉၉၆၊ ဒီဇင်ဘာ

မုဒိတာ

✪ ✪ ✪ ✪ ✪

www.foreverspace.com.mm



# တိတ်ဆိတ်ခြင်းတံတားပေါ်မှာ

www.foreverspace.com.mm



www.foreverspace.com.mm



သန့်ရှင်းသော မျက်နှာကလေးပေါ်တွင် ဘာမှ လိမ်းခြယ်ထားခြင်း မရှိသည့်အတွက် သွေးကြောစိမ်းစိမ်းကလေးတွေနှင့် ပန်းရောင်ကလေးတွေကို မြင်နေရသည်။ ဖြောင့်စင်းကျနေသည့် ဆံပင်ရှည်ရှည်တွေကိုတော့ လည်ကုပ်အနားလောက်မှ လက်ကိုင်ပဝါကလေးနှင့် စုချည်ထားသည်။

သည်လက်ကိုင်ပဝါကလေးက ဟောင်းလှပြီ။ အဖူးကို မြင်ရတာ ကျောင်းတုန်းကလိုပဲ။ တကယ့်ကို ရိုးရိုးကလေးပဲ။ တည်ငြိမ်သွားသော လှုပ်ရှားမှုနှင့် အတော်ရှည်နေပြီဖြစ်သော ဆံပင်တွေကသာ ၂ နှစ်ဆိုသော အချိန်ကို ကျော်လွန်ခဲ့သည့် သင်္ကေတကို ပြသည်။

အဲဒီလို စကားနည်းပြီး ငြိမ်ငြိမ်ကလေး ထိုင်နေတတ်တာကိုတော့ သူမ မပြောင်းလဲဖြစ်။ ပြောင်းလဲဖို့လည်း စိတ်ကူးမရှိဘူးနဲ့တူပါရဲ့နော်။

အဖူးရဲ့နှုတ်ခမ်းတွေက ပါးလျနေပြီး အဖျားကလေးတွေ ကော့နေတတ်သည့်အတွက် စကားမပြောဘဲနေရင် ပြုံးနေသလို ထင်ရသည်။ ဘာမှမလုပ်ဘဲ လူတစ်ယောက်ကို ငြိမ်းချမ်းမှုပေးနိုင်တဲ့ မိန်းကလေး

www.foreverspace.com.mm



တစ်ယောက်။ တစ်ခုချင်း လျှောက်ကြည့်နေမိတာကို သူ့ကို သတိရမိတော့ ဘာလုပ်လို့ ဘာကိုင်ရမှန်း မသိဘဲ သက်ပြင်းချမိသည်။

သူ့သက်ပြင်းချသံကို ကြားရတော့မှ အဖူးက မော့ကြည့်သည်။ သူနှင့် မျက်ဝန်းချင်းဆုံမိသွားသည်။ ပါးပြင်ပေါ်မှာ ပန်းနုရောင်တွေ အချင်းချင်းတိုက်မိပြီး သူ့ဘက်သို့ အပြုံးတစ်ခု ဖိတ်ကျလာသည်။

"နင် ဖုန်းနံပါတ် ဘယ်သူ့ဆီက ရတာလဲ"

"ဇော်မြင့်နိုင်ဆီက"

"သိပ်မကြာသေးဘူးပေါ့"

"အေး…ငါနဲ့ ဇော်မြင့်နိုင် မြို့ထဲမှာ သွားတွေ့တာ။ သူငယ်ချင်းတွေအကြောင်း လျှောက်မေးရင်းနဲ့ သူက နင့်ဖုန်းနံပါတ်ကို ပေးသွားတာပဲ။ ဒီတော့မှ ငါလည်း နင် စာရေးဆရာမကြီးဖြစ်နေတာ သိရတာ"

"ငါတို့အကြောင်းကို မေးတာကော ဟုတ်ရဲ့လားဟယ်"

စကားဆုံးတော့ ရယ်မချလိုက်ဘဲ ပြုံးရုံသာ ပြုံးနေသည်။ သူ့စိတ်ထဲ ဝရုန်းသုံးကား ဖြစ်သွားရပြန်သည်။ အဖူးနဲ့ သူ ပြန်တွေ့တာ တစ်လလောက်ရှိပြီ။ ပထမ တယ်လီဖုန်းနှင့်သာ တွေ့ရသည်။ အခုလို အပြင်မှာ တွေ့ကြရတာ ဒါ ဒုတိယအကြိမ်မြောက်။ ပထမအကြိမ်တုန်းက ကျောင်းတုန်းက သူငယ်ချင်းတစ်ယောက်ရဲ့ မင်္ဂလာဆောင်ကို အဖူးက သွားဖို့ချိန်းသဖြင့် အတူသွားခဲ့ကြသည်။

အသွားအပြန်ကိစ္စမို့ သိပ်စကားမပြောဖြစ်ကြ။ အခုအကြိမ်ကတော့ သူက တမင်တွေ့ဖို့ တောင်းဆိုခြင်းဖြစ်သည်။

ကျောင်းတုန်းကလိုပဲ သူ့သဘောကို ဘယ်တုန်းကမှ ငြင်းဆို

www.foreverspace.com.mm



လေ့မရှိသော သူမက အခု သူနှင့်အတူ ကန်ရေစပ်က သစ်ပင်အောက်မှာ ရှိနေသည်။

တကယ်ဆို သူ သည်လိုလုပ်ခဲ့တာ မှားသည်ဟု သူသိပါသည်။ သူက အမြဲတမ်း အဲဒီလို မှားတတ်လေ့ရှိတာ ကြာခဲ့လေပြီ။

"ကဲ နင် ငါ့ဆီက ဘာသိချင်သလဲ။ မေးလေ"

အဖူးရဲ့ ရုတ်တရက်စကားပေမယ့် သူ အံ့ဩမသွားမိ။ ဘာမှ မဖြစ်သလိုသာ ပြုံးမိသည်။ တကယ်တော့ သည်လိုပြုံးတတ်အောင် သူ အတော်ကြာကြာ နာကျင်ခဲ့ရဖူးခဲ့ပြီ မဟုတ်လား။ အဖူးက သူနှင့် သူမအကြား ခဏခဏ တိတ်ဆိတ်နေရတာကို မရှိစေချင်ပုံရသည်။ သူမက စကားနည်းသည့်အတွက် နံဘေးက သူ့ကို အားနာလို့လား။ ဒါမှမဟုတ် ရင်ခုန်သံကို မကြားရဲလို့လား။

"ဟင့်အင်း ငါ သူနဲ့ပတ်သက်လို့ ဘာမှ မေးစရာ မရှိပါဘူး"

"ဒါဖြင့်ရင် ငါ့ကို ဘာလို့ခေါ်တာလဲ" ဟူသော မေးခွန်းမျိုးနှင့် အဖူးက သူ့ကို ခပ်ကြာကြာငေးသည်။ ပြီးတော့ သက်ပြင်းချ မျက်နှာလွှဲပြီး လှိုင်းကလေးတွေစီနေသော ကန်ရေပြင်ကို ငေးနေလေသည်။ အဖူးနှုတ်ခမ်းတွေက ပြုံးနေတာလား။ သည်အတိုင်းပဲလား မကွဲပြား။ ပြုံးနေတာဆိုရင်တော့ လှောင်ပြုံးသာ ဖြစ်လိမ့်မည်ထင်သည်။

ဟုတ်ပါတယ်၊ ငါမှားခဲ့ပါတယ်။ ပန်းအဖူးတစ်ပွင့်ကို ပွင့်အာလာဖို့ ရေနဲ့စိမ်ကြည့်ခဲ့ဖူးတယ်။ ဒါ မိုက်တာပေါ့နော်။

"နင်…နိုင်မြတ်သော်ကို မေ့ပစ်လိုက်နိုင်ပြီလား"

ဦးနှောက်ထဲတွင် အကြိမ်ကြိမ် ရိုက်ခတ်သွားသော စကားတွေ။

www.foreverspace.com.mm



သူမ ဘာကြောင့် သည်လိုမေးခွန်းမျိုးကို မေးရတာလဲ။ သူမသည် သူသိသလောက် သည်လောက် တစ်ခါမှ မမိုက်မဲခဲ့ဖူးချေ။ သူမက ရိုးသားစွာ မေးတာဆိုရင်ကော…။

"ငါ့မျက်နှာပေါ်မှာ အဲဒီအရိပ်တွေ ပါမနေဘူးလား။ ငါ့စကားသံတွေဆီမှာကောလေ"

သူက တိုးညှင်းဖြည်းလျစွာ သူမကိုမေးသည်။ အဖူးက ချစ်စရာကောင်းလောက်အောင် ရယ်မောချလိုက်ပြီး ချက်ချင်း ပြန်တည်သွားကာ သူ့ကိုမကြည့်ဘဲ ဆံပင်တွေကို ချုပ်နှောင်ထားသည့် လက်ကိုင်ပဝါကလေးကို ဖြေချလိုက်ရင်းက

"လူတွေရဲ့မျက်နှာပေါ်မှာ ငါ ခံစားမှုကို ဘယ်တော့မှ မရှာတတ်ဘူး။ ခံစားမှုဆိုတာ မျက်နှာပေါ်ရောက်သွားတာနဲ့ လိုသလို ထားနိုင်လောက်အောင် နူးညံ့သွားလေ့ရှိတယ်။ ဟုတ်တယ် မဟုတ်လား"

စကားဆုံးတော့ အဖူးက ထပ်ရယ်သေးသည်။ ဒါပေမယ့် သူမရယ်သံတွေက ခြောက်ကပ်နေပြီး ခပ်အစ်အစ် ဖြစ်နေသည်။ အဖူးရဲ့စကားကြောင့် သူ့အတွေးတွေလည်း လွန်ခဲ့တဲ့ ၃ နှစ်လောက်က ပုံရိပ်တွေ အစီအစဉ်တကျ မဟုတ်ဘဲ တအား ပြေးဝင်ကပ်ကုန်သဖြင့် ဖရိုဖရဲ ဖြစ်ကုန်သည်။

ပြီးတော့ သူပင်ပန်းစွာ တစ်ခုချင်း မလိုအပ်သည်တို့ကို ပြန်လည်ဖယ်ထုတ်ပစ်နေရသည်။ လိုင်ဗရီ အရှေ့ကအုတ်ခုံ၊ အင်းလျားကန်အစပ်က ရန်ဖြစ်စိတ်ဆိုးပွဲ၊ မာနနည်းနည်းနဲ့ မာယာတွေ ဝှက်ထားတဲ့မျက်နှာ။ နင်ရှုးနေသလားဆိုတဲ့ အဖူးရဲ့မျက်နှာ။ ဘာမှမပြောဘဲ နောက်ဆုတ်

www.foreverspace.com.mm

သွားတဲ့ အဖူးရဲ့အပြုံး၊ အပျော်နဲ့ စေးကပ်ပျစ်ခဲနေတဲ့ နိုင်မြတ်သော်ရဲ့ နှုတ်ခမ်းတစ်စုံ၊ သူ အခုံမင်ခဲ့ဆုံးရက်များ၏ ရနံ့စူးရှရှ၊ နိုင်မြတ်သော်ရဲ့ အနိုင်ယူနေကျ မျက်ဝန်း၊ ပြီးတော့ သူ ခေါင်းကျိုးကျသွားသည်။

အဖူးကော သူ့လိုပဲအရာရာ (သူမဘက်က မြင်ခဲ့ရသမျှ) ကို ပြန်လည်တွေးတောနေသလား။ တိတ်ဆိတ်ခြင်း၏ တံတားပေါ်မှာ သူတို့ နှစ်ယောက် လမ်းလျှောက်လာနေကြသည်။ ခံနိုင်ရည်အားသည် အလယ်မှာ လူးလာခေါက်တုံ့လူပ်ရှားနေ၏။ တဖြည်းဖြည်း ဖောင်းအစ်လာသည်။ သူ့ရင်ခုန်သံတွေတဖျစ်ဖျစ် မြည်ဟည်းလာသည်ဟု ထင်ရသည်။

"ငါမှားခဲ့တယ် မဟုတ်လား အဖူးရယ် ဟင်"

မေးခွန်းသံပင်ဖြစ်သော်လည်း သူ့အသံကိုက အရှုံးပေးသံလို ဖြစ်နေတာတော့ သူသိသည်။ သည်စကားမျိုးကို မပြောဖြစ်ဖို့ မမေးမိဖို့ ညကတည်းက သူအကြိမ်ကြိမ် စဉ်းစားခဲ့သည်။ သို့သော် အခုတော့ အခြေအနေကျဉ်းကျဉ်းကျပ်ကျပ်ထဲက သူသတိလက်လွတ် ထိုစကားနဲ့ ထွက်ပစ်လိုက်မိသည်။

အငမ်းမရ နိုင်မြတ်သော်ကို ကိုးကွယ်ခဲ့တုန်းက သူ့မျက်ဝန်း အရိပ်များ၏ အာသီသတွင် နားလည်မှုတစ်ခုကို မသိချင်ဟန်ဆောင်ကာ နေခဲ့ဖူးသည်။ ဒါပေမယ့် အခုထိ သူ့ဦးနှောက်တွေက အိပ်မက် မက်နေတတ်ဆဲ။ အသိတရားကို မလိမ်မညာတတ်သော သူ့အိပ်မက်တွေထဲမှာ သူ အထီးကျန်စဉ် ကာလတုန်းက မဆံတငင် ဝတ်မွတ်ခဲ့သော နားလည်မှု၊ ငြိမ်းမြတဲ့ ခွင့်လွှတ်မှုပဲ မဟုတ်လား။

နိုင်မြတ်သော်ဆီက မရခဲ့တဲ့အရာလေ။ အကြိမ်ကြိမ် အရှုံးပေး

www.foreverspace.com.mm



ခဲ့ရပေမယ့် အနိုင်ရရှိမှုထက် နားလည်ခွင့်လွှတ်မှုကိုသာ ပိုပြီးမြတ်နိုးခဲ့တယ်။ အဲဒီဟာကို မင်းမသိကျိုးကျွန်နဲ့ လွင့်ပစ်ခဲ့ဖူးတယ်။ တူညီသော ရင်ခုန်သံမဲ့ နိုင်မြတ်သော်ဆီက ရခဲ့တဲ့ ပျော်ရွှင်မှု၊ ဗဟုသုတ သိပ်နည်းခဲ့တဲ့ငါ။

တစ်ဘက်သတ် နှုတ်ဆက်ပွဲ နံဘေးက နားလည်စွာ ဖြည့်စွက်ပေးနေရှာတဲ့ အပြုံး၊ ဒါ ဘယ်သူလဲ။ နှစ်နှစ်စာ ကွက်လပ်ထဲမှာ အနမ်းတွေ အတောင်ပံမဲ့ ပျံသန်းသွားခဲ့ကြ၊ အခုငါ တွယ်ငြိချိတ်တင်နေတဲ့ ပစ္စုပ္ပန် ပိုးအိမ်လေးကား၊ စိတ်ထဲမှာ ရှင်းသွားလိုက်၊ ရှုပ်လာလိုက်နဲ့ ကြာရင် ရူးများသွားမလား၊ ငါ့ကို နားလည်ပါ။ ငါ့ကို နားလည်ပါ။ ကောင်းကိုကို အဓိပ္ပာယ်မဲ့ မေ့ကြည့်မိသောအခါ တိတ်ဆိတ်ငြိမ်သက်နေသော သူတို့နှစ်ယောက်ကို အသိမပေးဘဲ ညနေရီအထဲမှာ တိမ်များ ခိုးရွေ့နေသည်ကို တွေ့လိုက်ရသည်။

အဖူးဆီက သက်ပြင်းချသံကို ပီပီသသကြားလိုက်ရသည်။ သူမ လွန်ခဲ့တဲ့ သုံးနှစ်ဆီကိုရောက်ပြီး တိတ်ဆိတ်ခြင်း တံတားပေါ်မှာ လမ်းလျှောက်နေတာ သေချာပါသည်။ နင်ပင်ပန်းခဲ့တာ ကြာပြီနော်။

"နင်မှားခဲ့တယ် ဟုတ်လား၊ အဲဒါကို ငါမသိဘူး။ မကွဲပြားခဲ့ဘူးဆိုရင်လည်း ဟုတ်တာပဲ၊ ဒါပေမယ့် သေချာတာ တစ်ခုတော့ရှိတယ်။ အဲဒါကတော့ ဘယ်နှင်းဆီရဲ့ ဆူးကမှ ခူးမယ့်လက်ဆီကို မလာဘူးဆိုတာပဲ"

စကားဆုံးတော့ အဖူးက စိတ်မငြိမ်သူ တစ်ယောက်လို ဆံပင်တွေကို ဆွဲယူ ပွတ်သပ်ပစ်လိုက်သည်။ အဖူးရဲ့စကားက သူ့ရင်ထဲက ကွက်လပ်ကို ပိုမို လှိုက်စားသွားပြန်သည်။ ဟုတ်တယ်၊ တကယ်တော့

www.foreverspace.com.mm



ငါဒီစကားကို ပြောဖို့ မကောင်းဘူးပေါ့။ ငါကိုယ်တိုင် လက်ကမ်းခဲ့တာပဲ၊ ရွေးချယ်ခဲ့တာပဲ၊ နောင်တရတယ်ဆိုတာ ကိုယ့်ကိုယ်ကို ရင်မဆိုင်ရဲတာ၊ သူ့ရဲ့ဘောင်ကြောင်တာ၊ ထွက်ပေါက်ရှာတာ။

သူ သူမကို အားကိုးတကြီးငေးမိတော့ သူ့ကို ကြည့်နေသော သူမမျက်ဝန်းထဲမှာ အရိပ်တစ်ခု သူ့အပေါ်ပြုတ်ကျလာသည်။ သူ့ရင်ထဲ အေးသွားရပြန်သည်။ သို့သော် သူ သူမကို အားနာသည်။ အဲဒီ အရိပ်အောက်က အဲဒီစိတ်ကလေးနှင့် သူခုန်ထွက်ပစ်လိုက်ချင်ပါသည်။ ဒါ ကရုဏာမဟုတ်လား၊ သူ…မှားခဲ့ပြီးပါပြီ။ အဲဒီ အရိပ်မျိုး နိုင်မြတ်သော် ဆီမှာဆိုတဲ့ အတွေးကို သူမတွေးဖို့ အင်အားစုနေရသေးသည်လား။ ဟင့်အင်း…နင့်ကို ငါနာကျည်းတယ် 'မြတ်' ရယ်။ သို့သော် သူမှားခဲ့ပြီးပါပြီ။ အရင်က သူ့ကို နိုင်မြတ်သော်နှင့် ပတ်သက်လျှင် မကြာခဏ နှစ်သိမ့်ကျေနပ်စေခဲ့သော သူမသည် အခုမှ ဘာကြောင့် သူ့ကို အနိုင်ယူနေချင်ပါလိမ့်။ ဒါဟာ…သူထပ်မှားလိမ့်ဦးမည် ထင်သည်။

"မြတ်ရဲ့ အကြောင်းကိုတော့ နင်က ပိုသိမှာပေါ့။ ငါဟာ အဖြည့်ခံသက်သက်ပဲလား"

"ဘာဖြစ်လို့ ဒါကိုမေးနေရတာလဲ၊ နင်အရူးပဲ"

"နင်ပြောချင်တာ ပြောနိုင်ပါတယ်၊ ပိုပြည့်စုံသွားအောင်ပါ။ ငါဟာ လူတစ်ယောက်ကို ခဏလေးနဲ့ သံယောဇဉ်ကြီးတတ်ပေမယ့် နာကျည်းရင်တော့ တဖြည်းဖြည်း တစိမ့်စိမ့်ပဲ နာကျည်းတတ်တယ် အဖူး"

သူမက သူ့ကို ငေးကာ သက်ပြင်းချပြန်သည်။ နင် သိပ်ပင်ပန်းနေပြီပေါ့နော်။ သူမ သက်ပြင်းချတိုင်း သူမအပေါ် ကရုဏာ ပိုရပြန်သည်။

www.foreverspace.com.mm



"နင့်ကို အဖြေပေးမယ့်နေ့က သူကပြောတယ်။ နင့်ကို သူ မချစ်ဘူးတဲ့၊ ဒါပေမယ့် ရွေးစရာလူလည်း နင်ကလွဲလို့ ဘယ်သူမှ မရှိသေးဘူးတဲ့၊ ပြီးတော့ နင့်ကို သနား…"

"တော်တော့ အဖူး၊ နင်ဘာစကားမှ ထပ်ဖြည့်ပြောစရာ မလိုတော့ဘူးလေ၊ မြတ်ရဲ့ နှုတ်ခမ်းဟာ အဲဒီစကားလုံးကို အသံမထွက်တတ်ဘူးဆိုတာ ငါသိပါတယ်။ နင့်ကိုကော ငါမေးရဦးမယ်။ ဘာဖြစ်လို့ နင်ဟာ ငါနဲ့ မြတ်ရဲ့ အကြားမှာ မြတ်က မပြောဘဲနဲ့ ငါခံစားရလို့ ကျေနပ်စေနိုင်မယ့်စကားမျိုးတွေကို ပြောခဲ့ရတာလဲ၊ အဲဒါကို ငါသိလာတယ်"

"အို…ငါက…အောင်သွယ်ပဲဟာ"

ဆို့နင့် ကန်ထွက်လာသော သူမ၏ စကားသံကြောင့် သူ့ရင်ထဲ နာကျင် ကြေကွဲသွားရသည်။ သူမရဲ့ မျက်နှာကို သူ မကြည့်ရဲပါပြီ။ ဒေါသဖြစ်ရမှာ အဖူးကို မဟုတ်ဘူးလေ။ တကယ်တော့ သူ မြတ်ကို တော်တော်နှင့် မေ့မရနိုင်တာ အဖူးရဲ့ ဖြည့်စွက်ပြောခဲ့တဲ့ စကားတွေကြောင့်ဖြစ်သည်။

အဲဒီ စကားတွေထဲမှာ သူ့ကို နားလည်သည့် အရိပ်အရောင်တွေ များစွာပါသည်။ သည်အတွက်ပဲ သူ မြတ်ကို အချိန် အတော်ကြာကြာ မျှော်လင့်တမ်းတကာ စကားနှင့်သဏ္ဌာန် တူညီစေရန် စောင့်ဖူးသည်။ ဒါတွေကို အထီးကျန်တော့မှ သူသိလာသည်။

ဒါ အဖူးက သူ့ကို နားလည်ခဲ့တဲ့ အရာတွေကဆိုတာ ခုနက သူ ပြောသလိုပဲ အဖူးဟာ ခံစားမှုကို မျက်နှာပေါ်မှာ လုံခြုံအောင်

www.foreverspace.com.mm



သပ်ရပ်စွာ ဝှက်ထားနိုင်ခဲ့သည်။ မကွယ်ဝှက်နိုင်တော့လည်း တစ်ပါးသူရဲ့ နာမည်နဲ့ အမည်ခံပြီး ပြခဲ့သည်။ နင်ဟာငါ့ကို ဘာကြောင့် သည်လောက် တိတ်တိတ်ကလေး အရှုံးပေးနေခဲ့ရတာလဲ၊ သည်လို တိတ်တိတ်ကလေး အရှုံးပေးရတာလောက် လျှို့ဝှက်သည်းဖိုဆန်တာ၊ ရပိုင်ခွင့်မဲ့တာ ဘာများ ရှိပါသေးသလဲ။ တတ်နိုင်လိုက်တာကွယ်။

တကယ်တော့ သူနဲ့အဖူးက မြတ်ထက် နှစ်နှစ်စောပြီး ဗိုလ်တထောင် တက္ကသိုလ်ကတည်းက ခင်ခဲ့ကြတာဖြစ်သည်။ အဖူးမှာ ယောကျ်ားကလေး အဖော်ဆိုလို့ သူတစ်ယောက်သာရှိသည်။ သူနဲ့ သွားဖော်လာဖော်၊ ပရယ်တီကယ်နေ့ ထမင်းစားဖော်၊ ရုပ်ရှင် အတူ ကြည့်ဖော်၊ နောက်ဆုံး အတင်းပြောဖော်၊ ကဗျာရေးတတ်သော အဖူးက ဒုတိယနှစ်အစမှာ ကဗျာစာအုပ်တစ်အုပ်ထုတ်သည်။ "နွေမျက်လုံးရဲ့ အိပ်မက်" ဟူသော ကဗျာစာအုပ်ကလေးဖြစ်သည်။ သူကလည်း ကူညီခဲ့ သည်။ အဖူးက သူ့ထက် စာပိုဖတ်သည်။ စစ်နဲ့ ငြိမ်းချမ်းရေး၊ ကမ္ဘာကျော် စာအုပ်တစ်ရာ၊ ကဗျာပေါင်းများစွာ၊ ကြည်အေးရဲ့ ဝတ္ထုတိုပေါင်းချုပ်၊ အဲဒါတွေ သူ့ကို အဖူးကပေးဖတ်ခဲ့သည်။

နွေမျက်လုံး အိပ်မက်ဆိုသော ကဗျာစာအုပ်ကလေး အထဲမှာ အဖူးရဲ့ မက်နေကျ အိပ်မက်ကို သူတွေ့လိုက်ရသည်။ အဖူးရဲ့ ခွင့်လွှတ် နားလည်မှုနှင့် ငြိမ်းမြအေးချမ်းမှုတို့ကို သူ အလွယ်တကူ ယူငင်ခံစား နေရချိန်လည်းဖြစ်သည်။ သူအဖူးကို ချစ်ခွင့်တောင်းဖို့ တစ်ကြိမ်မှ မကြိုးစား ခဲ့တာ အဲဒါတွေလည်း ပါနိုင်ပါသည်။ နောက် တတိယနှစ် အရောက်တွင် အဖူးနှင့်ခင်သွားသော နိုင်မြတ်သော်ကို သူကချစ်သည်ဟု ထင်ခဲ့လေသည်။

ကြောင်နှစ်ကောင်စာအုပ်တိုက်

www.foreverspace.com.mm



သို့သော် တစ်ကြိမ်တစ်ခါ အမှားဆိုတာ အချစ်မှာမရှိ။

"ငါ နင်ကြားထဲက ပြောပေးခဲ့တဲ့ နားလည်စကားတွေကြောင့် မြတ်ကို ပိုစွဲလန်းခဲ့တယ်။ ဒါ ငါတကယ်ပြောတာပါ။ တကယ်တော့ မြတ်ဟာ ငါ့ကို ဘယ်တော့မှ နားလည်နိုင်မယ့်မိန်းကလေး မဟုတ်ဘူးဆိုတာ ငါ ဒီနေ့မှ အသေအချာ သိသွားရတယ်။ နင်နဲ့ မြတ်ဟာ ဘယ်တော့မှ မတူးဘူး၊ အဲဒီအသိကလေးအတွက် ငါပေးဆပ်ခဲ့ရတာ များလွန်းတယ် မဟုတ်လားဟင်"

"နင်ပဲ သိနိုင်မယ်၊ ဒါပေမယ့် နင် နိုင်မြတ်သော်နဲ့ ငါ့ အကြားမှာ ညီမျှခြင်း တစ်ခုဖြစ်ခဲ့ဖူးတယ်၊ ငါထင်တယ်။ တကယ်တော့ အသည်း ခွဲချင်တဲ့ စိတ်ကလေးဆိုတာလည်း အင်မတန်ရိုးသားတာပဲ မဟုတ်လား။ လူတစ်ယောက်အတွက် လိုအပ်ချင်ရင် လိုအပ်နိုင်တာပဲ"

"နင့်အပေါ် ဘာကြောင့် ဒီလောက်နားလည်နေရတာလဲဟင်"

သူ့စကားသံ ဆုံးတော့ သူမက ခေါင်းကိုငုံ့ကာ လက်ကိုင် ပဝါလေးကို လုံးခြေနေသည်။ ပြီးတော့ နှုတ်ခမ်းများကို တစ်စချင်း တဖြည်းဖြည်းဆွဲယူကာ ပြုံးလိုက်သည်။ လှလိုက်တာကွယ်၊ ဒါသူ၏ အထီးကျန်ဆန်တုန်းက အင်မတန် တောင့်တဖူးခဲ့ဖူးသော အပြုံးမျိုး ဖြစ်သည်။ သူ ကာလအတော်ကြာ အရက်ကို ခုံခုံမင်မင် သောက်ခဲ့ဖူး သေးသည်။ သူ့ဆီမှာ အပြစ်က တစ်ခုတည်းမဟုတ်ဆိုတာကို သူသိသည်။ တိတ်ဆိတ်ခြင်း တံတားပေါ်မှာ သူတို့နှစ်ယောက်လျှောက်မိကြပြန်သည်။ သည်တစ်ခါ တစ်ဦးနှင့်တစ်ဦးတွေကို မျက်နှာသဲသဲကွဲကွဲ မမြင်ရတောင်မှ စိတ်ထဲမှ ပုံဖော်ကြည့်ခွင့်ရလောက်အောင် အဖြစ်တို့က ရှင်းလင်းသွားပြီဟု

www.foreverspace.com.mm



သူသိသည်။ သို့သော်လည်း သူမရဲ။ ခံနိုင်ရည်အားမှာ အရင်ထက် သိပ်သည်းစနည်းသွားပြီး တုန်ခါနှုန်း ပိုမြန်လာသည်။ ဟော…သူ့ရင် တဖြည်းဖြည်းခုန်လာနေသည်။ သူ့ရင်ခုန်သံတွေကို အမေ့ခံခဲ့တာ ဘယ်လောက်ကြာခဲ့ပါလိမ့်။

ဟုတ်တယ်၊ ငါရင်ခုန်နေတယ်။ အဖူးရဲ့ နှုတ်ခမ်းကလေးတွေဟာ ငါ့ရဲ့ ရင်ခုန်သံရဲ့ သံပတ်ကလေးတွေပဲ၊ အဖူးပြုံးလိုက်ရင်…။

ညနေရီမှာ အနောက်ဖက် မိုးကုတ်ခုံးကလေးဆီမှာ အနီကွဲ အရောင် ယှဲ့ယှဲ့သာ ကျန်တော့၏။ သူမက ငြိမ်သက်နေသည်။ ဘာမှမပါတဲ့ သူမရဲ့ ကိုယ်ရနံ့ကလေးတစ်ခု ညနေခင်းလေပြည်ညင်းက ယူမသွားဘဲ သူ့အနားမှာ ချထားခဲ့သည်။ အိမ်မက်ဆိုတာ တန်ဖိုးကြီးတဲ့ ဆုံးရှုံးမှု တစ်ခုပဲလား၊ သူကိုယ်တိုင်ကော…တရားမျှတရဲ့လား။ မနက်ဖြန်သည် မသေချာခြင်းနှင့် ပုန်းအောင်းနေသေးသော အရိပ်ကလေးမျှ ဖြစ်စေဦးတော့ သူ အိပ်မက် ကြိုမက်ချင်နေသည်။

ညဘက်မှာ လိပ်ပြာတွေ ရှိတယ်။ ကြယ်ကြွေတွေနဲ့ အတူ အတောင်ပံကို ဝှက်ပြီး ပျံသန်းတတ်တဲ့ အိပ်မက်လိပ်ပြာတွေပေါ့။ သူ သတိမပြုခဲ့သော၊ ဂရုမစိုက်ခဲ့သော အဖူးရဲ့ သံယောဇဉ် ပေစွန်းနေတဲ့ မျက်ဝန်းတွေ လင်းလက်ခဲ့ရာ…။ မြတ်ကို အဲသည် စာပေးလိုက်ပါ။ အဖူးရဲ့ သက်ပြင်းချသံသည် အဲသည်တုန်းက သူရှောင်ခဲ့ရာ ရပ်ဝန်း၊ သူနဲ့မြတ် အင်းလျားကန်စပ်မှာ အချိုဖွဲ့ကာ ရယ်သံတွေနဲ့အတူ ထိုင် နေတုန်းက အဖူးက ခပ်လှမ်းလှမ်းက သစ်ပင်ရိပ်အောက်မှာ မဂ္ဂဇင်း တစ်အုပ်နဲ့၊ သူက အားမကျဘူးလား၊ အဖော်ရှာပါလားဟု ရယ်ပြုံး

www.foreverspace.com.mm



နောက်ပြောင်သံကို အဖူးက အပြုံးနွမ်းနွမ်းနှင့် ခုခံရှာသည်။ အို သူ မတရားခဲ့ဘူးနော်။

သူ့စကားသံသည် အဖျားဆွတ် တုန်ခါသိမ်ဝင်သွားသည်။ ထို့နောက် လည်ချောင်းဝတွင် ချွန်မြစွာ မွေ့ယမ်းကခုန်နေပြန်သည်။ ရင်ထဲကို နှိုက်ကာ ရင်ခုန်သံတွေကို တအား ဆွဲဆွဲထုတ်ယူနေသည်။ သူ့ဦးနောက်ကို ရှို့မီးနှင့် မှိုင်းတိုက်သည်။ သူ့ဆောက်တည်ရာကို မျိုချထားသည်။ သူ သွေးရူးသွေးတန်း တစ်ခုခုကို လှမ်းဆွဲယူသည်။ သို့သော် မမီနိုင်။ သူ၏ ပုံစံပျက်နေသော မျက်နှာကို အဖူးက မော်ပြီး ငေးသည်။ မျက်ဝန်းတို့ကို မခွာ။ ကြာလှချည်ရဲ့။ ရင်တွေ ခုန်လှချည်ရဲ့။ ဒါဟာ... သူမဝေခွဲရဲ။ သူ ထပ်မှားပစ်လိုက်ဖို့၊ စွန့်ခွာထွက်ပြေးဖို့ သူမရဲ့ မျက်ဝန်းတွေပေါ်မှာ သူ စကားလုံးတွေကို အန်ချပစ်လိုက်ရမလား၊ အနိုင်ယူခြင်းနှင့် ခွင့်လွှတ်ခြင်းသည် နားလည်သူအတွက် မြုပ်ကျင်းတစ်ခုလို မော်ဆန်သည်လား။ သူစကားကို အားယူ၍ ပြောချလိုက်သည်။

''အဖူးကို ချစ်ခဲ့မယ်ဆိုရင်''

သူမ ပြုံးနေရာမှ ဝရုန်းသုန်းကား ရယ်ချလိုက်သံကို ကြားလိုက်ရသည်။ သူ့ရင်တစ်ခုလုံး အရှိန်အဟုန်ပြင်းစွာ ပွင့်ထွက်သွားသည်ဟု ထင်ရ၏။ သည်ရယ်သံဟာ ပြန်လည်တိတ်ဆိတ်သွားပြန်သည်။ တိတ်ဆိတ်ခြင်း တံတားပေါ်ကို သူတို့ နှစ်ယောက်စလုံး နောက်ဆုံးအကြိမ် တက်လိုက်ကြသည်။ သို့သော် မျက်နှာချင်းဆိုင်မှ ဟုတ်ပါ့တော့မလား။

**၁၉၉၃၊ မေလ**

**ရုပ်ရှင်အောင်လံ**

www.foreverspace.com.mm



# နေပူသူများ၏ထီးရိပ်

ကြောင်နှစ်ကောင်စာအုပ်တိုက်

www.foreverspace.com.mm



www.foreverspace.com.mm



တရိပ်ရိပ်ပြေးနေသော ကားပြတင်းပေါက်မှ မြင်နေရသော လယ်တောစမ်း၊ ညနေရီနေ၊ ပေါက်ပင်ကိုင်းနှင့် ရေငြိမ်သော ချောင်းကလေးများ၊ မီးခိုးငွေ့အူနေသော လယ်တောအစပ်က တဲငယ်ကလေးတွေကို ငေးကာ ကျွန်တော်ပါလာခဲ့သည်။

ရိုးမ Express အဝေးပြေးကား၏ ပြတင်းပေါက်နေရာမှ ကျွန်တော်ရခဲ့သည်။ တစ်ကားလုံး တိတ်တိတ်ဆိတ်ဆိတ်။ ပြည်မှ ရန်ကုန်သို့ မောင်းနေသော ကားပေါ်မှာဖြစ်၏။ ကားစီးသူ တစ်ယောက်အတွက်တော့ ကားသံသည် ခဏချင်း ရင်းနှီးကျွမ်းဝင် သွားနိုင်သော အသံဖြစ်သဖြင့် တိတ်တိတ်ဆိတ်ဆိတ်ဟု ကျွန်တော် ထင်နေသည်။ ထို့ကြောင့် ကျွန်တော့်အာရုံထဲမှ ပြောနေသော စကားသံတွေကိုသာ ကျွန်တော် ကြားနေရသည်။

သို့သော် ထိုစကားသံတွေက မကောင်း၊ မအေးဆေး။ ဒေါသ၊ မကျေနပ်ခြင်း၊ စိတ်လိုအင်မပြည့်ခြင်း စသည်တို့ဖြင့် ရှိနေသည်။ ကျွန်တော် တစ်ယောက်ယောက်နှင့် ရန်ဖြစ်နေသည်။ တစ်ခုခုနှင့် အကြီးအကျယ် စကားများနေခဲ့သည်။ သို့သော် ထိုတစ်ယောက်ယောက်၊ တစ်ခုခုသည် ဘာမှန်းတော့မသိ။

ဒီနေ့ မနက် (၇) နာရီကပင် ကျွန်တော် ရန်ကုန် စော်ဘွားကြီးကုန်း

ကြောင်နှစ်ကောင်စာအုပ်တိုက်

www.foreverspace.com.mm



အဝေးပြေးကားဂိတ်မှ ပြည်သို့ ရိုးမ Express နှင့်ပင် ထွက်လာခဲ့သည်။ အိမ်က ထွက်တုန်းကတော့ ခရီးကပျော်စရာ၊ ပြည်သို့ ဒါရိုက်တာ မောင်မျိုးမင်းနှင့်အတူ ကားရိုက်ထွက်ရန်ဖြစ်သည်။ ပြည်သည် ကျွန်တော့် ဇာတိ မဟုတ်သော်လည်း ဒုတိယအခင်အမင်ဆုံးမြို့တစ်မြို့ ဖြစ်၏။ ကာတွန်းကိုရွှေထူး အမှူးပြုကာ ကာတွန်းစိုးသော်တာ မင်္ဂလာပွဲကို တက်ရင်း ပြည်မြို့ကို ပထမဦးဆုံးအကြိမ် ရောက်ခဲ့ဖူးကတည်းက ပြည်မှာ ကျွန်တော့်မိတ်ဆွေတွေ တော်တော်များခဲ့သည်။

ရန်ကုန်မှာကတည်းက ခင်ရပါသော ကိုချောနွယ်၊ ပြည်ရောက်မှ သိရသော ကိုတိုးကြီး၊ ပေါက်ပေါက်(ပြည်)၊ ကိုစိုးမြတ်၊ ကိုသန်းဆွေ၊ မောင်ပုံ၊ ဆရာသီဟန်လွင်၊ ဖိုးချွဲ၊ အိုး အများကြီးပင် ဖြစ်၏။ ပြည်ကို ရောက်လျက် ဧရာဝတီမြစ်ကို ကြည့်ကာ ကျွန်တော်ပျော်သည်။ သူတို့နှင့် ထန်းရည်သောက်ကာ ကျွန်တော် အော်သည်။ ကျွန်တော် အိမ်က ထွက်တော့ မျှော်လင့်ချက်က တစ်ပုံကြီး။

ကိုမျိုးမင်းက ပြည်မှာ ကားတစ်ရက်စာ ရိုက်သည်။ ကျွန်တော် အတူလိုက်သွားရင်း ကားရိုက်ပြီးသောအခါ ပြည်မှာ နေခဲ့သည်။ သုံးလေးရက်ကြာမှ ပြန်မည်။ ပြည်မှာ ကျွန်တော် ဘယ်မှာတည်းတည်း၊ ဘယ်သူ့အိမ်မှာနေနေ ကျွန်တော့်ကို ထားကြမည့် လူတွေချည်းသာ ဖြစ်၏။

မနက် ငါးနာရီခန့်မှာ ရှုတင်ကားရောက်လာသည်။ ကျွန်တော် အဝတ်အစားနှင့် ယူစရာတွေ ထည့်ထားသော ခရီးဆောင်အိတ်ကို ပေးလိုက်၏။ ကျွန်တော်ကတော့ အဆင်သင့် အဖြစ်သေး၍ မလိုက်။

www.foreverspace.com.mm



ရှုတင်ကားကလည်း ကျွန်တော့်ကို မစောင့်နိုင်။ တခြားလူတွေကို ကြိုရဦးမည်။ (၇) နာရီ စော်ဘွားကြီးကုန်း အဝေးပြေးဂိတ်ကို ချိန်းကာ ထွက်သွား၏။ ကျွန်တော့်အမှားက အချိန်ကိုက်ကာ ကားငှားသွားမိခြင်း တစ်ခုသာ ရှိပါသည်။ ထိုကားက လမ်းတွင် (၁၅) မိနစ်ခန့် ပျက်သည်။ သို့သော် ကျွန်တော် မစိုးရိမ်မိ။ ကျွန်တော့်ကိုတော့ သူတို့စောင့်ကြလိမ့်မည်။

စော်ဘွားကြီးကုန်းကို (၇း၃၅)နာရီခန့် ရောက်သွားတော့ ပေးထားသော ကားနံပါတ်မရှိတော့။ ဂိတ်ကိုမေးတော့ ထွက်သွားပြီဟု ဆိုသည်။ ထိုအချိန်မှာ ပြဿနာတစ်ခုရှိ၏။ ငွေကြေးသာဖြစ်သည်။ ကျွန်တော့်မှာ ဇာတ်ညွှန်းခက မထုတ်ရသေး။ အိတ်ထဲမှာ ငွေတစ်ထောင် ကျော်ကျော်သာ ပါသည်။ ပြည်ရောက်မှ ထုတ်ယူကာ ထိုငွေကို စားရိတ်လုပ်နေခဲ့မည်ဟု စိတ်ကူးထားခြင်းဖြစ်၏။ အခုလွဲသွားတော့ ကျွန်တော်စဉ်းစားရသည်။ သို့သော် ကိစ္စမရှိ။ ကျွန်တော့်မှာရှိသည့် ငွေကို လမ်းစားရိတ်လုပ်ကာ ပြည်သို့လိုက်ခဲ့သည်။ ပြည်မြို့က ကျဉ်းကျဉ်း ကလေး၊ ကားရိုက်နေတာကို ရှာ၍မရစရာ မရှိ။

သို့သော် ကျွန်တော်ဆိုသည့်ကောင်က လွဲနေကျတွေနှင့် တော်တော် ဖူးစာဆုံသူ။ အသားကျနေသူသာဖြစ်သည်။ ကျွန်တော် တွက်ထားသမျှ သေချာသည်ဆိုသော အရာတွေအားလုံးကို လွဲပစ်ဖို့ နတ်ဒေဝါ တစ်ပါးပါးကို သိကြားမင်းက တာဝန်ပေးထားဟန် တူသည်။ ထိုနတ်ကလည်း တာဝန်ကျေလှပါသည်။ မပျင်းမရိ လုံ့လရှိလှသော နတ်ပေတကား။

ပြည်ရောက်၍ စုံစမ်းတော့ ကားရိုက်နေခြင်းကို ဘယ်သူမှမသိ။

ကြောင်နှစ်ကောင်စာအုပ်တိုက်

www.foreverspace.com.mm

ထမင်းကျွေးမှာ ကျိန်းသေသဖြင့် ကိုတိုးကြီးတို့ ပင်မရေစီး ကားနံပါတ် ရေးသည် ပန်းချီဆိုင်နားက ထမင်းဆိုင်ကိုမေးတော့ ရှတင်ကား လာသွားကြောင်း၊ ထမင်းစားမည် ပြောသော်လည်း ပြန်မလာကြောင်း သိရသည်။ ဘယ်မှာရိုက်သလဲဆိုတော့ သူတို့လည်း မသိကြ၊ ခက် နေတာက ကျွန်တော့်အင်္ကျီအိတ်နှင့် ငွေဖြစ်သည်။ ကျွန်တော့်မှာ ငွေခုနစ်ရာသာ ရှိတော့၏။ ကျွန်တော် ကိုမျိုးမင်းတို့နှင့် တွေ့မှကို ဖြစ်မည်။

နောက်ဆုံးစဉ်းစားရင် ကိုရည်ဇော်မောင်ကို သတိရသည်။ သူ့ဆီမှာ ဆိုင်ကယ်ရှိသည်။ ထိုဆိုင်ကယ်ဖြင့် ရိုက်ကွင်းကို လိုက်ရမည်။ ကျွန်တော် ဇာတ်ညွှန်းရေးခဲ့သော ဇာတ်အရ ပြည်လမ်းပေါ်မှာ ကားပျက်ကာ ရန်ဖြစ်တာတွေပါသဖြင့် ပြည်မြို့နားက လမ်းတစ်လမ်း လမ်းမှာ ရှိကိုရှိရမည်ဟု ကျွန်တော်တွေးကာ ကိုရည်ဇော်မောင်၏ စာအုပ်ဆိုင်သို့လာသည်။ သို့သော် ကိုရည်ဇော်မောင်ကို မတွေ့၊ ခဏစောင့်လည်း ပြန်မလာ။ ကျွန်တော် စိတ်ပူကာ ပြန်ထွက်မှ ရောက်လာသည်။ ပြောပြတော့ ပြဿနာမရှိ။ ဆိုင်ကယ်ပေါ်တက်ကာ ရှာပုံတော်ဖွင့်ကြသည်။ သို့သော် ပြည်မြို့တစ်မြို့လုံးနှင့် ရေပြာအထိ ဆိုင်ကယ်နှင့်ရောက်သည် မတွေ့၊ ကျွန်တော့်စိတ်လျှော့လိုက်သည်။ အဝတ်အစားလည်း မရှိ၊ ငွေကြေးကလည်း ခုနစ်ရာနှင့်တော့ ကျွန်တော် ပြည်မှာ ပျော်မနေချင်တော့။ ကျွန်တော့်ကြောင့် နယ်ခံလူများ ဒုက္ခများမှာကို အားနာလှပါသည်။ ကိုမျိုးမင်းတို့အဖွဲ့ ရန်ကုန်ပြန်သွားပြီဟု ကျွန်တော် တစ်ထစ်ချယူဆလိုက်သည်။

www.foreverspace.com.mm



ထို့ကြောင့် ကျွန်တော် ပြည်မှ ကားခ ၃၀၀ ကျပ် အကုန်ခံကာ ရန်ကုန်သို့ ပြန်ရသည်။ တစ်နေကုန် ရှာဖွေရ၊ စိတ်မောရနှင့်ရှိသဖြင့် ပင်ပန်းနေသည့်တိုင် ကျွန်တော်ကားပေါ်မှာ မငိုင်၊ ဘာကိုမှန်းမသိ ဒေါသဖြစ်နေရသည်။ သွားချင်ရသည့် ပြည်၊ လိုက်ချင်လိုက်ရသည့် ပြည်၊ အခုရောက်တော့လည်း မျှော်လင့်ထားသမျှ ဘာမှ မဖြစ်လာခဲ့ရ။ အားမရခြင်း၊ မကျေနပ်ခြင်းနှင့် ဒေါသသည်လိုဘတ်မပြည့်သော ကျွန်တော့်စိတ်ထဲမှာ ဟိုခုန်ဒီခုန် ရှိနေကြသည်။ ကျွန်တော့် ဒုက္ခ ဘယ်မျှကြီးသနည်း။

ကားနှင့် ဆိုက်ကားနံပါတ်ရေးရသော၊ မိန်းမနှစ်ယောက်၊ ကလေး ခြောက်ယောက်ရှိသော ကိုတိုးကြီးက နေ့လယ် ထမင်းကျွေးသဖြင့်သာ ကျွန်တော့်အိတ်ထဲမှာ ငွေလေးရာကျော် ကျန်သည်။ မည်သို့ပင်ဖြစ်စေ ကျွန်တော်အားငယ်သည်။ ဒုက္ခ ဒုက္ခဟု ညည်းနေမိသည်။

ပြတင်းပေါက်မြင်ကွင်းမှာ မှောင်ရိပ်စို့လာ၏။ ကျွန်တော်မြင်နေရသေးသော တဲအိမ်ကလေးတွေထဲမှာလည်း ဒုက္ခဆိုတာ ရှိမည်ဟု ကျွန်တော် ဖျတ်ခနဲ တွေးမိသည်။ အခု ကျွန်တော်တို့ စီးလာသော ကားထဲက လူတွေဆီမှာရော၊ ရန်ကုန်မှာ အဖေဆေးရုံတင်ထားသဖြင့် ဆေးရုံသွားသူ၊ မိန်းမနှင့် ရန်ဖြစ်ကာထွက်လာသူ၊ မောင်က ထောင်ကျနေ၍လိုက်တွေ့သူ၊ သမီးယောကျ်ားနောက် လိုက်ပြေး၍ ရန်ကုန်သို့ လိုက်သူ စသည်ဖြင့် ရှိနိုင်သည်။ ဒီလိုတွေးမိတော့ အားငယ်စိတ် ပျောက်ကာသွားသည်။

လက်ပံတန်းရောက်လျှင် ထမင်းစားမည်။ စော်ဘွားကြီးကုန်းမှ

ကြောင်နှစ်ကောင်စာအုပ်တိုက်

www.foreverspace.com.mm

အိမ်အထိ ကားငှားပြန်ကာ အိမ်ကျမှ ကားခကို ပေးတော့မည်ဟု တွေးကာ ကျေနပ်စပြုလာ၏။

ထိုအချိန်တွင် ကားက တအိအိဖြင့် ရပ်ကာသွားသည်။

ကားရှေ့တံခါးပွင့်ကာသွားသဖြင့် ကျွန်တော်ငဲ့ကာ ကြည့်ရသည်။ ကျွန်တော်က ကားမောင်းဆရာနောက် ကပ်လျက် ရှေ့ဆုံးခုံကို ရထား ခြင်းဖြစ်သည်။ ထိုခုံမှာ တစ်ယောက်တည်းထိုင်ခုံဖြစ်သဖြင့် ကားတံခါးကို ငဲ့ကာ ကြည့်ရသည်။

တံခါးမှ အသက်(၅၀)အရွယ် အဘွားကြီးတစ်ယောက်နှင့် ဆယ်နှစ်အရွယ်ရှိ ကလေးတစ်ယောက်တို့ တက်လာကြသည်။ စပယ်ယာ၏ နေရာချထားမှုကြောင့် သူတို့နှစ်ယောက်က ကျွန်တော့် နံဘေးနားသို့ ရောက်လာကြသည်။ ရောက်ရောက်လာချင်း သူ့လက်ထဲမှာ မနိုင့်တနိုင်ဆွဲထားသော အိတ်ကြီးကို ပစ်ကာချသည်။ ထိုအိတ်ကြောင့် ကျွန်တော် သက်သောင့်သက်သာ ထိုင်နေရသော လွတ်လပ်မှုပျက်ကာ သွားသည်။

ခြေထောက်ကို အပေါ်တင်ကာ ကွေးကွေးကလေး ဖြစ်သွား၏။ လူက သေးကွေးလေးတော့ အိတ်၏ နေရာက ကျွန်တော့် လစ်ဟာမှု နေရာအားလုံးကို ယူသွားသည်။

“လူလေး ရရဲ့လား”

ထိုအမေးစကားက တော်တော် ပြန်ဖြေဖို့ ခက်ပါသည်။ ကျွန်တော့်ပုံစံ ပြောင်းသွားတာကို အဘွားကြီး ရိပ်မိဟန်တူ၏။ သို့သော် သူတို့မှာလည်း နေရာကမရ၊ ရှိသည့်နေရာပိုကလေးမှာ ကပ်၍ ထိုင်ကြ

www.foreverspace.com.mm



ရသည်။ ကလေးအငယ်ကလေးက အလယ်တန်းကို ကိုင်ကာ ကြမ်းပြင်မှာ ထိုင်နေရခြင်းဖြစ်သည်။

"ရပါတယ် အဘွား၊ ရပါတယ်၊ ထားပါ"

အမှန်ဆိုလျှင် ကျွန်တော် ထပေးလိုက်ဖို့ပင် ကောင်းပါသည်။ သို့သော် ရန်ကုန်ဘတ်စ်ကားဆိုလျှင် ကိစ္စမရှိ။ အခုကားက ခရီးဝေးကား၊ ရန်ကုန်သို့ လေးနာရီခွဲကျော်ကျော် မောင်းရဦးမည်။

"လူလေးက ရန်ကုန်ကလား"

ရုတ်တရက် အမေးကြောင့် ကျွန်တော် နည်းနည်းတော့ ကြောင်အမ်းကာ သွား၏။ ရန်ကုန်အထိ မဟုတ်ဘူးဆိုလျှင် ကျွန်တော့် နေရာကို မျှော်လင့်တာလားဟုလည်း တစ်ဆက်တည်း တွေးမိသည်။

"ဟုတ်တယ် အဘွား၊ ကျွန်တော် ရန်ကုန်အထိပါ"

"ရန်ကုန်ကဆိုရင်..."

အဘွားကြီးက ဘာမှ ဆက်မပြောတော့ဘဲ သူ့ချွေးခံအိတ်ကို နှိုက်သည်။ နံဘေးမှ (၁၀) နှစ်အရွယ် ကလေးအငယ်ကလေးကလည်း ပြူးကြောင်ကြည်လင်သော မျက်လုံးကလေးဖြင့် ကျွန်တော့်ကို မော့ကာ ကြည့်၏။ အဘွားကြီး ဘာကို ရည်ရွယ်သည်ဆိုတာ ကျွန်တော်မသိ။ သို့သော် အဘွားကြီးလက်ထဲမှာ စာရွက်အနွမ်းကလေး တစ်ရွက်ပါသည်။

"သားရယ်၊ ရန်ကုန်ကဆိုရင် ဒီလိပ်စာကို သိမလား မသိဘူး"

ကျွန်တော် ဗလာစာရွက် အနွမ်းကလေးကို ယူကြည့်တော့ သစ္စာဒီပကကျောင်း၊ ရန်ကုန်မြို့ဟု ဆိုသော စကားလုံးများကို တွေ့ရသည်။ ကျွန်တော် အဖြေရှာမရ။

www.foreverspace.com.mm



"အဘွား သစ္စာဒီပကကျောင်းဆိုတာနဲ့ မရဘူးလေ၊ ဘယ်မြို့နယ်၊ ဘယ်ရပ်ကွက်သလဲ"

"အဘွားလည်း မသိပါဘူးကွယ်၊ အဲဒီလို ရေးပေးသွားတာပဲ၊ သစ္စာဒီပကကျောင်းလေ၊ သားမသိဘူးလား"

ကျွန်တော် တော်တော်စိတ်ညစ်သွား၏။ ရန်ကုန်မြို့မှာ သစ္စာဒီပကကျောင်းဆိုတာ ကျွန်တော် ဘယ်လိုညွှန်ရမလဲ၊ သူတို့အထုပ်ကြောင့် ကျပ်နေသော ကျွန်တော့်ခန္ဓာကိုယ်ကို ပြင်ရင်း သူတို့ကို လှမ်းအကဲခတ်တော့ အဝတ်အစားနွမ်းနွမ်း၊ ဆင်းရဲပင်ပန်းမှုက မျက်နှာနဲ့ မျက်လုံးတွေမှာ အထင်းသား။ ထိုနေရာကို ဦးတည်ကာ သွားကြမည့် အရေးကို တွေးကာ သက်ပြင်းကို ချမိသည်။

"ရန်ကုန်မှာ မလွယ်ဘူးအဘွား၊ ကျောင်းတိုက်တွေက အများကြီး၊ မြို့နယ်တွေကလည်း အများကြီး၊ ဒီလိပ်စာက မပြည့်စုံဘူး၊ ဘယ်နေရာနဲ့ နီးတယ်လို့ ပြောသလဲ"

အဘွားကြီးမျက်လုံးက ဧွေ့ခနဲ ဝေ့ကာသွား၏။ ရုပ်ရှင်မှာ ဆိုလျှင်တော့ ထိုမျက်လုံးတွေကို Zoom in ကာ Flash back ပြန်ရမည် ထင်သည်။ သို့သော် ကျွန်တော်ဖြစ်နေတာက ရုပ်ရှင်မဟုတ်။ လတ်လတ်ဆတ်ဆတ်ကြီး။ ကားတစ်စီးပေါ်မှာ ဖြစ်သည်။ အဘွားကြီး တော်တော်စဉ်းစားကာ ဖြေသည်။

"ဈေးနဲ့ နီးတယ်တဲ့"

"ဘာဈေးလဲ အဘွား"

ဒီတစ်ခါတော့ မျက်လုံးတွေလည်း လွင့်ကာဧွေ့မသွားပါ။ ခဏ

www.foreverspace.com.mm



ငြိမ်ပြီး ခေါင်းကိုသာ ယမ်းသည်။

"မသိဘူး ဈေးနဲ့ နီးသတဲ့"

ကျွန်တော်လည်း ဘာစကားမှ ပြန်မပြောနိုင်။ ဈေးနဲ့ နီးသတဲ့။ သို့ အဖေ ရန်ကုန်ဆိုသော လိပ်စာထက် ဆိုးပြီထင်သည်။

"အဘွား ရန်ကုန်မြို့မှာ ဈေးက တစ်သန်းလောက်ရှိတယ်လေ"

ကျွန်တော် ငေါ့ပြောကာ စာရွက်ပြန်ပေးရင်း ခန္ဓာကိုယ်ကို နေရာပြောင်းရသည်။ သူတို့လည်း မကြည့်တော့။ ကျွန်တော် ကူညီလိုက်မည်ဆိုသော စိတ်သည် သူ့မရေရာခြင်းထဲမှာ ပျောက်သွားပြီဖြစ်သည်။ သို့သော်...

"ဟုတ်ပါတယ်ကွယ်။ အဘွားတို့ကလည်း အစက အဲဒီကို လာတာ မဟုတ်ပါဘူး၊ ဒီမှာ အလုပ်လုပ်နေတဲ့ အဘွားတူ အင်ဂျင်နီယာက စာလှမ်းရေးလို့ လာတာပါ၊ ဒီရောက်တော့ သူက မရှိတော့ဘူးတဲ့၊ အဘွားတို့က မအူပင်က လာရတာ၊ ရန်ကုန်ဆိုတာ မသိဘူး၊ ဒီမှာ သူမရှိတော့ ဘယ်လိုလုပ်မလဲ၊ ဒုက္ခရောက်တာပေါ့။ သူ မရှိတော့ဘူးတဲ့၊ အေးလေ...သူက ဝါခေါင်လကတည်းက ခေါ်တာ၊ အဘွားက အခုမှ လာမိတော့ သူပြောင်းသွားပြီတဲ့"

ကျွန်တော် မျက်နှာလွှဲ၍မရ။ စကားသံတွေကြောင့် ပြန်ကြည့်ရပြန်သည်။ ဒီမှာ အလုပ်လုပ်နေတဲ့...ဆိုတာ သူတို့တက်လာသောနေရာ အနီးတဝိုက်ဖြစ်ရမည်။ ဘယ်နေရာလဲ ကျွန်တော်မသိ။ အဘွားကြီးသည် ပထမလိပ်စာ လွဲသွားသဖြင့် ကျွန်တော့်ကို ဒုတိယလိပ်စာပြတာ ကျွန်တော် နားလည်သည်။

ကြောင်နှစ်ကောင်စာအုပ်တိုက်

www.foreverspace.com.mm



"ငွေကလည်း ရှိတော့တာ မဟုတ်ဘူး၊ ဒီလိပ်စာက ရန်ကုန်က အဘွားတူမ သီလရှင်ဝတ်နေတဲ့ ကျောင်းကို ပေးထားတာ၊ မတွေ့ရင် တော့..."

စကားသံတိတ်သွား၏။ ကားက အလိုတကြီးအားအင်အပြည့် မောင်းနှင်နေသံကိုလည်း ကြားရလေသည်။ သွားပြီ။ ကျွန်တော့် အာရုံတွေ လွင့်ကုန်၏။ ဧရာဝတီတိုင်း မအူပင်ဆိုသောမြို့ (အလွယ်တကူ ပြောတာလည်းဖြစ်မည်။ သူနေသောနေရာသည် မအူပင်ထက်လည်း ဝေးနိုင်၏) ကလေးမှ ရန်ကုန်၊ ရန်ကုန်မှ ပြည်လမ်းရှိ လှမ်းခေါ်သော တူထံသို့ အားကိုးတကြီးလာခဲ့သော အဘွားကြီးတစ်ယောက်နဲ့ (၁၀) နှစ်အရွယ် ကလေးမလေးတစ်ယောက်၊ တူက မရှိတော့။ ဒုတိယအားထားကြသည့် ရန်ကုန်လိပ်စာက မသေချာ။ ပထမကို အားပြု ကာ သေချာထားခဲ့ကြသဖြင့် သူတို့ရောက်ခဲ့ပြီ။ သို့သော် သူတို့လူက မရှိ။ ဒုတိယလိပ်စာဆိုသည်က လိုလိုမယ်မယ်ဆွဲလာကြဟန်တူသည်။ စာရွက်အနွမ်းကလေးနှင့် မပြည့်စုံသော လိပ်စာ။ ထိုလိပ်စာအတိုင်းသာ ရှာလျှင် တစ်လ၊ နှစ်လရှာလည်း တွေ့မည်မဟုတ်။ ငွေကလည်း မရှိတော့ဟုဆိုသည်။ သူတို့ ဘာဆက်လုပ်ကြမည်နည်း။ ဘယ်လို ခရီးဆက်ကြမည်နည်း။

ကျွန်တော်တွေးရင်း မောကာ လာသည်။

"အဘွားက အခု တူမဆီကို ဘာလာလုပ်တာလဲ"

"မြေးကလေး လာပို့တာပါကွယ်၊ ဒီကလေးပါ၊ အခုတော့ အားလုံးလွဲပေါ့"

www.foreverspace.com.mm



"အဘွားတူ ဘယ်ပြောင်းတယ်လို့ ဟိုကပြောလိုက်သလဲ"

"သူက အလုပ်ပြုတ်သွားတာတဲ့"

ပြီးပြီ။ ကျွန်တော့်ရင်ထဲ မောကာသွား၏။ အခြေအနေကို ဟိုကတည်းက သိခဲ့ဟန်တူသော ကလေးမလေး၏ ကြည်လောင် ပြုံးစက်နေသော မျက်လုံးကို၊ ကြောက်ရွံ့ထိတ်လန့်နေသော မျက်လုံးအကြည့်ကို ကျွန်တော် လွှဲဖယ်ကာ သက်ပြင်းချရသည်။

"အဘွား ရန်ကုန်မှာ အဲဒီလိပ်စာရှာဖို့ မလွယ်ဘူး၊ ဘာဆက်လုပ်မှာလဲ"

"သိတော့ပါဘူးကွယ်၊ မသိဘူး၊ တို့ကံကိုက ဆိုးပါတယ်၊ မြေးလေး သူ့ကို အဘွားရန်ကုန်မှာ မထားခဲ့လို့လည်း မရဘူး၊ သူ့ကို ဟိုမှာ ထားမရလို့ ပို့ရတာ၊ ဒီလိပ်စာရှာပြီး တောင်းရမ်းပြီးတော့ပဲ..."

ကျွန်တော့်ကမ္ဘာသည် တိတ်၍တိတ်၍သွား၏။

ကျွန်တော် ရေနစ်သူလို မွန်းကျပ်မွန်းကျပ်၍ လာသည်။ နေရာကျဉ်းကျဉ်းကလေးမှာ ကျွန်တော် ပျော့ခွေကာ သွား၏။ ကျွန်တော် မစဉ်းစားမိအောင် စနစ်တကျ ဆိုးဝါးသော ဘဝတွေ ရှိပါသေးသလား။ သူတို့ကိုကျတော့ ဘယ်နတ်ဒေဝကာက လိုက်နှောက်နေတာတဲ့လဲ။

ကျွန်တော် အိတ်ကို စမ်းမိသည်။ ကျွန်တော်မှာ ငွေလေးရာနီးပါး ရှိသေးသည်။ ပြန်စရာအိမ်ရှိသည်။ ထိုငွေလေးရာဖြင့် လက်ပံတန်းမှာ ထမင်းစားကာ အိမ်ကို ကားငှား၊ အိမ်ကျမှ ပိုက်ဆံပေး။ ထိုအဖြစ်ကို ကျွန်တော်အားငယ်သည်။ ဝမ်းနည်းသည်။ ကြေကွဲကာ ဘဝပျက်သည်ဟု ခံစားနေသည်။

www.foreverspace.com.mm



ယခု သူတို့မှာ သွားစရာမရှိ။ စားစရာ မရှိ။ တစ်ဦးတည်းလည်း မဟုတ်။ မျက်လုံးကြည်လောင်ပြုံးစက်နေတဲ့ကလေး။ ကျွန်တော့် အိတ်ကို ပြန်စမ်းသည်။ ဒီမနက်က ကျွန်တော် မုန့်ဟင်းခါး စားခဲ့သည်။ နေ့လယ်က ကိုတိုးကြီးက ထမင်းကျွေးသည်။ လက်ပံတန်းကို (၉) နာရီခွဲလောက်မှာ ရောက်မည်။ ကျွန်တော် ဗိုက်ဆာနေမှာ သေချာ၏။ သို့သော် ဘာဖြစ်သေးသနည်း။ ကျွန်တော် ငတ်လှတစ်နပ်ပေါ့။ အိမ်ကို (၁၂) နာရီမှာ ရောက်လျှင် မိန်းမက ထမင်းခူးပေးမှာ သေချာနေသည်။

ကျွန်တော်အိတ်ကို စမ်းကြည့်မိပြန်သည်။ ငဲ့ကြည့်တော့ အဘွားအိုက ငြိမ်ကာ ငိုင်နေ၏။

မဟုတ်ဘူး၊ ဒါဟာ ငြိမ်ပြီးငိုင်နေတာ မဟုတ်ဘူး၊ မိုးစက်လို သူ့ခန္ဓာကိုယ်ပေါ် ကျလာတဲ့ ဆင်းရဲဒုက္ခမြားတွေကို ခုခံနေတာလေ။ လောကဓံရှစ်ပါးရဲ့ ကမ်းပါးတွေ အလွှားလိုက်၊ အလွှားလိုက် ပြိုကျနေတာကို ခံနေရတာ။ တွန့်ကွေးမွဲခြောက်နေတဲ့ သူ့အရေပြားတွေ ခံနိုင်ရည်ရှိလှချည်ရဲ့။ ရီဝေဖျော့ကျနေတဲ့ မျက်ခွံတွဲတွဲထဲက သူ့မျက်လုံးတွေ အဓိပ္ပာယ်ပြည့်ပြည့်ဝဝရှိလှချည်ရဲ့။ ငါထမင်းခဏမစားရတာ ဘာဖြစ်သလဲ။

ကျွန်တော် အိတ်ကို စမ်းမိပြန်သည်။

ထိုအချိန်တွင် ကားသံအပြင် တဝေါဝေါ ဆူညံသံကို ဖျော့ဖျော့ကြားရ၏။ သို့သော် ထိုအသံကြောင့် အဘွားအို၏ ငုံ့နေသော မျက်နှာက မော့ကာသွား၏။ ကျွန်တော်တို့ စီးလာသော Express ကား၏ TV မျက်နှာပြင်ပေါ်မှာ အမှုန်အစက်တွေ တုန်ခါနေကြသည်။ TV ကိုဖွင့်ပြီး အခွေကို Play မနှိပ်ရသေးခင် တုန်ခါမှုဖြစ်သည်။ ကျွန်တော်တို့ စီးလာသော

ကားသည် ပြည်-ရန်ကုန် အသွားအပြန် ဒီလိုပင် ဗီဒီယို တစ်ကား လောက်တော့ ပြတတ်ပါသည်။

ကျွန်တော်ကြည့်နေစဉ်ပင် TV ဖန်သားပြင်မှာ Tracking မညီသေးသော တုန်ခါနေသည့် အရိပ်များ ပေါ်လာသည်။ ထိုအရိပ်များ သည် ရှေ့ဆုံးမှ မော့ကြည့်နေသော အဘွားအို၏ မျက်နှာပေါ်မှာ အစိမ်း အနီ ဟပ်နေကြ၏။ နံဘေးမှ ကလေးလေးကလည်း အံ့ဩကာ မော့၍ ကြည့်သည်။ ကားပေါ်မှာ ပျင်းရိစွာ အိပ်နေ၊ ငိုင်နေသော ခရီးသည်တွေ လည်း ရေသောက်၊ အနေအထားပြင်ကာ TV မျက်နှာပြင်ကို ကြည့်ကြ သည်။ ကျွန်တော် အိတ်ထဲမှာ ငွေရှိသမျှကို ထုတ်ကာ လက်ထဲမှာ ကိုင်ထားရင်း အဘွားအိုမျက်နှာကို ကြည့်သည်။ သို့သော် TV ကို မော့ကြည့်နေသော မျက်နှာက ကျွန်တော့်ဘက်သို့ လှည့်မလာ။

ခဏအကြာတွင် TV ပေါ်မှာ အရုပ်တွေ ပေါ်လာ၏။ Tracking ငြိမ်ကာသွားပြီး ကားက မြန်မာကားဖြစ်၏။ မေသန်းနု၊ အိန္ဒြာကျော်ဇင်၊ ခိုင်သင်းကြည်၊ မျိုးသီရိကျော်၊ ဇရော၊ ကျော်ထူး၊ ခင်လှိုင်၊ ကုသိုလ်၊ ဝွမ်းပုံ၊ . . . အစရှိသူတို့ပါသော မ . . . ဆိုသည့် ကားတစ်ကားဖြစ်သည်။ မော်ဒယ်မ၊ ချာတိတ်မ၊ မော်တာမ၊ ဇရာမ စသည့် မတွေပါသော ကားတစ်ကားသာ ဖြစ်၏။ (ထိုကား၏ နာမည်ကို ကျွန်တော် မသိ လိုက်ပါ)

ကျွန်တော် ပိုက်ဆံများကို ဆုပ်ကိုင်ထားချိန်တွင် အဘွားကြီးနှင့် ကလေးထံမှ အားရပါးရရယ်သံများထွက်လာကြ၏။ . . . ဖန်သားပြင်ကို ကြည့်ကာ မော့ကာ သူတို့ရယ်နေကြသည်။ ရယ်သည်မှာ ကား



www.foreverspace.com.mm

www.foreverspace.com.mm



တစ်ကားလုံးတွင် သူတို့မြေးအဘွားရယ်သံက အဆိုးဆုံး၊ အကျယ်ဆုံးသာ ဖြစ်သည်။ အဘွားကြီးက ရယ်ရင်းထွက်လာသော မျက်ရည်ကိုသုတ်ကာ ထပ်ရယ်သည်။ မြေးကလေးက ကိုင်ထားသော လက်တန်း ပြုတ်သွားသဖြင့် ပက်လက်လန်ကာ ကျ၏။ အဘွားအိုက ဆွဲထူကာ အမြေးအဘွား နှစ်ယောက် ရယ်ကြပြန်သည်။ ကျွန်တော့်ဘက်ကိုကား မလှည့်တော့။

ချီတကူးနှင့် ဂုဏ်ရည်မတူကို ကျွန်တော် ၁၉၈၂-ခုနှစ်က ကိုးတန်းတွင် သင်ခဲ့ရဖူးပါသည်။

လက်ပံတန်းမှာ ကျွန်တော် အသည်းအမြစ်ဟင်းနှင့် ထမင်းစားပါသည်။ သူတို့မြေးအဘွားကိုမူ မတွေ့ရ။ သို့သော် ဆာနေသဖြင့် ကျွန်တော်လည်း သတိမရတော့။ လန်ဒန်နှစ်လိပ်ကို ဆယ့်ငါးကျပ်ဖြင့် ဝယ်ကာ တစ်လိပ်ဖွာရှိုက်ပြီးချိန်မှ ကျွန်တော် သတိရကြောင်း ဝန်ခံပါသည်။

လက်ပံတန်းမှာ ထမင်းစားပြီး ကားပေါ်ပြန်တက်ကြသောအခါ သူတို့မြေးအဘွားကို ကျွန်တော့်နံဘေးတွင်ပင် တွေ့ရ၏။ ကားက လူစုံသဖြင့် စထွက်သောအခါ အဘွားအိုက ပြောပါသည်။

"ဟဲ့…ကောင်လေး ခုနကပြတဲ့ ကား ပြန်ထည့်ဦးလေ။ မပြီးသေးဘူး၊ တော်တော်ရယ်ရတာပဲ ပြန်ပြလေ" တဲ့။

၂၀၀၀၊ ဇွန်
မြားနတ်မောင်

✪ ✪ ✪ ✪ ✪

www.foreverspace.com.mm



# နွေရာသီတွင်ပေါက်ရောက်သည်

www.foreverspace.com.mm



www.foreverspace.com.mm



နွေဦးဟာ ကျွန်တော့်အပေါ်ကို ခုန်အုပ်လိုက်တယ်။

စကားလုံးတွေအကြောင်း မပြောဖို့…သူ့ရဲ့ ပန်းပွင့်တွေအားလုံးကို အစုလိုက်ပြသဖို့…မိုးရေဝထားတဲ့ သစ်ပင်ကြီးတွေကို တိုက်ခိုက်နိုင်ဖို့ တိမ်တွေရဲ့ တည်ငြိမ်ပုံနဲ့ လမင်းကို နောက်ထပ် စကားလုံးအသစ်နဲ့ ဖွဲ့ခွင့်ရအောင် ကဗျာဆရာတစ်ယောက်ရဲ့ စိတ်ကူးကို စိန်ခေါ်ဖို့…။

နွေဦးရဲ့ အလျားအနံတစ်လျှောက်လုံးမှာ ရင်ကပ်ပန်းကလေးတွေနဲ့ စည်းခြားထားတဲ့ ညနေရီငြိုးရည်သင့် နေမင်းကြီးကို ငေးမိတိုင်း ကျွန်တော့်ရင်ထဲမှာ ရှိနေတဲ့ မှိုင်းယှဲ့ယှဲ့ လွမ်းဆွတ်မှုကို ပြန်လည်ဖော်ထုတ်ဖို့အတွက် နွေဦးဟာ အခုပြန်ရောက်လာခဲ့ပြန်ပြီလေ။ ကြည့်နေရင်း နေမင်းကြီးလည်း နူးအိပျော်ကျသွားတယ်။ နွေဦး…။

နွေဦးဟာ ကျွန်တော့်အပေါ် ခုန်အုပ်လိုက်သည်။

ထိုစာကြောင်းသည် စံသွေနေသော စကားတစ်ကြောင်း။ နောက်ထပ်ပေါင်းသင်းမိမည့် စကားလုံးများက သူ့ကို ရည်ရွယ်ချက်ရောက်အောင် ပို့ဆောင်ပေးလိမ့်မည်ဟု ယူဆသော်လည်း ကျွန်တော်သည် ညံ့ဖျင်းလှစွာသော စကားလုံးများကိုသာ သုံးစွဲမိခဲ့သည့်အတွက် ရည်ရွယ်ချက်မှာ ဤမျှရှုပ်ထွေးကာ သင်နားလည်ရန် ခက်ခဲသွားခြင်း ဖြစ်ပါသည်။

ကြောင်နှစ်ကောင်စာအုပ်တိုက်

www.foreverspace.com.mm

ကျွန်တော်ဆိုသည့်ကောင်က သုံးနှစ်နီးပါး အချစ်ကို ဖော်ကျူးသည့် အခြားအမျိုးမျိုးသော စကားလုံးပေါင်းများစွာဖြင့် မိန်းမ တစ်ယောက်၏ ရင်အုံကို ပစ်ခတ်တိုက်ခိုက်ခဲ့ဖူးသည်။ သို့သော် စကားလုံးတိုင်း၏ မူလအဓိပ္ပာယ်များသည် ကျွန်တော့် ရုပ်ရည်၊ ကျွန်တော့် ပိုင်ဆိုင်မှု၊ ကျွန်တော့်၏ မပါးနပ်မှုတို့ကြောင့်လည်းကောင်း၊ ထို့အပြင် ကဗျာဆရာတစ်ယောက်ဖြစ်သည့်အတွက် ကျွန်တော် စိတ်ကြိုက်ရွေးချယ်၍ မအိပ်ရသည့် ညတစ်ညလုံးကို ဖြုန်းရော်သွားအောင် တွေးထားခဲ့သော စကားလုံးများသည် သူမ ရင်အုံကို တစ်လုံးမှ ထိမှန်ခြင်း မရှိခဲ့။

ဒါပေါ့လေ…မိန်းမတွေရဲ့ ရင်အုံကို အခုထိ ဘယ်သက္ကရာဇ်တုန်းကများ စကားလုံးတွေနဲ့ ပစ်ခတ်လို့ ရခဲ့ဖူးလို့လဲ။

ဒါပေမယ့်လည်း နွေဦးဟာ ကျွန်တော့်အပေါ်ကိုတော့ ခုန်အုပ်ခဲ့ဖူးပါတယ်။

ဟုတ်တယ်။ အံ့ဩဖွယ်ရာ သူ့ရဲ့လက်သည်းတွေက သနားကရုဏာရဲ့ အထိမ်းအမှတ်လို ညိုးရော်ဖျော့တော့နေပြီး အနားသတ်မျဉ်းကြောင်းရဲ့ ဟိုဘက်နဲ့ ဒီဘက် ကျွန်တော်တို့ စကားပြောခွင့် ရခဲ့တယ်။

ဒါကြောင့် ကျွန်တော် သတိထားနေတဲ့ကြားထဲက ထွက်ကျသွားတဲ့ စကားလုံးတစ်လုံးကို အတင်းဆွဲထားရတယ်။ (ကဗျာဆရာများသည် အမြဲတမ်း စကားလုံးများကို မေ့လျော့ကာ လောဘတကြီး သုံးပစ်လေ့ရှိတတ်ကြ၏) သူ့ကို ဟိုဘက်ပါသွားတာမျိုး ကျွန်တော် အဖြစ်မခံနိုင်ဘူး။ အဲဒီစကားလုံးဟာ နုနယ်တယ်၊ အဓိပ္ပာယ် ပြည့်ဝရင့်ကျက်နေသေးတာ မဟုတ်ဘူး။ သူ့ကို အများကြီး ဆုံးရှုံးမှုတွေနဲ့ တွေ့ပေးရဦးမှာ။ ကျွန်တော်

www.foreverspace.com.mm



ကြောက်လန့်တကြား လောဘတကြီးနဲ့ကို အဲဒီစကားလုံးကို ဆွဲထားခဲ့သည်။ ဒါပေမယ့် အဲဒီစကားလုံးဟာ အသံမျိုးစုံမြည်ပြီး ကျွန်တော့်လက်ထဲက လိမ့်ထွက်သွားတယ်။ ဂလောက်ဂလက်မြည်ပြီး အရှိန်ရှိသလောက် လိမ့်ထွက်သွားတယ်။

အဓိပ္ပာယ်သည် ထိုသို့ ဖြစ်နိုင်ချေ ရှိပါသည်။ ကျွန်တော်တို့ ခွဲခြမ်းကြည့်ပါဦးမည်။ ဤသို့လည်း ဖြစ်နိုင်ပါသေးသည်။ သူဘာကို ဆိုလိုသည် မသေချာ။ လေ့လာပါဦးမည်။

စကားလုံးသည် ပြန်ထွက်မလာတော့။ ဘာသံမှလည်း မကြားရတော့။ ကျွန်တော် သူ့ကို သိပ်သံယောဇဉ် ဖြစ်သည်။ သိပ်ချစ်သည်။ သူတစ်စုံတစ်ရာ အန္တရာယ်နှင့် တွေ့နေပြီလား။ ရင်ခုန်ကောင်းတုန်း အသက်ဓာတ်နွေးနွေး ရှိနေသော သူ့ကို အေးစက်နေသော လက်ကြီးနှင့် စမ်းကြည့်ကာ အသက်မရှိတော့ဟု ဆိုကာ သတ်ပစ်လိုက်ကြပြီလား။ သူ့ကို လိုချင်သည့် အဓိပ္ပာယ်ကို ရသွားအောင် မေးခွန်းလေးလေးကြီးတွေနှင့် ခမ်းခမ်းနားနား နေရာပေးကာ ဆွေးနွေးနေကြပြီလား…။ သူက ရိုးလွန်းသည်။ သူဘာကိုမှ သိသူမဟုတ်…။ သူ့ကို ပြောင်လှောင်နေကြပြီလား။ သူ့ကို အရက်တစ်ခွက်လောက် တိုက်တား လိုက်မိရင် အကောင်းသား…ကျွန်တော် ကလေးတစ်ယောက်လို လျှောက်တွေးနေမိသည်။ သို့သော် ကျွန်တော် ကလေးတစ်ယောက်လို အိပ်ပျော်၍မသွား။

ကျွန်တော်သည် ကလေးတစ်ယောက်သာ ဖြစ်ပါသည်။ အသက်လား၊ ဟင့်အင်း…။ လူတစ်ယောက်၏ သက္ကရာဇ်များကို တွက်ချက်၍ အသက်ကို သတ်မှတ်ကြခြင်းထက် အိပ်မက်ကိုမေး၍ အသက်ကို

www.foreverspace.com.mm



သတ်မှတ်ခြင်းနည်းကို လူ့အဖွဲ့အစည်းကြီးက လက်မခံသေးပါ။

သို့သော်…နွေဦးကတော့ ကျွန်တော့်အပေါ် ခုန်အုပ်လိုက်တာပါပဲ။

အလှအပကို မာနထားကာ ပြုံးတတ်လေ့ရှိသော ကျွန်တော့်ချစ်သူ၏ အပြုံးသည် အချိန်ကာလက တိုက်ခိုက်ခဲ့သဖြင့် အခုတော့ ညှိုးရော်ရှုံ့တွသွားပြီ ဖြစ်လေသည်။ သူမအသက် နှစ်ဆယ့်ရှစ်နှစ်တွင် သူမ၏ အပြုံးများက အသက်ခြောက်ဆယ်ရောက်ကာ သေဆုံးတော့မည် ဆိုတာကို သူမ မသိ။ သူမက မေးလိုက်သည်။

"ရဲဝင်း…မျက်ရည်ကို ဘာနဲ့ လုပ်ထားတာလဲ"

ကျွန်တော် သတိတကြီးဖြင့် ရင်ကိုနောက်သို့ ဆုတ်လိုက်သည်။ ချက်ချင်းထွက်ပြေးလို့ ရနိုင်စေရန် ကျွန်တော့် ဝိညာဉ်ကို အသင့်ပြင်ထားရ၏။

"မျက်ရည်ကို မပြောဖြစ်တဲ့ စကားလုံးတွေနဲ့ လုပ်တယ်"

ဘယ်တုန်းကမှ သူမကို ထိမှန်ခဲ့ဖူးခြင်း မရှိခဲ့သော ကျွန်တော့် စကားလုံးများသည် ဒီတစ်ကြိမ်တွင်မတော့ သူမရင်အုံကို တည့်တည့်ထိမှန်သွားကြပြီး အဖျားတဖျပ်ဖျပ် တုန်ခါနေကြ၏။ ထိမှန်သွားပြီဖြစ်ကြောင်း ဝိညာဉ်ထဲတွင် စီးပိုးသော ခံစားမှုက သတင်းပေး၏။ သူမသည် ချက်ချင်းပင် ဒဏ်ရာရသွားသော တိရိစ္ဆာန်တစ်ကောင်လို တုန်ခါကြွရွလာသည်။

သူမအားကို သူမ အကုန်သုံးတော့မည်။ သူမ၏ ဖွဲ့စည်းပုံတွင် ရုတ်တရက် ကြွက်သားများက အမြှောင်းလိုက် အကွင်းလိုက် ဖြစ်လာ၏။ သူမက ရှေ့သို့တစ်လှမ်းတိုးလာသည်။ အမေ့အော်သံတစ်သံကို ကျွန်တော်

www.foreverspace.com.mm



ကြားလိုက်ရသည်။ မိန်းမတစ်ယောက်သည် စကားလုံးတစ်လုံးတည်းဖြင့် သေမသွားတတ်ကြပါ။ ကျွန်တော့်မှာ နောက်ထပ် ပစ်စရာ စကားလုံးလည်း မရှိတော့။ ဒီလိုတစ်ဦးနှင့်တစ်ဦး ခံစားမှု အထင်အမြင်မှားကြရင်း ကလေးတွေ မွေးဖို့ရာ ကျွန်တော့်မှာ သတ္တိမရှိပါ။

ဒါကြောင့်လည်း နွေဦးက ကျွန်တော့်အပေါ် ခုန်အုပ်ခဲ့တာပေါ့။

ရဲဝင်း…ရဲဝင်း

ရဲဝင်း…ရဲဝင်း…ရဲဝင်း

ရဲဝင်း…ရဲဝင်း

ကျွန်တော့်ကိုယ် ကျွန်တော် ခေါ်ပါသည်။ ဒီနေရာကို သူပါ လာဖို့ကောင်းသည်။ သို့သော် ဒီကောင်က (၃၃) လမ်းထဲ နယ်မှရောက်လာသော လူတစ်ယောက်ရှေ့မှာ ထိုင်နေခဲ့ကာ အရသာခံနေ၏။ ကျွန်တော့် ခေါ်သံကို သူမကြား။ ချီးမွမ်းသံသည် နားကို ကန်းစေပြီး နှလုံးသားကို အထင်အမြင် မှားစေသည်။ သူတို့ စကားပြောနေကြသည်။ စကားလုံး များသည် တစ်ခါတစ်ရံ ရည်ရွယ်ချက်သို့ မရောက်ဘဲ ပျက်စီးသွားကြသည့် အခါ နမြောဖို့ကောင်းမှန်း ဒီကောင်သိဖို့ကောင်းသည်။ ဒါ့ကြောင့် ကျွန်တော် ရဲဝင်းကို ခေါ်မနေတော့။

ကျွန်တော်ခေါ်လာခဲ့သည့် သူက အသက်ဓာတ် အပြည့်ရှိသည်။ သူက အကောင်းဆုံး စကားလုံးများကို စာနယ်ဇင်းသမား မပီမသစွာ ဆိုလေသည်။

“မောင်ရင့်မှာ ထွေလာကေလာ ကိစ္စတွေ ရှိသေးလား”

ကျွန်တော်တို့ ကံကောင်းကြပါသည်။ ကျွန်တော့်အတွက် သူ့မှာ

www.foreverspace.com.mm



သောက်စရာအများကြီးရှိပြီး သူ့အတွက်တော့ ကျွန်တော့်ထံမှာ သောက်စရာ သိပ်မရှိပါ။ သူကရှိသမျှကလေးကို အားနာစွာဖြင့် မိုတ်ကြိတ်၍ သောက်ရာသည်။ ကျွန်တော်ကတော့ တစ်ခွက်ပြီး တစ်ခွက်···တစ်ခွက်ပြီးတစ်ခွက်။

မိတ်ဆွေက ပထမခွက်ကို ငှဲ့ပေးသည့် ရေခဲသည် ဟိုအောက်အထိ ခုန်ဆင်းသွားပြီး ထိတ်လန့်တကြား အတင်းကြောက်ရွံ့စွာ ရုန်းကန်ခုန်တက်လာ၏။ သို့သော် သူ မလွတ်မြောက်ရှာတော့ သေဆုံးသွားသောရေခဲသည်ခွက်ထဲမှ တစ်စတစ်စ အေးစက် အေးစက်လာ၏။ ရဲဝင်း··· သူ့ကို ကျွန်တော် သတိရသည်။ ခုချိန်ဆိုရင်တော့ ဒီကောင်မပြန်တတ်ဖြစ်နေရော့မယ်။ နိုင်းသောင်ဇင်ကင်မရာတစ်လုံးရဲ့ ရှေ့မှာ၊ နာမည်ကြီးမင်းသမီးတစ်ယောက်ရဲ့ ရှေ့မှာ အိုက်တင်သိပ်ကောင်းတဲ့ ဒါရိုက်တာတစ်ယောက်ရဲ့ ဘာလုပ်ရမှန်း မသိမှုထဲမှာ Fore Ground နဲ့ Profile ရဲ့မကွဲပြားမှုတစ်ခုထဲမှာ၊ မျက်နှာပေါ်က ကြွက်သားကို လှုပ်မပြတတ်တဲ့ မင်းသားနဲ့စကားများပြီး သူ့ကိုယ်သူ ရန်ရှာမှုထဲမှာ။ အို···နောက်ဆုံးတော့ ဒီကောင်ဟာ မဂ္ဂဇင်းတစ်စောင် ထုတ်ဖတ်ပြီး ခပ်တည်တည်နဲ့ လုပ်နေမှာပါလေ။

ကျွန်တော့်မိတ်ဆွေက ဝက်နားရွက်ကို တူနှင့်ညှပ်လိုက်၏။

"မောင်ရင် သေခြင်းတရားဟာ အချိန်မရွေး ရောက်လာနိုင်တယ်ဆိုတာသေချာရင် အသက်မှာ ငယ်တာကြီးတာ မရှိတော့ဘူး။ သေခြင်းတရားနဲ့ အနီးအဝေးပဲ ရှိတယ်"

ဟုတ်တယ်။ ရဲဝင်း။ ဒီကောင်က ငယ်ငေးတယ်။ အခုမှ အသက်(၂၃)နှစ်။ သို့သော် ဒီကောင်က သေသွားပြီ။ သေတယ်ဆိုတာ

www.foreverspace.com.mm



ဒီဘ၀မှာ နောက်စိတ် မဖြစ်တော့တာတဲ့။ ဒီကောင် သေခဲ့ပြီးပြီ။

တီဗွီဖန်သားပြင်ထက်မှာ အမေရိကန်သမ္မတ ကလင်တန်က စကားပြောနေသည်။ ရဲဝင်းဆိုတဲ့ကောင်မှာ နောက်စိတ် ဘာမှဆက်မဖြစ်။ သူ့ရှေ့မှာ Time မဂ္ဂဇင်းတစ်စောင်ရှိသည်။ ရဲဝင်း ကောက်လှန်သည်။ သူ့စိတ်မှာ ဘာမှဆက်မဖြစ်။ သူမသိ။ သူ ဘာကိုမှ မသိ။ သူ့ရှေ့က computer ဖန်သားပြင်ပေါ်မှာ စာတွေ၊ အရုပ်တွေ၊ ကိန်းဂဏန်းတွေ၊ Data တွေ တဖျပ်ဖျပ်ပေါ်လာနေသည်။ ဒီကောင့်စိတ်ထဲမှာ ဘာစိတ်မှ မဖြစ်,သူဘာမှ မသိ။ Computer က သူ့ကိုဆဲနေတာလား သူမသိ။ သူဘာကိုမှ မသိ။ သူသေပြီ။ သူဘာမှ မလုပ်တတ်။ ဘယ်သူ့ကိုမှလည်း ပြုံးပြ၍မရ၊ သူရှိနေမှန်းကိုလည်း ဘယ်သူကမှ မသိ။

ခန္ဓာကိုယ် ရှင်သန်ပြီး ဝိညာဉ်မရှိတော့သော သေဆုံးခြင်း။ ဝိညာဉ်ရှိနေပြီး ခန္ဓာကိုယ်သေနေသော သေဆုံးခြင်း။ ခန္ဓာကိုယ်ရော ဝိညာဉ်ပါ သေဆုံးခြင်း။ ရဲဝင်း။ သူ့ခန္ဓာကိုယ်သည် ရှင်သန်နေသော်လည်း ဝိညာဉ်က သေခဲ့ပြီ။ ရဲဝင်း။ သူသည် ကျွန်တော့်ဘဝအတွက်တော့ သူရဲကောင်း မဟုတ်ခဲ့။

နောက်ဆုံးအနေဖြင့် . . .

နွေဦးက ကျွန်တော့်ကို ခုန်အုပ်လိုက်စဉ်က . . .

ကျွန်တော်ရေးသားထားသော ကဗျာစာအုပ်ကလေးကို ပြန်ဖွင့် ဖတ်နေစဉ်တွင် ဖြစ်သည်။ ဝါရည်သင့်နေသော သစ်ရွက်တစ်ရွက် ကြွေကျလာခဲ့၏။ လူတွေ မမြင်မှာ စိုးရိမ်သောကြောင့် နွေညတစ်ညလုံး သူ့အသက်ကို သူကာကွယ်ခဲ့သည်။ ခုတော့ သူကြွေကျတာကို လူ

တစ်ယောက်သိသွားပြီ။ ထိုသစ်ရွက်ကလေးနှင့် ကျွန်တော် လောဘချင်း ကိုက်ညီသည်။ ရန်ကုန်တက္ကသိုလ်ထဲမှာ သစ်ရွက်ကြွေတွေကို ထို စိတ် ကလေးဖြင့် ကျွန်တော်ငေးနေခဲ့သော နွေနံနက်ခင်းတစ်ခုတွင် ဖြစ်သည်။ ကျွန်တော် မအိပ်ခဲ့ရသော ညတစ်ည၏ မနက်ခင်းလည်း ဖြစ်ပါသည်။ ကျွန်တော့်နှလုံးသားသည် လူတိုင်းတွင် ဖြစ်ပေါ်လာလေ့ ရှိခဲ့သလို ဆုံးရှုံးမှု ကြီးတစ်ခုနှင့် တွေ့ရတော့မည့်အခါ မြင့်မြတ်လျက်ရှိသည်။ အရာရာကို အရှုံးပေးလိုက်တော့မည်ဟု ဆုံးဖြတ်ကာ ကျွန်တော်သည် သတ္တိရှိလျက် ရှိ၏။ မသီတာ။ သို့သော် ကျွန်တော် အတတ်နိုင်ဆုံး ငြိမ်သက်အောင် ထိုင်နေခဲ့သည်။ အရာရာက ဝိုးတဝါး။ ထိုနေ့သည် ဘဝတစ်ခုလုံးတွင် ထိန်ညီးနေ၏။ အမှတ်တရ။ ကဗျာတစ်ပုဒ်လုပ်ရန် ထိုနေ့ကို အစီအစဉ်မရှိ။

"သီတာက သူလာနေလည်း ဘာထူးတော့မှာလဲတဲ့…ဖြစ်မှ မဖြစ်နိုင်တော့တာတဲ့"

သူငယ်ချင်းက ဝေးသွားသည်။ ဟုတ်သည်။ မှန်သည်ဆိုတာ ခံစားချက်တစ်ခု။ ခံစားချက်များတွင် အကြောင်းပြစရာ မလို။ လူမှုရေး …ယဉ်ကျေးမှု…သိက္ခာ…ကိုယ်ကျင့်တရားမလို…။

နွေညများထဲတွင် သစ်ရွက်ကြွေသံများကို ကျွန်တော် ကြားနေခဲ့ ပါသည်။ ထို့ကြောင့် နွေနံနက်ခင်းများသည် အမြဲတမ်း ကျွန်တော့်ကို ခုန်အုပ်လေ့ရှိသည်။

၁၉၉၇၊ သရဖူ

✪ ✪ ✪ ✪ ✪



www.foreverspace.com.mm

www.foreverspace.com.mm

# မွေးနေ့လက်ဆောင်

www.foreverspace.com.mm



www.foreverspace.com.mm



တမင်ပျင်းရိနှေးကွေးအောင် လုပ်နေခြင်းမဟုတ်ပါဘဲ မေလဲ့မိုး၏ စိတ်သည် သူပြုမူနေသော အပြုအမူတစ်ခုစီအပေါ်တွင် လေးလံထိုင်းမှိုင်း၍ တက်တက်ကြွကြွ မရှိမှန်း ကိုယ့်ကိုယ်ကိုယ် သတိပြုမိသွားသည်။ ထို့ကြောင့် နုထွေးပြည့်ဖောင်းသော နှုတ်ခမ်းပေါ်တွင် ဆိုးထားပြီးသော ပန်းနုရောင်စိုထနေသည့် နှုတ်ခမ်းနီကို ငေးနေရာမှ မှန်အရိပ်ထဲရှိ သူမ မျက်ဝန်းတွေကို သူမ ငေးလိုက်ကာ အံ့ဩသလို တမင် မျက်လုံးပြူးပြူလိုက်ပြီး ခပ်သွက်သွက် နှုတ်ခမ်းများအချင်းချင်း ဖိချလိုက်ကာ နှုတ်ခမ်းနီကို ညီအောင် ညှိသည်။ လက်ထဲတွင် ကိုင်ထားသော နှုတ်ခမ်းနီဘူးကို မှန်တင်ခုံပေါ် ဒေါက်ခနဲမြည်အောင် ချလိုက်သည်။ အာရုံထဲတွင် ပေါ်လာသော သီချင်းတစ်စကို နှုတ်က ဘာရယ်မဟုတ် ညည်းလိုက်သည်။

သို့သော် ညည်းလိုက်သော သီချင်းက ထူးအိမ်သင်၏ ''သူငယ်ချင်းအတွက်'' ဆိုသော သီချင်းဖြစ်နေသည်ကို အံ့ဩစွာသိရှိ လိုက်ရပြီး သံစဉ်ချည်ငြိုးနေသော သီချင်း၏အလိုက်သည် ရုတ်တရက် ရပ်ကာသွား၏။ ရှေ့မှန်ထဲတွင် သူမကိုသူမ ပြန်ကြည့်မိကာ မေလဲ့မိုး 'နင်ဘာဖြစ်နေတာလဲ''ဟု မေးကာ ရက်ပြုံးကို ပြုံးသည်။ စိတ်လှုပ်ရှားမှုများ ရှိသလားဟု သူ့ကိုယ်သူ စိုက်၍ကြည့်သည်။ ရက်စိတ်ရော လျှံတက်လာမလားဟု သူ့ဘာသာငြိမ်၍ ခံစားသည်။ သို့သော် တစ်ခုမှ မဟုတ်။

www.foreverspace.com.mm



တကယ်တော့ ဒီအချိန်ရောက်လာမှတော့ ဘာမှရွေးချယ်စရာ မရှိတော့ ဆိုတာကို သူ့ဘာသာ သိပါသည်။ ကိုယ့်ကိုယ်ကိုယ် အားပေးနေစရာမလို၊ ရှက်ရွံ့စရာ မလို၊ မတင်မကျ ဝေခွဲနေစရာမလို။ ဆုံးဖြတ်ချက်သည် ခိုင်ခိုင်မာမာရှိပြီးသား ရွေးချယ်မှုသည် ပြတ်ပြတ်ထင်ထင် သိပြီးသား။ သူ့သူငယ်ချင်းအားလုံးနှင့် ကိုအောင်ကလည်း သိပြီးသား။ သူမက တရားဝင် ဝန်ခံမှု ပေးစရာတစ်ခုပဲ ရှိတော့သည်။

ကိုအောင့်၏ မွေးနေ့ပွဲဆိုတာ အမှန်ပင်ဖြစ်သော်လည်း ထို မွေးနေ့ပွဲ၏ ပျော်ရွှင်မှုအားလုံးမှာ မေလဲ့မိုးအပေါ်တွင်သာ မူတည်သော မွေးနေ့ပွဲဖြစ်၏။ ကိုအောင် ပြောခဲ့သလို သူ့အချစ်တွေကို မွေးဖွား ပေးနိုင်သည့် မွေးနေ့ပွဲမျိုးလည်း ဖြစ်နိုင်ပါသည်။ သူငယ်ချင်းတွေ အားလုံး ဆုံကြမည်။ ပျော်ပျော်ရွှင်ရွှင် ရယ်ရယ်မောမော စားကြသောက်ကြမည်။ ပျော်ပွဲစားထွက်တုန်းကလို သီချင်းတွေ ဘာတွေဆိုကြမည်။ မွေးနေ့ကိတ် ကိုလည်း ဓားနှင့်လှီးကြမည်။ မေလဲ့မိုးထံမှ စကားတစ်ခွန်းကို ရပြီးလျှင် မွေးနေ့ပွဲသည် ခန့်မှန်းမထားနိုင်သော နောက်ထပ် ပျော်ရွှင်မှုများနှင့် ခမ်းနားထည်ဝါစွာ ပြီးဆုံးသွားလိမ့်မည် ဖြစ်သည်။

မေလဲ့မိုး၏ အဖြေဆိုတာကလည်း ဘာမှမဟုတ်။ သူငယ်ချင်း အဖြစ် သုံးနှစ်နေလာခဲ့သော ကိုအောင့်ကို ချစ်သည်ဆိုသော အဖြေသာ ဖြစ်သည်။ ထိုအဖြေကို မေလဲ့မိုးက ပဟေဠိတစ်ပုဒ်လို ဖွက်ထားခဲ့ခြင်းလည်း မရှိ။ ဘယ်လိုများဆုံးဖြတ်မလဲဆိုသည့် အထိတ်ထိတ် အလန့်လန့် ဖြစ်လောက်စရာ လှည့်ကွက်များလည်း မရှိ။ ကိုယ်က မချစ်နိုင်သည့် ယောကျ်ား တစ်ယောက်ကို ဘယ်သူက ဆယ်လခန့် စောင့်ခိုင်းမှာလဲ။

www.foreverspace.com.mm



ဒီအချိန်တွေမှာရော ရယ်ရယ်မောမော ပျော်ပျော်ရွှင်ရွှင် နေခဲ့မှာလဲ! သူမကြုံလာရသော အခက်အခဲ ပြဿနာ အားငယ်စရာတွေကို ဖွင့်ဟ တိုင်ပင်မှာလဲ! သူငယ်ချင်းများ မအားသည့်အခါ နှစ်ယောက်တည်း သွားလာမှာလဲ! ရှိုက်ကြီးတငင် ငိုချလိုက်ပြီး သူက ဆုပ်ကိုင် အားပေး လာသော လက်များကို ပြန်လည်ဆုပ်ကိုင်ကာ အားအင်ပြည့်လာသော အပြုအမူ ခံစားချက်ကို လုပ်မှာလဲ…။

ထိုအပြုအမူများကပေးသော စိတ်လှုပ်ရှားမှုကြောင့်ပင် တစ်ခါ တုန်းက ကိုအောင် သူ့ကို ရုတ်တရက် ထွေးပွေ့ကာ အတင်းအကြပ် တောင်းဆိုခဲ့ဖူးသည်။

“မိုး…လုပ်မနေနဲ့တော့ကွာ။ မွေးနေ့မှဆိုတာကို ထားလိုက် တော့။ မင်းကိုယ့်ကို ချစ်တယ် မဟုတ်လား။ အားလုံး သိနေတာပဲ။ အခု ကိုယ်တို့ နေနေတာလဲ…သမီးရည်းစားအတိုင်းပဲ…နော်။ တို့ချစ်သူ ဖြစ်ပြီဟုတ်လား…”

အဲဒီတုန်းက မေလဲ့မိုး ရုတ်တရက်တော့ ဘာမှ မပြောနိုင်ဘဲ ငြိမ်နေခဲ့ပြီးမှ ဘာမှန်းမသိသည့် တွန်းအားတစ်ခုဖြင့် ကိုအောင်၏ ထွေးပွေ့မှုများထဲမှ လွတ်အောင် ရုန်းထွက်နိုင်ခဲ့သည်။ ကိုအောင် မေလဲ့မိုးကို အံ့သြနားမလည်စွာ ငေးနေခဲ့သည်။

“ဟင့်အင်းကွာ၊ မွေးနေ့မှပဲ၊ အဲဒီနေ့ကျမှပဲ…အခု မဟုတ်သေး ဘူး၊ အဲဒီနေ့မှ…”

ကိုအောင်က သူမကို နားမလည်နိုင်စွာ…အံ့သြ စိတ်ဓာတ် ကျစွာ… မချင့်မရဲဖြစ်စွာနှင့် ငေးနေခဲ့တာ မြင်ရတော့လည်း သူမ

www.foreverspace.com.mm



စိတ်မကောင်း ဖြစ်သွားခဲ့သည်။ သို့သော် ဘာမှမပြောခဲ့။ ကိုအောင်ကတော့ လွတ်ထွက်သွားသော သူ၏ဇောတစ်ကြိမ်ကို မချုပ်တည်းနိုင်သည့်အပေါ် ဝမ်းနည်းကာ တောင်းပန်ခဲ့သည်။ ဒီတော့လည်း သူမက ရပါတယ်… ဟုဆိုကာ ဘာမှမဖြစ်သလိုပင် ငေးငိုင်ကာကျသွားသော ကိုအောင့်ကို ပြန်လည် ပျော်ရွှင်လာအောင် ရယ်ရယ်မောမောဖြင့် စ,ရသေး၏။ ရွှင်ရွှင်မြူးမြူး ပြန်ဖြစ်သွားအောင် ချော့ရသေး၏။ ပြောပြတော့ သူငယ်ချင်းများက ရယ်ကြ၏။

"အေးလေ…နင်ငြင်းမှာ မဟုတ်ဘူးဆိုတာကို သူ သိပြီးသား ဆိုတော့ ဘယ်စောင့်ချင်မှာလဲ၊ ယောကျ်ားလေးဆိုတာ ဒါမျိုးကျ မြန်လေကြိုက်လေပဲ၊ ဒုက္ခပေးထားလိုက်…ကောင်းတယ်"

သူငယ်ချင်းတွေ ပြောသလို ကိုယ့်ဘက်က အခွင့်အရေးရတုန်း ဒုက္ခပေးထားခြင်းမျိုးတော့ မဟုတ်၊ မချင့်မရဲဖြစ်ကာ ကိုယ့်အပေါ်ပိုပြီး ချစ်လာအောင် စီစဉ်နေခြင်းလည်း မဟုတ်၊ ပေးထားခဲ့သော ကတိစကား ကိုပင် အဖြေပေးမည်ဟု စိတ်ထဲမှာ စွဲမြဲနေခဲ့သည်။

ကိုအောင်သည် သူငယ်ချင်းဖြစ်စကတည်းက သူ့ကို နှင်းဆီ ပွင့်လေးတစ်ပွင့်လို စောင့်ရှောက်သည်။ ကလေးဆိုးလေး တစ်ယောက်လို အလိုလိုက်သည်။ သူငယ်ကောင်းတစ်ဦးလို သစ္စာရှိသည်။ မကြာမီ ချစ်ခွင့်ရလာတော့မည့် ချစ်သူတစ်ယောက်အဖြစ် အရာရာကို ဦးစား ပေးသည်။ ထိုတစ်ကြိမ်တည်းသော စိတ်လွတ်ပြီး သူမကို ချစ်သူဖြစ်ဖို့ တောင်းဆိုဖူးသည်ကလွဲ၍…ဘာမှ သူမ သဘောကို မဆန့်ကျင်ခဲ့။ မေလှမိုး စိတ်ကလည်း ကိုအောင်ပြောသလိုပင် ချစ်သူဟူသော အားကိုး

www.foreverspace.com.mm

ယုံကြည်စိတ်…ချစ်ခင်ကြင်နာစိတ်…ခံစားကြည်နူးစိတ် မကြာခဏ ဝင်နေခဲ့တာ မှတ်မိသည်။ ထို့ကြောင့် ဒီနေ့ သူငယ်ချင်းအားလုံး ဆုံကြမည့် ကိုအောင့်မွေးနေ့ပွဲသည် ချစ်ခြင်းမေတ္တာဟူသော ဆုံမှတ်တစ်ခုတွင် သူတို့နှစ်ယောက် တရားဝင်ဆုံတွေ့ ပျော်ရွှင်ပေါင်းစည်း သွားကြမည့်နေ့ ဖြစ်သည်။

နာရီကို ငုံ့ကြည့်လိုက်တော့ ကိုးနာရီကို နည်းနည်းသာ ကျော် သေးသည်။ အချိန်မရောက်သေး၍ သူမအောင့်အီးပြီး စောင့်နေစရာ မလိုပါ။ ကိုအောင့်အိမ်ကို တစ်ယောက်တည်း စောစောရောက်သွားသဖြင့် ရှက်နေစရာ၊ သိက္ခာကျစရာလည်း ဘာမှမရှိပါ။ တကယ်တော့ အဖြေ သည် အားလုံးသိပြီးသား အတိုင်းပင် ဖြစ်ရမည်။ နောက်ဆုံး နေ့ရက်၏ နောက်ဆုံးနာရီအထိလည်း ကိုအောင့်ကို စိတ်ပင်ပန်းအောင် နှိပ်စက်စရာ မလိုပါ။ အလုပြင်ပြီးလျှင် သွားမည်ဟူသည့် ဆုံးဖြတ်ချက် အတိုင်းပင် သူမအိမ်မှ ထွက်လာခဲ့သည်။ ဘယ်သူငယ်ချင်းနှင့်မှလည်း အတူသွားရန် ချိန်းမထားသည့်အတွက် သူမ တစ်ဦးတည်းသာ ဖြစ်သည်။

✪ ✪ ✪

ကိုအောင့်အိမ်ရှေ့ကိုရောက်တော့ ရင်တစ်ချက် ငြိမ့်ခနဲခုန်ကာ ရပ်သွားသည်။ ချွေးလည်း နည်းနည်း ပျံချင်လာ၏။ စိတ်လှုပ်ရှားစရာ ဘာမှမရှိဆိုသည့်တိုင် သာမန် မိန်းကလေးတို့ ထုံးစံအတိုင်း ရင်တော့ ခုန်၍လာသည်။ နေရာစိမ်းကြောင့်လည်း မဟုတ်ပါ။ သူ ကိုအောင့်အိမ်ကို တစ်ခါနှစ်ခါ ရောက်ဖူးပါသည်။ အသံပေးလိုက်ရမလား!…ဒီအတိုင်းပဲ

ကြောင်နှစ်ကောင်စာအုပ်တိုက်

www.foreverspace.com.mm



ခပ်တည်တည် ဝင်သွားရမလား။ ကိုအောင်တစ်ယောက်တည်းပဲ ရှိနေမလား!… သူငယ်ချင်းအားလုံး ရောက်နေပြီလား!… အမြဲတမ်း စောစောသွားရမှ ကျေနပ်သော မာလာနှင့် သန်းစိုးတို့ အတွဲတော့ ရောက်နေရောပေါ့။ တင်သိန်းလည်း ရှိနေမှာပါ။ သူက ကိုအောင်နဲ့ အမြဲတွဲနေကျ ရပ်ကွက်ချင်းနီးတဲ့ကောင်ပဲ…အားပေးကာ အိမ်ရှေ့တံခါးကို ဖွင့်ပြီးဝင်ခဲ့သည်။ ခြံကလေးထဲ ခပ်သွက်သွက်လျှောက်ပြီး တိတ်ဆိတ်နေသော အိမ်ပေါ်သို့ လှမ်းတက်ခဲ့သည်။

ကိုအောင်ကလည်း အမှန်ဆို အိမ်ရှေ့မှာ ကြိုနေသင့်တာ…ဟု တွေးလိုက်ရင်း…ငါတို့စားဖို့ နန်းကြီးသုပ်တွေ ဘာတွေများ တစ်ယောက်တည်း စီစဉ်နေရလို့နေမှာ…ဟု တစ်ဆက်တည်း တွေးလိုက်ပြီး အိမ်လှေကားကို တက်ကာ ဝင်လိုက်တော့ ဧည့်ခန်းအတွင်းမှာ ဘယ်သူမှ မရှိ။ သူမ မျှော်လင့်ထားခဲ့သလို ဧည့်ခန်းတွင် ဘယ်သူငယ်ချင်းမှမရှိ။ စားစရာ ပန်းကန်ခွက်ယောက်တွေလည်း မရှိ။ အနည်းအကျဉ်း ပြင်ဆင်ထားဟန်ရှိသော ဧည့်ခန်းတွင် ဘယ်သူမှ ဘာမှ ရှိမနေဘဲ ငြိမ်သက် တိတ်ဆိတ်နေခဲ့သည်။

မေလှဲ့မိုး ထင်မှတ်မထားခဲ့သော ကြိုဆိုမှုမျိုးဖြစ်နေသဖြင့် ရင်ထဲတွင် အနည်းငယ်တော့ စိုးရိမ်ကာ ဇဝေဇဝါ ဖြစ်သွားခဲ့သည်။ အောင့်မွေးနေ့၊ ကိုအောင် အကြိမ်ကြိမ်မျှော်လင့်ခဲ့တဲ့နေ့၊ မနေ့ကပဲငါ့ကို ကိုအောင် အသေအချာ မှာခဲ့တဲ့နေ့။ သူငယ်ချင်းတွေက လာခေါ်မလားလို့ မေးခဲ့သေးတာပဲ…အတွေးဖြင့် ကြောင်တက်စွာ…အံ့ဩစွာ အခန်းထဲ လှမ်းဝင်လိုက်သည့်အခါ၊ ဝုန်းခနဲ ပြေးထွက်လာသော ဆူညံသံနှင့် သူမကို

www.foreverspace.com.mm



နောက်မှ သိုင်းဖက်လိုက်ခြင်းတို့ကို ခံလိုက်ရသဖြင့် ထိတ်လန့်ကာ အားခနဲ အော်လိုက်မိသည်။

မေလွဲ့မိုးအဖြစ်ကို ကြည့်ပြီး သူငယ်ချင်းများက အားရပါးရ အော်ရယ်ကြသည်။ တင်သိန်းဦးက လက်တွင်ကိုင်ထားသော ဂစ်တာကို တဒေါင်ဒေါင်လုပ်ကာ Happy Birthday Love You ဟု သီချင်းဆိုသည်။ နှင်းသီရိက ခါးကလေးကို ကိုင်ကာ အားရပါးရရယ်သည်။ သန်းစိုးက ကရော်ကရော်လုပ်ကာ တဟားဟားရယ်နေသည်။ မာလာက မေလွဲ့မိုးကို ဖက်ထားကာ မလွှတ်ဘဲ ထိုင်ခုံဆီခေါ်လာ၏။ ကိုအောင်က သူမ မျက်နှာကိုကြည့်ကာ စိုးရိမ်တကြီး မာလာ့လက်များကို ဆွဲဖြုတ်ကာ မျက်နှာငယ်ကလေးဖြင့် မေးသည်။

“မိုး…မိုး အရမ်းလန့်သွားသလား!…မိုး ကိုအောင့်ကို စိတ်ဆိုးလား!”

“ဟေ့…ဟေ့…အသားကို မထိနဲ့နော်၊ တို့သူငယ်ချင်းက ဘာမှ အဖြေပေးရသေးတာ မဟုတ်ဘူးဟေ့…မာလာဖက်တာ ဘာဖြစ်လို့ လိုက်ဖြုတ်နေတာလဲ”

“ဟေ့ကောင်…အခုမှ ဘာ ကြောက်လား၊ လန့်လား၊ မေးနေရ တာလဲ…အဲဒီလို ကြံမယ်လို့ မင်းပဲ စီစဉ်ပြီးတော့…”

“ဟာ…သန်းစိုး မလုပ်နဲ့ကွာ၊ မဟုတ်တာ…အလကား မိုး၊ သူတို့က မိုး နောက်ကျနေလို့ မိုးကို နောက်မယ်ဆိုပြီး စီစဉ်တာ ကိုအောင် မဟုတ်ဘူး”

မာလာက ဆိုဖာပေါ်ဖက်ထားရင်း ထိုင်ချသည်အထိ သူမရင်တွေ

www.foreverspace.com.mm



ခုန်နေခဲ့သည်။ လန့်သွားသလား…ဟု အတင်းမေးနေသော ကိုအောင့်ကို မျက်စောင်းထိုးရင်း နှုတ်ခမ်းကို စူထားလိုက်ရ၏။ ရင်တွေတုန်လိုက်တာ…နှင်းသီရိခပ်ပေးသော ရေကိုတစ်ခွက်လုံး ကုန်အောင်သောက်ကာ နံဘေးမှ ကိုအောင့်ဘက်သို့ မလှည့်ဘဲ မျက်နှာလွှဲထားလိုက်သည်။ ကိုအောင်က ဒုက္ခပါပဲဟု ပြောကာ ခေါင်းကုတ်ရင်း သူ့လက်ကို လှမ်းကိုင်တော့ သူပုတ်ထုတ်လိုက်သည်။ သူငယ်ချင်းများက ဝါးခနဲ ရယ်လိုက်ကြ၏။ ကိုအောင်ကလည်း ရှက်ရှက်နှင့် လိုက်ရယ်သည်။

"ဒုက္ခပါပဲကွာ၊ ငါပြောသားပဲ မစကြပါနဲ့လို့၊ ဒီနေ့ကို ရောက်ဖို့ ငါ့မှာ အကြာကြီးစောင့်ခဲ့ရတာ၊ မလုပ်ကြပါနဲ့ဆို မရဘူး…ကဲ…အခုတော့ မိုး…စိတ်မဆိုးရဘူးလေကွာ…နော်…မိုး"

"ဆိုးတယ်…"

"ဟာ…မိုးကလဲကွာ…စ ,ကြတာပဲဟာ…နော်…စိတ်ဆိုးရင် ကိုအောင်နဖူးကို လက်သီးနဲ့ထုလိုက်…ဟုတ်လား"

ကိုအောင်က နဖူးကို သူမရှေ့သို့ တိုးကာပေး၏။ ရယ်ချင်စိတ်ကို အံကြိတ်ကာ တစ်ဘက်သို့ လှည့်လိုက်သော်လည်း သူမနှုတ်ခမ်းများ ကျေနပ်ကာ ရယ်လိုက်သည်ကို အားလုံးက မြင်လိုက်ကြသည်။ တင်သိန်းဦးက ဂီတာကိုတီးကာ သူငယ်ချင်းလေး ချစ်တယ်…ဘယ်လိုပြောရမလဲ…ကိုယ်ဒီလို သိပ်သိပ်ချစ်နေတယ်…ဟု အော်သည်။ မာလာနှင့် နှင်းသီရိတို့ကလည်း လိုက်ဆိုကြသည်။ အားလုံးက လက်ခုပ်တီးကာ သီချင်းကို ဆိုကြသည်။ ကိုအောင်က ပြုံးကာ သူမကို ငေးကြည့်နေ၏။ ရင်တစ်ချက်ခုန်သွားပြီး သူမထရပ်ရင်း သီချင်းသံကို ကျော်အောင်

www.foreverspace.com.mm



အော်ပြောရသည်။

"ဘာမှဆိုစရာမလိုဘူး…ငါက ဘာမှအဖြေ မပေးရသေးဘူး"

နှင်းသီရိက မေလှဲ့မိုးကို ခါးမှဖက်ကာ ကိုအောင့်နံဘေးတွင် ထိုင်ရန်ဆွဲသည်။ မေလှဲ့မိုးက လွတ်အောင် ရုန်းကာ တစ်ဖက်သို့ ရှောင်ထွက်သွားရင်း တင်သိန်းဦး ဂီတာတီးနေသည့်ဘက်သို့ သွားရပ်ကာ တင်သိန်းဦး ကျောကို လေးငါးချက်ထုလိုက်သည်။ ဂစ်တာသံရပ်သွား၏။ တင်သိန်းဦးက ထအော်သည်။ အားလုံးက ဝိုင်းရယ်လိုက်ကြသည်။ ပျော်စရာသိပ်ကောင်းသော ဆုံတွေ့မှု တစ်ခုပင် ဖြစ်သည်။

ခဏကြာတော့ နန်းကြီးသုပ်တွေကို သူငယ်ချင်းများက ဧည့်ခန်းထဲ ယူလာကြသည်။ အော်ကြ၊ ဟစ်ကြ၊ ဆူညံစွာ စားကြသည်။ သူကမတော့ ပျော်ရွှင်မှု၏ အလယ်ဗဟိုတွင် ရှိနေသူအဖြစ် ငြိမ်ငြိမ်ကလေး ထိုင်နေလိုက်၏။ ကိုအောင်က ကြက်သားဖတ်တွေ ထည့်ပေး၊ မာလာက လုကာ၊ မေလှဲ့မိုးက ပန်းကန်ကို ရှောင်….ဆူညံကာ နေကြသည်။ စားပြီးသွားကြတော့ ကိုအောင်က အအေးတိုက်သည်။ မေလှဲ့မိုးအကြိုက် သံပုရာရည်ချင်ကလေးဖြစ်သည်။ မေလှဲ့မိုး သံပုရာရည်ကို ခပ်တည်တည် သောက်ရင်း ကိုအောင့်၏ ရင်ခုန်လှုယ်သော မျက်ဝန်းများကို ရှောင်ကာ ဧည့်ခန်းကို လျှောက်ကြည့်နေမိသည်။

"အိမ်မှာ လူကြီးတွေ ဘယ်သူမှ မရှိကြဘူးလား ကိုအောင်"

သူမတို့ စိတ်လွတ်ကိုယ်လွတ် ဆူညံခဲ့သည့်အဖြစ်ကို သတိရကာ အခုမှပင် မေးရသည်။ ကိုအောင်က ဖျတ်ခနဲလှမ်းကြည့်ရင်း မျက်နှာလွှဲကာ သံပုရာရည်ကို ငုံ့ကာသောက်သည်။

www.foreverspace.com.mm



"မရှိကြဘူး၊ ဘယ်သူမှ မရှိဘူး၊ ဘာဖြစ်လို့လဲ…မိုး"

"ဘာမှမဖြစ်ပါဘူး…၊ မိုးတို့ အော်ဟစ်နေကြတာကို သတိရလို့ မေးတာပါ၊ ကိုအောင့် မေမေရော…"

"မေမေ…ဟိုလေ မေမေက သူ့သမီးအိမ်သွားတယ်၊ ကိုအောင် ကြိုပြောထားလို့၊ ကိုအောင်က ဆူမယ်၊ အော်မယ် ဆိုတာကို သိပြီးသား၊ အဲဒါကြောင့် အားလုံးလွတ်လပ်ရအောင် လူကြီးတွေ ရှိနေတော့ ဒီလို ဘယ်ပျော်လို့၊ အော်လို့ရမလဲ"

ဟုတ်သားပဲ…ဟု သူမတွေးရင်း ဧည့်ခန်းကို လျှောက်ကြည့်တော့ မတ်တပ်ဗီရိုကြီးပေါ်တွင် ချိတ်ထားသော ဓာတ်ပုံများကို တွေ့ရသည်။ နှစ်ယောက်တွဲလျက် အဖြူအမည်းနှင့် ရိုက်ထားသောပုံမှာ ကိုအောင် ဖေဖေနှင့် မေမေပုံပဲ ဖြစ်ရမည်။ ထို့နောက် တစ်ယောက်တည်း ရပ်လျက်ရိုက်ထားသော မိန်းကလေးပုံ ကိုအောင့် မေမေပေါ့။ ပဒုမ္မာ အင်္ကျီလက်စက ဘဲလ်ပုံစံနှင့် အပွင့်ကြီးကြီး ပန်းပွင့်များနှင့် ထဘီကို အထက်ဆင် အပြားလိုက်ပေါ်အောင် ဝတ်ကာ ကိုယ်ကိုစောင်း၍ လှည့်နေဟန်ဖြင့် ပြုံးနေသော အသက်အစိတ်ခန့် မိန်းမတစ်ဦးပုံ ဒါ…ကိုအောင့်မေမေ ငယ်ငယ်က ပုံဖြစ်မှာပေါ့။ ကိုအောင့်မှာ ဖေဖေ မရှိတော့ဘဲ မေမေတစ်ဦးတည်းသာ ရှိတော့သည်။ မောင်နှမ လေးယောက် ထဲမှာ ကိုအောင်က အငယ်ဆုံး၊ အကြီးတွေအားလုံး အိမ်ထောင်ကျကုန်ပြီ၊ မေလှဲ့မိုးမှာကတော့ အမေရော အဖေပါမရှိတော့။ မေလှဲ့မိုး ငယ်ငယ် ကလေးတည်းက အမေဆုံးသည်။ သူမရှစ်တန်းအရွယ်မှာ ဖေဖေက ကားမှောက်ပြီးဆုံးသည်။ ဖေဖေသည်ကုန်တင်ကားမောင်းသမား တစ်ဦး

www.foreverspace.com.mm



ဖြစ်သည်။ ကိုအောင့်မေမေသည် သူမ မေမေ ဖြစ်လာတော့မည်။ ဘယ်လိုလဲ အောင့်မေမေဟာ သူမကို ကြည်ဖြူစွာ လက်ခံမှာလား! သူမကတော့ မိခင်ဝတ်နေသူအဖြစ် ကိုအောင့်မေမေကို အမေတစ်ယောက်လိုပင် ချစ်ခင်ဖို့ အဆင်သင့်ဖြစ်၏။ မေလဲ့မိုး ကိုအောင့်မေမေကို တစ်ခါမှ မတွေ့ဘူးခဲ့၊ ဒီနေ့ ကိုအောင့် အစီအစဉ်ကြောင့် မတွေ့ရသော်လည်း နောက်နေ့များမှာတော့ ရှောင်၍ရတော့မည် မထင်။

ဓာတ်ပုံထဲကမှ သူမကို ပြုံးပြနေသော…ကိုအောင့်မေမေကို ကြည့်ကာ ကိုအောင်က အမေနဲ့တူတာပဲဟု တွေးနေမိသည်။ အမေနှင့်တူသောသားကို ကိုအောင့်မေမေက ဘယ်လောက်အထိ ချစ်မှာလဲ… ဓာတ်ပုံထဲမှ ကိုအောင့်မေမေ၏ အပြုံးသည် သူချစ်သော သား၏အချစ်ကို လုယူသွားတော့မည့် မိန်းကလေးတစ်ယောက်ကို ထေ့ကာလှောင်ပြုံးပြုံး၍ သတိပေးနေသည့် အပြုံးလား၊ ဒါမှမဟုတ် နွေးထွေးလှိုက်လှဲပျူငှာစွာ ကြိုဆိုသည့် အပြုံးလား…။

"ကိုအောင်က ကိုအောင့်မေမေကို ဘယ်လို ပြောထားလိုက်လို့လဲ …မွေးနေ့ပွဲလို့ မပြောဘူးလား"

ဓာတ်ပုံများကို ငေးနေရာမှ ရုတ်တရက်မေးလိုက်သော မေလဲ့မိုး စကားကို ကိုအောင်က အတွေးမဆက်မိ၍ ထင်သည်။ ချက်ချင်းမဖြေ၊ မျက်မှောင်ကိုကြုတ်ကာ ကြည့်သည်။ ထို့နောက် လက်ထဲမှ အအေးခွက်ကို အောက်သို့ချလိုက်ရင်း နောက်ဘက်သို့ တစ်ချက်လှည့်ကာ ကြည့်သည်။ ကိုအောင့်ကို ပြုံးပြရင်း ဓာတ်ပုံကို လက်ညှိုးထိုးပြလိုက်ကာ "ဓာတ်ပုံတွေ့လို့မေးတာ…" ဟု ထပ်ပြောလိုက်ရသည်။

www.foreverspace.com.mm



''ပြောပြတာပေါ့ မိုးရဲ့၊ သူငယ်ချင်းတွေ လာကြမှာလို့၊ ဘာဖြစ်လို့လဲ''

''ဘာမှမဖြစ်ပါဘူး။ ကိုယ့်သားရဲ့မွေးနေ့ကို အမေက မနေဘဲ ထားသွားလို့ မေးတာ ကိုအောင်အမေကို ညာများ ပြောလိုက်လားလို့ မေးကြည့်တာ…''

ကိုအောင်သည် မထင်မှတ်ဘဲ မျက်စေ့မျက်နှာ ပျက်သွားသည်ကို တွေ့လိုက်သည်။ ထို့နောက် ကိုအောင်က ထိုင်နေရာမှ ဖျတ်ခနဲထလာကာ အပြုံးဖြင့် သူမထံ လမ်းလျှောက်လာပြီး သူမနဘေးတွင် ဝင်ထိုင်သည်။

''ကဲ…မိုး၊ အပိုစကားတွေ ပြောမနေနဲ့တော့ ကိုယ့်ကို မွေးနေ့လက်ဆောင် အဖြေပေး…''

ကိုအောင်က ဝင်ထိုင်ပြီး သူ့လက်များကို ဆုပ်ကိုင်ကာ ပြောလိုက်သဖြင့် အသီးသီးစကားပြောနေကြသော သူငယ်ချင်းအတွဲများက ဟေးခနဲ အော်လိုက်ကြသည်။ ရန်ခုန်သံနှင့် ရှက်ရွံ့ခြင်းသည် သူမမျက်နှာပေါ် ဆန်တက်လာသည်။ သူမ ရှက်ရှက်နှင့် ကိုအောင့်လက်ထဲမှ သူမလက်ကို ရုန်းသည် မရ။ ကိုအောင်က သူမလက်များကို မြဲမြံစွာ ဆုပ်ကိုင်ထား၏။

''ကဲ…မေလဲ့မိုး၊ မွေးနေ့လက်ဆောင်ပေးပြီးရင် သီချင်းဆိုကြမယ်၊ ကဲ လက်ဆောင် အဖြေပေးလိုက်တော့၊ အားလုံးငြိမ်…''

''အင်း ပေးမယ်၊ ပေးမယ်၊ အားလုံးပဲ ခဏလေး ကိုအောင် လက်ကို ခဏလွှတ် ဆို…''

တွန့်လိမ်ကာ လက်ကို ရုန်းရင်းပြောတော့ ကိုအောင်က မေလဲ့မိုး လက်များကို လွှတ်လိုက်သည်။ သူမလက်ချောင်းများ အချင်းချင်း

www.foreverspace.com.mm



ဆုပ်နယ်ကာ ခဏငြိမ်လိုက်သည်။ ရင်က တဖျတ်ဖျတ်ခုန်နေ၏။ ဘာမှ မထူးခြားပါဘူးဆိုသည့်တိုင် စိတ်ကလှုပ်ရှားလွန်းသည်။ အားလုံးသိပြီးသား ဆိုသည့်တိုင် ရှက်စိတ်နှင့် ရင်ခုန်သံကလည်း ထွေးနေသဖြင့် စကားလုံးက လည်ချောင်းထဲ နစ်ကာနေ၏။ ကိုအောင်ရော သူငယ်ချင်းများကပါ ငြိမ်ပြီး သူမကို ကြည့်နေကြသဖြင့် ပိုဆိုးသည်။

မေလှဲမိုးက ကြံစည်မထားဘဲ သူငယ်ချင်းများနှင့် အတူထိုင် နေသောခုံမှ ဖျတ်ခနဲထရပ်ကာ လွတ်အောင်ပြေးလိုက်သည်။ ကိုအောင်က အံ့သြစွာ သူမကို ငေးသည်။ သူငယ်ချင်းများကလည်း လှမ်းကြည့်ကြ၏။

"ခဏလေး...ပြန်လာမှ ပေးမယ်၊ ခဏလေး...ကိုအောင် လိုက်မလာရဘူးနော်၊ လက်ထရိန်း သွားမလို့...၊ ခဏလေး..."

အမှန်တော့ ဘာရယ်မဟုတ် ရင်ခုန်ပြီး ကြံရာ လုပ်လိုက်ခြင်းသာ ဖြစ်သည်။ မချင့်မရဲဖြင့် လှမ်းငေးသော ကိုအောင့်ကို တွေ့တော့ သနားသွားသည်။ မဆန့်တငင် ခံစားရစေချင်သော ဆန္ဒ သူမထံမှာ လုံးလုံးမရှိ။ နောက်ဖက်ခန်းများသည် ပြတင်းတံခါးများ ပိတ်ထားသည့် အတွက် အနည်းငယ်မှောင်နေသည်။ လက်ထရိန်း ခပ်သွက်သွက် ဝင်ပြီး ထဘီကို သေသေချာချာ ဝတ်ရသည်။ ကိုအောင် လိုက်ဝင်လာမလား ဟုလည်း မကြာခဏ လှမ်းကြည့်ရသေး၏။ အားလုံး သပ်ရပ်သွားတော့မှ အိမ်ရှေ့ထွက်ဖို့ပြင်ရင်း သူမ တစ်ခုတွေးမိသည်။ သူမ ဒီမှာနေတာ ကြာလျှင် ကိုအောင်ဘယ်နည်းနဲ့ပဲဖြစ်ဖြစ် လိုက်ကိုလာရမည်။ တစ်ယောက်တည်း ကျေနပ်စွာပြုံးရင်း လက်ထရိန်းရှေ့မှ ပစ္စည်း အဟောင်း တွေထည့်ကာ ပိတ်ထားဟန်တူသော အခန်းကလေး ထောင့်ချိုးတွင်

ကြောင်နှစ်ကောင်စာအုပ်တိုက်

www.foreverspace.com.mm



ကိုယ်ကို ကွယ်ကာပုန်းနေလိုက်သည်။

ကိုအောင် လိုက်ဝင်လာလျှင် သူမက အကွယ်မှ ထွက်ကာ ကိုအောင့်ကို ခြောက်လိုက်မည်။ မနက်တုန်းက မေလဲ့မိုး ခံလိုက်ရသလို ပေါ့။ ကိုအောင့်ကတော့ ယောကျ်ားလေးဆိုတော့ သူမလောက် လန့်ချင်မှ လန့်မည်။ သို့သော် ကိစ္စမရှိ။ နည်းနည်းထိပ်သွားလျှင် ကျေနပ်ပြီ။ သူမလက်သီးကလေးများဆုပ်ကာ ပခုံးကိုကြုံ့ထားရင်း အသံမထွက်ဘဲ ရယ်ကာ ချောင်းကြည့်ပြန်သည်။ ကိုအောင် မလာသေး။

ကိုအောင်က နည်းနည်းလန့်သွားပြီး သူမကို အံ့သြစွာ ကြည့်ကာ ပွေ့ဖက်လိုက်သည်။ နမ်းလိုက်မည်ဆိုလျှင်ကော…။ မေလဲ့မိုးရင်ခုန်သွား၏။ ထိုနောက်ဖေးသည် အိမ်ရှေ့နှင့် တော်တော်ဝေးကာ အနည်းအကျဉ်း မှောင်ကာနေသည်။ မစ,တော့ပဲ ထွက်သွားရင်ကောင်းမယ် ထင်တယ်။ သို့သော် ထွက်မသွားမီ အိမ်ရှေ့မှ တင်သိန်းဦး၏ ဂစ်တာကြိုးညှိသံ ဒေါင်ဒေါင်ကို ကြားရသဖြင့် နည်းနည်းအားရှိသွားသည်။ ကိုအောင်က လည်း ကြာလိုက်တာ။

ထိုစဉ် မေလဲ့မိုးကပ်၍ ရပ်နေသော အခန်း၏ သံဆန်ကာကွက်များ အတွင်းမှ ဖျတ်ခနဲ အရိပ်တစ်ခု တွေ့သွားသည်ဟု သူမ ထင်သည်။ အံ့သြကာ လျှောက်ကြည့်သည် ဘာကိုမှ မတွေ့၊ ပို၍ငြိမ်နေလိုက်ရသည်။ ထို့နောက် သူကပ်နေသော သံုးထပ်သား နံရံကို ပွတ်ထိသံတစ်ခု အခန်းအတွင်းမှ ရွေ့လျားသံနည်းနည်းကို သူကြားလိုက်ရသည်။ ပစ္စည်းဟောင်းတွေထားတဲ့ အခန်းဆိုတော့ ကြွက်များတိုးသလား။

အနည်းငယ်မှောင်နေသော နေရာတွင် ခပ်ကြာကြာ နေလိုက်

www.foreverspace.com.mm



သဖြင့် ဝင်လာကာစထက် ပိုမြင်နေရပြီဖြစ်သည်။ ထိုသဲကွဲလာသော အမြင်ဖြင့် လျှောက်ငေးတော့ အိမ်တစ်အိမ်၏ သုံးစွဲပြီးသား ပစ္စည်းဟောင်းများ၊ ကျိုးပဲ့နေသည့် ကုလားထိုင်နှင့် ဘာတွေမှန်းမသိသော အထုပ်များကို တွေ့ရသည်။ ပြီးတော့ စက္ကူစုတ်၊ ရေသန့်ဗူးအခွံများ၊ ကိုအောင်ကို ခြောက်လှန့်မည်ဟုဆိုကာ ကပ်ရပ်မိသော အခန်းက အပေါ်ပိုင်းတွင် သံဆန်ကာကွက်များ ကာထားပြီး သုံးထပ်သားနှင့် ဖွဲ့စည်းထား၏။ မေလဲ့မိုး ကပ်လျက်ရပ်မိသော နေရာဘေးတွင် ချက်ထိုးမထားသော သစ်သားတံခါး တစ်ခုရှိသည်။ ဒီအခန်းထဲကပဲ အသံကြားရတာလား! ဒါမှမဟုတ် မေလဲ့မိုး နောက်ကျောက ပစ္စည်းဟောင်းတွေ ပုံထားတဲ့ နေရာက ကြွက်တိုးသံကြားရတာလား! ဝေခွဲမရနိုင်စွာဖြင့် နားစွင့်ကာ လျှောက်ကြည့်နေချိန်တွင် သူမ ရပ်နေသည့် ဦးခေါင်းနဘေး သံစကာများ နောက်မှ ရိပ်ခနဲ ဖြတ်သွားသော အရိပ်ကို တွေ့လိုက်ရပြန်သဖြင့် လန့်ဖြန့်သွားကာ ဘယ်သူလဲ!…ဟု တိုးတိတ် တုန်ရင်စွာ မေးလိုက်သည်။

အခန်းထဲမှ တစ်စုံတစ်ခု၏ လှုပ်ရှားသံကို ဒီတစ်ခါတော့ သူမ အသေအချာကို ကြားလိုက်ပါသည်။ သူမ ကြောက်လန့်တကြားမေးပြီးသည့် နောက်မှ ပေါ်လာသော အသံသာဖြစ်၏။ အရဲစွန့်ကာ မမြင်ရသော အခန်းကို ကြည့်ရင်း မေးလိုက်သည်။

"အခန်းထဲက ဘယ်သူလဲလို့ မေးနေတယ်"

အနည်းငယ် ကျယ်လောင်သွားသော မေးသံနှင့်အတူ သံဆန်ကာ ကွက်များပေါ်တွင် အရိပ်တစ်ခု လှုပ်ရှားသွားသည်ကို ထပ်တွေ့

www.foreverspace.com.mm



လိုက်ရပြန်သည်။ ထို့နောက် တိတ်ဆိတ်သွားသည်။ မေလွဲမိုးသည် တိတ်ဆိတ်မှုထဲသို့ အာရုံကို နှစ်ထားလိုက်၏။

"သမီး…သမီးလေးလား"

ထင်မှတ်မထားဘဲ ကြားလိုက်ရသောအသံသည် တိုးတိုးကလေးပင် ဖြစ်သော်လည်း မေလွဲမိုးတစ်ကိုယ်လုံးကို အဝေးသို့ လွင့်စင်ထွက်သွားစေကာ တစ်ကိုယ်လုံး ချာချာလည်သွားသည်ဟု ထင်ရသည်။ ကြောက်စိတ်ကြောင့် နှလုံးသားထံမှ အရသာတစ်ခုသည် မေလွဲမိုးပါးစပ်အတွင်းသို့ တိုးဝင်ကာလာ၏။ အကြားမမှားဘူးဆိုလျှင် အထဲမှ အသံသည် လူတစ်ယောက် အသံသာဖြစ်ပါသည်။ သူ့ကို သမီးဟု လှမ်းခေါ်လိုက်သော လူတစ်ယောက်အသံ။

ထိတ်လန့်စွာဖြင့် နောက်သို့အနည်းငယ် ဆုတ်လိုက်ပြီး အသက်ရှူမြန်ကာလာသည်။ ထိတ်လန့်ကြောက်ရွံ့သော်လည်း ထိတ်လန့်ကြောက်ရွံ့မှုကိုပင် သေသေချာချာ သိချင်လေ့ရှိသော လူ့သဘာဝအရဘာမှ အစီအစဉ်တကျ မစဉ်းစားနိုင်တော့ဘဲ သူ ပုန်းနေသော နေရာနံဘေးတွင် ရှိနေသော သစ်သားတံခါးကို အားနှင့် တွန်းပစ်လိုက်သဖြင့် ချက်ထိုးမထားသော သစ်သားတံခါးသည် တကျွီကျွီအော်ရင်း လေးလံစွာ ပွင့်သွားခဲ့သည်။

အားခနဲ မအော်မိစေရန် စိတ်ကို ထိန်းလိုက်နိုင်သောကြောင့် မဟုတ်။ မထင်မှတ်ထားသောအရာကို တွေ့လိုက်ရသဖြင့် အံ့သြ တုန်လှုပ်စိတ်လွန်ကာ ဘာသံမှ မထွက်နိုင်ခြင်းပင်ဖြစ်သည်။ သူမ တွေ့လိုက်ရသောအရာမှာ ကြောင်တစ်ကောင်လဲ မဟုတ်။ ကြွက်တစ်ကောင်လည်း

www.foreverspace.com.mm



မဟုတ်။ အသက်ခြောက်ဆယ်ခန့်ရှိ မိန်းမကြီးတစ်ယောက်သာ ဖြစ်သည်။

ဆံပင်တွေက ကွက်တိကွက်ကျားရိတ်ထားသဖြင့် ဦးခေါင်းအရေခွံကို မြင်နေရသည့်နေရာတွင် မြင်နေရသည်။ အသားအချင်းချင်း စားထားသဖြင့် နှာသီးပျောက်ကာ အရည်ကြည်လဲ့၍ တိုဝင်နေသော နှာခေါင်း၊ မျက်နှာပေါ်တွင် ဇရာ၏ ရုပ်ထွေးလုစွာသော အရေးအကြောင်း အတွန့်အစင်းများ၊ ထို့နောက် သူ့ကို ငေးနေသော မျက်ဝန်းများတွင် ကြောက်ရွံ့ထိတ်လန့်ခြင်းနှင့် တောင်းပန် အသနားခံခြင်းတို့ ကြည့်၍ နေသည်။ မေလဲ့မိုး၏ လွင့်ခနဲပျောက်သွားသော ရင်ခုန်သံသည် ဝုန်းခနဲ ပြန်ဝင်လာကာ တဒုတ်ဒုတ်ဖြင့် ရင်ထဲတွင် ခုန်ကာနေ၏။ မေလဲ့မိုးသည် နံဘေးမှ တံခါးပေါင်ကို ကိုင်ထားလိုက်ရသည်။ မေလဲ့မိုး ငေးကြည့်နေသူက အောက်တွင်ချထားသော လက်နှစ်ဖက်ဖြင့် သူ့မျက်နှာကို ကာ,ကာ ခေါင်းကို ငုံ့ချလိုက်သည်။ မျက်နှာကိုကာကာ လက်များတွင် ပတ်တီးစည်းထားသော တုံးတိတိ ငေါထွက်နေသော လက်ချောင်းကလေးများ···

"ဘယ်သူလဲ···အဘွားက ဘယ်သူလဲ၊ ဘာဖြစ်လို့ ဒီမှာ ရောက်နေတာလဲ၊ ကိုအောင် ပြောတာ ဘယ်သူမှ မရှိဘူးဆို···"

"သမီး···သမီးလေးက ကိုအောင်ပြောတဲ့ သမီးလေးလား ဟင်"

မေလဲ့မိုး၏အမေးကို ပြန်မဖြေဘဲ မေလဲ့မိုးကိုသာ မေးခွန်းမေးရင်း မျက်နှာကို ငုံတိတိလက်ချောင်းများနှင့် ကွယ်လျက် မေလဲ့မိုးကို ကြည့်နေသည်။ ကြောက်ရွံ့ထိတ်လန့်မှုက အဝေးသို့ ရောက်သွားပြီး နားမလည်နိုင်ခြင်းက မေလဲ့မိုးတစ်ကိုယ်လုံးသို့ လွှမ်းမိုးသွားပြန်၏။ သူတစ်ခါမှ

www.foreverspace.com.mm



မမြင်ဖူးသော အခန်းကျဉ်းကလေးထဲက ကိုယ်ပျက်နေသည့် အဘွားကြီး တစ်ယောက်က ဘာကြောင့် သူ့ကိုသိနေရသနည်း။ ဘာကြောင့် အခုလို သူ့ကိုလက်ချောင်းကလေးတွေနှင့်ကွယ်ကာ အထိတ်တလန့်ငေးကြည့် နေရသနည်း။

"ဟုတ်တယ်···အဘွား၊ အဘွားက သမီးကို ဘယ်လိုလုပ် သိနေတာလဲ အဘွားက ဘယ်သူလဲ! ဘာကြောင့် ဒီအခန်းထဲမှာ ထည့်ထား တာလဲ!···"

သူ အံ့သြစွာ မေးလိုက်သော မေးခွန်းများကိုလည်း အဘွား ကြီးကမဖြေပါ။ လက်များကို မျက်နှာရှေ့မှဖယ်ကာ သူ့ကို ချစ်ခင် ရင်းနှီးစွာ ဝမ်းသာကျေနပ်စွာဖြင့် ငေးရင်း ကြည့်နေသည်။ တစ်ခါမှ မမြင်ဖူးသော မိန်းမကြီးတစ်ယောက်ထံမှ ရနေသော ထိုအကြည့်သည် အင်မတန် အံ့သြဖို့ကောင်းပါသည်။ သူလည်း အလိုလိုပင် နှစ်လိုအားရစွာ ပြန်ပြုံးပြလိုက်၏။ သူ၏အပြုံးကိုမြင်တော့ အဘွားကြီးက တိုဝင်ပြီး အရည်လဲ့နေသော နှာတံများ ပျောက်သွားအောင်ပင် အားရပါးရ ပြုံးသည်။

"ဘယ်သူမှ မဟုတ်ပါဘူးကွယ်၊ နေမကောင်းလို့ပါ၊ ကဲ···သမီး သွားတော့၊ ကိုအောင် စောင့်နေတော့မယ်၊ သွားတော့၊ တွေ့ခဲ့တာ လုံးဝ မပြောနဲ့နော်···"

တိုးတိတ်ငြင်သာသော အသံဖြင့် ရင်းနှီးစွာပြောရင်း ရှေ့အနည်းငယ်တိုးကာ ငုံးတိလက်များဖြင့် မထိဘဲ တံတောင်ဆစ်နှင့် သူမ လက်မောင်းကို မရဲတရဲထိရင်း တွန်းထုတ်ကာ ကျေနပ်စွာ ပြုံးလိုက်

www.foreverspace.com.mm

သော အပြုံးကိုမြင်ရသည့်အခါ သူမ နှလုံးသားသည် ဖောက်ခနဲ မြည်သွားသည်ဟု ထင်ရသည်။ အပြုံး…ဒီအပြုံးကို မေလှဲ့မိုး ခုနကပင် မြင်ခဲ့ရသည်။ ပဒုမ္မာအင်္ကျီလက်စက ဘဲလ်ပုံစံနှင့် အပွင့်ကြီးကြီး ထဘီကို အထက်ဆင်အပြားလိုက်ပေါ်အောင် ဝတ်ပြီး ကိုယ်တစ်စောင်းလှည့်ကာ ပြုံးနေသော အပြုံး၊ ဒါ ကိုအောင့် မေမေ…။

"အမေ…! အဘွားက ကိုအောင့်မေမေ မဟုတ်လား! ဟုတ်တယ်မဟုတ်လား"

မေးခွန်းဆုံးတော့ မေလှဲ့မိုးကို ငြင်သာစွာ တွန်းထုတ်နေသော အဘွားကြီး၏မျက်နှာတွင် ကြောက်ရွံ့ထိတ်လန့်မှုသည် ဝုန်းခနဲ ရောက်ကာလာသည်။ မေလှဲ့မိုးနှင့် ကပ်ထားရာမှ ခန္ဓာကိုယ်ကိုခွာကာ တုန်လှုပ်စွာဖြင့် သူမကို အော်သည်။

"မဟုတ်ဘူး…မဟုတ်ဘူး၊ သွားတော့ သမီး…သွားတော့ ဟင့်အင်း…"

ကြောက်ရွံ့ထိတ်လန့်စွာဖြင့် ငြင်းဆန်ရင်း သူနှင့်ဝေးရာသို့ အတင်းဆုတ်နေသော အဘွားကြီးကို ကြည့်ကာ၊ မေလှဲ့မိုး ရင်ထဲ မေးခွန်းပေါင်းများစွာသည် ရှင်းသွားပြီ ဖြစ်လေသည်။ မေလှဲ့မိုး အံကို တင်းတင်းကြိတ်လိုက်သည်။ ဘယ်လောက် မိုက်မဲပြီး ရက်စက်တဲ့ အဖြစ်တဲ့လဲ!…။ ဘယ်လောက်ရိုင်းစိုင်းပြီး လူမဆန်တဲ့အဖြစ်လဲ!…။ သူမကို ကြောက်ရွံ့စွာ ငြင်းဆန်ပြီး ရှောင်ပုန်းရန် နောက်သို့ဆုတ်နေသော အဘွားကြီးကို အခန်းထဲဝင်ကာ ပခုံးမှဖက်ရင်း အသာထွေးပွေ့ထားလိုက်သဖြင့် တွန်းထိုးငြင်းဆန်မှုသည် အံ့သြသော အကြည့်နှင့်အတူ ရပ်ကာ

www.foreverspace.com.mm



သွား၏။

“မေမေ ငြင်းမနေနဲ့တော့၊ လာ…လာ အပြင်ကိုထွက်ကြမယ်”

ဖေး၍ ဖက်ထားသော သူမရင်ခွင်ထဲမှ ခန္ဓာကိုယ်သည် ဆတ်ခနဲတုန်၍ သွားသည်ဟု ထင်ရသည်။ ပြီးတော့…သူမကို မော့ကြည့်နေသော အသနားခံသည့် မျက်ဝန်းများ…။

“လာ မေမေ…”

“ဟင့်အင်း…ဟင့်အင်း…မသွားဘူး၊ ရှေ့ထွက်လို့ မရဘူး၊ သမီးကိုပဲ ကြည့်ချင်တာပါ၊ သမီး သွားတော့၊ ဟင့်အင်း…သမီး သားလေးကို မမုန်းပါနဲ့နော်၊ တွေ့တာ မပြောပါနဲ့”

မေလဲ့မိုး ဘာမှမပြောတော့ဘဲ ပခုံးကို ကြင်နာစွာ တင်းတင်းဖက်ရင်း အခန်းထဲမှ လှမ်းထွက်လိုက်သည်။ သို့သော် မေလဲ့မိုးရင်ခွင်ထဲမှ မေမေသည် မေလဲ့မိုးနှင့်အတူ ပါမလာဘဲ လည်ထွက်ကာ ယိုင်လဲသွား၏။ မေလဲ့မိုး အံ့ဩကာ ငုံ့ကြည့်လိုက်တော့ ခုတင်တိုင်နှင့် တွဲချည်ထားသော ကြိုးတစ်ချောင်းကို ခြေထောက်တွင် တွေ့လိုက်ရသည်။ သူမရင်ထဲ နင့်ဝင်ကာသွား၏။ မေမေက ပြုလဲကျသွားရာမှ ပြန်ထဖို့ ကြိုးစားနေသည်။ မေလဲ့မိုး ဝုန်းခနဲ အခန်းထဲမှထွက်လိုက်သည့်အခါ သူမကို ထိတ်လန့်ခြင်း၊ တောင်းပန်ခြင်းတို့ဖြင့် ကြိတ်ခေါ်လိုက်သော “သမီး” ဆိုသည့် အသံကို ကြားလိုက်ရသေး၏။

ထမင်းစားခန်းထဲတွင် တွေ့ရသော စတီးဓားတစ်ချောင်းကို ယူကာ အခန်းထဲ ပြန်ဝင်လာပြီး တုန်လှုပ်စွာ၊ ဒေါသဖြစ်စွာဖြင့် မေမေ့ခြေထောက်မှ ကြိုးကို ဖြတ်ပစ်နေသည်။ ကြိုးက သူမ ထင်ထားသည်

www.foreverspace.com.mm



ထက် ပို၍ ခိုင်ခန့်ပြီး အလုံးအထည်ကြီးနေသဖြင့် တော်ရုံ ဖြတ်၍မရ။ သူမ မုန်းတီးစွာဖြင့် အားထည့်ကာ ကြိုးကို ကြိတ်၍လှီးသည်။ နောက်ဆုံး ကြိုးပြတ်သွားသောအခါ ကြောက်ရွံ့တုန်လှုပ်စွာ ငြင်းဆန်နေသော ခန္ဓာကိုယ်ကို ပွေ့ဖက်ပြီး အခန်းထဲမှ ထွက်လိုက်သည်။

"မိုး…မိုးရေ…ကြာလှ…"

မေလှဲ့မိုး၏ ဆတ်ခနဲ မုန်းတီးသော မျက်ဝန်းများနှင့် ကိုအောင့်၏ အံ့သြထိတ်လန့်နေသော မျက်ဝန်းများ တဒင်္ဂဆုံလိုက်ကြသည်။ သူမ ပွေ့ဖက်ထားသော ကိုအောင့်မေမေက ထိတ်လန့်စွာဖြင့် ခေါင်းကို ငုံ့ကာ သူမ ရင်ခွင်ထဲသို့ အားကိုးတကြီး တိုးဝင်ထား၏။

"ဟာ…မိုး၊ ခင်ဗျားကြီး ပြောထားရဲ့သားနဲ့၊ ဟာကွာ… ဘာလုပ်တာလဲ၊ ဘာလုပ်တာလဲ"

"ကိုအောင်…"

ကိုအောင်၏ ဗလုံးဗထွေးအော်သံနှင့် မေလှဲ့မိုး၏ စူးရှသော အော်သံတို့ အဖျားခတ် ဆုံတွေ့ကြပြီးနောက် တိတ်ဆိတ်သွားကြ၏။ ကိုအောင်သည် တိရိစ္ဆာန်တစ်ကောင်လို ကြောက်မက်ဖွယ်ကောင်းသော မျက်ဝန်းများဖြင့် သူမ ရင်ခွင်ထဲသို့ ကြည့်ကာနေ၏။ သူတို့ အော်ဟစ်လိုက်သံကြောင့် အိမ်ရှေ့ခန်းမှ သူငယ်ချင်းများ၏ ရယ်သံ၊ စကားပြောသံ တင်သိန်းဦး၏ ဂီတာသံတို့ ရုတ်တရက် ရပ်သွားကြသည်။

မေလှဲ့မိုးသည် စူးရဲသော၊ မာထန်သော မျက်ဝန်းများနှင့် ကိုအောင့်ရှေ့ဖြတ်ကာ ရင်ခွင်ထဲမှ ကိုအောင့်မေမေကို ဖေး၍ဖက်ရင်း ထွက်လာခဲ့သည်။ ကိုအောင်သည် ဘာသံမှ မကြားရဘဲ ကျောက်ရုပ်

ကြောင်နှစ်ကောင်စာအုပ်တိုက်

www.foreverspace.com.mm



တစ်ရုပ်လို အေးစက်တောင့်တင်းစွာဖြင့် ကျန်ရစ်ခဲ့သည်။

အိမ်ထဲမှ အော်သံများကြောင့် ဘာပါလိမ့်ဟူသော စူးစမ်းစိတ်ဖြင့် အခန်းဝကို ငေးကြည့်နေသော သူငယ်ချင်းများအားလုံး သူမက ဖေးပွေ့ကာဖက်ထားသော ကိုယ်ပျက်နေသည့် မိန်းမကြီးကို မြင်လိုက်ရသည့်အခါ တုန်လှုပ်သွားကြပုံရသည်။ ပိန်လှီဖျော့တော့သော အသားအရေ လက်ချောင်းငုံးတိများနှင့် ပတ်တီးအဖွေးသား ခြေထောက်တွင် ဖြတ်ထားသော ကြိုးတန်းလန်းနှင့် မိန်းမကြီးက သူငယ်ချင်းများ မမြင်အောင် သူ့ခန္ဓာကိုယ်ကို မေလဲ့မိုးရင်ခွင်ထဲတွင် အတင်းဝှက်ကာ ထားသည်။ ဒေါသကြောင့် မေလဲ့မိုးအသားတွေ တဆတ်ဆတ် တုန်ယင်နေခဲ့သည်။

"ကိုအောင်…"

သူမ၏ တုန်ယင်စူးရှသော ခေါ်သံကြောင့် သူငယ်ချင်းများ ထိတ်လန့်ကာ အခန်းထဲ လှမ်းကြည့်လိုက်ကြသည်။ သူမ နောက်ကျောရှိ အိမ်ထဲမှ တစ်စုံတစ်ရာ အသံမကြားရ။ သူမရင်ခွင်ထဲမှသာ ငိုသံ တသိမ့်သိမ့် ထွက်ကျလာ၏။

"မငိုနဲ့…မေမေ၊ မငိုနဲ့…ကိုအောင်…ကိုအောင်"

မေလဲ့မိုး၏ ခေါ်သံသည် တိတ်ဆိတ်နေသော အိမ်ကလေးထံမှာ ဟိန်း၍သွားသည်။ သူမနောက်သို့ လှည့်မကြည့်ဘဲ ခန်းမအလယ်မှာ ပွေ့ဖက်ထားရင်း ထီးထီးကြီး ရပ်နေသည်။ မေလဲ့မိုး ပုံစံက ကျားသစ်မ တစ်ကောင်နှင့်လည်း တူသည်။ ပေါက်တော့မည့် မြွေတစ်ကောင်နှင့်လည်းတူသည်။ သေးသွယ်သော မေလဲ့မိုး ခန္ဓာကိုယ်သည် သံမဏိချောင်း တစ်ချောင်းလို မတ်၍နေသည်။ သူငယ်ချင်းများအားလုံးက

www.foreverspace.com.mm



နားမလည်နိုင်စွာ မေလဲ့မိုးကို ငေးကြည့်နေကြသည်။ ထိုစဉ် နောက်မှ ကြမ်းတမ်းသော ခြေအစုံကို ကြားလိုက်ရသည်။

"ခင်ဗျား…ခင်ဗျားကြီး ပြောထားရဲ့သားနဲ့၊ ကျူပ်ဘဝကို တစ်ခါဖျက်ဆီး ပြန်ပြီလား၊ တောက်…ဒီတစ်ခါလဲ ကျူပ်ဘဝကို အရှက်ခွဲ ပြန်ပြီလား"

"မဟုတ်ရပါဘူး သားရယ်၊ မေမေက သမီးကို ကြည့်ချင်တာပါ၊ မေမေ ဘာမှမလုပ်ပါဘူး…"

"တိတ်စမ်း…လျှောက်မပြောနဲ့၊ ပထမ တစ်ယောက်လည်း ခင်ဗျားကြောင့်…"

"ကိုအောင်၊ ရှင် ရိုင်းစိုင်းလှချည်လား…ရှင့်လောက် အကြင်နာ တရားမဲ့ပြီး ရက်စက်တဲ့လူမျိုး ကျွန်မ တစ်ခါမှ မတွေ့ဖူးဘူး"

ဒေါသဖြင့် ရန်လိုပေါက်ကွဲနေသော ကြောက်မက်ဖွယ်ရာ မျက်နှာသည် သူမဘက်သို့ ဖျတ်ခနဲ လှည့်ကာလာ၏။ ထိုမျက်နှာသည် သူမကို လိုလေသေးမရှိ မလိုလိုက်ခဲ့သော၊ သူမ လေးစား အားကိုး အထင်ကြီးခဲ့သော ကိုအောင် မဟုတ်တော့။ သို့သော် သူမ ထိုမျက်နှာကို ရဲရင့်စွာ ရင်ဆိုင်လိုက်သည်။

"မဟုတ်ဘူး မိုး၊ သူဟာ ကိုယ့်မေမေ မဟုတ်ဘူး၊ သူနဲ့ကိုယ် နဲ့ ဘာမှမဆိုင်…"

"ကိုအောင် တိတ်စမ်း၊ ကျွန်မ အားလုံး သိပြီးပြီ၊ အဲဒါ ကျွန်မဘာသာ သိတာ၊ သူဟာ ရှင့်မေမေပဲ၊ ဟောဒါ…ကိုအောင့် မေမေပဲ၊ အဲဒါ ဘာဖြစ်သလဲ၊ ကျွန်မမှာသာ ဒီလို အမေမျိုးရှိနေတယ်

www.foreverspace.com.mm



ဆိုရင်၊ ရှင့်ကို ပြလိုက်မှာပဲ။ အဲဒီအတွက် ရှင် ကျွန်မကို လက်မထပ်ဘူး ဆိုရင်လည်း အဲဒီစွန့်ခွာမှုကို ကျွန်မက သတ္တိရှိရှိ လက်ခံလိုက်မှာ၊ ဒါပေမယ့် ကျွန်မမှာ အမေ မရှိဘူး၊ ဘယ်တော့မှ မရှိတော့ဘူး"

ဘာကိုမျှ အလျှော့မပေးနိုင်သည့် မျက်နှာနှစ်ခု စူးစိုက်စွာ ကြည့်နေကြသည်။ ရင်ခွင်ထဲတွင် ရှိုက်သံကမှုန်မှုန်ကြီး ထွက်နေတုန်းပင် ဖြစ်၏။ ကိုအောင်က သူမနှင့် မျက်နှာလွှဲလိုက်သည်။ ကိုအောင့် မျက်နှာတွင် ဒေါသ၊ ယူကျုံးမရ၊ ရက်ခြင်း၊ ဆုံးရှုံးခြင်းများ…။

"သား…သားလေးရယ်၊ မေမေ တောင်းပန်…"

"မေမေ…မတောင်းပန်နဲ့၊ သူ့ကို အဲဒီလိုလည်း မကြည့်နဲ့။ အဲဒီစကားလုံးတွေနဲ့ အကြည့်က ကိုအောင့်ဆီမှာ ရှိနေရမှာ၊ မေမေ ဘာမှမပြောနဲ့၊ ဒီမှာ ကိုအောင် ရှင့်ကို ကျွန်မ တစ်ခုမေးမယ်၊ ရှင့်မေမေကို တွေ့လို့ ရှင့်ကို အထင်သေးသွားပြီဆိုရင်…ရှင် ကျွန်မကို မစွန့်လွှတ်နိုင်ဘူး လား"

"မိုး…"

ကိုအောင်က ထိတ်လန့်တကြား ရေရွတ်ကာ ကြောက်လန့်စွာဖြင့် တောင်းပန် ခယသလို ကြည့်သည်။ မေလှဲမိုးက မှန်းတီးစွာ ပြုံးလိုက်သည်။ ထိုအပြုံးသည် လက်ခနဲဖြစ်သွားကာ ထိုလင်းလက်မှုသည် ကိုအောင့် နှလုံးသားထဲ ထိုးစိုက်ချင်လိုက်သော ဓားတစ်ချောင်း၏ အရောင်သာ ဖြစ်သည်။

"အဲဒီလို မလုပ်ခဲ့တဲ့အတွက် ရှင့်ကို ကျွန်မ သိပ်အထင် သေးသွားပြီ၊ ကိုအောင် မိန်းမတစ်ယောက်ကို လက်လွှတ်ရမှာစိုးလို့

www.foreverspace.com.mm



မျက်နှာမပြငံ့တဲ့အမေကို အခန်းထဲပိတ်ထည့်ထားတဲ့ သားမျိုးကို ကျွန်မက အထင်ကြီးရမှာလား''

''မိုး ကိုယ်…ကိုယ် ရှင်းပြပါရစေဦး၊ ကိုယ့်အတွက် ဒီနေ့ဟာ သိပ်အရေးကြီးတဲ့ နေ့မို့ပါ၊ မိုး မေမေကို မြင်သွားရင် ကိုယ့်အပေါ် ပြောင်းလဲသွားမှာစိုးလို့၊ အဲဒါကို…သိပ်ကြောက်လို့၊ မေမေ့ကို ပြောပြပြီး၊ တိုင်ပင်ပြီး မေမေကိုယ်တိုင်က သဘောတူလို့ အခန်းထဲမှာ…''

''တော်ပြီ၊ ကိုအောင်…ဒါ ရှင့်အမေ၊ ဒီနေ့ဟာ ရှင့်မွေးနေ့၊ ရှင့်ကို သူကိုယ်တိုင်က ဒီနေ့မှာ မွေးခဲ့တာ၊ အမေဟာ အမေပဲ ကိုအောင်၊ အမေဟာ ဘာပဲဖြစ်ဖြစ်…အမေပဲ''

''သမီး…အမေကိုယ်တိုင် သဘောတူခဲ့တာပါကွယ်၊ သားလေး ရှက်သွားမှာစိုးလို့ သမီးက သားလေးကို မုန်းသွားမှာစိုးလို့…အမေကိုယ်တိုင် အခန်းထဲမှာ နေတာပါ''

သူမရင်ခွင်ထဲက စကားသံထွက်လာသည်။ ပတ်တီး စည်းထား သော လက်ငုံးတိတိကလေးများကို မျက်နှာရှေ့အပ်ကာ တောင်းပန် နေသော အဘွားကြီးကို သူမကြင်နာစွာ ငေးကြည့်ရင်း ဘာခံစားမှုကြောင့် မှန်းမသိ မျက်ရည်က စိမ့်ကာ ထွက်လာပြီး မျက်ဝန်းထဲ ပြည့်ကာလာ၏။

မေလှဲ့မိုး တစ်ချက်ရယ်လိုက်သည်။ သူမ ဘဝမှာ တစ်ခါမှ ဘယ်သူ့ကိုမှ မရယ်ခဲ့ဖူးသော နာကြည်းသည့်ရယ်သံသာ ဖြစ်၏။

''ဒါဆို ဘာကြောင့် ခြေထောက်မှ ကြိုးချည်ထားရတာလဲ…''

ဖြေသံ တစ်စုံတစ်ရာမှ မရ။ သူငယ်ချင်းများကို ကြည့်လိုက် သည်။ သူမကို ထိတ်လန့်တကြား ငေးကြည့်နေကြ၏။ ကိုအောင်က

www.foreverspace.com.mm



ဘာမှမပြောတော့ဘဲ တွေတွေကြီး ရပ်ကာ ခေါင်းကို ငုံ့ထားသည်။ ရင်ခွင်ထဲမှ ကိုအောင့်မေမေကတော့ မောလျတုန်ယင်စွာ သူမကို မှီနွဲ့ ရပ်နေ၏။ တိတ်ဆိတ်ခြင်းသည် ဘာကိုမဆို ဖြစ်သွားနိုင်သည်ဟူသော သဘောဖြင့် အိမ်ကလေးထဲမှာ ငြိမ်၍နေလေသည်။

"ကဲ…ကိုအောင်၊ ရှင့်ကို ကျွန်မ မွေးနေ့လက်ဆောင် မပေး ရသေးဘူးနော်"

ကိုအောင်က စိုးရိမ်ထိတ်လန့်သော မျက်နှာဖြင့် မေလဲ့မိုးကို ဝုန်းခနဲကြည့်သည်။ သူမရင်ခွင်ထဲမှ ကိုအောင့်မေမေက တောင်းပန်သော အကြည့်ဖြင့် သူမကို ကြည့်သည်။ မေလဲ့မိုးကတော့ ကိုအောင့်ကိုသာ စိုက်ကြည့်နေခဲ့သည်။ သူမလိုချင်သော ခံစားမှုသည် ကိုအောင့် မျက်ဝန်းထဲမှာ ပထမ မရှိ။ အချိန်အနည်းငယ်ကြာသွားတော့ ထိုခံစားမှု သည် သူမ စိုက်ကြည့်နေသော မျက်ဝန်းထဲတွင် တစိမ့်စိမ့် ဆန်တက် လာသည်။ ကိုအောင်က ထိုမျက်ဝန်းများဖြင့် သူမ ထွေးပွေ့ထားသော သူ့မိခင်ကို တစ်ချက်ကြည့်ကာ ခေါင်းကိုငုံ့သွား၏။

"ကျွန်မ ပေးမယ့် မွေးနေ့လက်ဆောင်အဖြေက ရှင့်မေမေကို ကန်တော့လိုက်ပါ…အဲဒါပဲ"

ကိုအောင်က ထိတ်လန့်စွာ မော့ကြည့်သည်။ မေလဲ့မိုးကလည်း စိုက်ကြည့်ထားသော မျက်ဝန်းများကိုမခွာ ပြုံးနေသော နှုတ်ခမ်းများကို မပြင်။ ထို့နောက် တိတ်ဆိတ်မှုသည်ထုနှင့်ထည်နှင့် ပိကျလာ၏။ သူမရင်ခွင်ထဲတွင် ဖေးပွေ့ထားသော ခေါင်းကိုငုံ့၍ မျက်နှာကို လက်ကလေးဖြင့် ကာထားသော ကိုအောင့်မေမေကို အသာထိန်း၍

www.foreverspace.com.mm



လွှတ်ပေးလိုက်သည်။ "အစ်"ခနဲ ရှိုက်သံတစ်ချက် ကိုအောင့်ထံမှ ထွက်ကျလာ၏။ သား…ဟူသော နူးညံ့ကြင်နာသည့်ခေါ်သံတစ်ခု သူမ နဘေးတွင် ရပ်နေသော ယိမ်းထိုးနေသည့် မိန်းမကြီးထံမှ ကြေကွဲစွာ ထွက်လာ၏။

ကိုအောင်သည် သူ့မိခင်ခြေရင်းသို့ ဒူးထောက်လျက် ကျသွားသည်။ မိခင်၏ခြေထောက်ပေါ်တွင် နဖူးကိုအပ်ရင်း ခြေထောက်ကို ချည်ထားသော ကြိုးစကို တင်းတင်းဆုပ်ကိုင်ကာ အားရပါးရ ငိုသည်။

"သား…သားငယ်…ကိုအောင် ထပါ သားရယ်…"

ပတ်တီးစများမကြားမှ တိုထွက်နေသော ငုံးတိတိ လက်ချောင်းကလေးများက ခြေထောက်ရှေ့တွင် လဲကျနေသော ကိုအောင့်နဖူးပေါ်သို့ ကြင်နာနွေးထွေးစွာ ရောက်သွားကြသည်။

မေလှဲ့မိုး ပါးပြင်ပေါ်သို့ မျက်ရည်များ လိမ့်ကျလာ၏။

မေလှဲ့မိုး ရွေးချယ်မှုသည် ပြီးပြည့်စုံသော ရွေးချယ်မှု၊ မေလှဲ့မိုး ပေးခဲ့သော လက်ဆောင်သည် ကိုအောင့်မွေးနေ့ပွဲအတွက် အသန့်စင် အမွန်မြတ်ဆုံး လက်ဆောင်တစ်ခုဟု မေလှဲ့မိုး ယုံကြည်သည်။

**၁၉၉၈၊**

**ရွှေပုဇွန်**

✪ ✪ ✪ ✪ ✪

www.foreverspace.com.mm



# စွန့်ခွာခြင်း

ကြောင်နှစ်ကောင်စာအုပ်တိုက်

www.foreverspace.com.mm



www.foreverspace.com.mm



ညနေရီနေရောင်ခြည်သည် ပြည်သာယာလမ်းကလေးပေါ်သို့ လင်းလက်ဖြာကျနေကာ လမ်းနံဘေးတွင်ရှိသည့် ပိတောက်ပင်များ၊ ငုပန်းပင်များ၊ သရက်ပင်များနှင့် အုန်းပင်အဖျားများတွင် တောက်ပဝင်းဝါနေသည်ကို ကျွန်တော်ငေးမောနေမိပါသည်။ ပြည်သာယာလမ်းကလေးသည် ပြေပြေကလေးတက်လာသော ကုန်းကလေးဖြစ်သည်။ ထိုကုန်းကလေး၏ နံဘေးတွင် ကျွန်တော်တို့ အိမ်ကလေးရှိသည်။

အားလပ်သည့် ညနေဆိုလျှင် ကျွန်တော်သည် အိမ်ကလေး၏ အရှေ့တံခါးဝတွင် ထိုင်ကာ အခုလိုပင် ပြည်သာယာလမ်းကလေးကို ငေးမောလေ့ရှိပါသည်။ ကုန်းအဆင်းတွင် ခပ်သွက်သွက် ပြေးဆင်းသွားလေ့ရှိသော စက်ဘီးများ၊ ဆိုက်ကားများနှင့် ကားများကိုတွေ့ရပြီး ကုန်းအတက်တွင် ပင်ပန်းကြီးစွာ ကြိုးစားအားထုတ်မှုဖြင့် နင်းတက်လာရသော ဆိုက်ကားများ၊ စက်ဘီးများကို တွေ့ရလေ့ရှိသည်။ ကားများသည်ပင်လျှင် ကုန်းအတက်တွင် အင်ဂျင်စက်ကို အားကုန်ညှစ်ကာ တအိအိလေးလေးကြီး တက်လာရတတ်သည်။ အချို့အသက်ကြီးသူများနင်းသည့် ဆိုက်ကားများသည် ဆက်မတက်နိုင်တော့သဖြင့် ဆင်းတွန်းကြရသည်ကို တွေ့ရတတ်သည်။ စီးသူများကတော့ ထိုင်လျက်ပင်ရှိသည်။ ထိုပေါ့ပါးသွက်လက်ခြင်းနှင့် လေးပင်ရုန်းကန်ရခြင်း မြင်ကွင်းကို ကျွန်တော်

www.foreverspace.com.mm



နေ့စဉ် ငေးမောလေ့ရှိပါသည်။

လမ်းနံဘေး သစ်ရွက်များပေါ်မှ နေရောင်ခြည်သည် ဝင်းဝါ လင်းလက်နေရာမှ အနီရောင်သမ်းလာလျှင် ပြည်သာယာလမ်းကလေး ပေါ်မှာ လူတွေ ပိုများလာတတ်သည်။ ရုံးအပြန် စာရေးမကလေးတွေ၊ ညနေဈေးပြန် မိန်းမကြီးတွေ၊ ကျောင်းသူကျောင်းသားတွေ၊ ကျွန်တော် မသိသည့်နေရာမှ ပြန်လာပြီး ကျွန်တော် မသိသည့်နေရာများသို့ သွားနေ ကြသူတွေကို ကျွန်တော် ငေးမောနေမိတတ်သည်။ အနီရိပ်သမ်းနေကြ သော နေရောင်ခြည်ထဲတွင် သူတို့မျက်နှာတွေက ညိုးနွမ်းကာ ပင်ပန်းခြင်း၊ ထုံမှိုင်းခြင်းတို့ကို အထင်းသား မြင်ရသည်။ ညနေရီ လေညင်းကြောင့် ဝေါခနဲ ဆင်းချသွားသော ကားအရှိန်ကြောင့် သူတို့ဆံပင်တွေ တဖျပ်ဖျပ် ဝဲလွင့်သွားတတ်ကြသော်လည်း သူတို့က ဆံပင်တွေကို သပ်ရပ်အောင် ပြန်ပြီး မပြုပြင်နိုင်ကြတော့။ ညနေရီ၏ အလင်းရောင် ညို့ရည်ရိပ်နှင့် သူတို့၏ လေးလံ ထိုင်းမှိုင်းနေသော ပင်ပန်းမှုတို့၏ လိုက်ဖက်ညီမှုကို ကျွန်တော်သဘောကျစွာ ငေးမော တတ်ပါသည်။

အခုလည်း ပြည်သာယာလမ်းမပေါ်မှာ လူတွေများစပြုလာသည်။ ဆိုက်ကားဘဲလ်သံတွေ ဆူညံလာတတ်သည်။ နေရောင်ခြည်က အနီရောင် ယဲ့ယဲ့ဖြစ်လို့လာသည်ကို ကျွန်တော် ငေးမောနေမိပါသည်။ ငေးမောနေရင်း က ကျွန်တော့်ရင်ထဲကို အသိတစ်ခုက ခုန်ဝင်လာသည်။ ကျွန်တော် ယောင်ယမ်းပြီး တံခါးအခင်း ပိတ်ပေါင်ကိုလက်ဖြင့် ဖမ်းဆုပ်ကိုင်ထား မိလိုက်သည်။ ကျွန်တော့်ရင်သည် ချက်ချင်းလေးလံ ထိုင်းမှိုင်းကာ

www.foreverspace.com.mm



ဝမ်းနည်းလာခဲ့သည်။ ကျွန်တော် နှစ်ခြိုက်သဘောကျသော ဤမြင်ကွင်းကို ငေးမောခြင်းသည် ကျွန်တော့်အတွက် နောက်ဆုံးသာ ဖြစ်ပါသည်။

ကျွန်တော့်အမေက မွေးကတည်းက သည်အိမ်ကလေးမှာ နေခဲ့ခြင်းသာဖြစ်ပါသည်။ ကျွန်တော့်အသက် နှစ်ဆယ့်ရှစ်နှစ်အထိ ကျွန်တော် အဲဒီအိမ်လေးမှာ နေခဲ့သည်။ အခုတော့ ကျွန်တော်တို့ သည်အိမ်လေးကို စွန့်ခွာရတော့မည်တဲ့။ အခုတစ်ညနေနှင့် တစ်ည ပြီးလျှင် ကျွန်တော်တို့ ဒီအိမ်ကလေးမှ ပြောင်းရွှေ့ရတော့မည်။ ဟောဒီပြည်သာယာ လမ်းကလေးကို ကျွန်တော်အခုနေရာက ထိုင်ငေးခွင့် မရှိတော့။ ယခု နေရောင်ခြည်၊ ယခုမျက်နှာများနှင့် အသံ၊ အရောင်၊ အရိပ်တို့ကို ကျွန်တော် ထားခဲ့ရတော့မည်။ ဝမ်းနည်းမှုသည် ကျွန်တော့် ခန္ဓာကိုယ်ထဲ စိမ့်ပြန့်၍လာသည်။ ကျွန်တော်ကားလမ်းမမှ မျက်နှာ လွှဲလိုက်သည်။ ကျွန်တော့် ရင်ထဲမှာ လမ်းမကို ငေးမောချင်စိတ်သည် မရှိတော့။

ယောင်ယမ်းပြီး အိမ်ထဲကို လှည့်ကြည့်လိုက်မိတော့ ကျွန်တော့် အိမ်သည် ကျွန်တော်အရင်မြင်နေကျ အိမ်ကလေးမဟုတ်တော့။ ကျွန်တော် အရင်က ထိတွေ့နေကျ ဖွဲ့စည်းပုံ မဟုတ်တော့ချေ။ ဘုရားစင်က ရှင်းပြီး ဟာလာဟင်းလင်းဖြစ်နေသည်။ ဗီရိုများ၊ စားပွဲများနှင့် ကျွန်တော့် စာအုပ်စင်သည်လည်း မရှိတော့။ ဧည့်ခန်းမျက်နှာစာတွင် ချိတ်ထားသည့် ဓာတ်ပုံများလည်း မရှိတော့။ နံရံတွင် ကပ်ထားသည့် နှင်းဆီပွင့်ပုံလည်း မရှိတော့။ (ထိုနေရာတွင် အဖြူရောင်ကွက်လပ်ကြီး ဖြစ်နေသည်)

ကြောင်နှစ်ကောင်စာအုပ်တိုက်

www.foreverspace.com.mm



အရင်ကလို ကြိုးတန်းပေါ်မှာ အင်္ကျီတွဲလောင်းများ မရှိတော့။ ကြိုးတန်းပင် မရှိတော့သဖြင့် အိမ်နောက်ဖေးသို့ တန်းမြင်နေရသည်။ အိမ်နောက်ဖေးတွင်လည်း စားပွဲ၊ ပန်းကန်စင်၊ မီးဖို ဘာမှ မရှိကြတော့။ ကျွန်တော် မမြင်ရနိုင်သော ယခင် ထားရှိသည့်နေရာများမှ ပစ္စည်းများလည်း ထိုနေရာမှာ မရှိကြတော့ ဆိုတာကို ကျွန်တော်သိနေသည်။

ပစ္စည်းများအားလုံးကို စုပုံထုပ်ပိုးကာ ကျွန်တော်တို့ သိမ်းဆည်းပြီးသဖြင့် ကျွန်တော်တို့ အိမ်ကလေးသည် ကွက်လပ်တို့ဖြင့် ပြည့်နှက်နေသော နေရာကြီးတစ်ခုဖြစ်လို့နေသည်။ ထိုကွက်လပ်များကို ကြည့်ရင်း ကျွန်တော့် ရင်ထဲမှာ ကွက်လပ်အကြီးကြီး တစ်ခုဖြစ်လာသဖြင့် ကျွန်တော် ထို ကွက်လပ်များထံမှ မျက်နှာလွှဲလိုက်မိသည်။

ကျွန်တော် ယောင်ယမ်းပြီး ဆုပ်ကိုင်ထားမိသော တံခါးပေါင်အပိတ်ကလေးကို ကျွန်တော်ငေးနေမိသည်။ ကျွန်တော်တို့ မိသားစု ကြိမ်ဖန်များစွာ နင်းတက်ခဲ့သဖြင့် တံခါးပေါင်အပိတ်ကလေးမှာ အထိအတွေ့ဝကာ ချောမွတ်နေသည်။ သစ်သားကွက်ကလေးများက ပေါ်လစ်တိုက်ထားသလို ဖြစ်နေသည်။ ဖယောင်းစက်ကလေးများ အစွန်းအထင်းများကိုလည်း တွေ့ရသည်။ သို့သော် ထိုသစ်သားပေါင် အပိတ်ကလေးမှာ ကျွန်တော်နှင့် ရင်းနှီးနေသည်။ ကျွန်တော်နှင့် နှစ်ဆယ့်ရှစ်နှစ်တိတိ ရင်းနှီးခဲ့သည်။ ကျွန်တော်၏ ကိုယ်ရိပ်ကိုယ်ငွေ့၊ ကျွန်တော့်မိသားစု၏ ကိုယ်ရိပ်ကိုယ်ငွေ့ကို ထိုနေရာကလေးတစ်ကွက်မှာပင် ကျွန်တော် ရှာနိုင်သည်။ ကျွန်တော်ထိုနေရာကလေးကို ပွတ်တိုက်ခဲ့သည်။ ထိုးဆိတ်ကုတ်ဖွဲ့ခဲ့သည်။ ခြေချုနင်းဖြတ်သန်းခဲ့သည်။ ထိုနေရာကလေးကို ကိုင်တွယ်

www.foreverspace.com.mm



ထိတွေ့ရသည်မှာ ကျွန်တော့်ခန္ဓာကိုယ် ခြေလက်တို့ကို ကိုယ်တွယ် နေရသလိုပင်ဖြစ်နေသည်။

အရင်တစ်ပတ်က ကျွန်တော်တို့ ပြောင်းရွှေ့ရမည့် အိမ်ကလေးကို ကျွန်တော်တို့ သွားရောက်တိုက်ချွတ်ဆေးကြောကြသည်။ ထိုအိမ်ကို ကျွန်တော် ဒုတိယအကြိမ် ရောက်ဖူးခြင်းသာဖြစ်ပါသည်။ ထိုအိမ်က ကြမ်းပြင်များကို ကိုင်တွယ်ရသည်မှာ အခုလို မချောမွတ်၊ ကြမ်းတမ်း နေသည်ဟု ကျွန်တော်ခံစားရသည်။ ထိတွေ့ရသည့် နေရာတိုင်း နေရာတိုင်းသည် ကျွန်တော်နှင့် သူစိမ်းဆန်နေသည်။ အရာတိုင်း အရာတိုင်းသည် ကျွန်တော်နှင့် အကျွမ်းတဝင်မနေဘဲ မရဲတရဲ ဖြစ်နေခဲ့သည်။ ထိုအိမ်ထဲမှာ လမ်းလျှောက်ရသည်ကပင် ထူးဆန်းနေ၍ နေသည်။ ကျွန်တော်တို့အိမ်ထဲမှာ လမ်းလျှောက်ရသလို သတိလက်လွတ်ကာ လျှောက်၍မရ၊ ဘာကို သတိထားနေသည်လဲဆိုတာကိုလည်း ကျွန်တော် မသိ။ ထိုအိမ်အတွင်းမှ ဆင့်အဆင်းအတက်များမှာ ကျွန်တော့်အိမ်ကလို အကွာအဝေးမဟုတ်သဖြင့် ဆင်းတိုင်း တက်တိုင်း စိတ်ထဲမှာ တစ်စုံ တစ်ခုကို ဆောင်ရွက်နေရသလို ဖြစ်နေသည်။ ဒါ ငါတို့ရဲ့ အိမ်ဖြစ်လာမယ့် အိမ်ဟု ကျွန်တော့်စိတ်ထဲမှာ အကြိမ်ကြိမ်သိနေခဲ့သည့်တိုင် ထိုအိမ်သည် ကျွန်တော်နှင့် ရင်းနှီးမလာခဲ့ချေ။ သူစိမ်းတရံဆံ ဖြစ်လို့နေပါသည်။

အိမ် . . . အိမ် . . . ဆိုသည့် စကားကို ပြောခဲ့တိုင်း သို့မဟုတ် ကြားလိုက်ရတိုင်း ကျွန်တော်သည် ကျွန်တော့်အိမ်ကလေးကိုသာ မြင်ခဲ့ သည်။ စိတ်ထဲက သိရှိခဲ့သည်။ ယခုအိမ်ဆိုသည့်စကားကို ပြောရ ကြားရသည့်အခါတွင် ကျွန်တော်သည် ယခင်ကအတိုင်းပင် ကျွန်တော့်

www.foreverspace.com.mm



အိမ်ကလေးကိုသာ စိတ်ထဲက မြင်ချင်၊သိချင်နေခဲ့သည်။ သို့သော် ဒီအိမက်လေးကို ကျွန်တော်မပိုင်တော့ဟူသောအတွေးကြောင့် စိတ်ထဲမှ အိမ်ကလေးသည် သုံးစွဲထိတွေ့ရတာ မဝံ့မရဲဖြစ်နေခဲ့သည်။ ကျွန်တော်တို့ ထပ်ရမည့်အိမ်အသစ်ကိုကား ကျွန်တော် ဘယ်လိုမှ စိတ်ထဲမှာ သုံးစွဲခံစားဖို့ ထည့်ထား၍ မရ။ မသိစိတ်တွင်ရော၊ သိစိတ်တွင်ပါ ထိုအိမ်သည် ကျွန်တော်နှင့် တကယ့်သူစိမ်းဖြစ်၍နေသည်။

အိမ် ဆိုသည်မှာ လူတစ်ယောက်အတွက် ညအိပ်ရုံ၊ နားနေခိုလှုံနိုင်ရုံ၊ ရာသီဥတုဒါဏ်ကို အကာအကွယ်ပေးနိုင်ရုံ၊ လာရောက်ဆက်သွယ်တွေ့ဆုံနိုင်ရုံနေရာဆိုသည့် သတ်မှတ်ချက်များ အပြင် စွဲလမ်းမှု၊ စိတ်ကျေနပ်နှစ်သိမ့်နိုင်မှု၊ လွတ်လပ်ရင်းနှီးမှု၊ နွေးထွေးငြိမ်းချမ်းမှုဆိုသည့် တိတိပပ ဆုပ်ကိုင် မပြနိုင်သော စိတ်၏ ခံစားမှုများ ပါ,ပါဝင်နေသည်ကို ယခုမှသာ ကျွန်တော်ခံစားလာနိုင်ခြင်းဖြစ်သည်။ သိရှိနားလည်လာနိုင်ခြင်းဖြစ်သည်။

ကျွန်တော် ဒီအိမ်ကလေးမှာပင် ပျော်ရွှင်ဝမ်းမြောက်မှုတွေကို ခံစားခဲ့သည်။ စိတ်ဆင်းရဲ ဝမ်းနည်းမှုတွေကို ခုခံခဲ့သည်။ ဒီအိမ်ရှေ့ခန်းမှာပင် ကျွန်တော် စာတွေရေးခဲ့သည်။ ကျောင်းစာတွေ ကျက်ခဲ့သည်။ အိပ်ပျော်သွားစဉ် အိပ်မက်တွေ မက်ခဲ့သည်။ ကျွန်တော့်အနာဂတ်ကို ကျွန်တော်များစွာ စဉ်းစားစိတ်ကူးတည်ဆောက်ခဲ့သည်။ ကျွန်တော့်ချစ်သူနှင့် လက်ထပ်ရသည်။ ကလေးတွေလည်း ရမည်။ အမေနှင့် အဖေသည် ပျော်ရွှင်နေကြသည်။ ကျွန်တော်တို့ထမင်းဝိုင်းမှာ ပျော်စရာကောင်းသည်။ ဒါမှမဟုတ် ကျွန်တော့်ချစ်သူက မုန်းသွားသည်။ ကျွန်တော်

www.foreverspace.com.mm



စိတ်ဆင်းရဲ မွန်းကျပ်နေရသည်။ ကျွန်တော်ဆင်းရဲမွဲတေသွားသည်။ ကျွန်တော် အသက်ရှုယ်ကြီးကာ အိုမင်းလာသည်။ မည်သို့ပင် ကျွန်တော့်စိတ်ကူးတွေ၊ စဉ်းစားမှုတွေ ပြောင်းလဲသွားသည်ဖြစ်စေ ကျွန်တော့်အိမ်ကလေးထဲတွင်သာ ဖြစ်သည်။ ကျွန်တော့်အိမ်ကလေးနှင့် အတူသာဖြစ်သည်။ ထိုသို့ စိတ်ကူးစဉ်က အိမ်ကလေးဆိုသည်မှာ အတွေးထဲတွင် လုံးဝမပါ။ ထည့်တွေးစရာ မလိုသည့်အချက်တစ်ခုသာ ဖြစ်သည်။ ကျွန်တော့် ပြောင်းလဲမှုတစ်ခုအတွက် အရေးမပါလှသော နောက်ခံကင်းဗတ်(စ်)စ တစ်ခုသာဖြစ်သည်။

သို့သော် အခုတော့ ဒီလိုမဟုတ်တော့။ ကျွန်တော်၏ အနာဂတ်ကို နောင်ရလာမည့် နေ့ရက်တွေကို စဉ်းစားသည့်အခါတွင် အိမ်အသစ်နှင့် ဆက်စပ်တွေး၍မရ။ တွေးကြည့်လိုက်မိလျှင် စိတ်ထဲမှာ လိုက်ဖက် အံကျခြင်း ဖြစ်မလာချေ။ ကျွန်တော့်အိမ်ကလေးနှင့်အတူ စိတ်ကူးယဉ်စဉ်က ထိုအကြောင်းများသည် တကယ်ဖြစ်လာသလို ကျွန်တော့် စိတ်ထဲတွင် ဖျတ်ခနဲဖျတ်ခနဲ ပေါ်လာကြသည်။ ထိုပေါ်လာသော စိတ်ကူးမြင်ကွင်းများကို ကျွန်တော် ရင်းနှီးစွာ အသေးစိတ်မြင်နေခဲ့ရသည်။ အိမ်အသစ်နှင့် စိတ်ကူးလျှင် ထိုအတွေးများမှာ တကယ့်စိတ်ကူးဖြစ်နေကာ ကျွန်တော်နှင့် မပတ်သက်သလို အခြားတစ်ခုခုဖြစ်နေသလိုလိုပင်။ ထိုအချက်၏ ပြောင်းလဲမှုမှာ စိတ်ကူးတွေးထင်ရာတွင် လုံးဝ ပါဝင်ခြင်းမရှိခဲ့သည့် အိမ်ကလေးကြောင့်ဟု ကျွန်တော်အခု အသေအချာ ပင် သိခဲ့ရပါသည်။

ငါ့မွေးရပ် ငါ့အိမ်မှာပဲ ခေါင်းပြန်ချမယ်ဆိုသည့် စကားမျိုးကို

www.foreverspace.com.mm



ကျွန်တော်တို့ များစွာကြားခဲ့ဖူးသည်။ ထိုစကား၏ ကြောက်မက်ဖွယ် စိတ်ဆန္ဒတစ်ခုကို အခုပင် ချက်ချင်းနှလုံးသားနှင့် ပြည့်စုံစွာ နားလည်လာနိုင်သည်။ ကျွန်တော့်အဘွားသည် ဆေးရုံတင်ထားရသည်။ ဆရာဝန်များက လက်လျှော့လိုက်သည့်အခါတွင် ငါသေရတော့မှာ မဟုတ်လား၊ ဒါဆို ငါ့ကို အိမ်ပြန်ပို့ပေးကြဟု တောင်းဆိုခဲ့ဖူးသည်။ ဆရာဝန်များ အဆိုအရ တစ်ရက်၊ နှစ်ရက်ပင် ခံမည်ဆိုသော အဘွားသည် အိမ်တွင် ဆယ့်ရှစ်ရက်တိတိ အသက်ရှင်နေနိုင်ခဲ့သည်။

ဟုတ်ပါသည်။ လူတစ်ယောက်၏ နောက်ဆုံးအချိန်တွင် ကိုယ်နှင့်မရင်းနှီးသော အမြင်၊ အတွေ့၊ အသံ၊ အရိပ်၊ အနေအထိုင်များကြားတွင် တည်ရှိနေရသည်မှာ ဘယ်လောက်သူစိမ်းတစ်ရံဆံသည့် အားငယ်မှုမျိုးလဲ ဆိုတာကို ကျွန်တော် သဘောပေါက်လာသည်။ သေခြင်းတရားဆိုသည့် ရွံ့ကြောက်စရာ စိတ်ခံစားမှုကြီးပေါ်တွင် ဒေသစိမ်း၊ နေရာစိမ်း၏ အနံ့အသက်တွေ့ထိ ခံစားမှုကြီးက လေးပင်ထုံမှိုင်းစွာ အုပ်မိုးပိကျနေမှာ သေချာပါသည်။ ထိုမရင်းနှီးသည့် နေရာကြီးသည် အသက်ရှင်ခွင့်ရသည့် နောက်ဆုံးအချိန်နှင့် သေခြင်းတရား၏ ညင်သာမှုအတွက် ကြီးစွာသော အနှောင့်အယှက် ဆိုးကြီးတစ်ခုဆိုသည်မှာ သေချာနေပါသည်။

ယခုအခါတွင် စီးပွားရေးတည်းဟူသော တစ်ခုတည်းသော ရည်ရွယ်ချက်ဖြင့် လူပေါင်းများစွာသည် မိမိတို့ နှစ်ကာလရှည်ကြာစွာ နေထိုင်လာခဲ့ကြသော မွေးရပ်အိမ်များကို စွန့်ခွာခဲ့ရသည်။ အစွန့်ခွာခံလိုက်ရသူတွေလည်း ရှိသည်။ မွေးရပ်ဒေသများ၊ သူတို့ရင်းနှီး

www.foreverspace.com.mm

ကျွမ်းဝင်ခဲ့သော ပတ်ဝန်းကျင်များ၊ သူတို့ အိမ်ကလေးများသည် သူတို့နှင့် ဘယ်တော့မှ ပြန်လည်ဆုံတွေ့ခွင့်မရှိသော အဝေးတွင် တိတ်ဆိတ်ဝမ်းနည်းဖွယ် ကျန်ခဲ့ကြသည်။

ထိုပြောင်းလဲမှု၏ ခြိမ်းခြောက်ခြင်းသည် ဟိုမှသည်မှ ပေါ်လာကြသည်။ ကျွန်တော်တို့ အိမ်ရှေ့လမ်းမမှ အိမ်အသုံးအဆောင်ပစ္စည်းများကို တင်ထားသော လော်ရီကားကြီးများ တဝေါဝေါဖြတ်မောင်းသွားသည်ကို ကျွန်တော် ငေးမောခဲ့ဖူးသည်။ ထို့နောက် စွန့်ခွာမှုသည် ကျွန်တော်တို့ ပြည်သာယာလမ်းကလေးပေါ်သို့ ရောက်လာခဲ့သည်။ ကျွန်တော်တို့နှင့် ရင်းနှီးသူများ ပြောင်းရွှေ့သွားကြသည်။ ထိုနေရာတွင် သံတံခါး ခိုင်ခိုင်ဖြင့် အဝါရောင်၊ အဖြူရောင် တိုက်အိမ်ကြီးမှ မီးရောင်တွေ ရောက်လာကြသည်။ ညဆိုလျှင် မှောင်မည်းတိတ်ဆိတ်ကာ ငြိမ်သက်နေတတ်သော ကျွန်တော်တို့ လမ်းမကလေးမှာ ထို တိုက်အိမ်ကြီးများဖြင့် လင်းလက်လာသည်။ သုံးနှစ်အတွင်း ကျွန်တော်တို့ ပြည်သာယာ လမ်းကလေးနံဘေးမှာ အဖြူရောင်၊ အဝါရောင် မှိုပွင့်ကြီးတွေ ဘွားခနဲ ပေါ်လာခဲ့ကြသည်။ ကားအဖြူလေးတွေ ရောက်လာခဲ့သည်။ စကတ်အတို၊ နေကာမျက်မှန်နှင့် ခပ်တင်းတင်းမျက်နှာတွေ ရောက်လာကြသည်။ ထိုနေရာမှ ပြောင်းရွှေ့သွားသည့် ကျွန်တော်တို့မိတ်ဆွေများကိုတော့ ပြန်မတွေ့ရတော့။ ထိုနေရာများမှာလည်း အရင်လို သစ်သားအိမ်နှင့် ဒန့်သလွန်ပင်ရိပ်တို့ မဟုတ်ကြတော့။ ကျွန်တော်တို့ အိမ်ကလေးနှင့် အခြားသုံးလေးအိမ်သာ မှုန်ကုပ်ကုပ် မည်းမှောင်သည့် သစ်သားအိမ်ကလေးများအဖြစ် ကျန်ခဲ့ကြသည်။

ကြောင်နှစ်ကောင်စာအုပ်တိုက်

www.foreverspace.com.mm



အခုတော့ ထိုခြိမ်းခြောက်မှုသည် ကျွန်တော်တို့ အိမ်ကလေးထဲသို့ ရောက်လာကာ အိမ်ကလေးထဲတွင် ကျွန်တော်တို့ တစ်မိသားစုလုံးကို မာန်ဖီဟိန်းဟောက်နေပေပြီ။

မွေးရပ်ဇာတိကို ကျွန်တော်တို့ မြန်မာလူမျိုးတွေ ချစ်ကြသည်။ ကျုပ်က ဘယ်ဇာတိဗျဟု ဂုဏ်ယူစွာ၊ မြတ်နိုးစွာပြောတတ်ကြသည်။ စာရေးသည့်အခါ၊ စီးပွားရေးလုပ်သည့်အခါ၊ သီချင်းဆိုသည့်အခါ မွေးရပ်ဇာတိကို ကလောင်နာမည်၊ ဆိုင်နာမည်၊ အဆိုတော်နာမည်ရှေ့တွင် ထည့်သွင်းကာ မိမိမွေးရပ်မြေကို ဂုဏ်ပြုတတ်ကြသည်။ မိမိတို့မွေးရပ်ဇာတိကို ချစ်ခြင်းဆိုသည်မှာ မိမိတို့အိမ်မှာ ချစ်ခြင်းမှလာသည်မှာ သေချာလွန်းလှသည်။ ထိုမှတစ်ဆင့် တိုင်းပြည်ကို ချစ်ခြင်းအထိ ကြီးမား ခိုင်မြဲသွားခြင်း ဖြစ်လာလေသည်။

မွေးရပ်ဇာတိကို ချစ်ခြင်းသည် ဂိုဏ်းဂဏအဆင့်သို့ မရောက်မချင်း နှစ်လိုဖွယ်ကောင်းသည့် မြတ်နိုးစရာ စိတ်စွဲလမ်းမှုပင် ဖြစ်ပါသည်။ ဂိုဏ်းဂဏ အဆင့်သို့ ရောက်သွားလျှင်တော့ ထိုမြတ်နိုးနှစ်လိုဖွယ်ကောင်းမှုသည် ပျက်စီးမှေးမှိန်သွားတတ်သည်။ သို့မဟုတ် ထိုသူ့ရင်ထဲမှ ထွက်ပြေး ပျောက်ကွယ်သွားတတ်သည်။ ထိုစိတ်သည် သိမ်မွေ့လွန်းသဖြင့် ရင်ထဲမှာဝင်နေသည်၊ ရှိနေသည်ဆိုခြင်းကို ရုတ်တရက် မသိမြင်နိုင်ကြချေ။

ယခုတော့ ထိုစိတ်သည် ကျွန်တော့်ရင်ထဲမှာ တဖျပ်ဖျပ်ခုန်ထနေသည်။ ဘယ်နေရာမှန်းမသိတော့ သူ့ကို ချည်နှောင်ထားသည့် ကြိုးတွေကို ရုန်းကန်နေခဲ့သည်။ အမှောင်သည် ရောက်နေကျအတိုင်း ရောက်လာသည်။ ပရိဘောဂများ၊ ပစ္စည်းများကို ပြောင်းရွှေ့ထားသဖြင့်

www.foreverspace.com.mm



ထွန်းနေကျ မီးချောင်းအရောင်သည် ကျွန်တော်တို့ အိမ်ကလေးထဲမှာ ပို၍လင်းလက်ကာနေသည်။ အရင်ကလို မြင်နေကျ အရိပ်တွေ မဟုတ်တော့။

ကျွန်တော့်မိသားစု ထမင်းစားကြသည်။ တစ်ဦးတစ်ယောက်မျှ စကားမှ မပြောဖြစ်ကြ။ စကားပြောရမှာ ဝန်လေးသလို ကြောက်ရွံ့နေသလို ဖြစ်နေကြသည်။ တစ်ဦး၏ အတွေးကို တစ်ဦးက မသိနိုင်သော်လည်း ထိုအတွေးမှာ ကျွန်တော့်လိုပင် အိမ်ကလေးနှင့် ပတ်သက်နေမည်မှာတော့ သေချာပါသည်။ ကျွန်တော်တို့ အိမ်ကလေးကို ပြောင်းလဲလာသော အခြေအနေများအရ ရောင်းဖို့ နောက်ဆုံး ဆုံးဖြတ်ရသည်။ ထိုအချိန် အထိ အိမ်ကလေးသည် ကျွန်တော့်ရင်ထဲတွင် ရှိနေသည်ကို ကျွန်တော် မသိရသေး။

ထို့နောက် လူဝဝ၊ လူပိန်ပိန်တွေ၊ ကားအဖြူ၊ ကားအနီတွေနှင့် လာကြည့်ကြသည်။ အမေက တစ်ဦးလာကြည့်လျှင် ဈေးတစ်ခါ တက်တက်၍ ပြောသည်။ နောက် ထိုလူတွေ ပြန်မလာကြတော့။ နောက်ဆုံးတော့ ကားအဖြူလေးနှင့် အသားဖြူဖြူ၊ အသက်(၃၀) ပတ်ဝန်းကျင်လောက် အမျိုးသမီးနှင့် ယောက်ျားသုံးလေးယောက် ရောက်လာသည်။ အမေပြောသည့် ဈေးက ကျွန်တော်တို့ တစ်ခါမှ စိတ်ကူး မယဉ်ဖူးသည့်ဈေး။ ထိုမိန်းမက နေကာမျက်မှန်ကို ချွတ်သည်။ ပေါင်ပေါ် တင်ထားသော လယ်သာအိတ်ကို ဘေးချသည်။ စကားသံဝဲဝဲနှင့် မေ့ကို ရယ်မောကာ စကားပြောသည်။ လိုအပ်သည်များကို တောင်း၍ ကြည့်သည်။ အိမ်ပေါ်ကဆင်းတော့ ကားအနားမှာ ရပ်ကာ အိမ်ကို ပတ်ဝန်းကျင်

www.foreverspace.com.mm



ဟိုဟိုဒီဒီကြည့်သည်။ လက်ညှိုး ဟိုထိုးဒီပြနှင့် လုပ်သည်။ လှလှကလေး ရယ်သည်။ မျက်မှန်ကို ပြန်တပ်သည်။ အိမ်ကလေးကို ပြန်ကြည့်သည်။

နောက်တစ်ကြိမ်လာတော့ လူတွေပိုများများ ပါလာသည်။ သူတို့မိသားစုဝင်များ ဖြစ်ပုံရသည်။ အိမ်ကလေးထဲ ဝင်ကြည့်ကြသည်။ ကျွန်တော်တို့ နားမလည်သည့် ဘာသာစကားဖြင့် အချင်းချင်း စကား ပြောကြသည်။ နောက်တစ်ပတ်လောက်အကြာတွင် ဈေးတည့်သွားကြ သည်။

ကျွန်တော့်ရှေ့တွင် ပုံထားသည့် များပြားလှစွာသော ငွေတွေကို မြင်ရတော့ ပထမဆုံးအကြိမ် ကျွန်တော်ပျော်ရွှင်ကာ စိတ်ပြောင်းလဲ သွားတာကို မှတ်မိပါသည်။ ထိုငွေတွေကို ရေတွက်နေရင်း၊ ရေတွက် နေရင်းက ကျွန်တော့်အသိစိတ်က အိမ်ကလေးနှင့် ဝေး၍ဝေး၍ သွားလေ သည်။ သူတို့ ပြန်သွားကြသောအခါ ကျွန်တော့်အိမ်ကလေးကို ကျွန်တော် ပထမဦးဆုံးအကြိမ် ပြောင်းလဲသွားသည့် ခံစားမှုနှင့်ကြည့်ခဲ့ရသည်။ ဒီအိမ်ကလေးသည် ကျွန်တော်တို့ အိမ်ကလေးမဟုတ်တော့ပြီ။

ကျွန်တော် အိပ်၍မပျော်။ ဒီအိမ်ကလေးထဲမှာ ကျွန်တော် နေခွင့်သည် နာရီပိုင်းမျှသာ ရှိတော့သည် မဟုတ်လား။ ခြင်ထောင်တွင် လမ်းဘေးမီးတိုင်မှ အလင်းနှင့် သစ်ရွက်အရိပ်ကလေးများက ဟိုဟိုဒီဒီ ယိမ်းနွဲ့နေကြသည်။ ညသည် တိတ်ဆိတ်နေပြီး ကျွန်တော်တို့ အိမ်ကလေး က ငြိမ်နေသည်။ ထိုအိမ်ကို ကျွန်တော့်အမေက သစ်တွေ လိုက်ဝယ်ကာ တစ်ဦးတည်းဆောက်ခဲ့သည်။ ထိုစဉ်က အဖေနှင့်အမေ အိမ်ထောင် မကျကြသေး။ အမေက တစ်ဦးတည်းသော သမီးမို့ အိမ်ကလေးအတွက်

www.foreverspace.com.mm

လိုအပ်သည်တို့ကို တစ်ယောက်တည်း ဆောင်ရွက်ခဲ့ရသည်။ ပထမ ဦးအိမ်ကလေးကို နှစ်ထပ်အိမ်ကလေးဆောက်ဖို့ စီစဉ်ခဲ့သည်။ နောင်မှ အဖေကြီးက နောက်မိန်းမကိုပါ ခေါ်ထားမည်ဟု ပြောလာသဖြင့် အမေက စိတ်ဆိုးကာ တိုင်များကို ဖြတ်ပြီး တစ်ထပ်အိမ်ကလေးဆောက်ခဲ့သည်။ ထိုကိစ္စများမှ အမေပြန်ပြောပြခဲ့သည် အိမ်ကလေးဖြစ်တည်ပုံအစဖြစ်သည်။

ကျွန်တော့်ကို အမေက ဟောဒီအိမ်ကလေး၏ အတွင်းခန်းမှာပင် လက်သည်နှင့် မွေးဖွားခဲ့သည်။ အမေ့ဝမ်းက ကျွတ်ခါစ ကျွန်တော် လောကနှင့် ပထမဦးဆုံး ထိတွေ့ခဲ့သည့် ငိုသံတွေ ဟောဒီအိမ်ကြမ်းပြင်များ၊ နံရံများ၊ အမိုးများ၊ တိုင်များတွင် ထိရိုက်မြုပ် ဝင်နေပေလိမ့်မည်။ ကျွန်တော့်ညီကိုတော့ အမေက ကာတိုလိပ်မှာ မွေးခဲ့သည်။ ကျွန်တော်ဟာ ဟောဒီအိမ်သားစစ်။ ကျွန်တော် ဆယ်တန်းရောက်သည့်အခါ ပတ်ဝန်းကျင်တစ်ခုလုံး အိပ်နေချိန်မှာ ကျွန်တော်ထကာ စာကျက်ခဲ့သည်။ အိမ်ကလေးကငြိမ်ပြီး ကျွန်တော့်ကို ငုံ့ထွေးထားခဲ့သည်။ ကျွန်တော့် စာကျက်သံကို ကျွန်တော် ပြန်ကြားအောင်လုပ်ပေးသည်။ ယခုထိ ဆယ်တန်းနှစ်မှ ခုံအမှတ်နှင့် အချိန်ဇယားကို နံရံတွင် ကျွန်တော် ရေးဆွဲထားသည့်အတိုင်းပင် ရှိနေသေးသည်။

ကျွန်တော် အိပ်ရာထဲမှထကာ အရင် အိပ်မပျော်သည့် ညများလိုပင် အိမ်ရှေ့ခန်းကလေးထဲမှာ ထိုင်သည်။ ညသည် ငြိမ်၍ နေသည်။ အိမ်ကလေးကို အမှောင်ထဲမှာ ကျွန်တော် လျှောက်ငေး နေမိသည်။ ကျွန်တော် ငေးမောမိသည့် နေရာတိုင်းတွင် အိမ်ကလေး၏ ညိုးနွမ်း၍ အသနားခံသော မျက်ဝန်းများကို ငြိမ်ဆိတ်စွာ တွေ့နေရသည်။

www.foreverspace.com.mm



ကျွန်တော် ဒီနေရာတွင် ထိုင်ကာ ကဗျာတွေစပ်ခဲ့သည်။ ဝတ္ထုတွေရေးခဲ့သည်။ ကျွန်တော့်ကို မချစ်သော ချစ်သူကို လွမ်းခဲ့သည်။ ကျွန်တော့်ဘဝကို ကျွန်တော်တွေးထင်ခဲ့သည်။ လရောင်တွေ ကပ်ငြိနေသည့် ပြတင်းပေါက်ကလေးမှ လှမ်းမြင်နေရသော သစ်ရွက်ကလေးများကို ငေးရင်း ရင်ထဲက ခုန်ထွက်လာကြသော စကားလုံးများကို ကျွန်တော် ဖမ်းဆီးဖွဲ့သီခဲ့သည်။ ဟိုဘက် အုန်းပင်ကြီးနှစ်ပင် အကြားမှ လွတ်နေသော ကောင်းကင်ပြင်ကြီးထဲက နီလိုက်၊ စိမ်းလိုက် ခုန်ပေါက်နေသော ကြယ်ကလေးကို ညတိုင်းငေးမောကာ ‘လမင်း၏အဝေးကြယ်’ ဟူသော ကဗျာကလေးကို ကျွန်တော်ရေးခဲ့သည်။

အုန်းပင်ကြီးထဲသို့ လမင်းဝင်လာသည့်အခါ အုန်းပင်၊ အုန်းလက်များက လရောင်ဖြင့် လင်းလာကာ ပင့်ကူအိမ်ကြီးလိုဖြစ်သွားပြီး လမင်းက ပင့်ကူအိမ်ကြီးတွင် ငြိသည့်ပိုးကောင်လေးလို ဖြစ်သွားသည်ကို ကျွန်တော်သဘောကျငေးမောခဲ့သည်။ အခုတော့ သစ်ရွက်ကလေးကိုရော၊ ခုန်နေသည့် ကြယ်တစ်ပွင့်ကိုရော၊ လမင်းပိုးကောင်ကလေးတွေကိုရော၊ ပင့်ကူအိမ်ကြီးနှင့် အိမ်ကြီးကိုရော၊ ဒီနေရာ ပြတင်းပေါက်ကလေးကိုရော ကျွန်တော် ထားရစ်ခဲ့ရတော့သည်။

နောက်တစ်နေ့ညများတွင် ကျွန်တော် ဒီမြင်ကွင်း၊ ဒီပန်းချီကားကို ကြည့်ခွင့်ရတော့မည်မဟုတ်။ ကျွန်တော့်ရင်သည် ခွဲလမ်းမှုကြောင့် နာကျင်ဝမ်းနည်းလာသည်။ ထိုစဉ်တွင် ကျိုက္ကဆံဘုရားမှ သံစုံနာရီတီးသံသည် အောက်တိုဘာလ၏ နှင်းမှုန်ဖွဲဖွဲများ အကြားတွင် ဖြတ်သန်းကာ ကျွန်တော့်ရင်ထဲ ရောက်လာသည်။ တိတ်ဆိတ်သည့် နှင်းစများနှင့်

www.foreverspace.com.mm



သံစုံနာရီ၏ ရောစပ်မှုသည် ကျွန်တော့်ရင်ထဲကို ဝင်ရောက်လာကာ အနည် အနှစ်များကို ထကြွစေသည်။ အရင်က သာယာစိတ်၊ အချိန်သိလိုစိတ်နှင့် နားထောင်ခဲ့ဖူးသော ထိုနာရီသံသည် အခုတော့ ကျွန်တော့်ကို နှုတ်ဆက်ဖို့ ထအော်လိုက်သည့် အသံဝါကြီးလိုဖြစ်နေခဲ့သည်။ ကျွန်တော် ထိုနာရီ သံကြီးကိုလည်း သူတို့ကို ပေးခဲ့ရတော့မည်။

တစ်စတစ်စ ကျွန်တော်တို့ဆုံးရှုံးမှုတွေက ပိုလို့ သိသာလာနေသည်။ ကျွန်တော့်ရင်သည် ဝမ်းနည်းနှမြောခြင်းဖြင့် လေးလံနေသည်။ ကျွန်တော် တံခါးဝကိုဖွင့်ကာ အိမ်အောက်ကို ဆင်းခဲ့သည်။ လမ်းမီးတိုင်များသည် ငြိမ်၍ လင်းနေကာ ကျွန်တော်မြင်နိုင်သမျှကို မြင်ခွင့်ရရန် ပြုလုပ်ပေးနေသည်။ အဝေးတွင် အမှောင်နောက်ခံ၌ နှင်းစဖြူဖြူတို့ဝေ့ဆိုင်းနေကြသည်။ ကျွန်တော် ပြည်သာယာလမ်းကလေးကို ငေးမောနေမိသည်။

အိမ်ကလေးဘက်သို့ ပြန်ကြည့်လိုက်သည့်အခါတွင် အိမ်ကလေးက မှောင်မည်းကာ တည်ငြိမ်နေပြီး စနစ်ကျနေသည်။ အိမ်အမိုးမှာ နှင်းစဆွတ်သောလရောင်ဖြင့် လင်းလက်နေသည်။ ကျွန်တော် ထိုအိမ်ကလေးထဲမှာ အိပ်ပျော်ခဲ့သည့် ညတိုင်းညတိုင်း လရောင်သည် အိမ်အမိုးပေါ်မှာ ယခုလိုပင် သာနေပေလိမ့်မည်။ အိမ်ကလေးက ကျွန်တော်တို့ မိသားစုလေးယောက်စလုံးကို သူ့ရင်ခွင်ထဲထည့်ကာ အခုလိုပင် ငြိမ်သက်စွာနေခဲ့ပေလိမ့်မည်။ သူ့ကို သတိထား ကြည့်ငေးမည့်သူ မရှိသည့်တိုင် အိမ်ကလေးသည် သူ့မာန၊ သူ့တာဝန်ကို ကျေပွန်စွာထမ်းဆောင်နေသူတစ်ဦးလို ပြည်သာယာလမ်းကလေးနံဘေးတွင်

www.foreverspace.com.mm



တည်ကြည်နေခဲ့ပေလိမ့်မည်။

အခုတော့ ကျွန်တော်နေနေသော အိမ်ကလေးသည် သူ ကျေပွန်ခဲ့သည့်တိုင်အောင် ကျွန်တော်တို့က သူ့ကိုစွန့်ခွာသွားတော့မှာ လားဟု ဝမ်းနည်းသော်လည်း ခွင့်လွှတ်နားလည်သည့်လေသံဖြင့် မေးနေသည်။ ကျွန်တော်တို့ စွန့်ခွာသွားသည့်နောက်ပိုင်းတွင် သူတို့က ဒီအိမ်ကလေးကို အိမ်အဟောင်းဝယ်သူထံ ရောင်းလိုက်ကြမည်။ ထိုလူများက အိမ်ကလေးကို နွားတစ်ထောင် အမဲဖျက်သလို ခုတ်ထစ် ဖျက်ခြေကာ ယူသွားကြလိမ့်မည်။

အိမ်ဖျက်သံကို ကျွန်တော့်နားထဲမှာ ကြားလာသည်။ ထို အသံများသည် အိမ်တစ်အိမ်ကို ဖျက်သည့်အခါ ပေါ်ထွက်လာသည့် အသံများမဟုတ်ဘဲ သက်ရှိသတ္တဝါတစ်ကောင်ကို အရှင်လတ်လတ် ခုတ်ဖြတ်သည့်အခါ ထွက်လာသည့် ညည်းတွားအော်သံများဟု ကျွန်တော် ထင်လာသည်။ သွပ်အမိုးတွေကို တဒုန်းဒုန်း ထုရိုက်ကာ သူတို့ ဆွဲခွာကြမည်။ နံရံတွေ ဝေါခနဲ ပြိုကျလာမည်။ တိုင်တွေ မြေပြင်ပေါ်ကို ကျကာ ငြိမ်သက်သွားကြမည်။ ကြမ်းပြင်များ ဂျွမ်းခနဲ ဂျွမ်းခနဲ ပွင့်ထွက် ကုန်ကြမည်။

ကျွန်တော် အတွေးတွေကို ရပ်ပစ်လိုက်သည်။ ကျွန်တော့် ရင်သည် မခံမရပ်နိုင်အောင် နာကျင်လာသောကြောင့်ဖြစ်သည်။ ကျွန်တော် တို့ကို ခွင့်လွှတ်ဖို့ အိမ်ကလေးကို စိတ်ထဲမှပင် ပြောကြားလိုက်သည်။ ထို စကားများကို ကျွန်တော် အသံထွက်၍မပြောရဲခဲ့ပါ။ နှင်းမှုန်စ နုနုကလေးများကြောင့် ကားလမ်းနံဘေး မြက်ပင်များ အေးစက် စိုစွတ်

www.foreverspace.com.mm



လာသလို ကျွန်တော့်အတွေးနုနုများကြောင့် ကျွန်တော့် မျက်ဝန်းများလည်း စိုစွတ်လာကြသည်။

ကျွန်တော်အိမ်ကလေးထဲသို့ ပြန်ဝင်လာခဲ့သည်။ အိမ်ရှေ့ကြမ်းပြင်မှာပင် ပက်လက်လှန်ကာ ကျွန်တော်နေလိုက်သည်။ ကျွန်တော့် ငြိမ်းချမ်းသာယာမှုမှာ အတွင်းတွင် ဝုန်းဒိုင်းကျဲနေပြီး အိမ်ကလေး၏ တည်ငြိမ်ငြိမ်သက်မှုက တကယ့်ကို နူးညံ့နေသည်။ နာရီခေါက်သံ၊ သံစုံမြည်သံတွေကို ကျွန်တော့်သွေးထဲအထိရောက်အောင် ငြိမ်စုပ်နေမိသည်။

ထိုည ထိုအချိန်၏ ဝမ်းနည်းကြေကွဲမှုသည် ကျွန်တော့် အိမ်ကလေး၏ တန်ဖိုးသာဖြစ်ပါသည်။ မကြာမီ စတုဘုမ္မိက ဘုန်းကြီးကျောင်းမှ နံနက်လေးနာရီ တုံးခေါက်သံသည် ဝမ်းနည်းကြေကွဲဖွယ်ရာ ထွက်ပေါ်လာသည်။ တုံးခေါက်သံ ဆုံးသွားတော့ ကျွန်တော့်ရင်သည် ဟာသွားကာ လေးပင်နေရာမှ၊ ညို့ထောက်နေမိရာမှ ပျော်ဆင်းသွားသည်။ မျက်ရည်သည် ကျွန်တော့်မျက်ဝန်းထဲမှ အေးစက်နေသော ပါးပြင်ပေါ်ကို နွေးရှစွာ စီးဆင်းသွားခဲ့ပါသည်။

သူတို့က အိမ်ကလေးကိုကြည့်ကာ တန်ဖိုးဖြတ်ခဲ့ကြသည်။ သို့သော် ကျွန်တော်တို့က ပေးခဲ့ရသည်မှ ထိုအိမ်ကလေးတင်မက ကျွန်တော်တို့၏ ချစ်ခင်ရင်းနှီးနေသော၊ ကျွမ်းဝင် အသားကျ နားလည်နေသော မိတ်တွေသူငယ်ချင်းများ၊ ယခုကြားခဲ့ရပြီးသော စတုဘုမ္မိကကျောင်း၏ တုန်းခေါက်သံ၊ ဘတ်(စ်)ကားအိုကြီးများ အရုဏ်နနုမှာ ကားစက်နှိုးသံ၊ ကြက်တွန်သံ၊ ကျိုက္ကဆံဘုရား၏ သံစုံနာရီသံ၊ ခုန်နေတဲ့ ကြယ်ပွင့်ကလေးတစ်ပွင့်၊ အုန်းပင်ပိုးအိမ်မှာ မိနေတဲ့ လမင်းတစ်ခု၊

www.foreverspace.com.mm



ညနေရီ ပြည်သာယာလမ်းကလေးရဲ့ နေရောင်၊ ကုန်းအဆင်း လမ်းကလေးရဲ့ ဆန့်ကျင်ဘက်မြင်ကွင်းများ၊ ညနေရီနွမ်းနှင့် လိုက်ဖက်ညီသည့် လူတွေရဲ့မျက်နှာ၊ ညစဉ်ပြတင်းမှ ကျွန်တော်မြင်နေကျသစ်ရွက်များ၊ အရုဏ်နုနုမှာ သင်္ကန်းကျွန်းဈေးသို့ ဈေးသွားရောင်းကြမည့် ကုန်စိမ်းသည်များ၏ တီးတိုးစကားသံနှင့် အိပ်ချင်မူးတူး ကြားရလေ့ရှိသော ပဲပြုတ်အော်သံ။ ပြီးတော့ ကျွန်တော်တို့၏ လွတ်လပ်၍ အသားကျ ငြိတွယ်နေသော စိတ်ခံစားမှုအားလုံးကို ကျွန်တော်တို့ ရောင်းခဲ့ရခြင်းသာ ဖြစ်သည်။

ထိုအချက်များသည် စွန့်ခွာသူတိုင်း ထည့်မတွက်မိကြဘဲ နောက်ဆုံးမှာ ခံစားလိုက်ရသည့် ဝမ်းနည်း ယူကျုံးမရဖြစ်မှုများပင် ဖြစ်ပါသည်။ အချိန်ကြာလာတော့လည်း နေသားကျသွားမှာပါပဲဟု စဉ်းစားတတ်ကြ၊ ပြောမိတတ်ကြသော်လည်း ထိုခံစားမှုကို စိတ်ထဲမှာ မရဲတရဲ ယုံကြည်ခြင်းသာဖြစ်ပါသည်။ ထိုအသစ်ရလာသော ရင်းနှီးမှုသည် စွန့်ခွာပေးဆပ်ခဲ့ရသော ဇာတိမွေးရပ်နေရာ အိမ်ကလေးကို ဘယ်တော့မှ ဖျောက်ဖျက်သွားအောင် စွမ်းဆောင်နိုင်စွမ်း မရှိသည်မှာ သေချာပါသည်။

နံနက် မိုးလင်းသွားသည်။ ကျွန်တော်တို့ တစ်အိမ်လုံး မှုန်မှိုင်းလေးကန်စွာ နိုးထလာကြသည်။ ခဏကြာတော့ လော်ရီကားကြီး ရောက်လာသည်။ ကျွန်တော့်သူငယ်ချင်းများ ရောက်လာသည်။ ပြီးတော့ အိမ်ကလေးထဲမှာ ထုပ်ပိုးစီစဉ်ထားသည်တို့ကို ကားပေါ်စတင်ကြသည်။ အိမ်ကလေးထဲမှာ ကျွန်တော်တို့ အသုံးအဆောင် ပစ္စည်းများ တစ်ခုပြီး တစ်ခု ကားပေါ်ရောက်သွားတိုင်း အိမ်ကလေးက ဖြူရော် ဖြူရော်

www.foreverspace.com.mm

လာသည်။ ကျွန်တော်ရော၊ အိမ်သားတွေရော သူငယ်ချင်းတွေပါ စကားမပြောကြ။ သယ်စရာရှိတာတွေကိုသာ သယ်ကြ မကြသည်။ ပြောရသည့်အခါတွင်လည်း တိုးတိုးကလေး၊ လေသံသဲ့သဲ့ကလေးဖြင့်သာ ပြောကြသည်။ လေသံကျယ်သွားလျှင် တစ်ခုခုကို ထိခိုက်တော့မည့် အတိုင်း၊ နစ်နာ နာကျင်သွားတော့မည့်အတိုင်းပင် ဖြစ်သည်။ ထိုအရာမှာ အိမ်ကလေးပင်ဖြစ်သည်ဆိုတာကို ကျွန်တော်တို့ အားလုံးသိနေကြပါသည်။ အဘွားဆုံးခါနီးက အဘွားနားမှာ ဝိုင်းအုံနေသော လူများ၏ လှုပ်ရှား သံမျိုးနှင့် အတော့်ကို တူနေပါသည်။ အိမ်နီးနားချင်း မိတ်ဆွေများကလည်း လာရောက် ဝိုင်းအုံကြည့်ကြသည်။ ကူညီသယ်ပိုးပေးကြသည်။

နောက်ဆုံးတော့ ပစ္စည်းတွေ အားလုံး ကားပေါ်တင်ပြီးသွား ကြသည်။ ကျွန်တော်တို့ မိသားစု တွေဝေကာ ကားနားတွင် ရပ်နေကြ သည်။ ဘာဆက်လုပ်ရမည်ဆိုတာကို တစ်ဦးမှ မတွေးတတ်တော့ သည့်နှယ် အိမ်ကလေးထဲ ဝင်ခဲ့ကြသည်။

အိမ်ကလေးထဲမှာ အမှိုက်၊ စက္ကူစုတ်စ၊ ပိုးမျှင်များအပြင် ဘာမှမရှိတော့။ ကျွန်တော့်ညီက လက်တန်းတစ်ခုပေါ်မှာ ကျန်နေသည့် ဘာမှအသုံးမဝင်တော့သော ပုလင်းအလွတ်ကလေးတစ်လုံးကို ဆတ်ခနဲ ကောက်ကာ လက်ထဲမှာ တင်းကျပ်စွာ ဆုပ်ကိုင်ထားသည်။ ကျွန်တော်တို့ အရိပ်အရောင်အသံများ ထိုပုလင်းကလေးပေါ်တွင် ရှိနေသည် မဟုတ်လား။

အိမ်ကလေးသည် ရင်ခွဲပြီးခါစ တိရိစ္ဆာန်တစ်ကောင်လို ဟာလာ ဟင်းလင်းကြီး ရှိနေသည်။ အရင်က လင်းခွင့်မရသော နေရာများ

www.foreverspace.com.mm



တွင်လည်း အလင်းရောင်များက ရောက်နေကာ ကျွန်တော်တို့ကို နောက်ဆုံး ပြသနေကြသည်။

ကျွန်တော့်ကို မွေးဖွားခဲ့သည်ဆိုသော အခန်းကလေးထဲတွင် ကျွန်တော်ရပ်နေမိသည်။ ဒီနေရာမှာ ငါ့ကို မွေးဖွားခဲ့တာ၊ ကျွန်တော် အသေအချာ ငေးမောသည်။ ထိုစဉ် အမေ့ငိုသံကို အားလုံးကြား လိုက်ရသည်။ အဖေက အမေ့ကို ဖေးမကာ နှစ်သိမ့်သည်။

ကျွန်တော့်ညီက အိမ်ကလေးပေါ်မှ အရင်ဆင်းသွားသည်။ ကျွန်တော်လည်း အိမ်ကလေးအနှံ့ လျှောက်ကြည့်နေမိသည်။ ထိုစဉ် ဘယ်အချိန်က ရောက်နေပြီမသိသော ကျွန်တော်တို့ အိမ်ကလေးကို ဝယ်သူ၏ဘက်မှ လူများက ပြတင်းတံခါးများကို လိုက်ပိတ်နေကြသည်။ ကားစက်နှိုးသံကို ကျွန်တော်ကြားရသည်။

ထိုအချိန်သည် ကျွန်တော် ဝမ်းအနည်းဆုံး အချိန်ဖြစ်လိမ့်မည် ထင်ပါသည်။

ကျွန်တော် တံခါးက ထွက်လိုက်တော့ ခုနက ပြတင်းပေါက် ပိတ်သူများက အိမ်ကလေး၏ အိမ်ရှေ့တံခါးကို ပိတ်ကာ သော့ခလောက် အသစ်ကြီးကို ခတ်လိုက်ကြသည်။ ကျွန်တော်တို့ ကားပေါ်ရောက်သည့် အခါ အိမ်နီးချင်းများ၊ သူငယ်ချင်းများက လက်ပြနှုတ်ဆက်ကြသည်။ အမေက သွားပြီဟေ့ဟု ငိုသံပါပါနှင့် နှုတ်ဆက်သည်။

ကားဘီးစလိမ့်သည့်အချိန်တွင် ကျွန်တော့်အိမ်ကလေးကို နောက်ဆုံးအကြိမ် လှမ်းငေးနေသည့်အခါတွင် ကျွန်တော့်ရင်ထဲ၌ ကြေကွဲ ဝမ်းနည်းခြင်းနှင့် ကျေနပ်နှစ်သိမ့်ခြင်းတို့ တစ်ပြိုင်နက် ခံစားလိုက်ရ

www.foreverspace.com.mm



ပါသည်။

ကြေကွဲဝမ်းနည်းခြင်းမှာ ကျွန်တော်တို့၏ စွန့်ခွာမှုအားလုံးအတွက် ဖြစ်ပြီး၊ ကျေနပ်နှစ်သိမ့်မှုမှာ အိမ်ကလေးဝိညာဉ်ကင်းမဲ့ကာ သေဆုံးသွားသည်ကို အသေအချာ သိလိုက်ရသောကြောင့် ဖြစ်သည်။ သူ့ကို ရက်ရက်စက်စက် ဖြိုဖျက်ခုတ်ထစ်ကြသည့်အခါတွင် သူဝေဒနာ ပြင်းပြစွာ ခံစားရတော့မည် မဟုတ်သည့်အပြင် ကျွန်တော်တို့နှင့်အတူ သေဆုံးသွားပြီ ဖြစ်သော အိမ်ကလေး၏ ဝိညာဉ်သည် ကျွန်တော်နှင့်အတူ ကပ်ငြိကာ လိုက်ပါလာသည်ဟု ကျွန်တော် ခံစားလိုက်ရသောကြောင့် ဖြစ်ပါသည်။

**၁၉၉၇၊ ဇွန်**
**သင့်ဘဝ**

✪ ✪ ✪ ✪ ✪

www.foreverspace.com.mm

# နိုကိုရဲ့ သံစုံကြူးတဲ့ ည



NTM Graphic Studio